# အမေ့ရှေးစကား

လူထုဒေါ်အမာ

လူထုဒေါ်အမာ

# အမေ့ရှေးစကား

၇ – ၈ – ၉၇ နေ့ဟာ ခင်ပွန်းသည် **လူထုဦးလှ** ကွယ်လွန်တာ ၁၅ နှစ် ပြည့်တဲ့နေ့ပါ။ ဦးလှရဲ့ စာပေကျေးဇူးများကို အောက်မေ့ သတိရသောအားဖြင့် ဒီစာအုပ်ကလေး ထုတ်ဝေပါတယ်။

လူထု ဒေါ်အမာ

# မာတိကာ

ရေးသူ့အမှာ
၁။ ကော်ရင်ဂျီ ၁
၂။ မလေးတို့ထဘီ ၅
၃။ အချိန်တန် အရွယ်ရောက်တော့မယ်ဆိုရင် ၉
၄။ ဝံသာနုခေတ် ၁၃
၅။ စန်းထနေတဲ့ မောင်ကျောက်လုံးရဲ့ ခြသေ့်ကြီး ၂ စီး ၁၉
၆။ သမီးမိန်းကလေးဖို့အလုပ် ၂၃
၇။ ဆင်းရဲသားနဲ့ လောင်းကစား ၂၇
၈။ အမျိုးသမီးဝတ်စုံ ၃၃
၉။ အမေတို့ လူ့အဆောက်အအုံ (၁) ၃၇
၁၀။ မြန်မာနဲ့ဘောလုံးပွဲ ၄၁
၁၁။ "ဘုန်းဘုန်း တာ့ တာ" ၄၅
၁၂။ သမီးမိန်းကလေး ၄၇
၁၃။ ရုပ်ရှင်စိန်ရတု ၅၁
၁၄။ သဘင်နဲ့ အရပ်သူ ကွဲပြားရတယ်၊ တီဗွီကြော်ငြာ ၅၅
၁၅။ မန္တလေးသရက် ၅၉
၁၆။ လူနဲ့လူ့အတွေ့အကြုံ ၆၃
၁၇။ သိပ်မပျက်စီးသေးခင် ၆၇
၁၈။ မန္တလေးသကြန် (၁) ၇၁
၁၉။ လူမျိုးကိုဖျက်တော့မယ့်အရက် ၇၅

၂၀။ မန္တလေးသကြဲန် (၂) ၇၉
၂၁။ အသွားမတော်တစ်လှမ်း အစားမတော်တစ်လုတ် ၈၃
၂၂။ အမေ့ပထမဆုံးစာအုပ် ၈၇
၂၃။ ယနေ့ခေတ်နဲ့လူငယ် ၉၁
၂၄။ မန္တလေးငါးပိချက် ၉၅
၂၅။ သမီးပျိုများရဲ့လုပ်စာ ၉၉
၂၆။ ဈေးသွားငါးဝယ်ကိစ္စ ၁၀၃
၂၇။ မိန်းကလေးဆိုတာ ၁၀၇
၂၈။ ထည်လဲထည်ချွတ် မလုပ်ရတဲ့ ကိစ္စကြီး ၁၁၁
၂၉။ လင်စုံမယားဖက် ၁၁၅
၃၀။ မိန်းမတို့ညာခြေ ၁၁၉
၃၁။ ဆင်းရဲသားနဲ့ ပဲပြုတ် ၁၂၃
၃၂။ သားတို့ သမီးတို့ သိစေချင်တယ် ၁၂၇
၃၃။ စကားပီ နားကြား ရှိတယ်မဟုတ်လား ၁၃၁
၃၄။ မြေဈေး တိုက်ဈေး ကောင်းလွန်းလို့ ၁၃၅
၃၅။ လူရှေ့သူရှေ့ နေမပြရဘူး ၁၃၉
၃၆။ "ရွှေမင်းသမီးလေး" ရောဂါ ၁၄၁
၃၇။ သီချင်း - သီချင်း - သီချင်း ၁၄၃
၃၈။ ဒိုင်ခွက်ခေတ်သာဆိုရင် အခက် ၁၄၇
၃၉။ "ခေတ်ပဲ" လို့ ဒီအတိုင်း ကြည့်နေကြမလား ၁၅၁
၄၀။ အဝေးရောက် သားသမီးများ ၁၅၅

# ရေးသူ့အမှာ

ဒီစာအုပ်မှာပါတဲ့ ဆောင်းပါးတွေက သောင်းပြောင်းထွေလာ မဂ္ဂဇင်းမှာ ထည့်ဖူးတဲ့ ဆောင်းပါး ၃ – ၄ ပုဒ်နဲ့ ကလျာမဂ္ဂဇင်းမှာ ၁၉၉၄ ခုနှစ်ကတည်းက လစဉ်နီးပါး ရေးခဲ့တဲ့ အမေ့ရှေ့စကားခေါင်းစဉ်နဲ့ ဆောင်းပါးများကို စုပေါင်းပြီး ပုံနှိပ်တာပါ။

ဒီဆောင်းပါးတွေဟာ အများအားဖြင့် ကျွန်မတို့ လူမှုရေးအဆောက်အအုံ ပျက်ပြားပြိုဆင်းလာတာတွေ တွေ့ရလို့ စိတ်ဆင်းရဲစွာနဲ့ ရေးတာတွေ ဖြစ်ပါတယ်။ အဲဒီလိုရေးတဲ့အခါ သမီးနဲ့မအေ၊ သားနဲ့ဖအေ တိုးတိုးတိတ်တိတ် ပြောဆိုဆုံးမ ဆွေးနွေးကြရမယ့် စကားမျိုးတွေကိုလည်း ထည့်ရေးမိပါတယ်။ ဒီစကားတွေဟာ တကယ်တော့ ဒီလောက်အထိ အဖြူပေါ် အမည်းစက်ထင်ပြီး မရေးသင့်ပါဘူး၊ ကိုယ့်အိမ်တွင်းမှာ အိမ်သူအိမ်သား အချင်းချင်းသာ ပြောဆိုကြရမယ့်စကားမျိုးတွေကို မပြောအားကြတော့တဲ့ အတွက် အဲဒီမိဘများကိုယ်စား ကျွန်မက ရေးချနေရတာမို့ တချို့စကားရပ်များကိုတော့ နားနဲ့မနာ ဖဝါးနဲ့သာ နာကြပါတော့လို့ တောင်းပန်ပါရစေ။

ကျွန်မတို့မှာ မိသားစု နွေးထွေးစွာ ပြောဆိုဆုံးမဆက်ဆံကြရတဲ့အချိန်တွေက မှဲမှန်းမသိ မှဲလိုက်နေကြပါပြီ။ အရင်ကတော့ အနောက်နိုင်ငံများမှာနေကြသူတွေ ကိုယ့်အိမ်သားအချင်းချင်း ဖြစ်ပေမယ့် တွေ့နိုင်ချိန်က နည်းလွန်းလို့ မှန်မှာ စာရေး ညှပ်ထားခဲ့ရတယ်လို့ ကြားရဖူးပါတယ်။ ခုတော့ အဲဒီ အဖြစ်မျိုးတွေက ကျွန်မတို့မြို့နေ လူတန်းစားအဖို့ ကိုယ်တွေ့တွေ ဖြစ်ကုန်ရပါပြီ။

မိသားစုချင်း နွေးထွေးတဲ့ဆက်ဆံမှုတွေ ပါးရှားပြီး၊ ရှာဟဲ့ရှာဟဲ့၊ စားဖို့ရှာဟဲ့၊ ဝတ်ဖို့ရှာဟဲ့၊ နေဖို့ရှာဟဲ့၊ နာဖျားဖို့ရှာဟဲ့ ဆိုပြီး တစ်ရှာတည်း

ရှာနေကြရတာနဲ့ အချိန်တွေ ကုန်ရသူတွေက များလာပါတယ်။ ဒါကြောင့် ဒီဆောင်းပါးလေးတွေကို အမေ့ကိုယ်စား၊ အဖေ့ကိုယ်စား ရေးမိသားမိတာပါ။

ကျွန်မတို့ငယ်ငယ်က အမူအကျင့် ဟောရမ်း သောသွမ်းနေတဲ့ကလေးကို တွေ့ရင် လူကြီးသူမတွေက သည်းမခံနိုင်တဲ့အဆုံး ပြောလို့ဆိုလို့ မရလှတဲ့အခါ "ဟဲ့ မိမဆုံးမ၊ ဖမဆုံးမလေးတွေ" လို့ စိတ်တိုလှစွာ ရေရွတ်တတ်တယ်။ ဟိုတုန်းကတော့ ဆုံးမနိုင်ပါရဲ့နဲ့ မဆုံးမလို့သာ ဒီလိုဟောရမ်းတယ်လို့ ဆိုရတာကိုး။

ခုခေတ်မှာတော့ ကျွန်မတို့မှာ တစ်အိမ်သားလုံး အသက်ရှင်နေထိုင်နိုင်မှုအတွက် ကိုယ်စီကိုယ်င လုံးပန်းနေကြရသူက များနေပြီ ဖြစ်လေတော့ ဆိုဆုံးမတယ်ဆိုတာ သည်ပင်လျှင် စကားဆန်းဖြစ်နေပြီ ဖြစ်ပါတယ်။ ဒါကြောင့် အလွန်မြန်ဆန်တဲ့ အပြောင်းအလဲ စီးပွားရေးပုံခံကြီးကြားထဲမှာ ကိုယ့်လူမျိုးရဲ့ စရိုက်ကောင်းကလေးတွေ၊ လူနေမှု ပုံစံကောင်းကလေးတွေ ကျန်သင့်သလောက် ကျန်ပါစေဦးတော့ဆိုတဲ့ စေတနာနဲ့ ရေးမိတာများမို့ –

စကားရိုင်းတာ၊ ကြမ်းတာ၊ ဖွင့်မရေးသင့်တာများ ပါနေရင် သည်းခံဖတ်ရှုကြ ပါရန် ခွင့်တောင်းပါရစေ။

ကျွန်မဆောင်းပါးတွေထဲမှာ နိုင်ငံခြားသားများနဲ့ ပတ်သက်ပြီး ရေးတာ အနည်းအပါး ပါတယ်။ အဲဒါဟာ လူမျိုးရေးဆန့်ကျင်တဲ့သဘော မဟုတ်ဘဲ ကိုယ့်ယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းကြရေးအတွက် ရည်ရွယ်တာသာ ဖြစ်ပါတယ်။

လူထု ဒေါ်အမာ

“
... ဈေးပေါပေါနဲ့ အားမနာတမ်း နိုင်းရစေရတဲ့လူတွေ တစ်ခါတုန်းက တို့ဆီမှာ အများကြီး ရှိခဲ့ဖူးတယ် ဆိုတာကိုလည်း မသိကြတော့ဘူး။ တစ်နေ့က မလေးရှားတို့၊ ထိုင်းတို့ မှာတို့ဆီက အလုပ်သမားတွေ တရားမဝင် သွားရောက် လုပ်ကိုင်နေကြတာ သိန်းဂဏန်းနဲ့တောင် ရှိတယ်။ ဒီအလုပ်သမားတွေက တိုင်းရင်းသားတွေ မလုပ်ချင်တဲ့ အလုပ်တွေမှာ ဈေးပေါပေါနဲ့ နိုင်းလို့ရနေလို့ ခိုးဝင်တာ ဖြစ်ပေမယ့် .........

## ကော်ရင်ဂျီ

အမေတို့ငယ်ငယ်တုန်းက တို့အဖေက ပက်လက်ကုလားထိုင်ပေါ်မှာ စာဖတ်နေတယ်။ အမေတို့ ညီအစ်မက အဖေ့ခြေရင်းမှာ ကစားနေကြတယ်။ ကစားရင်းဘာက ဘယ်လိုဖြစ်တယ်တော့ မမှတ်မိတော့ဘူး၊ ညီအစ်မ ရန်ဖြစ်ကြပါရော။ ရန်ဖြစ်တော့ အမေက ညီမကို "နင်က ဂန်ဂယားမယားဟဲ့" လို့ ဆဲတော့၊ ညီမအတင်က "နင်က အပ္ပနားမယားဟဲ့" လို့ ပြန်ဆဲတယ်။ ညီအစ်မ "အပ္ပနားမယား၊ ဂန်ဂယားမယား" နဲ့ ဆဲနေကြတာ အခွန်းများတော့ အဖေက နားကြားပြင်းကတ်ပြီး ထရိုက်ပါလေရော။

အဖေဆိုတာ တို့ကိုသိပ်ရိုက်ခဲ့တဲ့အဖေပါ။ ဒါပေမယ့် ဒီအရွယ်ကလေးတွေနဲ့ လင်ပေးစားဆဲရမလားဆိုပြီး သိပ်စိတ်ဆိုးလို့ရိုက်တာနေမှာပေါ့။ အခါတိုင်းဆိုရင် ရိုက်တဲ့အလုပ်က အမေ့အလုပ်။ အဖေရိုက်တာ ဒီတစ်ခါပဲခံရဖူးတာ။ အမေတို့ ညီအစ်မကတော့ အဲဒီကတည်းက မဆဲပံ့တော့ဘူး။

မင်းတို့က အမေတို့ဆဲတဲ့အဆဲကို နားလည်ကြရဲ့လား။ အပ္ပနားတို့ ဂန်ဂယားတို့ ဆိုတာ တို့အရပ်ထဲမှာ ရေရောင်းနေတဲ့ ရေသည်ကော်ရင်ဂျီကုလားတွေရဲ့ နာမည်တွေပေါ့ကွယ်။

တို့ မန္တလေးမှာက ဟိုအရင်က အဝီစိတွင်းရေဆိုတာကို ရပ်ကွက်နည်းနည်းကလေးကပဲသုံးနိုင်တာပါ။ ကျုံးပတ်လည်က အရပ်တွေက ကျုံးရေကို သုံးရတယ်။ ကျန်ရပ်ကွက်တွေအားလုံးက တွင်းရေကို ခပ်သုံးရတာ။ အဲဒီမှာ ရေတွင်းတွေကလည်း အတောင် ၂၀–၂၅ ဆိုတာ တိမ်တဲ့တွင်းတွေ။ တချို့ရေတွင်းက အတောင် ၃၀–၄၀ နက်ကြတယ်။ ဒီလိုတွင်းထဲက ရေကို ခပ်ပြီး ၄ ဂါလန်ဝင် ရေနံဆီပုံး (၂) ပုံးနဲ့ အပြည့်ထည့်ပြီး အိမ်တွေကို ထမ်းပို့တဲ့အခါ လက်ငင်းဝယ်ရင် ရေတစ်ထမ်း ၁ ပြား၊ လပေးဝယ်ရင် တစ်နေ့တစ်ထမ်းယူရင် တစ်လမှ တစ်မတ် (၁၆ ပြား) ပေးရတယ်။ အဲဒီ ရေထမ်းရောင်းတဲ့အလုပ်ကို အများအားဖြင့် ကော်ရင်ဂျီကုလားတွေက လုပ်ကြတာ။ ဒါကြောင့် ရေသည်ကြီးဆိုတဲ့ စကားထက် 'ပန်နီဝါလား' ဆိုတာကို တို့တစ်တွေက ပိုပြီး နားလည်တယ်။

အမေတို့ငယ်ငယ် အင်္ဂလိပ်ခေတ်တုန်းက ရေတစ်ထမ်း ၁ ပြားနဲ့ ရောင်းစားရတဲ့အလုပ်ကို ဗမာတွေက သိပ်မလုပ်ချင်ကြဘူး။ ပင်ပန်းသလောက် ပိုက်ဆံမရလို့။ ဒါကြောင့် မြို့တွေမှာ ကော်ရင်ဂျီတွေက ရေထမ်းရောင်းတယ်။

ရုံးတွေ၊ ကျောင်းတွေ၊ လမ်းတွေမှာ တံမြက်စည်းလှည်းတဲ့အလုပ်ဆိုရင်လည်း ဗမာတွေ လုပ်တာ နည်းတယ်။ ကုလားတွေ လုပ်ကြတာပဲ။ သူတို့ကို 'ဂျာဒူးဝါလား' လို့ ခေါ်တယ်။ နောက်ပြီး တို့မန္တလေးမှာ ရထားလုံးလို့ခေါ်တဲ့ ဘီး (၄) ဘီးနဲ့ မြင်းရထားတွေ ရှိတယ်။ ခုခေတ်မှာရှိတဲ့ ဘီး (၂) ဘီးနဲ့ မြင်းရထားကိုတော့ မြင်းရထား မခေါ်ဘူး။ မြင်းလှည်းလို့ ခေါ်တာ။ အောက်အရပ်က တချို့မြို့တွေမှာ ဘုံပြတ်လို့ ခေါ်တယ် ထင်တယ်။ မန္တလေးမှာ ဟိုတုန်းက မြင်းလှည်းမရှိသလောက်ပဲ။ မြင်းရထားပဲ လမ်းတွေပေါ်မှာ ရှိတယ်။ အဲဒီရထားမောင်းတဲ့အလုပ်ကိုလည်း ကုလားတွေပဲ လုပ်တယ်။ သူတို့ကို 'ဂါလီဝါလား' လို့ ခေါ်တယ်။ အဲဒီတုန်းက တို့မန္တလေးမှာ လံချားတော့ မရှိဘူးကွဲ့။ ရန်ကုန်တို့၊ မော်လမြိုင်တို့မှာသာ ရှိတာ။ လံချားကို ဘယ်သူဆွဲသလဲ သိလား။ ဒီကော်ရင်ဂျီတွေပဲပေါ့။

တို့က ကုလားမောင်းတဲ့ ရထားစီးကြတာဆိုတော့ ဒိုင်းနား – ညာချိုး။ ဘားယား – ဘယ်ချိုး၊ ဆီးတား – တည့်တည့်၊ အာစတေး – ဖြည်းဖြည်း၊ ဂျာလတီး – မြန်မြန်။ ဟိုး – ရပ်တော့ ဆိုတဲ့ကုလားစကားကို လူတိုင်း တတ်ကြတယ်။

အမေတို့ ဈေးသွားတဲ့အခါ ဈေးဝယ်တဲ့ ဈေးဆွဲခြင်းဟာ လေးရင် ဘယ်တော့မှ ကိုယ့်ဖာသာ မဆွဲခဲ့ဘူး။ ဈေးထဲမှာ တောင်းကလေးတွေထမ်းပြီး "အစ်မ – ကူလီ – ကူလီ" လို့ အော်နေတဲ့ ကလေးအလုပ်သမားကော်ရင်ဂျီကလေးတွေကို ခေါ်ပြီး အကိုင်ခိုင်းလိုက်တာပဲ။ ပေးရတာက ၂ ပြား ၁ ပဲကိုး။

ဟို ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ခင်က တို့နိုင်ငံမှာ တို့လူမျိုးတွေက အောက်တန်း ကျတယ်ထင်တဲ့ အလုပ်မျိုးတွေကို တို့က မလုပ်ဘူး။ အဲဒီကော်ရင်ဂျီတွေက ဈေးပေါပေါနဲ့ လာလုပ်ပေးနေတယ်လေ။ တို့ကလည်း မိလ္လာသိမ်းတာကအစ ကောက်စိုက်တာအဆုံး သူတို့ကို ခိုင်းတာပဲ။ သူတို့ တို့နိုင်ငံထဲ လာအလုပ်လုပ်နေတာက သိန်းနဲ့သန်းနဲ့ချီ ရှိတယ်ကွဲ့။ အောက်မြန်မာနိုင်ငံမှာ သာပြီး ပေါများသေးတယ်။

သူတို့ခများမယ် သူတို့နိုင်ငံက ဘယ်လောက်ဆင်းရဲနေလို့ တို့ဆီကိုလာပြီး ဒီလို ဈေးပေါပေါနဲ့ လုပ်နေသလဲတော့ မသိဘူး။ ဒါပေမယ့် တို့နိုင်ငံမှာ သူတို့ နေကြ ထိုင်ကြပုံကို ပြောပြဦးမယ်နော်။

ရေထမ်းပေးနေတဲ့ ရေဖောက်သည် ကော်ရင်ဂျီတစ်ယောက်က "အစ်မ အိမ်ဘေးက အဖီကလေးအားရင် ငှားပါ။ ကျွန်တော် တစ်လ (၅) ကျပ် ပေးပါ့မယ်" ဆိုတာမျိုး လာပြောရင် အမိုးသာရှိပြီး တစ်ခန်းသာကျယ်တဲ့အဖီမို့ အိမ်ရှင်က အဖီကလည်း အားနေတာ၊ တစ်လ (၅) ကျပ် ဆိုတာလည်း အလကားရနေတာ ပန်နီဝါလား လာနေရင် အိမ်စောင့် ဒရဝမ်တောင် ရသေးတယ်ဆိုပြီး ငှားလိုက်မိရော။ သူတို့က အကာကလေး တောက်တီးတောက်တဲ့ ထည့်တယ်။ ပထမတော့ အဖီကလေးထဲ ကုလား ၂ – ၃ ယောက်။ နောက်တော့ ၃ – ၄ ယောက်၊ နောက်တော့ ၅ ယောက် ၆ ယောက်၊ နောက် ၁၀ ယောက် ၁၅ ယောက်။ လူတွေများများ လာလိုက်တာ၊ ညများ ဘယ်လို အိပ်ကြပါလိမ့်လို့ စဉ်းစားလို့တောင် မရဘူး။ တချို့လည်း အပြင်မှာ ထွက်အိပ်ကြတာပါ။

သူတို့က တစ်နေကုန်အလုပ်တွေကို ပင်ပင်ပန်းပန်း လုပ်ကြ၊ ညနေတိုင်တော့ ထန်းရည်၊ ခနိရည်စတဲ့ အပေါ်ဆုံး အရက်သေစာကလေးသောက်စားပြီး ပြန်လာကြ၊ အခန်းမှာ သီချင်းညည်းတဲ့လူကညည်း၊ စကားဖောင်လောက်အောင် ပြောတဲ့လူကပြော၊ တချို့က တစ်ကိုယ်ရေ မဟုတ်ဘူး၊ ကုလားမဇနီး ပါလာသေးတယ်။ ဒီမိန်းမနဲ့ အိမ်ထောင်သည် ဒီအခန်းကျဉ်းကျဉ်းကလေးထဲ ဘယ်လိုနေကြမှန်းလည်း မစဉ်းစားတတ်ဘူး။

သူတို့မှာ စာတတ်တဲ့လူ မရှိဘူး။ သူတို့နိုင်ငံပြန်ပြီး စာရေးချင်ရင် သူတို့လူမျိုးချင်းထဲက စာတတ်တဲ့လူကို ပိုက်ဆံပေးပြီး အရေးခိုင်းတယ်။ အဲဒီလူက စားပွဲကလေးတစ်တောင်လောက်နဲ့ လမ်းဘေးထိုင်နေတာ။ အလုပ်လုပ်လို့ ရသမျှ စုဆောင်းပြီး နေရပ်ကို တစ်လတစ်ကြိမ် ငွေပို့တယ်။ သူတို့စားတာက ပဲဟင်းနဲ့ ငရုတ်သီးတောင့်။ ထမင်းကို ပဲဟင်းဆမ်း၊ ဆားဖြူး၊ ငရုတ်သီး အတောင့်လိုက် ကိုက်စား၊ တစ်ပန်းကန်ကုန်ပြီဆိုတော့ ပန်းကန်ထဲ ရေထည့် လက်ဆေးပြီး အဲဒီလက်ဆေးရေ ပန်းကန်ဆေးရေကို မော့သောက်လိုက်တာ၊ သွန်မပစ်ဘူး။ ပလုတ်ကျင်းပြီးတော့လည်း မျိုချလိုက်တာ၊ ထမင်းတစ်စေ့ မလေလွင့်ရဘူး။

တစ်ခါတစ်ရံ သိပ်ပိုက်ဆံစုမိလို့ရှိရင် အိန္ဒိယပြန်တဲ့လူက ရှိသေးတယ်။ ခဏပြန်တာနော်၊ အပြီးမဟုတ်ဘူး။ အဲဒီပြန်ရင် သူက မိန်းမနဲ့လူဖြစ်ခဲ့ရင် သူ့မိန်းမကို ပိုက်ဆံ ပေးနိုင်တဲ့ အတူနေ ကော်ရင်ဂျီတစ်ယောက်ကို ငှားထားခဲ့တယ်။ တစ်လ ဘယ်ရွေ့ ဘယ်လောက်ဆိုတဲ့ ဈေးနှုန်းနဲ့။ ဒီငှားခ ယူသွားတယ်၊ သူပြန်လာတော့ သူ့မိန်းမကို ပြန်ယူပြီး ပြန်ပေါင်းတယ်။

အဲဒီကော်ရင်ဂျီ အလုပ်သမားတွေဟာ တို့နိုင်ငံကို ကမ္ဘာစစ်မီးကြီး ရောက်ရှိတောက်လောင်လာတော့ အိန္ဒိယကို ပြန်ပြေးကြတယ်။ ဘယ်လောက်ပြန်ရောက်လို့ ဘယ်လောက်လမ်းမှာ သေသလဲ မသိဘူး။ အများစုကြီးက ကုန်းလမ်းကနေပြီး ခြေကျင် ပြန်ကြရတာကိုး။

စစ်ကြီးပြီးတော့ ဒီအလုပ်သမားတွေ တို့နိုင်ငံက လက်မခံတော့ဘူးကွဲ့။ ဒါကြောင့် စစ်ပြီးမှ လူဖြစ်တဲ့ လူငယ်တွေက ကော်ရင်ဂျီ အလုပ်သမားတွေအကြောင်းကို မသိကြတော့ဘူး။ ဈေးပေါပေါနဲ့ အားမနာတမ်း ခိုင်းရ စေရတဲ့လူတွေ တစ်ခါတုန်းက တို့ဆီမှာ အများကြီး ရှိခဲ့ဖူးတယ်ဆိုတာကိုလည်း မသိကြတော့ဘူး။ တစ်နေ့က မလေးရှားတို့၊ ထိုင်းတို့မှာ တို့ဆီက အလုပ်သမားတွေ တရားမဝင် သွားရောက်လုပ်ကိုင်နေကြတာ သိန်းဂဏန်းနဲ့တောင် ရှိတယ်။ ဒီအလုပ်သမားတွေက တိုင်းရင်းသားတွေ မလုပ်ချင်တဲ့အလုပ်တွေမှာ ဈေးပေါပေါနဲ့ ခိုင်းလို့ ရနေလို့ နိုးဝင်တာဖြစ်ပေမယ့် မပြန်စေချင်ဘူးဆိုတဲ့ သတင်းတစ်ခု ကြားလိုက်ရတော့ အမေ့မှာ ကြက်သီးထလိုက်တာ။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၀၈၊ ၁၉၉၄ ဖေဖော်ဝါရီ

❝

... အဲဒီတော့ လူဦးရေကလည်း နည်းနည်းကလေး၊ တိုင်းပြည်က လည်း မြေပေါ်မြေအောက် ပေါလိုက် များလိုက်တဲ့ သယံဇာတပစ္စည်းတွေ၊ လွတ်လပ်ရေးရပြီပဲ၊ တို့တစ်တွေ ကုန်းကျုံးပြီး ညီညီညွတ်ညွတ်နဲ့ တိုင်းပြည်ထူထောင်လိုက်ရင် ဘာ ကြာမှာတုံး၊ တို့နိုင်ငံနဲ့ တို့လူမျိုးဟာ တင့်တောင်းတင့်တယ် နေထိုင် စား သောက်နိုင်တဲ့လူမျိုး ဖြစ်လာရမှာ ပေါ့လို့ .........

## မမလေးတို့ထဘီ

အမေတို့ ငယ်ငယ်တုန်းကလေ – နေရတာက ကျွန်ခေတ် မဟုတ်လားကွဲ့။ အဲဒီတော့ အမေတို့နိုင်ငံဟာ မြန်မာနိုင်ငံဆိုပေမယ့် လူမျိုးစုံ ဝင်ကြထွက်ကြ လာပြီး နေကြနဲ့၊ မြို့ကြီးတွေမှာများဆိုရင် တို့လူမျိုးက လူနည်းစုထင်ပါရဲ့လို့တောင် အောက်မေ့ရတယ်။ နိုင်ငံခြားသားတွေက အဲသလောက် များပါရဲ့။ အထူးသဖြင့် ရန်ကုန်မြို့ကြီး ပေါ့ကွယ်။ ကုလားတွေ၊ တရုတ်တွေက များလိုက်တာ။ မြို့လယ်က နေရာတွေမှာဆိုရင် မြန်မာမနေနိုင်ပါဘူး။ မြန်မာက ကြည့်မြင်တိုင်တို့ စမ်းချောင်းတို့ဆိုတဲ့ မြို့စွန်ပိုင်းတွေမှာသာ ရှိတာပါ။ တရုတ်ကုလားအပြင် အင်္ဂလိပ်တွေနဲ့တခြား မျက်နှာဖြူတွေကလည်း ဒုနဲ့ဒေး ရှိသေးတယ်။

အဲဒီတုန်းက တို့လူမျိုးက ကိုယ့်နိုင်ငံက ကိုယ့်အိမ်ကိုယ့်ရာမှာ နေရတာဆိုပေမယ့် မျက်နှာငယ်ပါတယ်။ တို့အဖြစ်က ကိုယ့်နိုင်ငံမှာပေမယ့် လူ့ဒုတိယတန်းစားလိုပဲ စိတ်ထဲ ခံစားရပါတယ်။

အလုပ်ကြီးအကိုင်ကြီးတွေ မှန်သမျှက တို့လက်ထဲမှာ ရှိတာ မဟုတ်ဘူး၊ လူမျိုးခြားတွေက လက်ဝါးကြီးအုပ်ပြီး လုပ်ကိုင်နေကြတာ။ တို့က အရာရာမှာ လက်ဝေခံဘဝ။

အောက်တန်းကျတယ်ဆိုတဲ့ အလုပ်ကြမ်းဆိုပြန်တော့လည်း တို့လူမျိုးတွေက လုပ်မစားရပြန်ဘူး။ အိန္ဒိယက ဈေးပေါပေါနဲ့ ငှားလို့ရတဲ့ အလုပ်ကြမ်းသမားတွေကို သိန်းနဲ့သန်းနဲ့ချီခေါ်ပြီး ခိုင်းပြန်တယ်။ အဲဒီတော့ တို့တစ်တွေမှာ ငတ်တော့ မငတ်ဘူးပေါ့ကွယ်၊ တိုင်းပြည်က ပေါများချမ်းသာသေးတာကိုး။ ဒါပေမယ်လို့ နိုင်ငံခြားသားတွေ ခံစားနေကြတဲ့ စည်းစိမ်သုခမျိုးကို တို့လူမျိုးတွေ မခံစားကြရပါဘူး။ သူ့ကျွန်ဘဝမှာ တို့ဟာ ရတဲ့အဆင့်မှာပဲ ရောင့်ရဲလို့ နေကြရတယ်။

နောက်တော့ မျက်စိပွင့်တဲ့ မျိုးချစ်တွေက တို့လူမျိုးက ဘာလို့ တို့လာပြီး ကျွန်လုပ် သွေးစုပ်တဲ့လူတွေကို သခင်ခေါ်နေရမှာလဲ။ မခေါ်နိုင်ဘူး။ တို့လူမျိုးကမှ သခင်လူမျိုး၊ သခင်အစစ်။ ဒါကြောင့် တို့နာမည်မှာ ရှေ့ကသခင်တပ်တယ်ဟေ့ – 'ဗမာပြည်ဟာဒို့ပြည်၊ ဗမာစာဟာဒို့စာ၊ ဗမာစကားဟာ ဒို့စကား၊' စတဲ့ ကြွေးကြော်သံတွေနဲ့ ကိုယ့်လူမျိုးရဲ့ အဆင့်အတန်းကို ပြန်ယူကြ၊ ပြန်မြှင့်တင်ကြ၊ ပြန်ပြီး နေရာမှန်ကို ရောက်ဖို့ လုံးပန်းကြရတယ်။ အဲဒီတုန်းက စာရေးတဲ့အခါ အားမာန်ပါတဲ့ အသံကို ရချင်လို့ 'တို့' လို့ မရေးဘူးကွဲ့၊ 'ဒို့' လို့ ဒသွေးနဲ့ရေးတာ။

မှတ်မိသေးတယ်၊ လူငယ်လူရွယ်တွေ ပုဆိုးတိုတို၊ ထဘီတိုတိုဝတ်၊ ခုံဖိနပ်စီး၊ လက်သီးလက်ရုံးတန်းပြီး တို့အမိနိုင်ငံကို ဝင်ရောက်ခြယ်လှယ်နေကြတဲ့ လူမျိုးခြားသွေးစုပ်ကောင်တွေလက်အောက်က လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြရတာတွေ။ ဖိနှိပ်သူတွေက ဖမ်းတယ်၊ ထောင်ချတယ်၊ တို့က ထောင်ကို ခြင်ထောင်မှတ်တယ်ဟေ့လို့ ကြွေးကြော်ပြီး အဖမ်းခံရပစေ ဆက်တိုက်ပွဲဝင်တယ်။

အဲဒီတုန်းကလေ – တို့ဟာ စီးပွားရေးအရ တို့အပေါ်က ခြယ်လှယ်နေတဲ့ လူတွေနဲ့ ပခုံးချင်းယှဉ်၊ ရင်ဘောင်တန်းပြီး တို့အခွင့်အရေးတွေကို ပြန်ရအောင် တိုက်ယူနိုင်ဖို့အတွက် တို့ဘက်က မျိုးချစ်စိတ်ဓာတ်ဆိုတဲ့ အားဆေးကို လူတိုင်းအပြည့်အဝ သောက်သုံးထားကြရတယ်။ တို့မှာ ဘယ်လိုအထက်တန်းကျတဲ့ ယဉ်ကျေးမှုရှိတယ်။ တို့မှာ ဘယ်လိုအထက်တန်းကျတဲ့ လူမှုရေးအဆောက်အအုံ ရှိတယ်။ တို့ဘာသာရေးက ဘယ်လို ဘာသာရေး၊ တို့က သူများကို မေတ္တာနဲ့ ပေးကမ်းကျွေးမွေးစွန့်ကြတာ၊ တို့က လက်ဝါးဖြန့်ခံတဲ့လူမျိုးမဟုတ်ဘူးဆိုတဲ့ အမျိုးသားအားမာန်တွေကလည်း လူတိုင်းမှာ ပြည့်ပြည့်ဝဝ တင်းတင်းမာမာ ထားရှိခဲ့ကြရတယ်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာတယ်၊ တို့ကိုကျွန်လုပ်ထားတဲ့ ဗြိတိသျှတွေ တို့နိုင်ငံက ပြေးရတယ်၊ တို့ကို ၃ နှစ် ၃ မိုး ကျွန်လုပ်သွားတဲ့ ဖက်ဆစ်ဂျပန်တွေ စစ်ရှုံးတယ်။ အဲဒီကာလကြီးတစ်လျှောက်လုံးမှာ တို့လူတွေက လွတ်လပ်ရေးတိုက်ပွဲကို မရပ်နားဘူး။ ဆက် တိုက်နေတာပဲ။ ဒါကြောင့် ၁၉၄၈ ခုနှစ်မှာ တို့လူမျိုးနဲ့ တို့နိုင်ငံ လွတ်လပ်ရေး ရပါတော့တယ်။

အဲဒီတော့ လူဦးရေကလည်း နည်းနည်းကလေး၊ တိုင်းပြည်ကလည်း မြေပေါ်မြေအောက် ပေါလိုက်များလိုက်တဲ့ သယံဇာတပစ္စည်းတွေ၊ လွတ်လပ်ရေးရပြီပဲ တို့တစ်တွေ ကုန်းကျုံးပြီး ညီညီညွတ်ညွတ်နဲ့ တိုင်းပြည်ထူထောင်လိုက်ရင် ဘာကြာမှာတုံး၊ တို့နိုင်ငံနဲ့ တို့လူမျိုးဟာ တင့်တောင်းတင့်တယ် နေထိုင် စားသောက်နိုင်တဲ့လူမျိုး ဖြစ်လာရမှာပေါ့လို့ တက်ကြွယုံကြည်လိုက်ကြတာ၊ ပျော်လိုက်ရတာ။ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်တော့မယ်လို့။

လွတ်လပ်ရေးရပြီးလို့ နှစ်ပေါင်းလေးဆယ်ကျော် ကြာလာတဲ့အခါမှာတော့ တို့မိန်းကလေးတချို့ ခါးပေါ်မှာ ထဘီ မရှိတော့ဘူး။ ဘောင်းဘီတို၊ ဘောင်းဘီရှည်နဲ့ စကတ်တွေ ဝတ်နေကြလေရဲ့။ သူတို့ဟာက အားကစားအတွက် ဝတ်တာမျိုး မဟုတ်ဘူးနော်။

အမေတို့ငယ်ငယ်က ကတော်မယားဆိုတဲ့ ထိပ်သီးမိန်းမကြီးတစ်ယောက်နှစ်ယောက်လောက်က ညှပ်ဖိနပ်မစီးဘူး။ လေဒီရှူးကို စီးတယ်။ ဝိုင်းပြီး ဝေဖန်လိုက်ကြတာ၊ ကာတွန်းတွေ ဆွဲပြီး သရော်လိုက်ကြတာ၊ မိန်းမချင်းက နှာခေါင်းရှုံ့လိုက်ကြတာ။ နို့ပေမယ့် ဘယ်ငါးထောင်စားကတော်နဲ့ ဘယ်သူ့သမီးမှ ဘောင်းဘီ ဝတ်တဲ့အထိ တက်မလုပ်ကြဘူး။ ငါးထောင်စား ဆိုတာ ဟိုခေတ်ကဝန်ကြီးကို ပြောတာကွဲ့။ ဝန်ကြီးလခက ၅၀၀၀ိ ပေကိုး။ ကျောင်းဆရာလခက ၉ဝိ–၁၀ဝိ ထက် မပိုတဲ့ခေတ်လေ။

ခုတော့ကွယ် မဂ္ဂဇင်းမျက်နှာဖုံးပေါ်က မိန်းကလေးတွေ၊ ပြက္ခဒိန်ကားတွေက မိန်းကလေးတွေ၊ ရုပ်ရှင်ဗွီဒီယိုတွေထဲက မိန်းကလေးတွေရဲ့ ခါးပေါ်မှာ ထဘီမရှိတော့ဘူး။

ရှေးတုန်းကတော့ မြို့နဲ့တောဟာ ကွာဟမှု ကြီးကြီးမားမား ရှိတယ်။ ခုခေတ်မှာတော့ ဗွီဒီယိုတွေ၊ တီဗွီတွေရဲ့ ကျေးဇူးကြောင့် ဝတ်တုစားတုမှာ ဘာကွာဟမှုမှ မရှိဘူး။ အမေ့အိမ်လာပြီး အလုပ်လုပ်တဲ့ မိန်းကလေး၊ သူ့ရွာက ကျွန်းချောင်းတာတ်မြေသြဇာစက်ရုံကြီးနဲ့ မဝေးတဲ့နေရာက၊ အဲဒါ သူက စကတ်နဲ့ဘောင်းဘီရှည် ဝတ်ချင်သတဲ့။ အမေက မဝတ်ဖို့ တောင်းပန်တော့ ရွာမှာ ဘောင်းဘီရှည်တစ်ထည်နဲ့ စကတ်တစ်ထည် ထားခဲ့တယ်။ သူ့မှာ တစ်ထည်စီ ရှိတယ်လို့ ပြောပါတယ်။

အမေကတော့ အဘွားကြီးမို့လား မသိဘူး။ မြန်မာမိန်းကလေးဆိုရင် ခါးပေါ်မှာ ထဘီကလေးနဲ့မှ တင့်တယ်တယ် ထင်တာပဲ။ မဟုတ်ရင် တရုတ်မလား၊ ဂျပန်မလား၊ ဖိလစ်ပိုင်မလား၊ အင်ဒိုနီးရှားမလား၊ ထိုင်းကအမျိုးသမီးလား မခွဲခြားနိုင်တဲ့ ဘဝရောက်ပြီး တို့လူမျိုးရေးလက္ခဏာ၊ လူမျိုးရဲ့အသွင်အပြင် ပျောက်သွားလိမ့်မယ် ထင်တာပဲ။

ပြီးခဲ့တဲ့ သင်္ကြန်တုန်းက တို့မန္တလေးမှာ ဘောင်းဘီဝတ်ပြီး ရေပက်ခံတဲ့ မိန်းကလေးတွေလည်း တော်တော်များသတဲ့။ အဲဒါတွေဟာ မြန်မာမလေးတွေပဲလား၊ တရုတ်မလေးတွေပဲလားဆိုတာလည်း အမေအတိအကျ မပြောတတ်ဘူး။

သခင်ခေါ်ရတဲ့ခေတ်၊ မာစတာခေါ်ရတဲ့ခေတ်တွေတုန်းက အဲဒီမြင်ကွင်းမျိုး မတွေ့ခဲ့ရဘဲ လောပန်းခေတ်ရောက်မှ မြင်တွေ့နေရတာကို အမေတို့ ဘယ်လိုလုပ်ကြမတုံး။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၀၂၊ ၁၉၉၄ ဇွန်

⊱⊰

“

… ကျွန်မတို့ လူ့အဖွဲ့အစည်းမှာ မိန်းကလေးတွေ မသိနားမလည် မိုက်မဲ မှားယွင်းမှုကြောင့် အရက်တကွဲဖြစ်လာတဲ့အချိန်၊ ဒီဘဝက ဆီးပြီး ကယ်တင်မယ့် အဖွဲ့အစည်း၊ ကာကွယ်ပေးမယ့် အဖွဲ့အစည်းရယ်လို့ မရှိသေးဘူး၊ မလိုချင်တဲ့သားကို လက်ခံမွေးစားမယ့် အဖွဲ့အစည်းလည်း မရှိသေးဘူး။ တစ်ခုခု မှောက်မှောက်မှားမှား ဖြစ်လာရင် ငိုင်းပြီး ရှုတ်ချ၊ ကဲ့ရဲ့သူတွေပဲ ရှိတယ်။ …..

## အချိန်တန် အရွယ်ရောက်တော့မယ်ဆိုရင် _

ပျော်ပျော်ပါးပါး ကစားနေကြတဲ့ သားလေး သမီးလေးတွေ အရပ်တွေ ကြီးထွားလာပြီး လူလားမြောက်ကြတော့မယ်လို့ ကြီးကောင်ငင်လာ၊ အပျိုဖော်ဝင်လာတာကို တွေ့မြင်ရရင် မိဘက ဒီသား ဒီသမီးလေးတွေကို ဘာတွေများ သွန်သင်သလဲ၊ အကြံဉာဏ်ပေးကြသလဲလို့မေးရင် ကျွန်မတို့မိဘတွေ ဘယ်လိုဖြေကြမလဲ။ တချို့ကတော့ ဒါဟာ ငယ်ရာကကြီးလာတာ လူ့ဓမ္မတာပဲ၊ လူကြီးမိဘတွေက အထွေအထူး သင်စရာ ပြောစရာ မလိုပါဘူး။ သူတို့ဖာသာ တတ်သိနားလည်သွားကြတာပါပဲလို့ ဖြေမလား။ တချို့အမေများကတော့ သမီးလေး ရာသီပန်းပွင့်လာရင် ဘယ်လိုထိန်းသိမ်းသန့်ရှင်းရမယ်ဆိုတာကိုတော့ သင်ပြပေးပါတယ်လို့ ဖြေမလား မသိပါဘူး။

တကယ်ကတော့ ဒီအချိန် ဒီအရွယ်ဟာ ကလေးများအဖို့ အခက်အခဲကြီးတွေ၊ ပြဿနာကြီးတွေနဲ့ ရင်ဆိုင်ရတဲ့အချိန်ပါ။ နို့ပေမယ့် ကျွန်မတို့ သူတကာက ဒါကို သိပ်ကိုယ်ချင်းမစာတတ်ဘူး ဖြစ်နေပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့ ဘိုးဘွားမိဘနဲ့ ကျွန်မတို့ ကြီးပြင်းခဲ့ရတဲ့ ခေတ်ကာလနဲ့ သူတို့ခေတ်ကာလနဲ့ မတူ ခြားနားနေကြလို့ပါ။ ဟိုတုန်းက ဖိုမဆက်ဆံရေးလို့ခေါ်တဲ့ အိမ်ထောင်သားမွေးကိစ္စကြီးဆိုင်ရာ လူ့ဆက်ဆံရေးတွေဟာ လူ့မျက်ကွယ်မှာသာ တစ်ဦးနဲ့တစ်ဦး ရင်းနှီးတဲ့ဆက်ဆံရေးမျိုး ရှိခဲ့တဲ့ယဉ်ကျေးမှုပါ။ ခုခေတ်မှာတော့ ဒီယဉ်ကျေးမှုက မနည်းကြီးပျက်ပြားနေပါပြီ။ ဘာမှ မတော်တဲ့ တစ်မိသားနဲ့တစ်မိသမီး ရင်းနှီးလှတဲ့ဆက်ဆံရေးတွေကို လူ့မျက်မှောက်ရောက်လာအောင် ခေါ်ဆောင်ပြနေတဲ့လုပ်ရပ်တွေက အကြီးအကျယ် ရှိနေပါပြီ။ ကနေ့ ကျွန်မတို့ သားသမီးလေးတွေ ကြည့်နေတဲ့ နိုင်ငံတကာရုပ်ရှင်တွေထဲမှာ၊ မြန်မာနိုင်ငံက မြန်မာကားတွေ ထဲမှာ၊ တီဗွီနဲ့ ဗွီဒီယိုဆိုတာတွေထဲမှာ၊ တီဗွီကြော်ငြာဆိုတာတွေထဲမှာ မြန်မာ့ယဉ်ကျေးမှုမျိုး မဟုတ်တော့တဲ့ ဆက်ဆံရင်းနှီးမှုတွေကို အလျှံပယ် ဖော်ထုတ်ပြသနေတာတွေ တွေ့နေကြရပါပြီ။ လှုပ်ရှားတဲ့အရုပ်နဲ့ချည်းမကသေးဘဲ၊ တေးဂီတတွေ၊ စာပေတွေကလည်း ဒီကိစ္စတွေမှာ အများကြီး လှုံ့ဆော် သွေးဆောင်နေပါတယ်။ ဒါတွေကို မနေ့တစ်နေ့ကမှ အရွယ်ပြောင်းလာတဲ့ သားသမီးလေးတွေအနေနဲ့ ဘယ်လိုလက်ခံနေကြသလဲ။ စေ့စေ့တွေးကြည့်ရင် သားသမီးလေးတွေအတွက် ရင်လေးစရာကောင်းပြီး သနားစရာလည်း ကောင်းလှပါတယ်။

အရွယ်ပြောင်းစ ကလေးတွေကို ဖိုမကိစ္စတွေ သင်ကြားပေးမှုဖြစ်မယ်၊ ဒီအတိုင်းထားလို့ မဖြစ်ဘူးဆိုပြီး နိုင်ငံအတော်များများမှာဖြင့် စာသင်ကျောင်းတွေက

ဘာသာရပ်တစ်ခုအနေနဲ့ သင်ကြားပေးနေတယ်လို့ သိရပါတယ်။ ဒီအရေးမှာ ပွင့်လင်းမှုရှိတယ်ဆိုတဲ့ အနောက်နိုင်ငံတွေမှာ စာသင်ကျောင်းကတစ်ဆင့် ကလေးများ နားလည် သိရှိအောင် ဆောင်ရွက်နေတာ တော်တော်ကြာပါပြီ။ ကျွန်မတို့ အရှေ့နိုင်ငံတွေ၊ အထူးသဖြင့် အိန္ဒိယ၊ တရုတ်၊ ဂျပန်နဲ့ မြန်မာ အပါအဝင် အာရှနိုင်ငံတွေမှာတော့ အယူသီးမှုက ရှိနေသေးလို့ မဝံ့မရဲ ဖြစ်နေကြပါသေးတယ်။ ဒီကိစ္စမှာ တရုတ်လူမျိုးတွေဆိုရင် သိပ်အယူသီးပါတယ်။ သူတို့က ဒီအကြောင်းအရာတွေဟာ မကြားအပ်၊ မမြင်အပ်၊ မပြောအပ်ဘူးလို့ကို ပညတ်ထားတဲ့လူမျိုးပါ။ နို့ပေမယ့် ခေတ်နဲ့မလျော်တော့တဲ့ ရှေးအယူအဆဟောင်းတွေကို တိုက်ဖျက်မှုများ ရှိလာတာကြောင့် မပြအပ်၊ မသိအပ်ဘူးဆိုတဲ့ အစွဲကြီးကိုဖျောက်ပြီး စာသင်ကျောင်းတချို့ကစပြီး အစမ်းပညာပေးကြည့်နေပြီလို့ ကြားရပါတယ်။ သူတို့က ဒီခေတ်ကလေးတွေဟာ သူတို့မိဘတွေထက် စောပြီး အပျိုဖော် လူပျိုဖော်ဝင်လာကြတယ်။ ဒီလိုဖြစ်လာတဲ့အခါ ကြုံတွေ့ရတဲ့ပြဿနာတွေကို ဒီကလေးတွေ သူတို့ဖာသာ မဖြေရှင်းနိုင်ဘူး။ ဘေးက အကြံဉာဏ်၊ ဘေးက အကူအညီ၊ ဘေးကအသွန်သင်ရှိဖို့လိုတယ်။ ဒါကြောင့် ဒါကို ဘယ်လိုကူညီနိုင်မလဲဆိုပြီး ပထမဆုံး လူမှုဝန်ထမ်းဌာနက ပုဂ္ဂိုလ်တွေ၊ ကျောင်းဆရာ, ဆရာမတွေနဲ့ လူမှုရေး သုတေသီတွေစုပြီး ဆွေးနွေးပွဲတွေလုပ်သတဲ့။ ပြီးတော့ ဒီကိစ္စတွေကို ဆေးပညာဘက်ကနဲ့ စိတ်ပိုင်းဆိုင်ရာဘက်က ထတ်သိနားလည်သူတွေခေါ်ပြီး ဟောပြောပွဲတွေ လုပ်ခိုင်းသတဲ့။ အဲဒီလို သေသေချာချာ စဉ်းစားလေ့လာပြီးကြတော့မှ ကလေးများ ကြီးကောင်ငင် အပျိုဖော်ဝင်ခြင်းဆိုင်ရာ ပြဿနာ၌ သိသင့်သိထိုက်တဲ့ အချက်အလက်များဆိုပြီး လက်စွဲစာအုပ်ငယ်တစ်အုပ် ပြုစုသတဲ့။ ပြီးခဲ့တဲ့နှစ် စက်တင်ဘာလထဲတုန်းကတော့ ရှန်ဟဲမြို့ကြီးမှာရှိတဲ့ အလယ်တန်းကျောင်း ၄၀ မှာ စတင်ပြီး လူငယ်များ အရွယ်ရောက်ခြင်းကို ဘာသာတစ်ရပ်အနေနဲ့ အစမ်းသဘော သင်ကြားပေးနေသတဲ့။

ယောကျ်ားလေးရော၊ မိန်းကလေးတွေရော အရွယ်ရောက်ကြတော့မယ်လို့ အကူးအပြောင်း ဖြစ်လာတဲ့အခါ ခန္ဓာကိုယ်မှာလည်း ပြောင်းလဲတာတွေ ဖြစ်လာတယ်။ စိတ်မှာလည်း ပြောင်းလဲတာတွေ ဖြစ်လာတယ်။ ဖိုမကိစ္စနဲ့ပတ်သက်လို့ စိတ်ကစား တတ်တယ်လေ။ ဒီလို ပြောင်းလဲမှုကို မှန်မှန်ကန်ကန် ဘယ်လိုနားလည်ရမယ်၊ ဘယ်လို ထိန်းသိမ်းရမယ်၊ စိတ်တွေ ပြောင်းလဲတာကို ဘယ်လိုသဘောထားရမယ်၊ ကျင့်ကြံ ရမယ်ဆိုတာတွေ သင်ကြားပို့ချချက်မှာ ပါမယ်။ ယောကျ်ားလေးနဲ့ မိန်းကလေးတွေ တစ်ဦးပေါ်တစ်ဦး ဘယ်လိုသဘောထား ဆက်ဆံသင့်တယ်၊ လိုက်နာကျင့်ကြံရမယ် ကိုယ်ကျင့်သိက္ခာက ဘယ်လိုရှိထိုက်တယ်ဆိုတာတွေ ပါဝင်မယ်လို့ သိရတယ်။

ကလေးတွေကို အဲဒီလိုပညာပေးခြင်းအားဖြင့် မဖြစ်သင့်တာတွေ မဖြစ်ဘူး၊ စိတ်ညစ်စရာပြဿနာတွေနဲ့ ရင်မဆိုင်ရဘူး၊ အရှက်တကွဲအကျိုးနည်း ဖြစ်မှုတွေ ပေါ်လာနိုင်ဘူး၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ရည်းစားထားချင်မှုတွေ ရှောင်ရှားနိုင်မယ်၊ မိမိကိုယ်ကိုလည်း ကျန်းမာသန့်ရှင်းအောင် ထိန်းသိမ်းတတ်လာလိမ့်မယ်လို့ ယုံကြည် သတဲ့။

တရုတ်လူမျိုးက အယူသည်းမှုတွေ ရှိလေတော့၊ ဒီပညာ ကျောင်းသားကလေးတွေကို သင်ပြပေးရမှာပဲဆိုတာကို ပြည်သူက လက်ခံလာအောင်လည်း သတင်းစာတွေ၊ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေက ရေးပေးကြဦးမယ်။ တချို့မိဘတွေက ဒီကိစ္စမျိုးမှာ ကျောင်းဆရာ၊ ဆရာမက သူတို့သားသမီးကို သင်ပြပေးခွင့်မရှိဘူးလို့ ငြင်းဆန် ကန့်ကွက်ဆဲ ဖြစ်သတဲ့။ အခု ပထမအစမှာ အလယ်တန်းကျောင်း ၄၀ ကို အစမ်းသဘော သင်ကြည့်မယ်။ နောက်ကျောင်း ၄၀၀ အထိ ရှန်ဟဲမှာ တိုးချဲ့ယူမယ်၊ နောင်ခါတော့ နိုင်ငံရဲ့ပညာရေးထဲမှာ ဘာသာတစ်ရပ်အနေနဲ့ ထည့်သွင်းဖို့အထိ ရည်ရွယ်တယ်လို့ သိရတယ်။ ရှန်ဟဲလို မြို့ကြီးပြကြီးမှာ လိင်ကိစ္စနဲ့ပတ်သက်တဲ့ ရာဇဝတ်မှု ကျူးလွန်ခြင်းတွေ ရှိတယ်။ ဒီလို ကျူးလွန်သူတွေဟာ အများအားဖြင့် ငယ်ရွယ်သူတွေပဲဖြစ်တာ တွေ့ရတယ်လို့လည်း သူတို့အတွေ့အကြုံကို ဖော်ပြထားပါတယ်။

သူတို့ဆီမှာ ကျောင်းတွေကနေပြီး ကလေးတွေ လူလားမြောက်တဲ့ သက်တမ်းကို အတိအကျသိရအောင် စာရင်းကောက်ကြည့်တဲ့အခါ မိန်းကလေးရာခိုင်နှုန်း ၆၀ ကျော်ဟာ အသက် ၁၂ နှစ်နဲ့ ၁၃ နှစ်ကြားမှာ ရာသီပန်း စပွင့်တယ်။ ယောကျ်ားလေးအသက် ၁၄ နှစ်မှာ ကြီးကောင်စဝင်တယ်လို့ တွေ့ရပါသတဲ့။ ဒါဟာ ဒီခေတ်မှာ ရှေးနဲ့မတူ စောလာတာလို့လည်း ယူဆတယ်။ ဒီလိုအရွယ်ကလေးမှာ အပြောင်းအလဲဖြစ်ကြပြီး ရုပ်ရှင်တွေက၊ တီဗွီနဲ့ ဗွီဒီယိုတွေက နေပြီး လိင်ကိစ္စကို ပညာယူနေကြရင် အားလုံးကိုယ်ကျိုးနည်းကုန်နိုင်တယ်လို့လည်း မိဘတချို့နဲ့ ဆရာသမားတွေက မြင်ကြသတဲ့။ ဒါကြောင့် ၅ တန်း၊ ၆ တန်းကစပြီး ကိုယ်ကာယဆိုင်ရာ ကျန်းမာရေးကို ဘာသာတစ်ခုအနေနဲ့ စသင်ပေးတယ်။ ၇ တန်း၊ ၈ တန်းမှာ အရွယ်ရောက်ခြင်း၊ အရွယ်ပြောင်းခြင်းကို ဘာသာရပ်တစ်ခုအနေနဲ့ စသင်နေတာဖြစ်သတဲ့။

ကျွန်မတို့ လူ့အဖွဲ့အစည်းမှာ မိန်းကလေးတွေ မသိနားမလည် မိုက်မဲမှားယွင်းမှုကြောင့် အရုက်တကွဲဖြစ်လာတဲ့အချိန်၊ ဒီဘဝကဆီးပြီး ကယ်တင်မယ့်အဖွဲ့အစည်း၊ ကာကွယ်ပေးမယ့် အဖွဲ့အစည်းရယ်လို့ မရှိသေးဘူး၊ မလိုချင်တဲ့သားကို လက်ခံမွေးစားမယ့် အဖွဲ့အစည်းလည်း မရှိသေးဘူး။ တစ်ခုခု မှောက်မှောက်မှားမှား ဖြစ်လာရင် ဝိုင်းပြီး ရှုတ်ချ၊ ကဲ့ရဲ့သူတွေပဲ ရှိတယ်။ အဲဒီတော့ ဒီအဖြစ်မျိုးရောက်လာရင် မိန်းမငယ်တွေဟာ မဖြေရှင်းနိုင်တော့တာနဲ့ မိမိကိုယ်ကို လုပ်ကြံပြီး လူ့နှစ်ဘဝ ဆုံးရှုံးသွားရတဲ့အဖြစ်မျိုးတွေလည်း သိကြားနေရတာပဲ။ ဒါတွေကို ကာကွယ်ဖို့ နည်းလမ်းရှာသင့်ပါတယ်။ မိဘတွေဟာ ကိုယ့်သား ကိုယ့်သမီး စာသင်နေရင်း ၁၀ တန်းမှ မအောင်သေးခင် ရည်းစားထားမှာကိုတော့ ကြောက်ပါတယ်။ သားသမီးရဲ့ ကိုယ်ပိုင်ပစ္စည်းတွေထဲမှာ ရည်းစားစာ တွေ့မလား၊ ရည်းစားဓာတ်ပုံ တွေ့မလား ဆိုတာကိုတော့ သတိကြီးကြီးနဲ့ စောင့်ကြည့်ရှာဖွေနေတတ်ပါတယ်။ နို့ပေမယ့် ဒီအဖြစ်မရောက်ခင် ဒီလိုစိတ်တွေ ဖြစ်ပေါ်လာတဲ့အချိန် ခန္ဓာကိုယ် ပြောင်းလဲကြီးထွားပြီး စိတ်ပြောင်းဖို့ ကလေး စိတ်ကစားနေတဲ့အချိန်မှာ မိဘက သိပ္ပံနည်းကျ အဖိုးတန်တဲ့

အသွန်အသင် အဆုံးအမ မပေးတတ်ပါဘူး။ ဒါဟာ ကျွန်မတို့ကိုယ်တိုင်နှိက်က မရရှိခဲ့လို့ပါ။ အဲဒီတော့ ဒီခေတ်ကြီးမျိုးမှာ ကလေးတွေအတွက် မဖြစ်သင့် မဖြစ်ထိုက်တာတွေ မဖြစ်ဖို့ ဘယ်လိုဆောင်ရွက်ကြမလဲဆိုတာ လေးလေးနက်နက် မိဘတွေက စဉ်းစားထိုက်လှပါတယ်။ ပညာရေးဘက်မှာ တာဝန်ရှိတဲ့ ဆရာ၊ ဆရာမတွေကလည်း မိဘများနဲ့ လက်တွဲပြီး အလေးထား စဉ်းစားကြသင့်ပါပြီ။

✻

## ဝံသာနုခေတ်

အမေတို့ ငယ်ငယ်တုန်းက – တို့အဖေက မြန်မာဘိလပ်ရည်စက်မှာ မန်နေဂျာ လုပ်တယ်။ သူများတွေက "အမာရေ – ညည်းအဖေက ဘာလုပ်တာလဲ" လို့ မေးရင် "ဘိလပ်ရည်စက်က မန်နေဂျာရှင့်" လို့ လူကြီးတွေက ပြောပြထားတဲ့အတိုင်း ပြန်ဖြေတာပဲ။

အမေတို့ အိမ်နားက ကိုစံဝင်းဆိုတဲ့ လူကြီးတစ်ယောက်ရှိတယ်။ သူက အမေ့ကို သိပ်စ,တာ။ "ညည်းအဖေက ဘိလပ်ရည်စက်က မန်နေဂျာ မဟုတ်ပါဘူး၊ ဘိလပ်ရည်စက်မှာ တန်ကားမောင်းတာပါ" တဲ့။ တန်ကားဆိုတာ ဘိလပ်ရည်ပုလင်းတွေ တင်ပြီး မြို့ပေါ်က ဆိုင်တကာလည်ပို့တဲ့ လေးဘီးတပ်မြင်းတစ်ကောင်ဆွဲတဲ့ ကုန်တင်ယာဉ်ပေါ့။ ကျောက်လမ်းပေါ်မှာဆို တဂျောင်းဂျောင်းနဲ့။ ဟိုတုန်းက ကတ္တရာစေးလမ်း မရှိသေးဘူး။ ကိုစံဝင်းက အဲသလိုပြောရင် အမေက သိပ်စိတ်ဆိုးတာ။ "မဟုတ်ပါဘူး၊ မဟုတ်ပါဘူး" နဲ့ ငြင်းတာပဲ။ ကိုစံဝင်းကလည်း "ဟုတ်ပါတယ် – ညည်းမသိလို့ပါ၊ ငါပြောပြမယ်၊ မနက်မနက် အိမ်ကသွားရင် ဘိလပ်ရည်စက်ရောက်တော့ စက်နောက်ဖေးက ဝင်းထဲမှာ ချည်ထားတဲ့ မြင်းကြီးကို တန်ကားမှာတပ်ပြီး၊ တန်ကားကို ဘိလပ်ရည်စက်ရှေ့ မောင်းလာရော၊ ပြီးတော့ ဘိလပ်ရည်ပုလင်းတွေတင်ရော၊ ငါမြင်နေတာပဲ" တဲ့။ ကိုစံဝင်း ဒီလိုပြောတော့ ကိုယ့်စိတ်ထဲ ဇဝေဇဝါတွေ ဖြစ်ကုန်တာပေါ့။ နို့ပေမယ့် အမေတို့က ပြောတာက မန်နေဂျာပဲ။ မန်နေဂျာဆိုတာ လူကြီးပါဆိုပြီး ကိုစံဝင်းကို ငြင်းတာပဲ။ ကိုစံဝင်းကလည်း ဆက်ဆက်ပြီး စ,တာပဲ။ ကြာတော့ သူ့ကို နိုင်အောင် မပြောနိုင်လို့ ဆွဲဆိတ်၊ လက်သီးနဲ့ထု။ တစ်ခါတလေလည်း ကိုစံဝင်းဆီက ငိုပြီး ပြန်ခဲ့ရတယ်။ တကယ်ကတော့ ကိုစံဝင်းက အဖေတို့ ဘိလပ်ရည်စက်မှာ တန်ကား မောင်းတာပါ။ အမေ့ကို ကလေးမို့ သူက တမင် စ,တာ။

အမေတို့ မန္တလေးမှာ အဲဒီခေတ်တုန်းက ဘိလပ်ရည်ခေါ်တဲ့ သောက်စရာ အချိုရည်လုပ်ငန်းကို DAVID & EZRA Bros: ဒေးဗစ်နဲ့ အီဇရာဘရားသားဆိုတဲ့ ကုမ္ပဏီကြီးက တစ်ဦးတည်း လက်ဝါးကြီးအုပ် လုပ်ကိုင်ပါတယ်။ သူ့ခေတ်နဲ့သူ့အခါ သူတို့ ဘိလပ်ရည်စက်လုပ်ငန်းဟာ အလွန်ကြီးပါတယ်။

သူတို့ဘိလပ်ရည်စက်ကို ၁၉၀၄ ခုနှစ်က စတည်ထောင်တာတဲ့။ မန္တလေးမှာ မော်တော်ရထား ပြေးတာနဲ့ တစ်နှစ်တည်းပေါ့။ စက်ကြီး တစ်ခုလုံး ဘိလပ်ရည်ပုလင်း ဆေးတာ၊ အရည်သွတ်တာကအစ အားလုံးလျှပ်စစ်နဲ့ချည်း လည်ပတ်လုပ်ကိုင်တဲ့

စက်ကြီးပေါ့။ စက်ကလည်း အလွန်ခေတ်မီသတဲ့။ ဘီလပ်က နောက်ဆုံးမှာ ထားတာတဲ့။ ကျန်းမာရေးအတွက် အိုးတွေခွက်တွေက အားလုံးငွေရည်သုတ်အိုးခွက်တွေ။ ပုလင်းဆေးတာလည်း စက်နဲ့ဆေးတာ။ တစ်နေ့တစ်နေ့ကို ဘီလပ်ရည်ပုလင်းဒါဇင် ၅၀၀ ကျတယ်။ အလုပ်သမားလူ ၂၀ နဲ့ ထုတ်လုပ်တဲ့စက်ကြီးတဲ့။ ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်း ၉၀ က အနေအထားလေ။

အဲဒီတော့ ဘီလပ်ရည်ဆိုတာကို အင်္ဂလိပ်ဝင်လာမှ သောက်ဖူးသူများအဖို့က အလွန်အထင်ကြီးစရာ၊ စမ်းသောက်မြည်းသောက်ကြည့်ချင်စရာ၊ ဒါသောက်တတ်မှ ခေတ်မီ အထက်တန်းကျတယ်လို့ ထင်စရာကြီး ဖြစ်နေတာပေါ့။

ဒီဘီလပ်ရည်ကို မြန်မာတွေကလည်း သောက်ကြည့်တော့ တော်တော်ကြိုက်လာကြပြီ။

အမေတို့ သိပ်ငယ်ငယ်က အခြေအနေကို ပြောပြဦးမယ်နော် – တို့အထက်မြန်မာနိုင်ငံက ရှင်ဘုရင်ပါတော်မူသွားပြီး သူ့ကျွန်ဖြစ်လာရတဲ့အချိန်မှာ ဗြိတိသျှအစိုးရက ကျွန်းသစ်အရောင်းအဝယ်၊ စပါးအရောင်းအဝယ်၊ ရေနံလုပ်ငန်းစတဲ့ စီးပွားရေးလုပ်ငန်းအကြီးစားကြီးတွေကို သူတို့လူမျိုးလုပ်ငန်းရှင်ကြီးတွေ လက်ထဲရောက်စေပြီးတဲ့နောက် အရောင်းအဝယ်လုပ်ငန်း အလတ်စားနဲ့ အငယ်စား စီးပွားရေးတွေကို သူတို့က မလုပ်တော့ဘဲ စီးပွားရေးတံခါးကြီးကျယ်ကျယ် ဖွင့်ပေးလိုက်တော့ အရင်းအနှီး သိပ်ရှိပြီး အဆက်အသွယ် ကောင်းကြတဲ့လူမျိုးခြားတွေက ဝင်လာပြီး အားလုံးဝင်လုပ်ကြတာပေါ့။

အမေတို့နိုင်ငံက လူဦးရေတွေ သိပ်များတဲ့ နိုင်ငံကြီး ၂ ခုကြားမှာ ရှိတဲ့ နိုင်ငံငယ် မဟုတ်လား။ အဲဒီတော့ ဒီ နှစ်နိုင်ငံက စီးပွားရေးသမားတွေက တို့နိုင်ငံထဲ တိုးဝင်လာကြတာပေါ့။

ပြီးခဲ့တဲ့အပတ်တုန်းက လုပ်ခဈေးပေါပေါနဲ့ အောက်တန်းစားအလုပ်ကြမ်းအမျိုးမျိုးကို အိန္ဒိယက လာလုပ်တဲ့ အလုပ်သမား၊ ကော်ရင်ဂျီတွေ အကြောင်းရေးခဲ့ပြီ၊ ဒီအပတ် အထက်တန်း အလုပ်အကိုင်တွေမှာ လူမျိုးခြားတွေ လုပ်ကြတာကို ရေးဦးမယ်လေ။ အမေတို့ရဲ့ အနောက်ဘက်မှာ ကပ်နေတဲ့ပြည်နယ်၊ ဘင်္ဂလားလို့ခေါ်တဲ့ BENGAL ဘင်ဂေါလ်ကဘန်ဂါလီလူမျိုးတွေကဆိုရင် အမေတို့နိုင်ငံက ရုံးအသီးသီးမှာ လုပ်ရတဲ့ စာရေးစာချီအလုပ်တွေထဲမှာ သူတို့အများကြီး ဝင်လုပ်နေကြတာပဲ။ သူတို့က အင်္ဂလိပ်စာတတ်တွေ။ ဟိုတုန်းက မီးရထားဌာနကြီးထဲမှာဆိုရင် မြန်မာက သိပ်နည်းတာ။ မီးရထားဌာနကို ဘန်ဂါလီလူမျိုးတွေ အုပ်စီးထားတယ်လို့တောင် ပြောရမတတ်ပဲ။

ပြီးတော့ ရွှေ စိန်စတဲ့ အရင်းအနှီးကြီးတဲ့ အရောင်းအဝယ်လုပ်ငန်း၊ အထည်အလိပ်စတဲ့ အရောင်းအဝယ်လုပ်ငန်းတွေကိုတော့ မာရဝါရီကုလားသူဌေးတွေက လုပ်ကိုင်ကြတယ်။ မြန်မာတွေက သူတို့လက်ဝေခံ လက်လီဆိုင်လောက် အနည်းအပါး

ရှိတာ။ သွင်းကုန်လုပ်ငန်းကြီးရော၊ လက္ကားအရောင်းအဝယ်ကြီးမှာရော သူတို့ချည်း လုပ်ကြတာပဲ။

အမေတို့ရဲ့ ဧရာဝတီတို့၊ သံလွင်တို့၊ ချင်းတွင်းတို့ဆိုတဲ့ မြစ်ကြောင်းနဲ့ ပင်လယ်ကမ်းရိုးတန်းကို သင်္ဘောသွားလာတဲ့လုပ်ငန်းကြီးကို ၁၈၆၅ခုက စတည်ထောင်တဲ့ ဧရာဝတီ ဖလုပ်တီလာကုမ္ပဏီ ဆိုတာကြီးက တစ်ဦးတည်း လုပ်ကိုင်တယ်။ အဲဒီမှာ အလုပ်သမား သင်္ဘောသားတွေက အားလုံး ခေါ်တော့ကုလားတွေချည်းပဲ။ တခြား ဘာလူမျိုးမှ မရောနှောဘူး။ မြန်မာဆိုတာ တစ်ယောက်မှ မရှိဘူး။ သင်္ဘော တစ်စင်းလုံး ထိပ်ဆုံးက အောက်ဆုံးအထိ ခေါ်တော့ကုလားတွေပဲ လုပ်ကိုင်ကြတာပဲ။ အဲဒါ သူတို့ရဲ့ စပယ်ရှယ်လိုင်းတဲ့။

ပြီးတော့ ဘာသာရေးအလိုက် လုပ်ကိုင်စားတဲ့ စီးပွားရေးတွေ ရှိသေးတယ်။ ဥပမာ နွားမွေးမြူတာ၊ နွားနို့ရောင်းတာ ဆိုပါတော့ ဒီအလုပ်ကို ဟိန္ဒူကုလားတွေကချည်း လုပ်ပါတယ်။ နွားတို့၊ ဆိတ်တို့စတဲ့ သားသတ်လုပ်ငန်းကို မွတ်ဆလင်တွေကချည်း လုပ်ကိုင်တယ်။ ဝက်သတ်တဲ့လုပ်ငန်းကိုတော့ တရုတ်က လုပ်ကိုင်တယ်။

တရုတ်ကလည်း ကုလားလိုပဲကွဲ့၊ ဟိုတုန်းက ဒေသကွဲလို့ အမျိုးကွဲတဲ့ သူ့လူမျိုးနဲ့သူ၊ သူတို့လုပ်ကိုင်တဲ့အလုပ် တသီးတခြားစီ ရှိတယ်။ ဥပမာဆိုပါတော့ ကွမ်းတုံ့လူမျိုးလို့ခေါ်တဲ့ ကန်တုန်ပြည်နယ်က တရုတ်တွေက တို့နိုင်ငံမှာ လက်သမား လုပ်တယ်။ တရုတ်လက်သမားဆိုတာ မြန်မာလက်သမားထက် လုပ်ခပိုပေးရတဲ့ တတ် ကျွမ်းသူအဆင့်ကပေါ့။ ချမ်းသာတဲ့ ကွမ်းတုံ့က သစ်စက် တည်တယ်။ ပြီးတော့ ကွမ်းတုံ့တွေက အပေါင်ဆိုင်လုပ်ငန်းမှန်သမျှ သူတို့ချည်း လုပ်တာကွဲ့။ အပေါင်ဆိုင် ဆိုတဲ့ တရုတ်စာကြီး တစ်လုံးတည်း ရေးမကို ဆိုင်ရှေ့က လမ်းပေါ်မှာ ထောင် ထားလိုက်တာပဲ။ အဲဒါကို အမေတို့ မြန်မာတွေက မဖတ်တတ်ပါဘူး။ ဗူးသီးကြော်လို့ပဲ ဖတ်လိုက်တာပဲ။ ဒါပေမယ့် လူ့အသုံးအဆောင် ဘာပစ္စည်းကိုမဆို အတိုးကြီးကြီးနဲ့ လာပေါင်လို့ရတဲ့နေရာ အပေါင်ဆိုင်လို့တော့ သိကြတယ်။

ကွမ်းတုံ့တွေက ထန်းရည်ဆိုင်လည်း သူတို့ပဲ၊ သူတို့ရောင်းတာကို မြန်မာတွေက ဝယ်သောက်ကြတာပဲ။

ဖူးကျင့်လို့ခေါ်တဲ့ ဖူကျန့်နယ်သား တရုတ်တွေကတော့ တို့ဆီမှာ လက်ဖက်ရည်ဆိုင် ဖွင့်တယ်။ တရုတ်လက်ဖက်ရည်ဆိုင် မှန်သမျှ ဖူးကျင့် တရုတ်ချည်းပဲ။ သူတို့က လက်ဖက်ရည်ဆိုင်ဆိုပေမယ့် ကုန်စုံဆိုင်ပါ တွဲဖွင့်တာ။ ဒါကြောင့် လက်ဖက်ရည်ဆိုင်ထဲမှာပဲ မှန်အိမ် မီးခွက် မီးစာလိုချင်လည်း ရတယ်။ ခွပ်ကျယ်ဝယ်ချင်လည်း ရတယ်။ လက်နှိပ်ဓာတ်မီး၊ ဓာတ်ခဲ၊ သွားတိုက်တံ၊ သွားတိုက်ဆေး ဝယ်မလား၊ ပစ္စည်းတွေစုံနေအောင် ရောင်းတယ်လေ။ မှန်ဗီရိုကြီးတွေ ဆိုင်အမိုးထိအောင် ထားပြီး ပစ္စည်းထည့်ရောင်းတာပဲ။ ဗီရိုကြီးတွေရှေ့ကတော့ လက်ဖက်ရည်စားပွဲနဲ့ ကုလားထိုင်တွေပေါ့။

ဟတ်ကာလူမျိုးကတော့ အထည်သည်တွေကွဲ့။

တို့နိုင်ငံနဲ့ ကပ်နေတဲ့ ယူနန်ပြည်နယ်က ယူနန်လူမျိုးတွေကတော့ တို့ကျောက်စိမ်းတွင်းမှာ သူတို့ချည်း။ ပြီးတော့ တချို့က လားမွေးတယ်။ တစ်ဦးတစ်ဦးမှာ လားအကောင် ၄၀၀–၅၀၀ မွေးထားပြီး ကားလမ်းမပေါက်တဲ့ တောင်ပေါ်ဒေသရဲ့ ခရီးသွားလာ သယ်ယူပို့ဆောင်ရေး အလုပ်တွေ သူတို့က လုပ်ကြတယ်။ အဲဒီလုပ်ငန်းဟာ သူတို့တစ်ဦးတည်းပိုင်လုပ်ငန်းပဲ။ လားဝန်တင်ဆိုတာ မင်းတို့ သိတယ်မှတ်လား။

အေး – အဲဒါဟိုရှေးက အမေတို့ငယ်ငယ်တုန်းက စီးပွားရေး အနေအထားကို ပြောတာ။ မင်းတို့က အမေ့ကိုမေးချင်လိမ့်မယ်။ ဒါဖြင့်အမေရယ် ဗြိတိသျှတွေက အဲဒီလို စီးပွားရေးတံခါးဖွင့်ထားတော့ ကျွန်တော်တို့ပြည်နေပြည်ထိုင် တိုင်းရင်းသား မြန်မာလူမျိုးတွေက ဘာလုပ်စားကြသလဲလို့။

ရှိတာကလေး ကျန်တာကလေးကို ရသမျှလုပ်စားနေကြရတာပေါ့ကွဲ့။

ဒါပေမယ့် အမျိုးသားလွတ်လပ်ရေး နိုးကြားအုံကြွမှုကြီး ပေါက်ကွဲလာတော့ ဝံသာနုဆိုတဲ့ စကားလုံးကြီးနဲ့အတူ လူမျိုးခြားတွေလက်က စီးပွားရေး မြန်မာ့လက်ထဲ ပြန်ရောက်အောင် မြန်မာတွေကလည်း နိုင်ငံခြားသားတွေ လက်ဝါးကြီးအုပ် လုပ်နေတဲ့ စီးပွားရေးတွေမှာ ထိုးဖောက်ကြ၊ ပြီးတော့ ကိုယ့်အမျိုးသားအချင်းချင်း အားပေးကြ၊ ရိုင်းပင်းကြ၊ ဝံသာနုကြဆိုတဲ့ ကြွေးကြော်သံကြီး ပေါ်လာတယ်။ ဒါကြောင့် တို့မန္တလေးမြို့မှာ အမျိုးသားပိုင်လုပ်ငန်းတွေ စပေါ်လာတယ်။ အယ်လီဖင်စတုန်းရုပ်ရှင်၊ သီပေါရုပ်ရှင်ရုံတွေဟာ နိုင်ငံခြားသားပိုင်တွေချည်းမို့ မြန်မာပိုင်ရုပ်ရှင်ရုံတစ်ရုံကို ငွေစုပြီး လူငယ်မျိုးချစ်တွေက တည်ကြစို့လို့ ကြွေးကြော်ပြီး မြန်မာညွန့်ရုပ်ရှင်ရုံဆိုတာကို တည်ခဲ့ကြတယ်။ အဲဒါ ခု ၃၁ လမ်းနဲ့ ၈၃ လမ်းထောင့်က မြို့ဂုဏ်ရောင်ရုံဟာ ပထမဆုံးသော မြန်မာပိုင် ရုပ်ရှင်ရုံပေါ့။

ဒေးဗစ်နဲ့ အီဇရာဘာရားသားရဲ့ ဘိလပ်ရည်လုပ်ငန်းကို ထိုးဖောက်ဖို့အတွက် မြန်မာတွေ အစုစပ်တည်ထောင်တဲ့ မြန်မာဘိလပ်ရည်စက်လည်း ဒါးတန်းမှာ ၈၄ လမ်းနဲ့ ၂၄ လမ်းထောင့်မှာ ပေါ်ပေါက်လာတယ်။ အမေတို့ အဖေ မန်နေဂျာလုပ်တယ်ဆိုတာ အဲဒီမှာပေါ့။

နိုင်ငံခြားသားတွေ လက်ဝါးကြီးအုပ်ထားတဲ့ စီးပွားရေးထဲ ထိုးဖောက်တာတွေ အများကြီးပဲ။ မန္တလေးက စက္ကူအရောင်းအဝယ်ကို ဒေဆိုင်းနှာမည်ခံတဲ့ အိန္ဒိယသားတွေ က လက်ဝါးကြီးအုပ်ထားလို့ မြန်မာတွေက စုပြီး မြန်မာစက္ကူဆိုင် ဖွင့်ခဲ့ရတယ်။ [illegible]ဘကြီး အဲဒီဆိုင်မှာ လုပ်ဖူးတယ်။ အဲဒီဆိုင် ပျက်သွားပြီးတဲ့နောက် တို့အဖေက [illegible]ကပိုင် မြန်မာဆိုင်တစ်ဆိုင်ထပ်ဖွင့်လို့ အမေအိမ်ထောင်မကျခင်က အဲဒီဆိုင်မှာ [illegible]ပေးရသေးတယ်။

ဝံသာနု၊ ဝံသာနု ဆိုတဲ့စကား၊ အမျိုးသားချင်း ရိုင်းပင်းပါ၊ ကိုယ့်လူမျိုးကို [illegible]ပါ ဆိုတာတွေကလည်း အနေရာရာမှာ ကြွေးကြော်နေရတာပဲ။

ဒါပေမယ့် အရင်းအနှီးချင်းကကွာ၊ အတွေ့အကြုံချင်းက ကွာ၊ ကာသာပေး ခံရတာချင်းကကွာ၊ အဆက်အသွယ်ချင်းကကွာလေတော့ စီးပွားရေးမှာ ယှဉ်ရပြိုင်ရတာ မလွယ်ဘူး၊ ကိုယ့်ဘက်က ရှုံးတာတွေလည်း အများကြီး၊ နိုင်ငံရေး နိုးကြားမှု အမြတ်တော့ ရတာပေါ့။

ဒါကြောင့် သီချင်းစပ်တဲ့ စာရေးဆရာကိုတော့ ကောင်းကောင်း အမေမမှတ်မိ တော့ဘူး၊ စိတ်ထဲကတော့ အေဝမ်းဆရာညွှာလို့ပဲ ထင်တာပဲ။ သူစာရေးစပ်ပေးတဲ့သီချင်း အမေတို့ ငယ်ငယ်က သီဆိုခဲ့ရသေးတယ်။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၀၉၊ ၁၉၉၄ မတ်

❝

… အမေက ဒီမြသော့်ကြီး ၂ စီးကို ကြည့်ပြီး ဟိုပထမမင်းသား မောင်ကျောက်လုံး ခေတ်အခါတုန်းက အမရပူရကနေပြီး ပုဂံမင်းဟာသူ့အိမ်တော်ရာစေတီကို ဘုရားဖူးကြွလာတဲ့အခါ မြသော့်ကြီးတွေ ရှေ့က ပြတ်ပြီး အဆောင်အယောင် အခမ်းအနားတွေနဲ့ ကြွတော်မူလာတာ၊ အမရပူရကို ပြန်ကြွတော်မူတာတွေကို မြင်ရပေလိမ့်မယ်။ ဒီနောက် ညီတော် မင်းတုန်းမင်း နန်းတက်တယ်။ ဒီနောက် ………

## စန်းထနေတဲ့ မောင်ကျောက်လုံးရဲ့ ခြင်္သေ့ကြီး ၂ စီး

အမေ့စာအုပ် 'ရတနာပုံမန္တလေး၊ မန္တလေး၊ ကျွန်မတို့မန္တလေး' ဆိုတဲ့ စာအုပ်ထဲမှာ မန္တလေးအိမ်တော်ရာ မိကျောင်းတံတားအကြောင်း ရေးထားတဲ့ ဆောင်းပါးတစ်ပုဒ် ပါတယ်။ အဲဒီဆောင်းပါးမှာ မိကျောင်းတံတားတောင်ဘက်ထိပ်မှာတော့ ခြင်္သေ့ကြီး ၂ စီး လုပ်ထားတာ ရှိတယ်။ ခုတော့ လူနေအိမ်တွေ ဝိုင်းရံနေလို့ အဲဒီခြင်္သေ့ကြီး ၂ စီးကို ဓာတ်ပုံရိုက်ပြချင်ပေမယ့် ပုံကောင်းမရတော့ဘူးလို့ ရေးခဲ့ဖူးပါတယ်။

ခု ပဲလော့ချောင်က မိတ်ဆွေတစ်ဦးက "အမေရေ – အမေရေးတဲ့ခြင်္သေ့ကြီးတွေကို ခုလာကြည့်လှည့်ပါဦး၊ ခြင်္သေ့ကြီးတွေ စန်းထနေတယ်" တဲ့။

အမေ့ဆောင်းပါးရေးပြီးတဲ့နောက် အခြေအနေတွေက ဘယ်လိုက ဘယ်လို ပြောင်းလဲကုန်တယ်တော့ မသိဘူး။ ပထမ ခြင်္သေ့ကြီးတွေ အနားကပ်ဆောက်ထားတဲ့ လူနေအိမ်တွေက ရွှေ့ပြောင်းပေးကုန်သတဲ့။

နောက်တော့ ဒီခြင်္သေ့ကြီးတွေမှာ ပန်းတို့၊ ရေချမ်းတို့ တင်လှူပြီး ကိုယ်လိုရာ ဆုတောင်းရင် ဆုတောင်းပြည့်တယ်ဆိုတဲ့ သတင်းစကားက ဖြစ်လာသတဲ့။ အဲဒီသတင်းက တဖြည်းဖြည်း ပျံ့နှံ့သွားလို့ ခုဖြင့် ခြင်္သေ့ကြီး ၂ စီးရှေ့မှာ ပန်း ရေချမ်းလည်း ပြတ်တယ် မရှိဘူး။ ပြီးတော့ ဖျာကလေးတွေ သင်ဖြူးကလေးတွေခင်း၊ ပုဆစ်ဒူးတုပ်ထိုင်ကြပြီး ရှိခိုးကြ၊ ဆုတောင်းကြသူတွေလည်း ပြတ်တယ် မရှိဘူးတဲ့။ အမေ ဒီမြင်ကွင်းကို လာမကြည့်အားရင် ကြည့်ရအောင် ဓာတ်ပုံရိုက်ပို့လိုက်မယ်ဆိုပြီး ဓာတ်ပုံတစ်ပုံ ရောက်လာပါတယ်။

ဓာတ်ပုံထဲ ကြည့်လိုက်တော့ အမေ့ကို သတင်းပေးတဲ့အတိုင်းပါပဲ၊ ဟုတ်လို့ပေါ့။ နောက်တော့ တစ်ခါ မကြာပါဘူး၊ ခြင်္သေ့ကြီးတွေကို ပြင်ချင်တဲ့ အလှူ့ဒကာများ ပေါ်လာပြန်သတဲ့။

မင်းသားမောင်ကျောက်လုံးရဲ့ ခြင်္သေ့ကြီး ၂ စီးက ၁၂၁၁ ခုနှစ်က တည်ဆောက်ခဲ့တာဆိုတော့ ခုဆိုရင် နှစ်ပေါင်း ၁၄၇ နှစ် ရှိခဲ့ပြီလေ။ အဲဒီအတောအတွင်း ဒုတိယကမ္ဘာစစ်ကြီးရဲ့ စစ်မြေပြင် စင်တလင်းဖြစ်ခဲ့ရတဲ့အချိန်ကာလကိုလည်း ကျော်လွှန်ခဲ့ရတယ် ဟုတ်လား။ အဲဒီတော့ ခြင်္သေ့ကြီးတွေမှာ ပျက်စီး ယိုယွင်းမှုက ရှိတာပေါ့။ အရှေ့ဘက်က ခြင်္သေ့ကြီးထက် အနောက်ဘက်က ခြင်္သေ့ကြီးက ပိုလို့ပဲ ပျက်စီးသေးတယ်။ ခြင်္သေ့ရဲ့ ဖင်ပိုင်းတစ်အုံလုံး အင်္ဂတေ ကွာနေတာမို့ နောက်ကများ နေကြည့်ရင် မြင်လို့မကောင်းဘူး။ ဒါကြောင့် ခြင်္သေ့ကြီးတွေနဲ့ မလှမ်းမကမ်းမှာ

ရှိကြသူထဲက အလှူရှင်တစ်ဦးပေါ်လာသတဲ့။ ဒီခြင်္သေ့ကြီး ၂ စီးကို မူလအတိုင်းဖြစ်အောင် ပြန်ပြင်ပါရစေပေါ့။

မန္တလေး ဝိသုဒ္ဓါရုံတိုက်၊ ဝါးတန်းကျောင်းဆရာတော်ကြီးက ရှေးဟောင်းသုတေသနဦးစီးဌာနကို ခွင့်တောင်းပေးတော့ ခွင့်ပြုချက်ရလို့တဲ့ ပြင်ကြပါတယ်။ အလှူ့ဒကာများက ၈၆ နဲ့ ၈၇ လမ်းကြား၊ ၃၄ လမ်းပေါ်က ကိုကံချွန်နဲ့ မနွယ်နွယ်ခိုင်တို့ ဖြစ်ကြပြီး ဒီနှစ် မတ်လ (၅) ရက်နေ့က အားလုံး ပြုပြင်တာပြီးသတဲ့။

ခြင်္သေ့ကြီး ၂ စီးကတော့ လူသွားလိုက်တာ ခုခေတ်စကားနဲ့ပြောရရင် 'ပျံနေတာပဲ'၊ ခြင်္သေ့ကြီးတွေကို ပြုပြင်တော့ လက်ရာအနေနဲ့ ထူးခြားတာက ခုခေတ် ပြုလုပ်ကြတဲ့ အုတ်ခြင်္သေ့တွေက အုတ်တွေကို စီပြီး ခြင်္သေ့ပုံပေါ်အောင် အင်္ဂတေက လိုက်ဖို့ယူကြတာ။ ဟို အမရပူရ ပုဂံမင်းခေတ် လက်ရာက အုတ်တွေကတော့ မြေအုတ်တွေပါပဲ။ ဒါပေမယ့် အုတ်ကိုပဲ ခြင်္သေ့ရုပ်လုံးပေါ်အောင် ခုတ်ထစ်ပြီး စီထားတာ။ အင်္ဂတေက အပေါ်က ချောရုံ ကိုင်ထားတာကို တွေ့ရတယ်။

ပြီးတော့ အချိုးအဆစ် ပြေပြစ်ပုံကလည်း တော်တော်ကိုကောင်းပြီး ပြုလုပ်ပြီးရှိကြတဲ့ မန္တလေးတောင်က ခြင်္သေ့ကြီး၊ မဟာမုနိရှေ့က ခြင်္သေ့ကြီးတွေနဲ့ ယှဉ်ကြည့် ပြင်ကြည့်၊ သူက အလှအောက်မကျဘူး။ အမရပူရ လက်ရာဟာ တော်တော်အထက်တန်းကျတဲ့ လက်ရာပါပဲ။ ဒီခြင်္သေ့ ၂ စီး ပြုလုပ်စဉ်အခါတုန်းက ပန်းရန်က သူ့ခြင်္သေ့ဟာ ၂ စီးဆိုပေမယ့် မိုတစ်ခုတည်းက ထွက်သလို ၂ စီး သိပ်ကိုတူနေရမယ်လို့ အာမခံသတဲ့။ ပြီးတော့လည်း လက်ရာက တကယ်ကောင်းနေတာမို့ ဒီပန်းရန်ဆရာမောင်သူများကို လုပ်မပေးနိုင်အောင် အသတ်ခံရသလိုလိုတောင် သတင်းကြီးခဲ့သေးတယ်ဆိုကိုး။

အမေက ဒီခြင်္သေ့ကြီး ၂ စီးကိုကြည့်ပြီး ဟိုပထမမင်းသား မောင်ကျောက်လုံးခေတ်အခါတုန်းက အမရပူရကနေပြီး ပုဂံမင်းဟာ သူ့အိမ်တော်ရာစေတီကို ဘုရားဖူးကြွလာတဲ့အခါ ခြင်္သေ့ကြီးတွေ ရှေ့ကဖြတ်ပြီး အဆောင်အယောင် အခမ်းအနားတွေနဲ့ ကြွတော်မူလာတာ၊ အမရပူရကို ပြန်ကြွတော်မူတာတွေကို မြင်ရပေလိမ့်မယ်။ ဒီနောက် သီတော် မင်းတုန်းမင်း နန်းတက်တယ်။ ဒီနောက် သားတော်သီပေါမင်း နန်းတက်တယ်။ ဒီနောက် သီပေါမင်းပါတော်မူရပြီး ဗြိတိသျှ ဝိတိုရိယဘုရင်မကြီး သိမ်းမြန်းစိုးအုပ် မင်းလုပ်တယ်။ ဒီနောက် သားတော် သတ္တမမြောက် အက်ဒဝပ်ဘုရင်၊ ဒီနောက် သားတော် ပဉ္စမမြောက် ဂျော့ဘုရင်၊ ဒီနောက် သားတော်အဋ္ဌမမြောက် အက်ဒဝပ်ဘုရင် (ဝင်ဆာမြို့စား)၊ ဒီနောက် ဆဋ္ဌမမြောက် ဂျော့ဘုရင်၊ ဒီနောက် ဂျပန်ဘုရင် တင်နော်ဟေကာ၊ ဒီနောက် ဆဋ္ဌမမြောက်ဂျော့၊ ဒီနောက် ဗိုလ်ချုပ်အောင်ဆန်း အစိုးရ၊ ဒီနောက် ဖဆပလအစိုးရ၊ ဒီနောက် သန့်ရှင်းအစိုးရ၊ ဒီနောက် တော်လှန်ရေးကောင်စီအစိုးရ၊ နိုင်ငံတော်ကောင်စီ၊ ဒီနောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး အစိုးရဆိုပြီး တစ်ခုပြီးတစ်ခု ပြောင်းလဲနေတာတွေကို ကြုံတွေ့ခဲ့ရမှာပဲ။

ခြင်္သေ့ကြီးတွေဟာ ပထမတော့ မင်းသုံးဖို့တံတားကြီးရဲ့ အဆင်တန်ဆာပေါ့။ နောက်တော့ တံတားကြီး ပျက်စီးပြီး ဒုတိယကမ္ဘာစစ်မတိုင်မီက မန္တလေးမြို့ရဲ့ တစ်ခုသော ပြည့်တန်ဆာရပ်ကွက်၊ ဒီနောက် စစ်ပြီးခေတ်မှာ စစ်ဘေးဒုက္ခသည်များရဲ့ ကျူးကျော်အိမ်များ အလယ်က စုတ်ပွဲနေတဲ့ ခြင်္သေ့အိုကြီး ၂ စီး၊ ဟော ခုတစ်ခါ တော့လည်း သစ်လွင်လှပတောက်ပြောင်ပြီး များလှတဲ့ ကျက်သရေတွေနဲ့ လူတွေရဲ့ အားကိုးယုံကြည်ခြင်းကို ခံနေရတဲ့ အကိုးကွယ်ခံ ခြင်္သေ့ကြီး ၂ စီး ဖြစ်လို့ နေပြန်ပြီ။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၁၈၊ ၁၉၉၄ ဒီဇင်ဘာ

“
. . .စီးကရက်ရောင်းရတဲ့မိန်းကလေးက စီးကရက်ဘူးတွေ ဗန်းထဲထည့်ပြီး ရက်စတောရင့်ကြီးတွေ၊ စားသောက်ဆိုင်ကြီးတွေမှာ စားသောက်နေကြသူတွေ၊ ကာရာအိုကေကြည့်နေကြသူတွေကို စီးကရက် လိုက်တည်တာရောင်းတာတဲ့။ သောက်မယ့်လူကို မီးခြစ်ပြီး မီးညှိပေးတယ်။ ဘီယာရောင်းတဲ့ ကလေးမလေးတွေကလည်း ဒီလိုပဲ။ ဘီယာဘူး ဖွင့်ပေး၊ ငှဲ့တိုက်ပေါ့တဲ့။ .....

## သမီးမိန်းကလေးဖို့ အလုပ်

အမေတို့ငယ်ငယ်က သမီးမိန်းကလေးကို အင်္ဂလိပ်ကျောင်းထားဖို့ မိဘတိုင်းက စိတ်အားထက်သန်မှု မရှိကြဘူး။ အထက်တန်းလွှာလို့ခေါ်တဲ့ အရာရှိသားသမီးများသာ အင်္ဂလိပ်စာ သင်ရတယ်။ ရိုးရိုးအရပ်သား၊ ကုန်သည်သားသမီးများဆိုရင် မြန်မာစာ အသင့်အတင့်တတ်ရင် ကျောင်းနုတ်ကြပြီး မန္တလေးက လူလတ်တန်းစားက သမီးမိန်းကလေးကို ဈေးသင်တယ်။

ဈေးသင်တယ်ဆိုတာ မန္တလေးဈေးချိုတော်ကြီးထဲက အသိမိတ်ဆွေ ဆိုင်တစ်ဆိုင်မှာ ဈေးရောင်းတတ်အောင် နေ့တိုင်း ဈေးလိုက်ထွက်ရပြီး ဈေးအရောင်း သင်ရတာကို ခေါ်တာ။ တကယ်လို့ အင်္ဂလိပ်စာသင်ရင်လည်း အင်္ဂလိပ်စာတတ်တဲ့ မိန်းကလေးကိုခေါ်တဲ့အလုပ်က စာရေးစာချီမ၊ ကျောင်းဆရာမနဲ့ သူနာပြုဆရာမဆိုတဲ့ အလုပ်မျိုးလောက် လုပ်ကြရတာကိုး။

ဈေးသင်တဲ့ မိန်းကလေးတွေကတော့ မိုးလင်းရင် အဝတ်လဲ ထမင်းချိုင့် ကလေးဆွဲပြီး ကိုယ်အရောင်းသင်တဲ့ဆိုင်ကိုဖြစ်စေ၊ ဆိုင်ရှင့်အိမ်ကိုဖြစ်စေ လာခဲ့တာပဲ။ ဈေးကိုရောက်ကြတော့ ဆိုင်ကူဖွင့်ပြီး ဆိုင်ကူရောင်းကြတာပေါ့။

အဲဒီလို တစ်နှစ်၊ ဒါမှမဟုတ် နှစ်နှစ် ဆိုင်ရှင်နဲ့အတူ ဈေးရောင်းရတယ်လေ။ ဆိုင်ရှင်က ရောင်းရင်းနဲ့ ဈေးသည်ကောင်းတစ်ယောက်ဖြစ်ရေးကို လက်တွေ့နဲ့တွဲပြီး သင်သွားတာပဲ။

ပထမသင်တာကတော့ ချိန်တွယ်ရောင်းရတဲ့ ပစ္စည်းဆိုရင် အချိန်အတွယ် သွက်လက် လည်ပတ်ဖို့ပေါ့။ ခြင်တွယ်ရောင်းရတာမျိုးဖြစ်ရင်လည်း အခြင်အတွယ် လည်ပတ်ဖို့ပေါ့။ ဒါတွေက လက်တွေ့လုပ်ရင်းနဲ့ ကျွမ်းကျင်သွားရတဲ့ကိစ္စ။

ပြီးတော့ ဈေးသည်တစ်ယောက်အနေနဲ့ အပြောအဆို၊ ချောင်းယဉ်ကျေးဖို့ သင်ပါတယ်။ မန္တလေးဟာ ရှင်ဘုရင်ရှိခဲ့တဲ့ မင်းနေပြည်မြို့ဟောင်းဆိုတော့ မန္တလေးမှာ စကားက အဆင့်ဆင့်ရှိပါတယ်။ ပဒေသရာဇ်မင်းများနဲ့ ပြောတဲ့အသုံးအနှုန်းတွေ၊ လူကြီးသူမနဲ့ လူငယ်နဲ့ပြောတဲ့ အသုံးအနှုန်းတွေ၊ တန်းတူရည်တူ ရွယ်တူရွယ်တန်ချင်း ပြောတဲ့ အသုံးအနှုန်းတွေ၊ လက်အောက်ငယ်သားနဲ့ အထက်ကလူနဲ့ပြောတဲ့ အသုံးအနှုန်းတွေ စသဖြင့် အဆင့်ဆင့်ရှိတာကို အမေတို့ငယ်ငယ်က ကြားခဲ့ သိခဲ့ရပါတယ်။ အဲဒီတော့ စကားကို တစ်ဘက်သားနဲ့ ပြောဆိုဆက်ဆံရာမှာ သူက ဘယ်အတန်းအစားထဲကမှန်း ကိုယ်ကမသိပေမယ့် ကိုယ်ကအောက်ကနေပြီး ကြို့ပြောဖို့ ဆိုင်ရှင်ဈေးသည်က သင်ပါတယ်။ "လူ့အောက်ကြို့ရင် လူပိမသေဘူး" လို့လည်း ဆုံးမပါတယ်။

ပြီးတော့ "နှုတ်ချိုရင် သျှိုတစ်ပါး" တဲ့ ဆိုတာမျိုး၊ "ချစ်စေလို ခံတွင်းလက်လေးသစ်၊ မုန်းစေလို ခံတွင်းလက်လေးသစ်" ဆိုတာမျိုးတွေကို ရှင်းလင်းပြောပြပြီး တစ်ဘက်သားနဲ့ ချိုချိုသာသာ ဆက်ဆံရမယ်ဆိုတာကို တစ်ထစ်ချ လိုက်နာရမယ့်အနေနဲ့ သင်ကြားပါတယ်။

ဈေးသည်နဲ့ ဈေးဝယ် တစ်ချို့ဈေးဝယ်က မောက်မာတယ်။ တစ်ချို့က ရိုင်းစိုင်းတယ်။ ဒါမျိုးနဲ့တွေ့ရင်တောင်မှ ကိုယ်က မတုန့်ပြန်ဘဲ သည်းခံလိုက်ပါလို့ပဲ မှာကြားပါတယ်။ မှားစရာရှိရင် ဈေးဝယ်ကပဲ မှားသွားပါစေ၊ ကိုယ်က မမှားစေနဲ့တဲ့။

ပြီးတော့ ကိုယ်ရောင်းချမယ့် ကုန်ပစ္စည်းအကြောင်းကို ကိုယ်က နားလည်ထားဖို့ ကိုယ့်ကုန် ဘယ်လိုကောင်းတယ်ဆိုတာမျိုး၊ ကိုယ်က ဈေးဝယ်သူကို ပြောပြတတ်ဖို့လည်း သင်ကြားပေးတယ်။

ဈေးသည်မှာ အရေးကြီးဆုံးတစ်ချက်က ကိုယ်ရောင်းမယ့်ကုန်ကို ကိုယ်က တကယ်နားလည်ပြီး ပြန်ရောင်းစားဖို့ ဝယ်တဲ့အခါ ဝယ်တတ်ဖို့ပဲ ဖြစ်သတဲ့။ အဝယ်တော်မှ အရောင်းတော်တယ်။ ဝယ်ရာက ဈေးချောင်မှ ဈေးသက်သာမှ ကိုယ်က ပြန်ရောင်းတဲ့အခါ မြတ်လည်းမြတ်စွန်းနိုင်တယ်။ ဝယ်သူ ကိုယ့်ဖောက်သည် ဖြစ်သွားရအောင် လျှော့ပေါ့ပေး၊ လက်ဆောင်ပေးတာဆိုတာမျိုးလည်း လုပ်နိုင်တယ်။ ဝယ်ကတည်းက ဈေးကြီးနေတဲ့ကုန်ကို မြတ်အောင် ပြန်ရောင်းဖို့ မလွယ်ဘူးဆိုပြီး ကုန်ရဲ့သဘော၊ ဈေးတက် ဈေးကျသဘော၊ အချိန်ကာလသဘော ဆိုတာတွေကိုလည်း သင်ပေးတယ်။

ပြီးတော့ ဈေးသည်အဖို့ လိုအပ်လှတဲ့ လူကဲခတ်ပညာကိုလည်း သမ္မာရင့် ဈေးသည်ကြီးများက လူငယ်တွေကို သင်ပေးသေးတယ်။ လူတစ်ယောက် ကိုယ့်ဆိုင်ရှေ့ ဖြတ်လျှောက်လာရင် ဒီလူကို အကဲခတ်ပါ။ ဝယ်မယ့်လူ ဟုတ်မဟုတ်၊ ဝယ်ပြန်ရင် နည်းနည်းဝယ်မှာလား၊ များများဝယ်မှာလား အကဲခတ်တတ်ဖို့ စကားတစ်ခွန်း နှစ်ခွန်း ပြောကြည့်ပြီး ကိုယ့်ပစ္စည်းအပေါ် ဘယ်လိုစိတ်ဝင်စားမှု ရှိတယ် မရှိဘူး စတာတွေကို အကဲခတ်တတ်ရမယ်။

ဈေးရောင်းတဲ့ပညာထဲမှာ ဈေးသည်က အစစ စဉ်းစားပြီး ဈေးဝယ်ရဲ့အကဲကို ကိုယ်က သိထား နားလည်ထားရင် အလွန်နေရာကျတယ်။ ဈေးသည်လုပ်နေပြီး မအရဘူး၊ အရာရာ ရိပ်စားမိအောင် ကြိုးစား၊ မျက်စိကလည်း လျင်ပါ။ ဈေးဝယ် ဆိုတာ လူမျိုးစုံ၊ တချို့က ဝယ်ဟန်ဆောင်ပြီး ပစ္စည်းကို လစ်တတ်သူလည်း လာတဲ့အခါ လာတတ်တယ်။ အဲဒီလိုလူမျိုးလက် ပစ္စည်းပါမသွားအောင်လည်း လျင်ပါ၊ မြင်ပါ ဆိုတာမျိုးတွေ ဈေးသည်တို့တတ်အပ်တဲ့ တစ်ဆယ့်ရှစ်ရပ်ကို လက်တွေ့နဲ့တွဲပြီး ရောင်းရင်း ဝယ်ရင်း သင်ပေးသွားတာပဲ။

ဈေးဝါး တော်တော်ဝပြီ၊ လူကိုလည်း မကြောက်တော့ဘူး၊ ရောင်းတတ် ဝယ်တတ်ရှိပြီလို့ထင်တဲ့အခါ မိဘက တတ်နိုင်တဲ့ အရင်းအနှီးထုတ်ပေး၊ ဆိုင်လွတ် တစ်နေရာ ရှာဝယ်ပြီး ဈေးဆိုင်တစ်ဆိုင် ဖွင့်စေတာပါပဲ။

အဲဒါ အမေတို့ငယ်ငယ်တုန်းက မန္တလေးက မိန်းကလေးတွေ ဈေးသည်ဖြစ်ဖို့ အတွက် သင်ကြားလေ့ကျင့်ခဲ့ရတဲ့ အဖြစ်ပဲ။ မန္တလေးဈေးချိုတော်ကြီးထဲမှာ ဒီလိုနဲ့ပဲ ဈေးသည်လက်ဟောင်းကြီးတွေလို ဈေးသည်မျိုးဆက်သစ်တွေက ဆက်လက်ပြီးတော့ ရောင်းဝယ်သွားကြတာပဲ။ ဈေးချိုတော်ဟာ မန္တလေးရဲ့ စီးပွားရေးအသက်သွေးကြော၊ ဈေးချိုသူဟာ မန္တလေးရဲ့ လည်ဆွဲပါ။

မန္တလေး ဈေးချိုတော်ကြီးက အဆင့်မြင့်တိုက်ဈေးကြီး ဖြစ်သွားတဲ့နောက် အမေ့မြေးအရွယ် မိန်းကလေးတွေ ဈေးရောင်းကြတဲ့ပုံစံတစ်မျိုး အမေမြင်တွေ့ လာရတယ်။

မိန်းကလေးတွေ လှကလှနဲ့၊ ဖြီးလိမ်းခြယ်သထားတာကလည်း ပွဲထိုင်သွားတော့မယ့်ပုံမျိုး၊ ခါးပေါ်မှာလည်း ထဘီမပါဘူး၊ စကတ်ကလေးတွေဝတ်လို့၊ ခြေထောက်မှာလည်း ဇမာဖိနပ်မရှိဘူး လေဒီရှူးလေးတွေနဲ့။ ဒါနဲ့ အမေက ကျောင်းကပွဲသွားကြရမှာထင်ရဲ့လို့ အောက်မေ့တာ။ ခဏနေတော့ ကားတစ်စီးက သူတို့ကို လာခေါ်သွားတယ်။ အမေလည်း တည်းခိုခန်းကြီးတစ်ခုပေါ်က အဲဒီလို ဝတ်စားဖြီးလိမ်းပြီး ညနေ ၄ နာရီလောက် မိန်းကလေးတွေ ထွက်သွားကြတော့ ဘယ်ကျောင်းက ပွဲပါလိမ့်လို့ စဉ်းစားနေတုန်း "အမေ အဲဒါ မိန်းကလေးတွေ စီးကရက်ရောင်းဖို့၊ ဘီယာရောင်းဖို့ သွားကြတာ" တဲ့။

"ဒီလို ဝတ်စားဆင်ပြင်ပြီး ဘယ်လိုရောင်းကြရတာလဲကွယ်" လို့ အမေကမေးတော့ စီးကရက်ရောင်းရတဲ့မိန်းကလေးက စီးကရက်ဘူးတွေ ဗန်းထဲထည့်ပြီး ရက်စတောရင့်ကြီးတွေ၊ စားသောက်ဆိုင်ကြီးတွေမှာ စားသောက်နေကြသူတွေ၊ ကာရာအိုကေကြည့်နေကြသူတွေကို စီးကရက် လိုက်တည်တာ ရောင်းတာတဲ့။ သောက်မယ့်လူကို မီးခြစ်ပြီး မီးညှိပေးတယ်။ ဘီယာရောင်းတဲ့ ကလေးမလေးတွေကလည်း ဒီလိုပဲ။ ဘီယာဘူး ဖွင့်ပေး၊ ငှဲ့တိုက်ပေါ့တဲ့။

အဲ့ကွယ် ဒီကလေးမတွေက ဘယ်လိုအခကြေးငွေရတာလဲလို့မေးတော့ တချို့က လုပ်ခွင် ယူနီဖောင်း ရတယ်။ လခက တစ်လ ငါးထောင်ကျပ်၊ ခြောက်ထောင်ကျပ် ရတယ်။ ပြီးတော့ ဘောက်ဆူးလည်း ရသေးတယ်တဲ့။

"ဟဲ့ ဘောက်ဆူးက ဘာလို့ရရတာလဲ" လို့ မေးတော့ "သူတို့စီးကရက်၊ သူတို့ဘီယာကို သောက်တဲ့ ဖောက်သည်တွေက သူတို့မီးညှိပေး၊ သူတို့ဘီယာငှဲ့ပေးတဲ့ အပြုအစုကို ကျေနပ်လို့ ကျေနပ်ဆု ပေးတာပေါ့အမေရဲ့" တဲ့။

ပြီးတော့ ဒီအလုပ်ခွင်က ဘယ်အချိန်ပြန်ရတာလဲလို့မေးတော့ ညဆယ့်တစ်နာရီမှာ တည်းခိုခန်း ပြန်ပို့ပေးသတဲ့။

အလုပ်ကတော့ တကယ်တမ်းပြောရရင် ခေါင်းရွက်ဗျပ်ထိုး အလုပ်ပါပဲ။ ဒါပေမယ့် ကုန်ပစ္စည်းရောင်းရတဲ့ အခြေအနေချင်းက ကွာလှပါကလား။ ရတဲ့အခကြေးငွေကလည်း ကွာလှပါကလားလို့ အမေက ကြက်သီးထမိတယ်။

အမေက မေးကြည့်တယ်၊ ဒီကလေးမလေးတွေ သဘောကကော ဘယ်လိုလဲဆိုတော့ သူတို့ကလည်း သူတို့လုပ်ခ သူတို့လုပ်ခွင်ကို ကျေနပ်လို့ ပျော်လို့ပါပဲတဲ့။

အမေတို့ဆီမှာ စီးကရက်ကြော်ငြာ ပိုစတာကြီးတွေ ဘီယာနဲ့ အရက်ကြော်ငြာ ပိုစတာကြီးတွေ ကြည့်မလွဲ တွေ့မြင်နေရတဲ့ကြားထဲက ဒီကုန်ပစ္စည်းနှစ်မျိုးကို ဒီလိုပုံစံတွေနဲ့ ကြော်ငြာပြီးလည်း ရောင်းနေသေးတယ်ဆိုတော့ ဆေးလိပ်ကို အကြောင်းပြုပြီး ရလိုက်မယ့်ရောဂါဝေဒနာတွေ၊ အရက်ကိုအကြောင်းပြုပြီး ရလိုက်မယ့် ရောဂါဝေဒနာတွေ အမေဖြင့် တွေးတောင်မတွေးဝံ့ဘူး။

အမေတို့အရင်က ကြားဖူးတာက အနောက်နိုင်ငံတွေမှာ ရေမသောက်ဘူး၊ ဘီယာသောက်ကြတာပဲတဲ့။ သူတို့ဆီက ပူတဲ့နိုင်ငံမျိုးမှ မဟုတ်ဘဲ။ ရေငတ်စရာအကြောင်းမရှိတော့ ဘီယာကိုသောက်တယ်ဆိုတာ မဆန်းပါဘူး။ အဲဒါဟာ အနောက်က ယဉ်ကျေးမှုလို့ ထင်မှတ်ပြီး အမေတို့နိုင်ငံလို ပူတဲ့ အိုက်တဲ့နိုင်ငံ တစ်နေ့ကို ရေအေးလေးငါးခွက်ထက်မနည်း မသောက်ရရင်မနေနိုင်တဲ့ နိုင်ငံတွေက သူတို့စတိုင် ရေအစားဘီယာသောက်ကြမယ်ဆိုရင်တော့ အစောကြီး သေကုန်ကြမှာ စေကန်ပဲ။ ဘီယာထဲမှာလည်း အရက်ပါတယ်လေ။

မိန်းကလေးတွေတောင် အရက်တို့ ဘီယာတို့ သောက်နေတယ်ဆိုတာမျိုး ကြားရတော့ တစ်မျိုးသားလုံး အသက်တိုကြမယ့်လမ်းပါ ကလားလို့ အမေ ရင်လေးမိတယ်။

အမေတို့ လူ့အဖွဲ့အစည်းက မတော်ရင်မတော်ဘူးလို့ ပြောဆိုဆုံးမ တားမြစ်မှုနဲ့ အချင်းချင်း ထိန်းသိမ်း စောင့်ရှောက်တဲ့ လူ့အဖွဲ့အစည်းပါ။ မတော်တာကိုတော့ မတော်ဘူးလို့ အရင်ကလိုပဲ လူကြီးသူမ ဆရာသမား သက်ကြီးရွယ်အိုနဲ့ ဆရာတော် သံဃာတော်များကပါ ဆုံးမတားမြစ်ကြပါဦးလို့ အမေ မေတ္တာရပ်ခံချင်လှတယ်။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၂၅၊ ၁၉၉၅ စက်တင်ဘာ

## ဆင်းရဲသားနဲ့ လောင်းကစား

သတင်းစာ လူထုအော်သံအခန်းမှာ ဘုရားပွဲတွေကို အမှီပြုပြီး လောင်းကစားဝိုင်းတွေ လုပ်နေပါတယ်လို့ ရေးသားကြတာတွေကို မကြာခဏ ဖတ်နေရတော့ လောင်းကစားမှုဟာ လူကို ဘယ်လောက်နှိပ်စက်သလဲဆိုတာကို အမေငယ်ငယ်က ကြုံတွေ့ရတဲ့အကြောင်းကလေးတွေနဲ့ ယှဉ်ပြီး ရေးပြချင်စိတ် ဖြစ်လာတယ်။

အမေတို့က ဗြိတိသျှနယ်ချဲ့သမားရဲ့ ကျွန်ဘဝမှာ အသက် ၂၄ နှစ်ထိအောင် နေခဲ့ရတော့ သူ့ကျွန်ဆိုတဲ့ အရသာကို ကောင်းကောင်းကြီး သိတာပေါ့။

အမေတို့ ငယ်ငယ်တုန်းက ဗြိတိသျှ အစိုးရက နိုင်ငံတော်ထီ ဆိုတာကို စောစောက မဖွင့်သေးဘူး။ ကနေ့ထက်ထိ ရှိနေတဲ့ ထီက ၁၉၃၈ ခု ၁၉၃၉ ခုနှစ်လောက်က သူတို့ပြေးရခါနီးမှ စခဲ့တာ။ ဒီအရင်ကတော့ စနေနေ့တိုင်း လုပ်ခဲ့တဲ့ မြင်းပွဲ (တစ်လ ၄ ကြိမ်) ရှိတယ်။ တရုတ်တန်းမှာ တရုတ်တွေကို တရားဝင် ခွင့်ပေးထားတဲ့ လေးကောင်ဂျင်ဝိုင်း၊ ပါထန်ဝိုင်းတွေ ရှိတယ်။ ရှမ်းပြည်နယ်မှာ တစ်နှစ်တစ်ကြိမ် တရားဝင်ပြုလုပ်နိုင်တဲ့ မြောက်ပိုင်းမှာ ဘော်ကြို လောင်းကစားပွဲ တောင်ပိုင်းမှာ မြို့ကြီး ဒေါင်းမြီးလောင်းကစားပွဲ၊ စော်ဘွားတွေအကြောင်းပြု အမျိုးမျိုးနဲ့ ခွင့်ပေးပြုလုပ်တဲ့ လောင်းကစားပွဲတွေက တစ်နှစ်မှာ ၂ ပွဲ၊ ၃ ပွဲစီ ရှိတယ်လေ။ တို့နိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးနိုင်ငံမို့ မန္တလေးမှာ စိုက်ပျိုးရေးတက္ကသိုလ်ကြီး ဖွင့်ဖို့တဲ့၊ တစ်နိုင်ငံလုံးမှာ လောင်းကစားပွဲကြီးတွေ အကြီးအကျယ် ခွင့်ပေးပြီး တက္ကသိုလ်ဆောက်ဖို့ ငွေရှာခဲ့တာကလည်း တကယ့် အမှတ်တရ။

ထားတော့ – အဲဒါတွေကို။ အမေ အခုရေးချင်တာက ဆင်းရဲသားကို နေ့တိုင်းနှိပ်စက်ပြီး နှိုက်ယူခဲ့တဲ့ ၃၆ ကောင်လောင်းကစားအကြောင်းကို ရေးချင်တာ။

၃၆ ကောင်ဆိုတာ အကောင်ပေါင်း ၃၆ ကောင်ထဲက တစ်ကောင်ကို ပေါက်ထုပ်ထဲ ထည့်ထားပြီး တစ်နေ့တစ်ကြိမ် ဖွင့်တဲ့ ထီပါ။ ၃၆ ကောင်ကို တစ်ကောင်ပိုက်ဆံတစ်ပြားဖိုးစီထိုးရင် တစ်ကောင်က ပေါက်မယ်။ ပေါက်တဲ့အကောင်ကို ၂၄ ပြား လျော်မယ်။ ဒိုင်က ၁၂ ပြား စားမယ်ပေါ့။ အဓိပ္ပာယ်ကတော့ ထိုးကြေးထဲက ၃၃.၃ % ရာခိုင်နှုန်း ဒိုင်က ယူတယ်ပေါ့။ တို့အခု ဖွင့်နေတဲ့ နိုင်ငံတော်ထီက ရာခိုင်နှုန်း ၄၀ % ယူတယ်။

အဲဒီ ၃၆ ကောင် က ၁ ပြားထိုးလို့ ၂၄ ပြား လျော်နေတာကို ရိုးရိုး ထိုးစေလျော်စေတာ မဟုတ်ဘူး။ သူတို့က ဓာတ်ခင်းပြီး အတိုတ်ပေးတယ်။ အဝေးတိတ်အနီးတိတ်ပေးတယ်။ အဲဒါကို ထိုးချင်သူက တစ်နေ့လုံး စဉ်းစားပြီးမှ ထိုးကြ

ရတယ်။ တကယ်ကတော့ အလျော်ရ အနည်းဆုံးဖြစ်မယ့် အကောင်ကို ဒိုင်က ပေါက်ထုပ်ထဲ မနက်ကတည်းက ထည့်ထားပြီး ပေးချင်တဲ့အတိတ်ကို ပေးတာ။ ဖွင့်တော့ ပြောချင်တာပြောပြီး ဖွင့်တာပါ။ ဒါကို အလုပ်သမား ဆင်းရဲသားက အဟုတ်မှတ်ပြီး တစ်နေကုန်တစ်နေခန်း တွေးနေမေးနေပြီးမှ လောင်းကြရတာကို အမေက ခံပြင်းနာကြည်းတာပါ။

၃၆ ကောင်သမားအဖို့ အကောင် ၃၆ ကောင်ကို အလွတ်ထားတာ မဟုတ်ပါဘူး။ ကြေးစန္ဒီလို့ခေါ်တဲ့ တရုတ်နတ်ရုပ်ကြီး ရှိပါတယ်။ အဲဒီနတ်ရုပ်ကြီးမှာ ဒီအကောင်တွေက သူ့နေရာနဲ့သူ နေရာချထားတာပါ။ ခေါင်းပေါ်မှာ မြင်း၊ နားရွက်နှစ်ဘက်မှာ ရွှေနဂါးနဲ့ လိပ်ပြာ၊ ပါးစပ်မှာကတော့ ၃၆ ကောင် ဆိုပေမယ့် ၃၆ ကောင်စလုံး အကောင်တွေချည်း မဟုတ်ဘူးတဲ့။ သီလဆိုတဲ့ မယ်သီလပါတယ်။ တောဆိုတဲ့ တောပါတယ်။ အိမ်ဆိုတာလည်း ပါသေးတယ်။ သားဆိုတာလည်း ပါသေးတယ်။ နို့ပေမယ့် ဆတ်ကိုသားလို့ ခေါ်နိုင်တယ်။ အိမ်ကို ကြောင်လို့ ခေါ်နိုင်တယ် စသဖြင့် အဓိပ္ပာယ် မရှိတာတွေလည်း လုပ်ထားတာပါ။ ပြီးတော့ တစ်ကောင်က တစ်ကောင်ရဲ့ကိုယ်စားလှယ်လုပ်လို့ ရသတဲ့။ လိပ်ရဲ့ ကိုယ်စားလှယ်က လိပ်ပြာတဲ့။ ပုစွန်ရဲ့ ကိုယ်စားလှယ်က ရွှေနဂါးတဲ့။ နဂါးကလည်း တစ်ကောင်တည်း မဟုတ်ဘူး။ ရွှေနဂါးဆိုတာက ညာဘက်နားရွက်မှာ၊ နဂါးပျံဆိုတာက အရုပ်ကြီးရဲ့ ပေါင်ရင်းမှာ ရှိတာပါ။

အမေတို့ အသက် ၁၀ နှစ်လောက်ကစပြီး ၁၃ နှစ်သမီးလောက်အထိ ထင်တာပဲ။ မန္တလေးမှာ ၃၆ ကောင် ထီနေ့တိုင်းဖွင့်တဲ့ ဒိုင်ကြီးတစ်ယောက် တရုတ်တန်းမှာ ရှိတယ်။ သူ့နာမည်က ဦးမြိတဲ့။ သူက တစ်နေ့တစ်ကိန်းလို့ခေါ်တဲ့ တစ်နေ့တစ်ကြိမ် ၃၆ ကောင် ဖွင့်ပါတယ်။ ဖွင့်မယ့်အကောင်ကို ပေါက်ထုပ် ကတ္တီပါအိတ်နဲ့ထည့်ပြီး တိုင်ကြီးရဲ့ထိပ်မှာ မနက်ကတည်းက ဆွဲထားတာပါတဲ့။

၃၆ ကောင်သမားက အတိတ်ဆိုတာ ပေးရအောင် ဇာတ်တော်ကြီး ၁၀ ဘွဲ့ထဲက ဇာတ်တွေကို တစ်ဇာတ်စီယူပြီး အဲဒီထဲက ဇာတ်လမ်းကို နေ့တိုင်းအတိတ်ပေးပါတယ်။ အဲဒါကို ထီစာရေးတွေက စက္ကူပေါ်မှာ ခဲတံနဲ့ ရေးပြီး ထီထိုးချင်တဲ့လူတွေကို ပေးတယ်။ အဲဒီအတိတ်ဆိုတာကို ထိုးချင်သူက တစ်နေ့လုံးရွတ်၊ ဇာတ်လမ်းကို တစ်နေ့လုံးတွေး၊ ညနေတိုင်တော့ ဘာကောင်ထိုးမယ်ဆိုတာ ဆုံးဖြတ်ပြီး အရပ်ထဲမှာ မှိုလိုပေါက်နေတဲ့ ၃၆ ကောင် စာရေးတွေဆီမှာ ထိုးကြတာပဲ။ ထိုးကြေးက ပိုက်ဆံ ၁ ပြား အထိ လက်ခံတာမို့ အဆင်းရဲဆုံး ဆင်းရဲသားအိတ်ထဲက နှိုက်ယူတဲ့ လောင်းကစားကွဲ့။ အမေတို့အိမ်မှာ အမေတို့ငယ်ငယ်တုန်းက ဆေးပြင်းလိပ်နဲ့ ဆေးပေါ့လိပ်ခုံ ထောင်ထားတယ်။ အဲဒီတော့ ဆေးပြင်းလိပ်အလုပ်သမား ဆေးပေါ့လိပ် အလုပ်သမား မိန်းမတွေရှိတာပေါ့။ သူတို့ဝင်ငွေက လက်ဖျင်းတဲ့လူဟာ တစ်နေ့ ပိုက်ဆံတစ်မတ်လောက် ရှိတယ်။ တစ်မတ်ဆိုတာ ၁၆ ပြား၊ တစ်ကျပ်ရဲ့ လေးပုံ တစ်ပုံပါ။ အလတ်စားက သုံးမူး ငါးမူးလောက်ရှိတယ်။ တစ်ယောက်နှစ်ယောက်ကတော့ သိပ်မြန်တဲ့လက်မို့ သုံးမတ်လောက် ဝင်ပါတယ်။

ဒီမိန်းမတွေဟာ အများအားဖြင့် စာမတတ်ကြပါဘူး။ အဲဒီတော့ မနက် ဆေးလိပ်လိပ်ဖို့ အလုပ်ခွင်ဝင်တဲ့အခါ ခဲတံလောက်ရှိတဲ့ စက္ကူကလေးပေါ်မှာ ရေးထားတဲ့ ၃၆ ကောင်အတိတ် အလိပ်ကလေးကို ဆေးစပ်သံပုံးမှာ ပထမဖြေပြီး ကော်နဲ့ ကပ်ထားလိုက်တယ်။ အလုပ်စပြီ ဆေးလိပ်လိပ်ပြီဆိုတော့ "အမာရေ - အမာရေ လာပါဦးအေ့" လို့ အမေ့ကို ခေါ်ရော၊ အမေကလာတော့ "ဒါကလေး ဖတ်ပြစမ်းပါ" လို့ သံပုံးကပ်ထားတဲ့ အတိတ်ကလေးကို အဖတ်ခိုင်းတော့တာပဲ။

သူတို့ ၃၆ ကောင်က သုဝဏ္ဏသျှံဇာတ်ကို ဖွင့်နေတာဆိုကိုး။ "သုဝဏ္ဏသျှံ၊ ရေခပ်ပြန်၊ လမ်းမှန်မတွေ့၊ တောအကွေ့၌ ရသေ့လမ်းပျောက်နေရှာသည်"၊ "ကျောင်းသခ်မ်းသို့ မိုးစုပ်စုပ်ချုပ်မှ ပြန်ရောက်တာ ကြည့်ထိုး" တဲ့။

အမေက အဲဒီအတိုင်း ဖတ်ပြလိုက်တော့ "သုဝဏ္ဏသျှံ ဇာတ်လမ်းပြောပြပါဦး အမာရဲ့" လို့ သူတို့က ပြောပြန်တယ်။ စာမှမတတ်ဘဲ၊ ဒီဇာတ်လမ်းကို တော်ရုံပဲ ကြားဖူးတာပေါ့။ အမေက ကျောင်းနေလို့ ၄-၅-၆ တန်းရောက်နေပြီဆိုတော့ သုဝဏ္ဏသျှံဇာတ်လမ်းလည်း ပြောပြနိုင်တဲ့ ပညာရှိကြီးပေါ့။ ဇာတ်လမ်းအသေးစိတ်ကို သိတော့ အတွေးနယ်က ချဲ့လို့ရတယ်ဟုတ်လား။ ဒါကြောင့် အမေ့ကို ဇာတ်လမ်း အပြောခိုင်းပြန်တာ။

သူတို့မှာလေ – လက်ကလည်းဆေးလိပ်လိပ်ရင်း ပါးစပ်ကလည်းပေါက်ကောင် ကို စဉ်းစားရတာအမော – "သုဝဏ္ဏသျှံဟာ ရေအိုးထမ်းပြန်လာတာဆိုတော့ ပခုံးမှာ ရှိတဲ့အကောင် ဆတ်နဲ့ သိလလည်း ဖြစ်နိုင်တယ်။ လမ်းပျောက်လို့ တောထဲအကြာကြီး လျှောက်နေရတာမို့ ခြေထောက်ကအကောင် ကြွက်နဲ့ငါးရှဉ့်လည်း ဖြစ်နိုင်တယ်" လို့ တွေးလိုက်။ "သုဝဏ္ဏသျှံဟာ မိဘကို လုပ်ကျွေးတဲ့သားမို့ သားလည်း ဖြစ်နိုင် တယ်။ ငါတော့ သားနဲ့ ဆတ်ကို သိပ်ကြိုက်နေပြီ – ၂ ပြားဖိုးစီတော့ ထိုးလိုက်ချင်တာပဲ" လို့ တွေးလိုက်။

ဒီမိန်းမရမယ့်လုပ်ခက ၁ မတ် ၅ ပဲပါ။ အဲဒီအထဲက သူက အကောင် ၂ ကောင်ကို ၂ ပြားဖိုးစီ ထိုးမယ်ဆိုတော့ သူ့ဝင်ငွေရဲ့ ၂၅ ရာခိုင်နှုန်း၊ ၂၀ ရာခိုင်နှုန်း ကို သူက ထီထိုးချင်နေတာပေါ့။

သူဒီလို တွေးနေ စဉ်းစားနေတုန်း "ဒေါ်တင့်ရေ – ကျွန်မကို ညနေကျတော့ တီကို ၁ ပဲဖိုး ထိုးပေးစမ်းပါ" လို့လာပြီး သူနဲ့တစ်ခုံခြားက မငွေက ပြောရင်း ပိုက်ဆံ ၁ ပဲ သူ့ကို လာပေးပြန်တယ်။ အဲဒီတော့ ဒေါ်တင့်က "အံမယ်၊ ကောင်မက ၁ ပဲ ဖိုးကြီးများတောင် တီကို ထိုးမလို့တဲ့၊ ညည်းက ဘာအတိတ်စိမ်းများရလို့တုန်း၊ ကောင်မ ငါ့တော့ မပြောဘူး" တဲ့။ မငွေက "ဆေးလိပ်ခုံလာခါနီး ခုတင်နဲ့ဒူးနဲ့ တိုက်မိတာ ဒူးကိုညိုသွားတာပဲ၊ အဲဒါ အတိတ်စိမ်းကောက်ပြီး ညာဘက်ဒူးက အကောင် တီကို ၁ ပဲဖိုး ထိုးချင်တာပါ။ ဒေါ်တင့်လည်း ထိုးချင်ထိုးပါ၊ ကျွန်မ အတိတ်စိမ်းကတော့ ဒါပဲ" ဆိုပြီး သူ့ညာဒူးက အညိုကြီးကို လှန်ပြတယ်လေ။

ဒေါ်တင့်ခမျာမယ် မိဘကို ရေခပ်ပေးတဲ့သားမို့၊ သားနဲ့ကိုယ်စားလှယ် ပခုံးက အကောင် ဆတ်ကိုလည်း ထိုးချင်၊ တောထဲ လမ်းပျောက်နေတယ်လို့

အတိတ်ကဆိုလို့ ခြေထောက်ကအကောင် ကြွက်တို့၊ ငါးရှဉ့်တို့လည်း ထိုးချင်၊ မငွေရဲ့ အတိတ်စိမ်းအရ ဒူးကအကောင် တီကိုလည်း ထိုးချင်။ တီကိုသာထိုးမယ်ဆိုရင် သူ့ကိုယ်စားလှယ် ငွေငါးပါထိုးရမှာ။ စိတ်ထဲတော့ တစ်ပြားဖိုးစီ ရှစ်ကောင်လောက် ထိုးလိုက်ချင်တယ်။ နို့ပေမယ့် လက်ခရမှာက ၁ မတ် ၅ ပဲ။ ၁ မူးဖိုးထိုးရင် စားစရာဘယ်ကျန်တော့မှာလဲ။ သူ့မှာ အလုပ်မလုပ်နိုင်တော့လို့ သူကပဲ လုပ်ကျွေးနေရတဲ့ လင်ယောကျ်ားကြီးလည်း အိမ်မှာရှိသေးတာကိုး။ ပိုက်ဆံက ၃ ပဲပဲကျန်တော့မှာလေ။ အဲဒီတော့ တစ်ခါတလေ "အမာရေ – လာပါဦးအေ၊ ဒေါ်တင့်ကိုကူပြီး တွေးပေး စမ်းပါဦး" လို့များ စစ်ကူတောင်းရှာသေးတယ်။

မှတ်မှတ်ရရ အဲဒီနေ့က ဘာဖွင့်သလဲလို့ နောက်မနက်မှာ အမေက မေးကြည့်တော့ ရွှေငါးတဲ့။ အမေက စိတ်ဆိုးလို့ "ဘာဆိုင်လဲ" လို့ အော်တော့ ဒေါ်တင့်က "မိုးစုပ်စုပ်ချုပ်မှ ကျောင်းသခ်မ်းပြန်ရောက်တယ်ဆိုတော့ ချုပ်တာက လက်နဲ့သမီး၊ ညာဘက်လက်မှာ ရွှေငါးလေး၊ အတည့်ကြီးပြောရဲ့သားနဲ့ တို့က ချော်တွေးနေတာကိုး" တဲ့။ မပေါက်ပေမယ့် ကိုယ့်ဖာသာပဲ အပြစ်တင်ပါတယ်။ ဒိုင်က လုပ်ပုံကတော့ ထိုးသားအဖို့ မှန်တာချည်းပါပဲ။ အမေဖြင့် ခံပြင်းလိုက်တာ၊ မကျေနပ်လိုက်တာ။ နို့ပေမယ့် ဒေါ်တင့်တို့လို ထိုးသားတွေက အမေ့လို မမြင်ရှာကြ ပါဘူး။

ဒိုင်ကြီး ဦးမြဲဆီကို ထိုးကြေးတစ်နေ့ဘယ်လောက်ရောက်မယ်ဆိုတာကတော့ အမေတို့က ဦးမြဲနဲ့ မနီးစပ်လို့ မသိဘူး။ ဒါပေမယ့် ဦးမြဲဖွင့်နေတဲ့ ပေါက်ကောင်ကို အမှီပြုပြီး 'အုပ်ဒိုင်' ဆိုတာတွေ ရှိတယ်။ 'ခုပ်ဒိုင်' ဆိုတာတွေ ရှိပါသေးတယ်။ 'အုပ်ဒိုင်' က သူ့ဖာသာ ပေါက်ထုပ်မတင်ဘူး၊ ဦးမြဲတင်တဲ့ပေါက်ထုပ်၊ ဦးမြဲပေးတဲ့ အတိတ်ကိုပဲ သူက သုံးတယ်။ သူ့ဖာသာ ထိုးသားဆီက ငွေကို သူ့စာရေးနဲ့ သူ လက်ခံပြီး ဦးမြဲဖွင့်တဲ့အတိုင်း ဖွင့်၊ ဦးမြဲလျော်သလို လျော်၊ ဦးမြဲစားသလိုစားတဲ့ လက်ဝေခံ ဒိုင်ပေါ့။

'ခုပ်ဒိုင်' ဆိုတာကတော့ ဦးမြဲရဲ့ စာရေးပဲ။ ဒါပေမယ့် သူက သူခံလို့ရတဲ့ ထိုးကြေးကို အကုန်မသွင်းဘူး။ သူက ဖွင့်မယ်ထင်ထားတဲ့အကောင်ကို ထိုးထားတဲ့ ထိုးကြေးထဲက နည်းနည်းပဲ ဖြတ်ယူထားလိုက်ပြီး ခပ်များများသွင်းလိုက်တယ်။ အဲဒီလိုဖြတ်စားတာကို 'ခုပ်တယ်' လို့ ခေါ်တယ်။ သူက ဖွင့်မယ်မထင်တဲ့ အကောင် ကိုတော့ သူမထင်ရင် မထင်သလို လုံးဝ မသွင်းဘဲ သူချည့်စားတာ။ နည်းနည်းသာ သွင်းတာမျိုး လုပ်ပါတယ်။ အဲဒီတော့ တကယ်လို့ သူစားထားတာထဲက ပေါက်နေရင် လည်း သူကစိုက်ပြီး လျော်သင့်ရင် လျော်ပါတယ်။ အများအားဖြင့် ခုပ်ဒိုင်တွေက သူတို့လည်း အတွက်အချက် တော်ကြလေတော့ သူတို့ ခုပ်စားနေတာကို လူသိမခံပါဘူး။ ထိုးသားကို ပေးစရာရှိတာ ပေးနေတာပါပဲ။

သူတို့စိုက်ပြီး မလျော်နိုင်လောက်အောင်လည်း ဖြစ်ခဲပါတယ်။ တကယ်လို့ ဖြစ်လာပြီဆိုရင်တော့ ပုလိပ်ဖမ်းလို့ဆိုပြီး တစ်ပြားမှ မလျော်ဘဲ ညစ်လိုက်ပုန်းနေလိုက် တော့တာပါပဲ။

'ကြေးစနို' နတ်ကြီးက ဒိုင်ဘက်ကနတ်ကြီးတဲ့။ ဒါကြောင့် ဒိုင်က သူစားရတာ များအောင် ကြေးစနိုနတ်ကြီးကို ဖယောင်းတိုင်ထွန်းတယ်။ ဝက်သားဟင်းနဲ့ နတ်တင်တယ်တဲ့။ ထိုးသားဘက်ကလည်း ထွန်းအောင်ကျော်နတ် ရှိသတဲ့။ သူ့ကိုလည်း ထိုးသားက ဖယောင်းတိုင်နဲ့ စားဖွယ်နဲ့ တင်ကြတယ်။ ဒါကြောင့် ဟိုခေတ်တုန်းကပေါ်တဲ့ ၃၆ ကောင်သီချင်းမှာ "ကိုထွန်းအောင်ကျော်ရယ် ပေါက်ကောင်ကိုမ,ပါ။ ကြေးစနိုလူပလီ မူလကျိန်စ်ကောင်။ ရွှေရင်ပေါင် ငွေရင်ပေါင် နေဝင်အောင်တွေး၊ အနီးတိတ်ပေးတော့ လိပ်ကို ငွေ ၂၀၀၀/– ပေါက်ကောင်စာရင်းဖွင့်လိုက်တော့ ရွှေအိမ်ကြောင်" လို့ ပါတယ်လေ။

အမေတို့ငယ်ငယ်ကလေ ဒီ ၃၆ ကောင်ဆိုတဲ့ ထီကို အလုပ်သမားဆင်းရဲသားတွေက ကိုယ်စားရမယ့်အထဲက နေ့တိုင်းပဲနိုက်ပြီး ထိုးနေကြတာ။ သူတို့မှာ ပေါက်တယ်ဆိုတာကနည်းနည်း၊ ပါတာကနေ့တိုင်းဆိုတော့ အမေက ခံပြင်းလိုက်တာ။ နို့ပေမယ့် သူတို့ကို မထိုးချင်အောင်လည်း အမေ ဘာမှ မလုပ်တတ်ပါဘူး။

ဒီလောင်းကစားဟာ တရုတ်ပြည်က ရတာတဲ့။ တရုတ်ဆင်းရဲသားကိုတော့ ဘယ်လိုနှိပ်စက်တယ် မသိဘူး၊ အမေတို့ မြန်မာဆင်းရဲသားတွေကိုတော့ နှိပ်စက်လိုက်တာပါကွယ် လိမ့်နေတာပါပဲ။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၁၀၊ ၁၉၉၄ ဧပြီ

✂

❝

...အမျိုးသမီးတွေ ကိုယ့်တိုင်းရင်းသား အဝတ်အစားအတိုင်းပဲ ဝတ်စားဆင်ပြင်ထားတယ်ဆိုရင်တော့ တော်ရုံသဖြင့် အမြင်ရှိတာနဲ့ ဘယ်နိုင်ငံက အမျိုးသမီးဆိုတာ သိနိုင်ပါတယ်။ ပြီးတော့ အဲဒီတိုင်းရင်းသားဝတ်စုံတွေဟာ တစ်နိုင်ငံတစ်မျိုးစီ လှကြတာချည်းပါပဲ။ ရောင်စုံပွင့်နေတဲ့ ပန်းမျိုးစုံလိုပါပဲ။ အလှကိုယ်စီ ရှိကြတာပါ။ ဘယ်နိုင်ငံက အမျိုးသမီးဝတ်စုံကတော့ ရိုင်းလိုက်တာ ဆိုတာမျိုး မရှိပါဘူး။.........

## အမျိုးသမီးဝတ်စုံ

"အမေရယ် – ခုခေတ်ကောင်မလေးတွေ ဘောင်းဘီဝတ်ချင်နေတဲ့ရောဂါကို မကုစားကြတော့ဘူးလား။ လက်ပိုက်ကြည့်နေကြမှာလား" လို့ စာအုပ်ဆိုင်ထဲမှာ အမေနဲ့တွေ့တဲ့ လူတစ်ယောက်က အမေ့ကို ပြဿနာတင်လာပါတယ်။

"ဟုတ်လား။ ဘယ်တုန်းက လဲ" လို့ အမေက အလန့်တကြားမေးတော့ "ဗွီဒီယိုကားတွေထဲမှာ မင်းသမီးတွေ ဘောင်းဘီဝတ် နေကြတာ၊ အဆိုတော်မတွေ ဘောင်းဘီဝတ်ပြီး သီချင်းဆိုနေကြတာကို ရုပ်မြင်သံကြား နှစ်ခုစလုံးက ပြနေတာပဲ အမေရဲ့။ ဒါခွင့်ပြုတာပေါ့။ ကြေညာချက် မလိုပါဘူး။ ကျွန်တော်တို့သမီးတွေ၊ တူမတွေက ရုပ်မြင်သံကြားကို ကြည့်၊ အဲဒီထဲက မင်းသမီး ကလေးတွေ ဝတ်စားဆင်ပြင် ပြတာတွေကို အားလုံး အတုခိုးနေတာ။ ဒီကောင်မလေး တွေဆီ ဘောင်းဘီဝတ်ချင်တဲ့ ရောဂါ ရောက်လာတာပေါ့" တဲ့။

"နို့ မင်းကတော့ သဘောမတူဘူးပေါ့လေ" လို့ အမေက မေးတော့ "ဒါဆိုရင် တရုတ်မလေးတွေနဲ့ ကျွန်တော်တို့နဲ့ ဘာကွဲတော့မှာလဲ အမေရဲ့။ သူတို့ လိုက်မဝတ်သေးပဲနဲ့မှ ကျွန်တော်တို့ဆီမှာ တရုတ်မတွေ တစ်နေ့တခြား ပေါလာရတဲ့ အထဲ။ သူတို့ကပါ လိုက်ဝတ်နေရင် ကျွန်တော်တို့ တိုင်းရင်းသားဝတ်စုံဆိုတာ လုံးလုံးကွယ်ရောပေါ့" တဲ့။

ဒီမိတ်ဆွေတင်ပြလာတဲ့ပြဿနာက ဒီမှာတွင် ဟုတ်ကောင်းမှဟုတ်ပါလိမ့်မယ်။ အာရှတိုက် တစ်တိုက်လုံးမှာ ဖြစ်ပေါ်နေတာနဲ့ တူပါတယ်။ ခေတ်မီတယ် ခေတ်ဆန် တယ် အထက်တန်းကျ မြို့သူဆိုတဲ့ အတန်းအစားထဲမှာ ဘောင်းဘီ ဝတ်ချင်လာတာ ထိုင်းမှာလဲရှိတာပဲ။ ဖိလစ်ပိုင်မှာလည်း ရှိနေတာပဲ။ အင်ဒိုနီးရှားမှာလည်း ရှိလာတာပဲ။ အိန္ဒိယ၊ ပါကစ္စတန်၊ လောပ၊ ကမ္ဘောဒီးယား အားလုံးမှာ ရှိနေတာပဲ။ အဲဒီနိုင်ငံတွေက တချို့မိန်းကလေးတွေ ဝတ်နေတာလည်း တွေ့နေရတာပဲ။ နို့ပေမယ့် အဲဒါက လူ နည်းစု။ တစ်မျိုးသားလုံးအနေနဲ့တော့ မဟုတ်ဘူး။ လူများစုကြီးနဲ့ ဆင်းရဲသားတွေ ကတော့ အမျိုးသမီးတိုင်းရင်းသားဝတ်စုံကို ဝတ်နေကြတာပါပဲ။ သူတို့ဆီမှာလည်း အမေတို့ဆီလိုပဲ မကြိုက်တဲ့လူ၊ ကြိုက်တဲ့လူ ရှိနေမှာပါ။

"အမေကတော့ ဒီကိစ္စကို ပွင့်ပွင့်လင်းလင်း၊ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေး ငြင်းခုန်ကြစေချင်တယ်" လို့ အမေက အဲဒီလူကို ပြောပြတော့ "ဒီလိုတင်ပြရင် အမေ့ကို ပြဿနာ မရှိ ပြဿနာလုပ်တယ်၊ ကျွန်တော်တို့မှာ စကတည်းက ပြဿနာ

ပေါင်း သောင်းခြောက်ထောင်နဲ့ နေရတဲ့အထဲ တစ်ခုတိုးအောင် လုပ်ပြန်တယ်လို့ အပြစ်တင်ကြလိမ့်မယ်" လို့ ဒီမိတ်ဆွေက အမေ့အတွက် စိုးရိမ်ရှာပြန်တယ်။

အမေကတော့လည်း အဲဒီလို မတွေးမိဘူး။ တို့မှာ ဘာမှ ပွင့်ပွင့်လင်းလင်း ရဲရဲတင်းတင်း မပြောကြတော့ လူငယ်တွေ၊ ကလေးတွေက သူတို့စိတ်ကူးပေါက်ရာ ကောင်းနိုးရာရာတွေကို လျှောက်လုပ်နေကြတယ်။ မကြိုက်သူက ရင်မပြီး ကြည့်နေကြတယ်လို့ ထင်လို့ပါ။

ဘောင်းဘီဝတ်တာကို ကြိုက်တဲ့လူက "ဒီခေတ်ကမ္ဘာက သိပ်ကျုံ့သွားသိပ်ငယ်သွားပါပြီ။ မီဒီယာတွေကလည်း သိပ်များလာနေပါပြီ။ ဘယ်မှာ ဘာလုပ်နေတာပဲဖြစ်ဖြစ် ဂြိုဟ်တုစလောင်းက ထိုင်ကြည့်နေရင် နေ့မကူးပဲ အားလုံးမြင်နေတာပဲ။ အဲဒီတော့ သူ့နိုင်ငံ၊ ငါ့နိုင်ငံဆိုတဲ့ သတ်မှတ်ခွဲခြားချက်တောင် မကြာလှခင်တစ်နေ့မှာ ကွယ်ပျောက်တော့မှာပဲဟာ၊ တိုင်းရင်းသားအမျိုးသားဆိုတာတွေလည်း ရှိတော့မှာ မဟုတ်ပါဘူး။ ဘောင်းဘီဟာ လုံလုံခြုံခြုံ ရှိတယ်။ ခိုင်တယ် အကုန်အကျသက်သာတယ် သွားလာ လှုပ်ရှား လုပ်ကိုင်ရာမှာ ပိုအဆင်ပြေတယ်ဆိုရင် ဝတ်ပါစေလား" လို့ သဘောတူတဲ့လူကလည်း အကြောင်းပြချက် ခိုင်ခိုင်လုံလုံနဲ့ တင်ပြပေါ့။

သဘောမတူသူကလည်း "ကျွန်တော်တို့ နိုင်ငံခြားသွားတဲ့အခါ မင်္ဂလာဒုံက ထွက်ကတည်းက ဆိုက်နားလေရာ လေဆိပ်တွေမှာ ဥရောပဝတ်စုံခေါ်တဲ့ ဘောင်းဘီနဲ့ ကုတ်နဲ့ နက်ကတိုင်နဲ့ အာရှသားတွေ အများကြီး တွေ့ရတာပဲ။ ဒီလူတွေဟာ ဥရောပက အမေရိက အင်္ဂလန်က လူဖြူတွေ မဟုတ်ဘူး။ အာရှတိုက်သားတွေပဲလို့တော့ မျက်နှာပေါက်နဲ့ အသားအရောင်နဲ့ ကိုယ်လုံးကိုယ်ဖန်ကြည့်တာနဲ့ သိသားပဲ။ ဒါပေမယ့် ဘာနိုင်ငံသားမှန်းတော့ မသိနိုင်ဘူး။ ခင်ဗျားဘာလူမျိုးလဲ ဘာစကားပြောတတ်ပါသလဲဆိုတာကို သူနဲ့ဆက်သွယ်စကားပြောချင်ရင် မေးကိုမေးယူရတယ်။ အင်္ဂလိပ်စကားပြောတတ်တယ်။ (နည်းနည်းပါးပါး ဖြစ်ဖြစ်ပေါ့) ကိုယ်ကလည်း နည်းနည်းနားလည်တယ်ဆိုရင် ကျွန်တော် ဖိလိပိုနို၊ ကျွန်တော် အင်ဒိုနီးရှား၊ ကျွန်တော်ထိုင်း၊ ကျွန်တော် မြန်မာ၊ ကျွန်တော် ကမ္ဘောဒီးယား၊ ကျွန်တော် မလေး၊ ကျွန်တော် ပါကစ္စတန်၊ အိန္ဒိယက စသဖြင့် ပြောလာလိမ့်မယ်။ အဲဒီတော့မှ ဩော်–သူက ဘာလူမျိုးကိုးလို့ ကွဲတော့တာပါ"။

အမျိုးသမီးတွေ ကိုယ့်တိုင်းရင်းသားအဝတ်အစားအတိုင်းပဲ ဝတ်စားဆင်ပြင်ထားတယ် ဆိုရင်တော့ တော်ရုံသဖြင့် အမြင်ရှိတာနဲ့ ဘယ်နိုင်ငံက အမျိုးသမီးဆိုတာ သိနိုင်ပါတယ်။ ပြီးတော့ အဲဒီတိုင်းရင်းသားဝတ်စုံတွေဟာ တစ်နိုင်ငံတစ်မျိုးစီ လှကြတာချည်းပါပဲ။ ရောင်စုံပွင့်နေတဲ့ ပန်းမျိုးစုံလိုပါပဲ။ အလှကိုယ်စီ ရှိကြတာပါ။ ဘယ်နိုင်ငံက အမျိုးသမီးဝတ်စုံကတော့ ရိုင်းလိုက်တာ ဆိုတာမျိုး မရှိပါဘူး။

ပြီးတော့ ဒီကမ္ဘာကြီး ဘယ်လောက်ကျဉ်းသွားသွား၊ ဘယ်လောက် ကျုံ့သွားသွား၊ လူသားတွေ အားလုံးဟာ တစ်မြေတည်းနေ တစ်ရေတည်းသောက်ဖြစ်သွားသေးတာမှ မဟုတ်ဘဲ။ သူ့ဓလေ့၊ သူ့ထုံးစံ၊ သူ့အစဉ်အလာဆိုတာမျိုးတွေကတော့

ကျန်ရှိနေရဦးမှာပေါ့။ လူတွေ နှစ်တွေ ထောင်နဲ့ချီပြီး တည်ဆောက်လာတဲ့ အမျိုးသားရိုးရာဓလေ့ထုံးစံတွေကို နေ့ချင်းညချင်း ပစ်ပယ်ချင်လို့ မရနိုင်ပါဘူး။ ဒါကြောင့် ရိုးရာဝတ်စုံကတော့ လူမျိုးအသီးသီးရဲ့ ခါးပေါ်မှာ ရှိမြဲရှိနေစေချင်ပါသေးတယ်လို့ ကိုယ်ပိုင်ယဉ်ကျေးမှုရှိတဲ့ လူမျိုး၊ ကိုယ့်အမျိုးသားယဉ်ကျေးမှုဟာ နိုင်ငံတကာထဲမှာ ယှဉ်ရင် အောက်တန်းမကျတဲ့ အမျိုးအစား၊ အမျိုးသားယဉ်ကျေးမှုဆိုတဲ့ ပန်းဟာ အလှကိုယ်စီရှိတဲ့ပန်း၊ အနံ့ကိုယ်စီမွှေးတဲ့ပန်းလို့ လက်ခံသူများကလည်း ကိုယ့်ဘက်က ကာကွယ်ပြောဆိုပြီး ပွင့်ပွင့်လင်းလင်း တင်ပြကြစေချင်တယ်။

မိန်းမတွေဆိုတာကတော့ ဘယ်ခေတ် ဘယ်အခါမဆို သူတို့စိတ်ထဲ ကောင်းတယ်၊ လှတယ်၊ တစ်ဖက်သားကို ဆွဲဆောင်နိုင်တယ် ဒီလိုဝတ်စားဆင်ပြင်ထားရင် သူများထက်ထူးကဲ ထင်ပေါ်ပြီး သူတို့ကို သူများက အသိအမှတ်ပြုကြလိမ့်မယ်လို့ထင်ရင် အဆန်းအပြားကို အမျိုးမျိုး ထွင်မယ်။ ထွင်ကြည့်ပြီး ဝတ်စားပြကြတာပါပဲ။ အမေတို့ တစ်သက်မှာကိုပဲ အဆန်းတွေ ဖက်ရှင်ဆိုတာတွေ ပြောင်းလဲလို့ မကုန်တွေ့ခဲ့မြင်ခဲ့ လှပါပြီ။

ဒါပေမယ့် အဲဒီအဆန်းဆိုတာတွေက ပရိသတ်က လက်ခံမှ အောင်မြင်တာပါ။ လက်မခံရင် ပျောက်ကွယ်တိမ်မြုပ်သွားရတာပါ။ လူဆိုတာ လူတွေနဲ့ နေတာဟုတ်လား။ လူ့အဆောက်အအုံက လက်မခံတာကို ကြာကြာ လုပ်မနေဝံ့ကြပါဘူး။

ခုတလော မိန်းကလေးတချို့ ထဘီကို ကွင်းမချုပ်ဘဲ အပြန့်အတိုင်း ဝတ်ပြနေကြတယ်။ အဲဒါကို 'ယိုးဒယားထဘီ' လို့ နာမည်ပေးနေကြတယ်။ ဒီထဘီက ကွင်းမဟုတ်တော့ လမ်းလျှောက်ရင်၊ ခုံလှေကားတက်ရင်၊ ကားပေါ်တက်ရင် ဒူးမက ပေါင်ရင်းအထိ ပေါ်တယ်လေ။ ဒါလည်း ဘောင်းဘီလိုပါပဲ။ ဝတ်ချင်တဲ့လူက ဝတ်ကြည့်နေကြတာပါ။ ဒီပုံနဲ့ ဖော်တာ လှစ်တာကို ပရိသတ်က ကြိုက်ရင် ကြိုက်သလို မကြိုက်ရင် မကြိုက်သလို ဟိုအရင်ကလို ပွင့်ပွင့်လင်းလင်း ပြောကြရေးကြ၊ ကာတွန်းဆွဲကြ၊ သကြီန်သံချပ် ထိုးကြ၊ အငြိမ့်ခုံ ဇာတ်ခုံပေါ်က ဝေဖန်ကြရင် လူလက်ခံရင် လက်ခံသလို၊ လက်မခံရင် လက်မခံသလို ဖြစ်ကြရမှာပါ။

ဒါကြောင့် အမြင်တော်ရင်လည်း တော်သလို၊ အမြင်မတော်ရင်လည်း မတော်သလို ပရိသတ်ရဲ့ တုန့်ပြန်ချက်ကတော့ လိုနေပါတယ်လို့ အမေတော့ ထင်တာပဲ။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၃၆၊ ၁၉၉၆ ဇွန်

“

… မိုးလင်းလို့ အလုပ်သွားစရာရှိတယ်၊ အိမ်မှာငယ်ရွယ်သူတွေချည်းထားရစ်ခဲ့ရတယ်ဆိုရင် အလုပ်ဆင်းရတဲ့ မိဘက အိမ်နီးချင်းနဲ့ ရပ်ကွက်ကို အပ်ခဲ့တာပါ။ အိမ်နီးချင်းက မိဘကိုယ်စား မတော်တာမှန်သမျှ ဆုံးမနိုင်တယ်။ ပြောမရရင် ရိုက်နှက် ဆုံးမတယ်။ ဒါကို ဘယ်သူကမှ စိတ်မဆိုးဘူး။ ဒါဟာ အိမ်နီးချင်းရဲ့ မေတ္တာစေတနာပဲလို့ ခံယူကြ လေးစားကြတယ်။ …..

## အမေတို့ လူ့အဆောက်အအုံ (၁)

မကြာသေးမီက အမေတို့မန္တလေးမှာ ရုပ်ရှင်စိန်ရတုသဘင်ပွဲတော်ကြီး ခြိမ့်ခြိမ့်သဲ ကျင်းပသွားတယ်။ ဝင်းလိုက်ရုပ်ရှင်ရုံမှာ ကျင်းပတာဆိုတော့ အမေတို့အိမ်နဲ့ အလွန်နီးကပ်နေတာမို့ သွားမကြည့်ပေမယ့် အများကြီး မြင်ကြားနေရတယ်။ ပွဲတော်ကို ရုပ်ရှင်မင်းသမီးကြီး မေရှင်က ဖဲကြိုးဖြတ်ပြီး ဖွင့်ပေးတာတဲ့။

ဖွင့်ပွဲလုပ်တဲ့အချိန်မှာ လူတွေ ရတ်ရတ်သဲသဲ အသံတွေတဝေါဝေါမြည်ပြီး ပြေးကြလွှားကြ ဖြစ်ကုန်လို့ အမေက "ဟဲ့ ဟဲ့ ဘာများဖြစ်ကုန်လို့လဲ" လို့ အလန့်တကြား မေးကြည့်တော့ "ဘာမှ မဖြစ်ပါဘူး" တဲ့။ ရုပ်ရှင်မင်းသား မင်းသမီးတွေကို ကလေးတွေက ကြည့်ချင်လို့ ပြေးကြ လွှားကြ တိုးကြ ဝေ့ကြတာတဲ့။ "ဩော် ဖြစ်မှဖြစ်ရလေ" လို့ အမေကဆိုပြီး တစ်ခုခုဖြစ်ကုန်ကြပြီထင်လို့ လန့်သွား စိုးရိမ်သွားတာကိုး။ တကယ်တော့ ပြေးကြ လွှားကြသူတွေက ငယ်ရွယ်သူတွေ ဝတ်ကောင်းစားလှတွေနဲ့။ ဒါကြောင့် အမေ့စိတ်ထဲ ဒီကလေးတွေ တို့ငယ်ငယ်ကနဲ့ မတူဘူးနော်လို့ အောက်မေ့နေမိတယ်။

ပြီးတော့ မတူတာတစ်ခုပြောဦးမယ်နော်။ ဒီလက ဝါခေါင်လမဟုတ်လား၊ ဝါခေါင်လဆန်း (၈) ရက်ကစပြီး လပြည့်နေ့အထိ တောင်ပြုန်းပွဲကြီး ကျင်းပတယ်။ တစ်ပတ်နားပြီး ဝါခေါင်လပြည့်ကျော် (၈) ရက်ကစပြီး လကွယ်နေ့အထိ ရတနာ့ဂူ နတ်ပွဲကြီး ကျင်းပတယ်။ ဒါကြောင့် ဝါခေါင်လဟာ နတ်ပွဲလပေါ့။ ဒီနတ်ပွဲနှစ်ပွဲကို မြန်မာနိုင်ငံအရပ်ရပ်က မိန်းမလျာတွေ လာလိုက်ကြတာ၊ ဘယ်နှစ်ရာရှိလေမလဲပဲ။

မိန်းမလျာဆိုတာ အမေတို့ငယ်ငယ်ကလည်း ရှိတာပါပဲ။ ဒါပေမယ့် ခုခေတ်မှာလို အများကြီးမရှိဘူး။ မြင်ဖူးချင်လို့ရှိရင် တိုးတိုးပြောပြီး လက်တို့ပြတဲ့လူရှိမှ ရှာကြည့်ရတာ။ မိန်းမလျာ ဖြစ်နေတဲ့လူကလည်း ခုခေတ်မှာလို အပျံစား ဝတ်စား ပြီးလိမ်းပြီး ဒီးလွှား ဒီးလွှားနဲ့ လျှပ်စီးပြက်သလို လုပ်နေတာ မဟုတ်ဘူး။ သူက ရွက်ပုန်းသီးကလေးလိုနေတာ။ ရှက်ကိုးရှက်ကန်း။ သူ့ကိုမမြင်ဘူးလို့ ကြည့်တဲ့လူက လည်း ယောကျ်ားလေးမွေးထားပြီး မိန်းမစိတ်ဝင်နေရှာတာတဲ့၊ သဘာဝရဲ့ ဖောက်လွဲ ဖောက်ပြန်ပြုမှုတစ်ခုနဲ့ ကြုံရရှာပြီး သနားပါတယ်ဆိုတဲ့အသိနဲ့ ကြည့်တာ။ သူ့မိဘကို လည်း မွေးထားတာကလေးက ယောကျ်ားလေးဖြစ်ပေမယ့် မိန်းမစိတ်ဝင်နေတယ် ဆိုပြီး သနား အားနာမှုနဲ့ ကြည့်တာ။

ခုခေတ်မှာ မိန်းမလျာဆိုတာတွေက အရေအတွက်အနေနဲ့လည်း ပေါလာ လိုက်တာ၊ ဘယ်တုန်းကများ ဘယ်လိုပေါက်လာ ပွားလာတယ် မသိရဘူး။ လူမျိုးက

လည်း မြန်မာရော ကုလားရော ဆိုသလိုပဲ။ အို စုံမှစုံ၊ ပြီးတော့ သူတို့က လူတစ်တန်း တစ်စား ဖြစ်လာတာပါကလား။ သူတို့က လက်ဝါးစီးအုပ်ထားတဲ့ စီးပွားရေးဒေသ တွေလည်း ရှိလာတယ်။ ဥပမာ–နတ်ကတော်အလုပ်၊ သူတို့ချည်းတောင် လုပ်စားတော့ မတတ်၊ လက်ဟောင်းနတ်ကတော်အအိုကြီးတွေ သေကုန်ရင် မိန်းမနတ်ကတော်တောင် ရှိကောင်းမှရှိတော့မယ်ထင်တယ်။ သူတို့က နတ်ကတော်အပြင် တချို့က ဒီပြင်အလုပ် တွေ လုပ်သေးသတဲ့။ "နတ်ကတော်ဆိုတာ နတ်က ကြိုက်လို့ ကောက်ထားတာဆို၊ ဒီနတ်တွေက မိန်းမလျှာကို ကြိုက်တဲ့ နတ်တွေပေါ့နော် ဟီ–ဟီ" လို့ နတ်ပွဲမှာ ကလေးတစ်ယောက်ပြောတာ ကြားယောင်မိသေးတယ်။

ပြီးတော့ အလှပြင်တဲ့လုပ်ငန်း။ မိန်းမပျိုလေးတွေက ကိုယ့်မျက်နှာကို မိန်းမလျှာတွေလက် ထိုးအပ်ပြီး အပြင်ခံနေကြတာတဲ့။ မိန်းမရဲ့အလှအပမျိုးစုံကို မိန်းမလျှာကမှ ပစ္စည်းအတုမျိုးစုံနဲ့ ခြယ်သဖန်တီးပေးနိုင်ကြတာဆိုပဲ။ တချို့များ အဲဒီလုပ်ငန်းနဲ့ နာမည်ကြီးလိုက်တာ သူဌေးကိုဖြစ်လို့။ လှရေးပရေးမှာ မိန်းမအစစ်တွေက ဆရာတင်ရသူတွေဆိုကိုး။ ရှေးလူကြီးတွေများကြားရင် ဘယ်လိုပြောလေမယ်မသိ။

ပြီးတော့ ကျောင်းသားဆိုတဲ့ ကလေးတွေရဲ့ ဘဝကလည်း အမေတို့ ငယ်ငယ်ကနဲ့ ကွာလိုက်တာ။ အမေတို့ဟာ ၄–၅ နှစ်သမီးကစပြီး အသက် ၂၄ နှစ် အထိ ကျောင်းနေခဲ့ဖူးပါတယ်။ ကျောင်းမှ အမျိုးမျိုးပါ။

ဒါပေမယ့် ခုခေတ် ကျောင်းသားဆိုတဲ့ ကလေးတွေမျိုး အမေတို့ခေတ်တုန်းက မရှိခဲ့ဘူး။ ကျောင်းသားအရွယ် လမ်းသရဲဆိုတာ ဘယ်လိုကနေပြီး ဘယ်လိုပေါ်ပေါက် လာတာပါလိမ့်။ မိဘချမ်းသာလို့လား၊ ရှေးတုန်းကလည်း လူချမ်းသာရဲ့ သားသမီးတွေ ကျောင်းထားကြတာပါပဲ။ ဒီ့ပေမယ့် လမ်းသရဲခေါ်တဲ့ လူငယ်တွေလို ဆိုးဆိုးသွမ်းသွမ်း ပြုမူကြတယ်လို့ မကြားဖူးပါဘူး။

ပြီးတော့ အမေတို့ငယ်ငယ်က ကျောင်းသား မူးယစ်ဆေးဝါးစွဲတယ်ဆိုတဲ့ ပြဿနာ မကြားဖူးဘူး။ ဆေးလိပ်သောက်တဲ့ကျောင်းသားတောင် အင်မတန်နည်းတယ်။ တစ်ယောက်တလေ သောက်တတ်နေဦးတော့ ခိုးကြောင်ခိုးဝှက်သောက်ကြတယ်။ ခုခေတ်မှာတော့ ကျောင်းသား ဆေးလိပ်သောက်တယ်ဆိုတာက ထမင်းစား ရေသောက်။ ဒီထက် အတန်းမြင့်ပြီး မူးယစ်ဆေးဝါးနွံဗွက်ကြီးထဲ ကျနေရှာကြတဲ့ လူငယ်တွေလည်း မမြင်ချင်အဆုံး ရှိလေသေးရဲ့။ အဲဒါတွေ ဘယ်လိုဖြစ်လို့ ဒီလိုယိုယွင်းပျက်စီး လိုက်လာရတာလဲလို့ အမေတို့အားလုံး လေးလေးနက်နက် စဉ်းစားဖို့ ကောင်းလာပါပြီ။

စတိတ်ရှိုးမှာ သီချင်းဆိုသူနဲ့ စင်အောက်က သီချင်းနားထောင်သူနဲ့ ကသောင်း ကနင်း ဝရုန်းသုန်းကား ဖြစ်ကြရတယ်ဆိုတာမျိုးတွေလည်း ကြားမိ မြင်မိရဲ့။ အမေ တို့ လူ့အဖွဲ့အစည်းထဲကို ဒီလိုပုံစံတွေ ဘယ်ကရောက်လာသလဲ၊ ဘယ်က ရလာသလဲ၊ လူ့သိက္ခာ လူ့ဂုဏ်ဖြေ မထိန်းသိမ်းနိုင်အောင် ဘာလို့ဖြစ်ရတာလဲ။ အမေတို့လူမျိုး အရင်တုန်းက ဒီလိုမဟုတ်ပါဘူး။ ဒါတွေဟာ ကလေးတွေ စုံရေမက်ရေ တကြည့်တည်း ကြည့်နေကြတဲ့ ဗွီဒီယိုတွေက ရတာ အတုယူတာတွေလား။

အမေတို့ လူ့အဖွဲ့အစည်းကို မြန်မာဆိုတဲ့ ဂုဏ်သိက္ခာနဲ့အညီ ပြန်လည်တည်ရှိအောင် လေးလေးစားစား စဉ်းစားကြဖို့ကောင်းပါတယ်။

အမေ့အထင်တော့ ငယ်ရွယ်သူတွေမို့ တွေ့တာ မြင်တာတွေကို အကောင်းထင်ပြီး အတုခိုးနေတာတွေလည်း ပါလိမ့်မယ်ထင်ပါရဲ့။ ပြီးတော့ တွေ့ကရာ သူများနိုင်ငံတွေမှာ လုပ်နေတာ ဖြစ်နေတယ်ဆိုတာကို ငယ်ရွယ်သူတွေက အကောင်းထင်နေရင် ဒါကို မတော်ဘူး၊ အတုမယူနဲ့လို့ လူကြီးမိဘတွေက မပြောဆို မတားမြစ် မကွပ်ညှပ်နိုင်တာလည်း ပါမယ် ထင်ပါတယ်။

အမေတို့ လူ့အဆောက်အအုံက အကွပ်မဲ့ကြမ်း ပရမ်းပတာ အဆောက်အအုံမျိုးတော့ အလျှင်းမဟုတ်ခဲ့ပါဘူး။ ရပ်နဲ့ ရွာနဲ့ မိနဲ့ ဖနဲ့ ဆွေနဲ့ မျိုးနဲ့ နေကြတဲ့ လူ့အဖွဲ့အစည်းပါ။

မိဘမောင်ဖွားက မတော်တာမှန်သမျှ မှားယွင်းနေတာမှန်သမျှကို ပြုပြင်ပေးတယ်။ သူတို့ မမြင်ရင် မသိရင် ရပ်ကရွာက အိမ်နီးချင်းက မတော်တာကို မတော်လေဘူးလို့ တားမြစ်ပြောဆိုဆုံးမတတ်ပါတယ်။ ပြောလို့မရရင် ညည်းသားညည်းသမီး ဘယ်နေရာမှာ ဘယ်လိုပြုမူပြောဆိုနေလေရဲ့ အဲဒါ ဆုံးမဦးလို့ သတိပေးတဲ့ လူ့အဖွဲ့အစည်းပါ။

မိုးလင်းလို့ အလုပ်သွားစရာရှိတယ်၊ အိမ်မှာ ငယ်ရွယ်သူတွေချည်း ထားရစ်ခဲ့ရတယ်ဆိုရင် အလုပ်ဆင်းရတဲ့မိဘက အိမ်နီးချင်းနဲ့ ရပ်ကွက်ကို အပ်ခဲ့တာပါ။ အိမ်နီးချင်းက မိဘကိုယ်စား မတော်တာမှန်သမျှ ဆုံးမနိုင်တယ်။ ပြောမရရင် ရိုက်နှက်ဆုံးမတယ်။ ဒါကို ဘယ်သူကမှ စိတ်မဆိုးဘူး။ ဒါဟာ အိမ်နီးချင်းရဲ့ မေတ္တာစေတနာပဲလို့ ခံယူကြ လေးစားကြတယ်။

အဲဒီပုံစံတွေ ပြောင်းသလောက်ပြောင်းကုန်တဲ့အခါတော့လည်း အမေတို့ ကျောင်းသားဘဝက ကျောင်းသားအသင်းအဖွဲ့တွေက ကျောင်းသားချင်း အများကြီး ထိန်းသိမ်းစောင့်ရှောက်ပါတယ်။ စာနယ်ဇင်းတွေကလည်း ဝေဖန်ရေးသား သင့်တာမှန်ရင် မညှာမထောက် သူ့ထက်ငါ ရေးသားဝေဖန်ခဲ့ကြတာပဲ။ လူဆိုတာကလည်း လူ့အဖွဲ့အစည်းက လက်မခံတာကို မပြုကျင့်ဝံ့တတ်ဘူးလေ။ ကိုယ့်ချည်းနေတာမှ မဟုတ်ဘဲကလား။

ဒါကြောင့် မြန်မာ့ပုံစံ အစုလို ယိုယွင်းပျက်စီးလာတဲ့ လူ့အဆောက်အအုံကို အမြင်မတော် အကြားမတော်သူများက၊ လူကြီးမိဘတွေက၊ ဆရာသမားတွေက၊ ရဟန်းသံဃာတွေက ပဲ့ပြင်ထိန်းသိမ်းကြပါ။ အမေတို့ လူ့အဆောက်အအုံမှာ ပုံပျက်ပန်းပျက် အများကြီးဖြစ်လို့နေပါပြီလို့ ပြောစမ်းချင်လှပါတယ်။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၂၈၊ ၁၉၉၅ အောက်တိုဘာ

“

. . . ဘောလုံးပွဲ ဘောလုံးပွဲနဲ့ အမေတို့ခေတ်ကာတည်းက မြို့ချစ်တဲ့အသင်း ကိုယ်နိုင်စေချင်တဲ့အရပ်သားအသင်းများ နိုင်ရင် ပျော်ကြတာကလား။ နိုင်အောင်လည်း အားပေးကြရ၊ ကိုယ်မနိုင်စေချင်တဲ့ မြို့ကမချစ်တဲ့အသင်းဆိုရင် ဘောလုံးကွင်းထဲမှာပဲ အားရပါးရ ဆဲကြတာ။ မြန်မာလူမျိုးဆိုတာ အမေတို့ခေတ်ကာတည်းက ဘောလုံးပွဲကို အဲဒီလို အားပေးကြတာကိုး။ .........

## မြန်မာနဲ့ ဘောလုံးပွဲ

၁၉၉၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံး ဗိုလ်လုပွဲကြီး အမေရိကားမှာ စတင်ကစားနေပြီမို့ မြန်မာ့ရုပ်မြင်သံကြားက လွှင့်ပေးနေတဲ့ အဲဒီကမ္ဘာ့ဖလားပွဲကြီး ကစားနေတာကို အမေတို့လူတွေ ကြည့်လိုက်ကြတာ၊ နေ့တိုင်းပဲ။ ဒီလို လွှင့်ခွင့်ရဖို့ ဓီးကရက် ကုမ္ပဏီတစ်ခုက လုပ်ပေးတာလို့ဆိုတယ်။

၁၉၉၀ ခုနှစ်တုန်းက ဒီလိုနေ့တိုင်း ကြည့်ခွင့်မရလို့ မကြည့်ခဲ့ကြရဘူး ဟုတ်လား။ ဒီနှစ်တော့ တီဗွီရှိတဲ့အိမ်တိုင်းမှာ ကြည့်လို့ရအောင် မြန်မာ့ရုပ်မြင်သံကြား ကလည်း စီစဉ်ပေးတာမို့ သိပ်နေရာကျတာပဲ။ ဒီရက်တွေမှာ အမေတို့ဆီက လျှပ်စစ်ဌာန စမ်းပွင့်လိုက်ပုံများ မပြောနဲ့တော့။

နိုင်ငံခြားက တင်သွင်းတဲ့ အားကစားတွေ အမျိုးမျိုးရှိတဲ့အနက် ဘောလုံး အားကစားကိုတော့ အမေတို့လူမျိုးတွေက အနှစ်သက်ဆုံး ထင်တာပဲ။ ကလေးလူကြီး တောရောမြို့ပါ ဘောလုံးပွဲကို မကြိုက်တဲ့လူ မရှိဘူး။ မကြည့်တတ်တဲ့လူ မရှိဘူး။ မကြည့်ချင်တဲ့လူ မရှိဘူး။

ဒါကြောင့် ခုလိုမြန်မာ့ရုပ်မြင်သံကြားက တစ်နိုင်ငံလုံးကနေ ကြည့်နိုင်အောင် စီစဉ်ပေးထားတော့ ပွဲလာချိန်ဆိုရင် တီဗွီတိုင်းရှေ့မှာ လူအပြည့်ပဲ။ တီဗွီသတင်း ထုတ်လွှင့်သူတွေရဲ့ ခန့်မှန်းချက်က နိုင်ငံပေါင်း ၁၉၀ လောက်မှာ ပွဲကြည့် ဘီလျံ ၃၀ လောက် ရှိမယ်လို့ ဆိုတယ်။ ပွဲကလည်း ကမ္ဘာ့ကုလသမဂ္ဂမှာ နိုင်ငံပေါင်း ၁၈၄ နိုင်ငံ ရှိတယ်။ ဒီပွဲကို ၁၄၃ နိုင်ငံက ဝင်ကစားနေကြတာ။ အဲဒီတော့ အမေတို့ နိုင်ငံက ဝင်မကစားနိုင်သေးပေမယ့် သိပ်ကြည့်ချင်စရာကောင်းနေတာကလား။

အမေကတော့ မကြည့်ဘဲလည်း မနေနိုင်ဘူး၊ ကြည့်မိတော့လည်း ဆုံးအောင် မကြည့်နိုင်ပြန်ဘူး။ ဘာလို့လဲဆိုတော့ အမေ့ခင်ပွန်းဦးလှက ဘော့သမား ...ကွဲ့။ သူငယ်ငယ်က ရန်ကုန်မြို့နီစီပယ်အသင်းမှာ စင်တာ ဖောဝပ်က ကစားခဲ့တဲ့ လက်ရွေးစင် ဘော့သမား။ သူ့သား ၃ ယောက်မှာ အငယ်နှစ်ယောက်ကလည်း ကျောင်းသားလက်ရွေးစင် ဘောသမားတွေ။ အဲဒီတော့ သူတို့ကို သတိရမိတော့ ကိုယ်ချည့်ကြည့်နေရတာ မပျော်ဘူးလေ။ စိတ်ဆင်းရဲတယ်။

အမေတို့လူမျိုးက ဘောလုံးကန်တဲ့အားကစားကို မြန်မာနိုင်ငံထဲ သွတ်သွင်းလို့ လာကတည်းက ကြိုက်တာ လက်ခံတာထင်ပါရဲ့။ ဘောလုံးပွဲပေါ်စက ဘောလုံးကစားတဲ့ ကွင်းကို ကွင်းလို့ မခေါ်သေးဘူး။ 'ခြံ' လို့ ခေါ်တယ်တဲ့။ အဲဒီအကြောင်း အမေ ရေးခဲ့တဲ့ အငြိမ့်စာအုပ် ဒုတိယပိုင်းမှာ ပါတယ်။

"ဟော – ခြံထဲမှာ သောည်လို့ မစဲတာက၊ ဘောကန်ပွဲပါကလား။ အလို ဘယ်အသင်းနဲ့ ဘယ်အသင်းတုံး၊ တစ်မျိုးလုစရာ ဂရုန်းဂရင်းရယ်နှင့်၊ ဂိုးဝမှာ အလုံးသွင်းတာက ရုံးသင်းနဲ့ စီဂေါ်ရာဆိုပါကလား။ တွဲဘက်က ကိုဘလှဟာ စီဂေါ်ရာ နှစ်ဦးကြားက ဒူးဖျားနဲ့ တိုက်လိုက်တာ၊ နဖူးနားက သွေးထွက်၊ လေးဘက်ကုန်းအထတွင် ဂိုးသွင်းသည့်သဟာလို ထိုးကွင်းနှင့် နယားက ကိုင်း ဖန်တော်မူလိုက်စမ်း" လို့ လူပျက်ကြီး ဦးချစ်စရာက အငြိမ့်ပေါ်ဦးခေတ်မှာ လေပြည်ထိုးခဲ့တယ်လို့ အဲဒီစာအုပ်မှာ ပါတယ်။

အမေတို့ လူလားမြောက်တော့ ဘောလုံးကွင်းကို ခြံမခေါ်တော့ပါဘူး။ ကွင်းခေါ်နေပါပြီ။ မန္တလေးက ကွင်းကြီးဟာ ယူဘီအေအေ ကွင်းပါ။ ရန်ကုန်က ဘီအေအေကွင်းပါ။ ယူဘီအေအေဆိုတာက အထက်မြန်မာနိုင်ငံအားကစား အသင်းက ကွင်းပေါ့။ ဘီအေအေဆိုတာက မြန်မာနိုင်ငံ အားကစားအသင်းက ကွင်းပေါ့။ အဲဒီမှာ အားလုံး ကစားကြတာပဲ။ မန္တလေးကကွင်းကြီးကို လွတ်လပ်ရေးရတော့ ဂျပန်ဖက်ဆစ်တွေကို မန္တလေးတိုင်းကစ ဦးဆောင်တော်လှန်ခဲ့တဲ့ ထားဝယ်သား တော်လှန်ရေးသမားကြီး ဗိုလ်မှူးကြီးဗထူးကို ဂုဏ်ပြုတဲ့အနေနဲ့ 'ဗထူးကွင်း' လို့ နာမည်ပြောင်းလိုက်တယ်။

ဟို အရင်တုန်းက တို့နိုင်ငံမှာ ဘောလုံးပေါ်စက ဘောလုံးအသင်းတွေ အခုခေတ်လိုများများစားစား မရှိသေးဘူး။ အင်္ဂလိပ်စစ်တပ်တွေရှိတော့ စစ်တပ်အသင်းတွေက ခပ်များများ မြန်မာဘောလုံးအသင်းက ခပ်နည်းနည်းရယ်။ အမေမှတ်မိသလောက်ဆိုရင် အစိုးရဝန်ထမ်းတွေထဲက ကစားဖို့ ဖွဲ့ထားတဲ့အသင်းကို 'ရုံးသင်း' လို့ ခေါ်တယ်။ အရပ်သားတွေထဲက ရပြီးဖွဲ့ထားတဲ့အသင်းကို 'စီဗီလျံ (Civilian)' အသင်းလို့ ခေါ်တယ်။ ရဲလုံခြုံရေးမှူးသင်တန်းက သင်တန်းသားတွေနဲ့ ဖွဲ့ထားတဲ့အသင်းကိုတော့ 'ဆပ်ကျောင်းသင်း' လို့ ခေါ်တယ်။ (Sub - Inspector) ဆပ်အင်စပိတ်တော်တွေ ထွက်တဲ့ကျောင်းက ဘောလုံးသင်းမို့ အတိုကောက် ဆပ်ကျောင်းသင်းလို့ ခေါ်တာပဲ။ (ဟိုခေတ်တုန်းကတော့ အဲဒီကျောင်းဆင်းတွေက ကျောင်းကဆင်းရင် ဒ – လ – မ ရာထူး တန်းရတာမို့ ကောလိပ်ကျောင်းသားတွေလိုပဲ သူတို့လည်း ပျို့တိုင်းကြိုက် နှင်းဆီခိုင်တွေပေါ့။)

အရပ်ဘက်က ရုံးသင်း၊ စီဗီလျံနဲ့ ရဲဘက်က ဆပ်ကျောင်းလောက်ရှိပြီး စစ်ဘက်ကတော့ အဖြူတွေကစားတဲ့ အသင်းတွေ အများကြီးပဲ။ 'စီဂေါ်ရာ' ဆိုတာလည်း လူဖြူတွေရဲ့ ဘောသင်းတစ်သင်းရဲ့ အမည်ပဲ။

ကြုံတုန်း ပြောရဦးမယ်။ အဲဒီဂေါ်ရာဆိုတဲ့ အဖြူတွေဟာလေ လူကြီးတွေက အရပ် ၆ ပေနီးပါးတို့၊ ၆ ပေကျော်တို့ ရှိတာ။ ဧရာမလူကြီးတွေ။ တို့မြန်မာ ဘောသမားတွေက ၅ ပေက နည်းနည်းသာကျော်ကြတာမို့ ကွင်းထဲ ယှဉ်ကြည့်လိုက်ရင် အားရစရာ မရှိဘူး။ ဆင်နဲ့ဆိတ်လိုပဲ။ နို့ပေမယ့် ယှဉ်ကစားကြတော့ ဖျတ်လတ်တာ၊ သွက်လက်တာ၊ သတ္တိရှိတာ အသည်းကောင်းတာမှာ တို့လူတွေက သာတာကိုး။ သူတို့ကို ထိမိခိုက်မိရင်လည်း ဒီကောင်တွေက အနာတရ ချက်ချင်းဖြစ်ပြီး ကွင်းထဲက ထွက်ကြရတာ။ တို့လူတွေက တော်ရုံခိုက်မိလို့တော့ ပြန်ထတာ။ သိပ်ဖြုတာ

မဟုတ်ဘူး။ ဆက်ကစားတာပဲ။ အဲဒီမှာ ဂေါ်ရာကို ခိုက်မိလို့ လဲသွားရင် ပွဲကြည့် ပရိသတ်က "မှုတာကွ" လို့ ဝိုင်းအော်ကြတာ။ သူတို့က တော်တော်နဲ့ မထနိုင်တဲ့အပြင် လိုမ့်နေသေးတယ်။ ခိုက်မိတာကလည်း ခဏခဏပဲ။

ပြီးတော့ တို့ကို ကျွန်လုပ်ထားတဲ့ လူတွေဆိုပြီး တို့ကမုန်းသမှုတ်လား။ နို့ပေမယ့် တို့က ဘာမှ သူတို့ကို ပြန်လုပ်နိုင်တာမှ မဟုတ်ဘဲ။ အဲဒီတော့ ဘောလုံးကွင်းထဲမှာ ဆဲစရာရှိရင် အားရပါးရ ပျော်ပျော်ကြီး ဆဲကြတာ။ အဲဒီလို ဆဲကြတာကို သူတို့က အရေးမယူဘူး။ လစ်ရင်လစ်သလိုလည်း လူချသေးတယ်။ ပြီးတော့ သူတို့အဖြူတွေ အသည်းကြောင်ရမလားလို့လည်း အထင်သေး သေးတယ်။

ဘောလုံးပွဲဆိုရင်လည်း အဖြူနဲ့ တိုင်းရင်းသား ကစားရတဲ့ ပွဲချည်းလိုလို 'ဒီကုမ္ပဏီ' နဲ့ 'စီဗီလျံ' တဲ့ဆိုရင် စီဗီလျံက မြို့ချစ်တဲ့ မြန်မာဘောသမားတွေ ဒီကုမ္ပဏီက အဖြူစစ်တပ်အသင်း၊ ပွဲကြည့်က လိုမ့်လာပြီး စီဗီလျံအရပ်သားအသင်းကို အားပေးကြတာပဲ။

အမေတို့ တော်တော်ကြီးလာတော့ ဘောသင်းတွေ များများလာပြီ။ အရပ်အသင်းတွေလည်း များများလာပြီ။ အမေတို့ ယူနီဗာစီတီ ရောက်တဲ့အချိန်ကျတော့ ယူနီဗာစီတီ လက်ရွေးစင်အသင်းဟာ မြို့ချစ်တဲ့အသင်း၊ ပရိသတ်ရဲ့အသည်းကြော်တွေပေါ့။ ဟိုတုန်းက တက္ကသိုလ်ကျောင်းသားဆိုတာကလည်း ရွှေပေါ်မြတင် ဟုတ်လား။ မောင်မောင်လေးတို့ မောင်ဝင်းတို့ ရပ်ကွင်းတို့ဆိုတဲ့ ယူနီဗာစီတီ ဘောသမားလူတော်တွေကို လူမမြင်ဘူးပေမယ့် နာမည်တွေက ကြားနေရတာ နေ့တိုင်းမို့ အင်းလျားရောက်စနှစ်ကဆိုရင် ရောက်နှင့်ပြီး ကျောင်းသူကြီးတွေကို မောင်ဝင်းဆိုတာ ပြစမ်းပါ။ မောင်မောင်လေးဆိုတာ ပြစမ်းပါ၊ ရပ်ကွင်းဆိုတာ ဘယ်သူလဲနဲ့ အပြခိုင်းပြီး ချောင်းကြည့်ခဲ့ရတာ။

အမေရှိတုန်းက တစ်နှစ်ဟာများ ယူနီဗာစီတီအသင်းက ဘောလုံးပွဲကြီးနိုင်ပြီး ဖလားကြီး ပိုက်ပြန်လာတော့ အမေတို့ အင်းလျားဟောလမ်းကို ဘောသမားတွေက ဖလားကြီးမွေ့ပြီး "ဗာစီတီ–ဗာစီတီ၊ ရား–ရား" ဆိုတာတွေ အော်ရင်း ကားတန်းကြီးနဲ့ ဝင်လာကြတယ် လေ။ အင်းလျားဟောရှေ့ရောက်တော့ "မသိန်းဝါ ဖော်အေစပီ (ချ)" လို့ သူတို့က အော်ပြီး ကျောင်းသူ မသိန်းဝါက မိန့်ခွန်းပြောပါလို့ တောင်းဆိုကြတယ်။ အဲဒီတော့ အင်းလျားဟောက အချောအလှ ကျောင်းသူ မသိန်းဝါက အင်းလျားဟောရဲ့ ဆင်ဝင်ပေါ်ထွက်လာပြီး အောင်ပွဲရဘောလုံးအသင်းကို ချီးကျူးစကား အင်္ဂလိပ်လို ကွန်ဂရက်ကျူလိတ် လုပ်ပါတယ်။

မသိန်းဝါတို့ အင်္ဂလိပ်စကားပြော ကောင်းတာကလည်း စံပါပဲ။ ခုတော့ အဲဒီမသိန်းဝါ ေ့ရှာပြီလို့ နာရေးကြော်ငြာမှာ တစ်နေ့က တွေ့လိုက်ရတယ်။ သူ့သာမက သူ့သ ုး အင်္ဂလိပ်သတင်းစာ အယ်ဒီတာရဲ့ နာရေးကိုလည်း အမေ ဖတ်လိုက်ရသေးတယ်။

မသိန်းဝါကလည်း မသိန်းဝါပါ။ ချောလည်းချော၊ စတိုင်လည်းကျ၊ ဘိုလည်းဆန်တဲ့ ကျောင်းသူကိုး။ ကျောင်းသားတွေဆိုတာ ဘတ်စ်ကားတွေပေါ်မှာ ခုန်နေကြတာပဲ။ အမေတို့ ကျောင်းသူတွေကလည်း သူတို့ပျော်တော့ ပျော်တာပေါ့။

ဘောလုံးပွဲ ဘောလုံးပွဲနဲ့ အမေတို့ခေတ်ကတည်းက မြို့ချစ်တဲ့အသင်း ကိုယ်နိုင်စေချင်တဲ့ အရပ်သား အသင်းများနိုင်ရင် ပျော်ကြတာကလား။ နိုင်အောင်လည်း အားပေးကြရ၊ ကိုယ်မနိုင်စေချင်တဲ့မြို့က မချစ်တဲ့အသင်းဆိုရင် ဘောလုံးကွင်းထဲမှာပဲ အားရပါးရ ဆဲကြတာ။ မြန်မာလူမျိုးဆိုတာ အမေတို့ခေတ်ကတည်းက ဘောလုံးပွဲကို အဲဒီလို အားပေးကြတာကိုး။ အခုထိလည်း မြန်မာလူမျိုးစိတ်ဓာတ်က အရင်ကလို ပါပဲကလား။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၁၅၊ ၁၉၉၄ ဇက်တင်ဘာ

## "ဘုန်းဘုန်း တာ့ တာ"

ဒီခေါင်းစဉ်ကို ဖတ်လိုက်တော့ ဆရာတော်၊ သံဃာတော်များက ဒေါ်အမာလည်း ခင်ပွန်းအနိစ္စရောက်တာနဲ့ စိတ်များ ကတောက်ကတက်ဖြစ်နေရှာထင်ပါရဲ့လို့ ကျွန်မကို သနားနေကြမလား မသိပါ။

"ဘုန်းဘုန်း တာ့-တာ" ဆိုတဲ့အသံမျိုး မကြာမကြာ ကြားရလွန်းလို့ နားကလောတာနဲ့ ဒီခေါင်းကို တပ်လိုက်မိတာပါ။ ကျွန်မတို့ဆီမှာ ကလေးငယ်တွေကို လူကြီးမိဘတွေက ဘယ်သူပြန်ခါနီးမှာပဲဖြစ်ဖြစ် "တာ့-တာ" လို့ နှုတ်ဆက်လိုက်ဆိုပြီး လက်ပြနိုင်းနေကြပါတယ်။

မြို့ပေါ်တွင်လားဆိုတော့လည်း မဟုတ်သေးဘူး။ ဒီ တာ့-တာက တောကြို အုံကြားအထိ ပျံ့နှံ့ ဆင်းသက်လို့ နေပါတယ်။

ဒါကို ထောက်ခြင်းအားဖြင့် ကျွန်မတို့မှာ ပြန်ခါနီး နှုတ်ဆက်စရာစကား တစ်ခု မရှိမဖြစ်၊ အပူတပြင်း လိုအပ်နေတဲ့ပုံပါပဲ။ လိုသမှ မဟားဒယားမို့ ကိုယ့်မှာလည်း မရှိလေတော့ သူများဟာကို အတင်းဆွဲယူသုံးထားရတဲ့ သဘောမျိုး ဖြစ်နေပါပြီ။

"တာ့-တာ" ဆိုတာ ဘယ်လူမျိုးက သုံးစွဲတဲ့ စကား၊ ဘာအဓိပ္ပာယ်ရှိတယ် ဆိုတာကို ဇာစ်ဇာစ်မြစ်မြစ်သိကြတာလဲ မဟုတ်ပါဘူး။ နို့ပေမယ့် လက်ကလေးလှုပ်ပြပြီး တွေ့ကရာလူကို "တာ့-တာ" နေကြပါတယ်။ တချို့ကများ ကဲသထက်ကဲပြီး "ဘိုင့်ဘိုင်-တာ့တာ-ချဲရီးယို" အထိ လုပ်နေကြလေရဲ့။

ကျွန်မတို့ငယ်ငယ်တုန်းကတော့ အိမ်တစ်အိမ်ကပြန်တော့မယ်ဆိုရင် အမေက သင်တာ လူကြီးတွေကို "ဦးတင်ပါသေးရဲ့" လို့ ပြောပြီး နှုတ်ဆက်ခဲ့ရမယ်တဲ့။ နည်းနည်းကြီးလာတော့ "ကျွန်မကို ခွင့်ပြုပါဦး" လို့ နှုတ်ဆက်ခဲ့ရတယ်။ နောက်တော်တော်ကြီးလာပြန်တော့ "ပြန်ပါဦးမယ်နော်" လို့ ပြောရတယ်။ ဒါမြန်မာ့ နှုတ်ဆက်နည်း ဖြစ်မှာပါပဲ။ ခုခေတ်လို လက်ကလေးပြပြီး "တာ့-တာ" လို့ ဆိုမိရင် အမေက လက်များပုတ်ချမလား မသိဘူး။ ပြီးတော့ "ဘာလဲ ညည်းတို့စကားက တာတယ်ဆိုတာ ကောင်းမှတ်လို့ လူထဲသုံးနေရတာလား" လို့ ငေါက်မှာ အမှန်ပါပဲ။

မြန်မာစကားက လူပေါ်စ အဆင့်မျိုး မဟုတ်ပါဘူး။ ကြွယ်ဝပါတယ်။ ဝေါဟာရ မဆင်းရဲပါဘူး။ လူကြည့်ပြီး အသက်နဲ့အလိုက် ဂုဏ်သိက္ခာနဲ့အလိုက် သုံးနှုန်းပြောဆိုရတဲ့စကားမျိုးပါ။ ဒီလိုယဉ်ကျေးမှုဟာ လူမျိုးတိုင်းမှာတောင် မရှိပါဘူး။ လူ့ယဉ်ကျေးမှု သမန်ရှည်လှတယ်ဆိုတဲ့ တရုတ်တို့လို လူမျိုးအချို့မှာသာ ရှိတာပါ။

အဖေလုပ်တဲ့လူအပေါ်ကို ကိုယ်ဘယ်လောက်ကြီး မကျေလည်ပေမယ့် "မင်းကလဲကွာ" လို့ မြန်မာစကားက ပြောလို့ မရပါဘူး။ "ခင်ဗျားကြီးကလဲဗျာ" လို့ ပြောမိရင်တောင် "အဖေကို ခင်ဗျားလုံးကြီး ရိုက်ပြောတာ ရိုင်းလိုက်တာ" လို့ ဆိုပါသေးတယ်။ "ယူကလည်း ဂွကျလိုက်တာ" လို့ ပြောချင်လို့လည်း မဖြစ်ပါဘူး။ "အဖေကလည်း အဖေရာ" ဆိုတာမျိုးကို အလွန်ဆုံးပြောရတာပါ။ မြန်မာမှာ ကိုယ်က ပြောချင်တဲ့လူနဲ့ တန်ရာဆေါ်ဟာရကို ရွေးပြီး သုံးစွဲရပါတယ်။ ဒါဟာ မြန်မာ့ယဉ်ကျေးမှုပဲ။

ခုတော့ ရည်းစားလည်း "တာ့ – တာ"၊ သူငယ်ချင်းလည်း "တာ့ – တာ" ဘုန်းကြီး ရဟန်းလည်း "တာ့ – တာ" တဲ့။ ဘယ်လိုများ ဖြစ်နေကြတယ် မသိပါဘူး။

ကျွန်မတို့ မိုးကုတ်သွားလည်ကြတော့ မိတ်ဆွေတွေကို ပြန်မယ်လို့ နှုတ်ဆက်တဲ့အခါ အိမ်တိုင်းက ပြန်နှုတ်ဆက်တဲ့စကားက "ဖြည်းဖြည်း ပြန်ပါရှင်" တဲ့။ ဒါဟာ ပြန်ခါနီး လူကို မိုးကုတ်က နှုတ်ဆက်တဲ့စကားပါ။ မိုးကုတ်မှာ လမ်းတွေက မြေပြင်လမ်း မဟုတ်ဘူး။ အတက်အဆင်း၊ အကွေ့အကောက်တွေ၊ ကားနဲ့ခရီးသွားရတာ၊ ကားအမြန်မောင်းရင် အသက်အန္တရာယ်နဲ့ တွေ့ရတာ၊ တွေ့ပေါင်းလည်း မရေတွက်နိုင်ဘူး။ ဒါကြောင့် သူတို့ဆီမှာ ခွဲခါနီး နှုတ်ဆက်တဲ့ လူတိုင်းကို "ဖြည်းဖြည်းပဲပြန်ပါ" လို့ နှုတ်ဆက်မှာ မှာတာထင်ပါရဲ့။ မေတ္တာစေတနာ ကရုဏာအပြည့်နဲ့ နှုတ်ဆက်လိုက်တဲ့ စကားမို့ ကြားရသူရဲ့ နားထဲမှာ ချမ်းမြေ့ကြည်နူး လိုက်တာ။ "တာ့ – တာ" နဲ့ မကွာလား။

မြန်မာမှာ နှုတ်ဆက်စကားတွေ ကြွယ်ကြွယ်ဝဝ ရှိပြီးသားပါ။

သောင်းပြောင်းထွေလာမဂ္ဂဇင်း၊ တွဲ ၁၈၊ အမှတ် ၈၊ ၁၉၈၃ ဧပြီ

## သမီးမိန်းကလေး

အမေပဲဖြစ်ဖြစ်၊ အမေ့ဒီဆောင်းပါးကို ဖတ်နေသူပဲဖြစ်ဖြစ်၊ အမေတို့ လူဖြစ်လာကြတာ ဝါးထဲက သန္ဓေမှီးခဲ့တာလည်း မဟုတ်ဘူး၊ ပဒုမ္မာကြာပွင့်ကြီးထဲက ထွက်လာတာလည်း မဟုတ်ဘူး။ မိဘနှစ်ပါးက မွေးဖွားပေးလိုက်လို့ လူရယ်လို့ ဖြစ်လာပြီး လူ့လောကထဲ ရောက်လာကြတာ။ အဲဒီရောက်လာတဲ့ အမေတို့ လူ့လောကဟာ တစ်ယောက်တည်း နေထိုင် ကြီးပြင်းရတာ မဟုတ်ဘူး။ ပထမမိဘဆွေမျိုးဆိုတဲ့ အသိုက်အဝန်းထဲမှာ ကြီးထွားရတယ်။ အဲဒီမိဘဆွေမျိုးဆိုတဲ့ အုံကလေး အဖွဲ့ကလေးကလည်း လူ့အသိုက် အမြုံကြီးတစ်ခုထဲက အစုအဖွဲ့ကလေးတစ်ခုသာ ဖြစ်တယ်။

ဒီလူ့အသိုက်အမြုံကြီးဟာ လူရယ်လို့ ဒီနေရာ ဒီဒေသမှာ စုဝေးရောက်ရှိလာကတည်းက စုပေါင်းနေထိုင်လာကြတာဖြစ်လေတော့ နှစ်တွေ ထောင်နဲ့ချီပြီး ကြာခဲ့ပြီ။ ဒီ တို့လူ့အသိုက်အမြုံကို တစ်နေ့တခြား တိုးတက်ကောင်းမွန်လာအောင် Social Responsibility ဆိုတဲ့ လူမှုရေးဝိုင်းအုံတာဝန်ယူကြမှု၊ Social Control ခေါ်တဲ့ လူနှင့်လူချင်း ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်မှု၊ Cultural Control ခေါ်တဲ့ အစဉ်အဆက်က ရှိခဲ့ကြတဲ့ တို့ယဉ်ကျေးမှုနဲ့ ဝိုင်းဝန်းထိန်းသိမ်းမှုတွေ ရှိကြ တယ်။ ဘာမှ ပေါက်လွှတ်ပဲစား မလုပ်ကြရဘူး။ လုပ်မိရင် လုပ်တဲ့သူကို ပထမ မိဘမောင်ဘွား ဦးကြီးဦးလေး မိကြီး မိထွေးတို့က ဆုံးမကြတယ်။ မိဘလုပ်သူက ကိုယ်မမြင်လို့ မြင်တဲ့ ဆွေမျိုးက ဆုံးမရင်လည်း အဲဒီဆုံးမတာကို နားထောင်ဖို့ ဝင်ပြောတယ်။

အဲဒီလိုမှ မရပြန်ရင် ရပ်ဆွေရပ်မျိုးကလည်း ဆုံးမတယ်။ ပွဲပြင်တယ်။ မတော်တာလုပ်နေရင် မတော်ဘူးလို့ ပြောကြတယ်။ မိဘကို လာတိုင်ကြားမယ်။

အမေတို့ကြီးပြင်းခဲ့ကြတဲ့ လူ့အဖွဲ့အစည်းက ဒီလိုအဖွဲ့အစည်းမျိုးပါ။ ထိန်းထိန်းသိမ်းသိမ်း ကွပ်ကွပ်ကဲကဲနဲ့ ကြီးပြင်းရတာလေ။

ပြီးတော့ သမီးမိန်းကလေးမွေးလာရင် အရွယ်ရောက်ခါနီးတာနဲ့ တစ်ပြိုင်တည်း အမေလုပ်သူက၊ တကယ်လို့ အမေမရှိရင် မိကြီး၊ မိထွေးက၊ အဒေါ်၊ ကြီးတော်က သွန်သင်တယ်။ ဆုံးမတယ်။ မိန်းကလေးဆိုတာ ဘယ်လိုဝတ်စားရတယ်။ ဘယ်လိုနေရထိုင်ရတယ်။ ဘယ်လို သွားရလာရတယ်။ ဘယ်လိုထိန်းရ သိမ်းရတယ်၊ သူတစ်စိမ်းနဲ့ ဘယ်လိုဆက်ဆံရတယ်၊ မိဘမောင်ဘွားစကားကို ဘယ်လိုနားထောင်ရတယ်ဆိုတာမျိုးတွေ နေ့တတိုးတိုး ညတတိုးတိုး သွန်သင်ဆုံးမတယ်။ အရွယ်ရောက်လာရင် အပျိုဘဝကို ဘယ်လိုထိန်းသိမ်းကာကွယ်ရမယ်ဆိုတာကို အရေးအကြီးဆုံးထားပြီး သွန်သင်တယ်။

အင်္ဂလန်က ကျောင်းသူနှစ်ဦး မကြာလှသေးခင်က မြန်မာပြည်ကိုလာပြီး အပျိုကြီးဆိုတဲ့ လူ့ဘဝတစ်ခုကို သုတေသနစာတမ်းတစ်ခုနဲ့ မယ်သီလခေါ်တဲ့ သီလရှင်များအကြောင်းကို သုတေသနပြု စာတမ်းတစ်ခု၊ စာတမ်းနှစ်စောင် လာပြီး ပြုစုသွားကြတယ်။

မွင်မွင်လင်းလင်း ရေးရပြောရရင် အပျိုစင် အပျိုစစ်ဆိုတာ အမေတို့ လူ့အဆောက်အအုံမှာသာ ရှိတာ။ သူတို့ဆီမှာ မရှိဘူး။ ဒါကြောင့် ဒီကိုလာပြီး သုတေသန လုပ်ရတာ။

အမေတို့လူ့အဆောက်အအုံမှာ မိန်းကလေးဟာ အချိန်တိုင်လို့ အရွယ်ရောက်ရင် လက်လပ်ပြီး ကိုယ်နှင့် သင့်တော်သူတစ်ဦးနဲ့ အိမ်ထောင်ပြုကြတာ များပါတယ်။ အပျိုကြီးလုပ်သူက နည်းတယ်။ ကိုယ့်အိမ်ထောင်ဘက်ဟာ လူကြီးမိဘရွေးချယ်တာ၊ သဘောကိုက်ညီတာ၊ ကိုယ့်ဖာသာကိုယ်ရွေးချယ်တာ တစ်ခုခုပေါ့။ ဒါမှတာ လုပ်ရိုးလုပ်စဉ်ပဲ။ အဲဒီစည်းကမ်းကို မဖောက်ဖျက်ရဘူး။ ဆိုလိုတာက မလွတ်လပ်တဲ့သူနဲ့ အိမ်ထောင်မဖက်ရဘူး။ ဒါဟာ လူတိုင်း စောင့်စည်းရတဲ့ လူ့ဝတ္တရား။ ပြီးတော့ အိမ်ထောင်သည်ဘဝ မရောက်မချင်း လူချင်းရင်းနှီးခွင့် မပြုရဘူး။ ဒါဟာ အမျိုးကောင်းသားသမီးတိုင်းရဲ့ ကျင့်ဝတ်ပဲ။ ဒါကို တို့မြန်မာအမျိုးသမီးတွေက သိပ်ကို အလေးအနက်ထားပါတယ်။ ဘယ်အထိလဲဆိုရင် မိန်းမတို့ဣန္ဒြေ ရွှေပေးလို့မရတဲ့။ တို့က အရှက်နဲ့လူလုပ်တာပေါ့၊ အသက်နဲ့လူလုပ်တာမဟုတ်ဘူး" ထိအောင် ကြေညာတတ်ကြတယ်။ ပြီးတော့ မိန်းကလေးရဲ့ ကာယိန္ဒြေကို စောင့်စည်းမှုဟာ တစ်ဘက်တည်း တစ်လမ်းသွား မဟုတ်ဘူး။ နှစ်ဦးနှစ်ဘက်က စောင့်ထိန်းကြရတဲ့ကိစ္စလို့လည်း သတ်မှတ်တာပါ။ ယောကျ်ားလေးတွေမှာပါ တာဝန်ရှိပါတယ်။ "နှစ်မချင်းစာပါ" ဆိုတာ ယောကျ်ားလေးဘက်ကို ထိန်းကွပ်ထားတဲ့ စကားပါ။

အမေတို့ လူ့အဖွဲ့အစည်းရဲ့ ဒီအစဉ်အလာဟာ နှစ်တွေထောင်နဲ့ချီပြီး ကြာခဲ့ပြီမို့ တော်တော်ကြီး ခိုင်မြဲလာခဲ့ပါတယ်။ အနောက်နိုင်ငံက ရုပ်ရှင်တွေ၊ ဗွီဒီယိုတွေက ယဉ်ပါးအောင် ဘယ်လိုပြသနေပေမယ့် မြန်မာအမျိုးသမီးလေးတွေဟာ မြန်မာ့စံချိန်နဲ့အညီ ဣန္ဒြေကို စောင့်စည်းခဲ့ကြတယ်။ နို့ပေမယ့် အခုတလောမှာတော့ မိန်းကလေးအချို့ရဲ့ခါးပေါ်မှာ ထဘီကျွတ်ပြီး ဘောင်းဘီဝတ်ကြ၊ စကတ်ဝတ်ကြ ဖြစ်လာပြီးတော့ ကာယိန္ဒြေ ထိန်းသိမ်းမှုကလည်း တော်တော်လျော့နည်းလာတာကို စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့မြင်လာရတယ်။

အမေက မနက်လမ်းလျှောက်တဲ့အခါ ကျုံးထောင့်ရောက်ရင် တစ်တောင်လုံး ထိန်ထိန်ညီးမျှ မီးတွေ ပူဇော်ထားတဲ့ မန္တလေးတောင်ကို ဘွားခနဲ တွေ့မြင်ရနေကျ။ အဲဒီရောက်ရင် တောင်ပေါ်က ဆုတောင်းပြည့်ဘုရား၊ မြတ်စောညီနောင်ဘုရား၊ ရှာဒိတ်ပေးဘုရား၊ ရွှေရပ်တော်ဘုရားတွေကို ရည်မှန်းပြီ၊ လက်အုပ်မချီ ဦးမချဘဲ မနေနိုင်ဘူး။ ခဏလေးရပ်ပြီး ကန်တော့တာ နေ့တိုင်းပါ။

တစ်နေ့တော့ အမေဘုရားကန်တော့နေတာကိုမြင်တဲ့ လမ်းလျှောက်ဖော် လူငယ်တစ်ဦးက အမေ့ကို "အမေ မန္တလေးတောင်ကြီး ပြုပြင်ထားမှ တောင်ပေါ်ကို

ရောက်ပြီလား" တဲ့ မေးလာတယ်။ အမေက ရောက်တယ်။ ညည်သည်လာလို့ ကားနဲ့ပို့ခဲ့တာ ခါတိုင်းလို ခြေကျင်မတက်ခဲ့ရလို့ လမ်းဘုရားတွေတော့ စုံအောင် မဖူးခဲ့ရတော့ဘူး၊ ထိပ်က ဆုတောင်းပြည့်ဘုရားကိုတော့ သေသေချာချာ ဖူးခဲ့ရတယ်လို့ ပြောပြတော့ "အမေ့ကို စိတ်မကောင်းစရာတစ်ခု ပြောပြဦးမယ်၊ ကျွန်တော့်ကို မိတ်ဆွေတစ်ယောက်က တောင်ပေါ်ညဘုရားဖူး တက်ကြည့်စမ်းပါ၊ သတင်းကြီး လှပါတယ်ပြောလို့ ညပိုင်း ရောက်ခဲ့တယ်။ ညကြီးကျမှ တောင်ပေါ်က အုံသြစရာ လှုစည်နေလိုက်တာ အမေရယ်၊ ကားတွေ ဆိုင်ကယ်တွေဆိုတာလည်း အရမ်းပဲ။ ဆုတောင်းပြည့်ဘုရား အတက်အဆင်း ကားလမ်းတစ်လျှောက်မှာ ဘုရားဖူးမဟုတ်တဲ့ ကောင်လေးတွေ ကောင်မလေးတွေ လာပြီး ပျော်စရာ နေရာကြီး ဖြစ်နေတာကိုး။ ညဥ့်သန်းခေါင်အထိလည်း မဆင်းကြသေးဘဲ တရုန်းရုန်းနဲ့တဲ့။ ကျွန်တော်ဖြင့် စိတ်ဆင်းရဲပြီး ပြန်လာခဲ့ရတယ်။ ဒီအဖြစ်ကို သိသင့်သိထိုက်တဲ့ လူကြီးတွေလည်း သိမယ်မထင်ပါဘူး။ အမေ့ကို သွားကြည့်ပါလို့လည်း ကျွန်တော် မတိုက်တွန်းရဲပါဘူး။ အမေတော့ မသွားပါနဲ့ ခင်ဗျာ၊ နားနဲ့မနာ ဖဝါးနဲ့နာပါ" လို့ သူက ပြောသွားပါတယ်။

အမေလည်း ဘာပြန်ပြောရမှန်း မသိဘူး။ ဒီအထဲ အမေတို့ မိန်းကလေးတွေလည်း ပါလေသလား၊ မန္တလေးက လူလွန်မသားသမီးတွေချည်းပဲလား ဆိုတာလည်း မပြောတတ်ပါဘူး။ ကာရာအိုကေသိမ်းတဲ့အချိန်မှ တောင်ပေါ်တက်ကြသူတွေလည်း ပါတယ်လို့ သတင်းပေးတဲ့လူငယ်က ပြောသေးရဲ့။ ဩော် – ဒုက္ခ၊ ဒုက္ခ။ အမေတို့ မန္တလေးကလည်း တယ်ပြောင်းလဲနေတာကိုး။

အမေတို့ နှစ်တွေ ထောင်နဲ့ချီပြီး လူ့အဆက်ဆက်က ထိန်းသိမ်းလာတဲ့ အမေတို့ယဉ်ကျေးမှုတွေ၊ ခုလို ယိုယွင်းလာရင် လက်ပိုက်ကြည့်မနေကြပါနဲ့။ ဝိုင်းပြီး ထိန်းကြပါဦးလို့ အမေက ပြောချင်လှတယ်။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၃၃၊ ၁၉၉၆ မတ်

✢

“
…အဲဒီရုပ်ရှင်တွေ စုနယ်ပြန်ကြည့်ရရင် ဘယ်လိုများ နေမယ်မသိ။ ငယ်ငယ်တုန်းက ထိထိမိုက်မိုက် ဖြစ်ခဲ့ရတာတွေကို ပြန်ပြီး ရယ်ချင်နေမလား မပြောတတ်ဘူး။ နှစ်တွေ၊ ခေတ်တွေ၊ အချိန်တွေ၊ ကာလတွေက ရွေ့လျား ပြောင်းလဲနေတာကိုး။ ………

## ရုပ်ရှင်စိန်ရတု

မြန်မာရုပ်ရှင် စပေါ်တာနှစ်ပေါင်း ၇၅ နှစ်ရှိပြီမို့ စိန်ရတုသဘင် ကျင်းပဖို့ စိုင်းပြင်းနေကြတယ်ဆိုတော့ အမေတို့ ငယ်ငယ်က ရုပ်ရှင်ပေါ်စ ခေတ်ကို ပြန်တွေးမိတယ်။

အမေတို့ဆီမှာ အင်္ဂလိပ်ရုပ်ရှင်ကားတွေ ဘယ်နှစ်ဆီလောက်က စရောက်သလဲတော့ မသိဘူး။ အမေတို့ သိမီတဲ့ အရွယ်ရောက်တော့ မန္တလေးမှာ ရုပ်ရှင်ရုံ ၂ ရုံဆောက်ပြီး ရှိနေပြီ။ ၈၀ လမ်းပေါ်က ပထမတစ်ရုံက 'သီပေါရုံ' တဲ့။ အဲဒီရုံဟာ နောင်တော့ မစိုးရိမ်ကျောင်းအမက ပိုင်တာမို့ 'မစိုးရိမ်ရုံ' လို့ နာမည်ပြောင်း ခေါ်လိုက်တယ်။ ဒုတိယရုံကတော့ သီပေါရုံနဲ့ မျက်နှာချင်းဆိုင် ရွှေတိုက်ရုံလို့ ခေါ်နေကြတဲ့ 'အယ်လီဖင်စတုန်း' ရုပ်ရှင်ရုံပါ။

ဒီ ၂ ရုံမှာ အင်္ဂလိပ်စာတန်းထိုး အင်္ဂလိပ်ကားတွေ ပြနေတာပဲ။ ရုပ်ရှင်တွေက အသံတိတ်ကားတွေဆိုတော့ ရုပ်ရှင်ပြနေတဲ့အချိန်မှာ ပြကွက်နဲ့ လိုက်ဖက်တန်ရာတဲ့ အတီး တီးပေးလိုတာကြောင့် ရုံတိုင်းမှာ ကိုယ်ပိုင်ရုပ်ရှင်တီးဝိုင်းတွေ ရှိကြရတယ်။

အမေတို့ အဖေက ရုပ်ရှင်ကြိုက်တယ်။ ဒါကြောင့် ကားလဲတိုင်း ရုပ်ရှင်ကြည့်တယ်။ ကြည့်တဲ့အခါ သူ့သမီးကလေးတွေလည်း ဗဟုသုတရပါစေတော့ ဆိုတဲ့ စေတနာနဲ့ သူရုပ်ရှင်သွားရင် သိတတ်တဲ့အရွယ်ရှိတဲ့ သမီးလေးထဲက ၂ ယောက်တော့ အမြဲခေါ်သွားတယ်။ အမေတို့က အဖေနဲ့ ရုပ်ရှင်ကြည့်လိုက်ရရင် စာတန်းထိုးလာတဲ့အခါ အဖေစာဖတ်ပြီးအောင် စောင့်ရကောင်းမှန်း သိတာမဟုတ်ဘူး။ ကိုယ်က သိချင်လှပြီမို့ "အဖေ ဘာတဲ့လဲဟင်" ဆိုတာကို အဖေ့ပေါင်ပုတ်ပြီး ပြောခိုင်းတယ်။ အဲဒါကို အဖေက သည်းညည်းခံပြီး သူစာဖတ်ပြီးရင် စာပါ အဓိပ္ပာယ်ကို ပြောပြတယ်။ ထိုးပြတဲ့ စာတန်းက ခဏလေးကြာတာ။ ဒါကို မအောင့်နိုင်ဘူး။ စာဖတ်နေတဲ့ အဖေ့ကို အမြဲ နှောင့်ယှက်ကြတာပဲ။ အဖေသဘောကောင်းတာတွေ ကြီးမှ သိတယ်လေ။

နောက်တော့ မန္တလေးက မြန်မာလူငယ်လူရွယ်တွေက ရှိပြီးသားရုပ်ရှင်ရုံ ၂ ရုံက လူမျိုးခြားပိုင်တွေ၊ မြန်မာပိုင်ရုံလည်း ရှိသင့်တယ်ဆိုပြီး ပိုက်ဆံစုကြပြီး 'မြန်မာညွန့်ရုပ်ရှင်ရုံ' ဆိုတာကို ဆောက်လုပ် တည်ထောင်ကြတယ်။ အဲဒီရုံဟာ နောင်တော့ 'မြို့လယ်ရုံ' လို့ နာမည်ပြောင်းတယ်။ ခုတော့ 'မြို့ဂုဏ်ရောင်ရုံ' လို့ ခေါ်နေကြပြီ။ ပထမဆုံးကတော့ မြန်မာညွန့်ရုံပါ။ ဒီရုံက မြန်မာတီးဝိုင်းအဖွဲ့ကို ဦးဆောင်သူက ကိုချစ်မောင်တဲ့။ ဆရာစိန်ဗေဒါကြီးရဲ့ တပည့်ပေါ့။ မြန်မာညွန့်ရုံက

တီးဝိုင်းအဖွဲ့ ခေါင်းဆောင်မို့ 'မြန်မာညွန့် ဦးချစ်မောင်' လို့ သူ့အမည် တွင်လာတယ်။ အမေ ဒေါ်အောင်ကြည်ရဲ့ ခင်ပွန်းလေ။

အမေတို့ငယ်ငယ်က စကြည့်ရတဲ့ရုပ်ရှင်ကားတွေက ကောင်းဘွိုင်ကားတွေ။ ကောင်းဘွိုင်ဓာတ်လိုက်ထဲမှာ ဝီလျံဒန်ကင်းဆိုတာ နာမည်ကျော်တော့ အမေတို့အိမ်က ကိုပန်းအိဆိုတဲ့ လူငယ်များ သူ့ကိုယ်သူ ဝီလျံဒန်ကင်းလုပ် လုပ်ပြီး အိမ်ကခွေးတွေကို ကြိုးကွင်းပစ်ရတာအမော။ ဆေးရိုးအိတ်ကြီးတွေကို မြင်းလုပ်စီးပြီး ကြိုးကွင်းကြီး တရမ်းရမ်းနဲ့။ ခမောက်ကြီး ဆောင်းလိုက်ပြီး "ဝီလျံဒန်ကင်းကွ" လို့လည်း အော်လိုက်သေးတယ်။

ကောင်းဘွိုင်ကားတွေပြီးရင် ချာလီချက်ပလင်တို့ ဟာရိုလွိုက်တို့ လူရွှင်တော်မင်းသားတွေ ကားတွေအားကြီး ကြည့်ရတာပဲ။

နောက်တော့ မြန်မာကား ပေါ်လာတယ်။ အစောဆုံးထဲက တစ်ကားကို အမေမှတ်မိနေတယ်။ ကားနာမည်က 'သီတာမြ' လို့ ထင်တာပဲ။

အဲဒီတုန်းက ရုပ်ရှင်ရုံက တီးဝိုင်းက ပြနေတဲ့ရုပ်ရှင်ကား ဓာတ်လမ်းအကြောင်းကို စပ်ထားတဲ့ သီချင်းကို သီဆိုပေးရတာပါ။ အမေ ဒီကားပြတုန်းကဆိုတဲ့ သီချင်းလို့ အမှတ်ရနေတာကလေး ရေးပြမယ် –

*"သားတစ်ယောက် (မောင်ထွန်းတင်ပါ)* [၂] *ငယ်စဉ်ကတည်း ရယ်က စွဲခဲ့တဲ့ ဝါသနာ၊ ပန်းမျိုးစုံစွာ သူကြိုက်တာ စန္ဒရား၊ ဘာဂျာ၊ တူရိယာ၊ အဓိကရပါ သိကြတာ ကျိုက်ထီးရိုးခေါ် ရှင်မြတ်စွာ။*

*ပန်းရှာရင်းပ တောဝနာ မျက်စိလည်ကာ သွားတာကြောင့် မခြား ရေငတ် မတ်တတ် ယနုလဲရှာ။ လမ်းစ မတွေ့ ယနေ့ တွက်တာ။*

*သီတာမြခေါ် မြခေါ် (ကရင်မကျေးစူးပါ)* [၂]*"*

ဒါပဲမှတ်မိပါတော့တယ်။ ကောလိပ်ကျောင်းသားတစ်စု ကျိုက်ထီးရိုးသွားကြတာ။ ရောက်တော့ တောပန်းတောင်ပန်းတွေ လိုက်ရှာကြရင်း ဓာတ်လိုက် မောင်ထွန်းတင်က အဖော်တွေနဲ့ကွဲပြီး တောထဲမျက်စိလည်နေတော့ တစ်နေသာ ကုန်ရော လမ်းမတွေ့တော့ ရေငတ်ပြီး လဲနေရော။ အဲဒီမှာ ကရင်မလေး သီတာမြက ထူမပြီး ရေဘူးလေးနဲ့ ရေတိုက်ပြီး ကယ်ရာက ကရင်မလေးနဲ့ ချစ်သွားကြတာ။ ရုပ်ရှင်ကြည့်တဲ့လူတွေကတော့ ကျိုက်ထီးရိုးဖူးရတာနဲ့ကို တန်သကွာလို့ ပြောကြတယ်လေ။

အဲဒီကားဟာ 'တောမြိုင်စွန်းက လွမ်းအောင်ဖန်' ကားထက် စောတယ်လို့ အမေတော့ ထင်တာပဲ။ ဒီကားကို ဘယ်ကုမ္ပဏီက ရိုက်တာလဲဆိုတာကိုလည်း မေ့ယ်သေးလို့ မမှတ်တတ်ပါဘူး။ စိတ်ကထင်တာ ပြောရရင် မောင်တင်ဦးတို့ ဓော်ဝမ်းတို့ရဲ့ ဘကြီး အမ်ဘီတီ ဦးဘတင်ရိုက်တဲ့ကားလို့တောင် ထင်ပါတယ်။ သေချာတာတော့ မဟုတ်ဘူး။

အဲဒီရုပ်ရှင် ပေါ်စခေတ်က ရုံဝင်ခက ဒီ/– တန်း၊ ဂါတန်း၊ ငှဲတန်းနဲ့ ၂ ပဲတန်းပါ။ ၂ တန်းက ရှေ့ဆုံးကခုံရှည်တွေ တန်းစီပြီး ခင်းထားတယ်။ ခုံရှည်တွေ ရှေ့မှာက ဖျာတွေ ခင်းထားပါသေးတယ်။ ခုံရှည်တွေပြည့်လို့ ထိုင်စရာမရှိရင် ဖျာပေါ်ထိုင်ဖို့ပေါ့။

အမေတို့အိမ်က တောကညွှံသည်အလွန်လာတတ်တယ်။ မြန်မာညွန့်ရုံက အမေတို့အိမ်နဲ့ တစ်ပြဲဝေးတာ။ အဲဒီတော့ ရုပ်ရှင်မကြည့်ဖူးတဲ့ တောညွှံသည်ကို ရုပ်ရှင်လိုက်ပြရတဲ့တာဝန်က အများအားဖြင့် အမေ့တာဝန်။ သူတို့တစ်အုပ်ကြီး မြန်မာညွန့်ရုံကို ခေါ်သွား။ ၂ တန်းက ပြတော့ ကြည့်ရသူတွေက ရှေ့ဆုံးကနေရာရတာမို့ ကျေနပ်လို့။ မကျေနပ်တာက အမေလေ။ ကိုယ်က ဟန်လုပ်ချင်တော့ ၂ တန်း ဝင်ရတာကို ရှက်တယ်။ နို့ပေမယ့် မကြာမကြာ လိုက်ပြရတော့လည်း အပေါက်စောင့် ကိုချစ်တီးနဲ့ အသိဖြစ်ပြီး နောင်တော့ ထမင်းမလောက်လို့ ရုပ်ရှင်ရုံနားက ထမင်းဆိုင်က ထမင်းဝယ်သွားရတဲ့အခါ ကိုချစ်တီးက အလကားဝင်ကြည့်သွားဦးလို့ အမေ့ကို ခေါ်ပါတယ်။ အိမ်က ထမင်းစားမယ့်လူတွေ စောင့်နေလို့ မကြည့်အားရင်သာပါ၊ မဟုတ်လို့ကတော့ ကိုယ့်အနေနဲ့ အလကားဝင်ကြည့်လို့ ရနေတာပဲ။

ဟိုတုန်းက ငှဲ တန်း၊ ဂဲတန်းက လူအများဆုံး အတန်းတွေပါ။ ဒီ/ တန်းကတော့ ကြည့်သူ နည်းပါတယ်။ အဖေနဲ့ကြည့်တဲ့အခါတော့ ဒီ/တန်းပေါ့။ ဒါပေမယ့် ငွေ ဒီ/–ပေးပြီး သားအဖ ၃ ယောက် ကြည့်ကြတာပဲ။

မေတ္တာနဲ့ အသူရာကားကို ကောင်းကောင်း မမှတ်မိဘူး။ တောမြိုင်ဖွန်းက လွမ်းအောင်ဖန်တို့ မှိုင်းဝေဝေတို့ကျတော့ တစ်ကားကို တစ်ခါမက ကြည့်ရတယ်။

အဲဒီရုပ်ရှင်တွေ ခုနယ်ပြန်ကြည့်ရရင် ဘယ်လိုများ နေမယ်မသိ။ ငယ်ငယ်တုန်းက ထိထိခိုက်ခိုက် ဖြစ်ခဲ့ရတာတွေကို ပြန်ပြီး ရယ်ချင်နေမလား မပြောတတ်ဘူး။ နှစ်တွေ၊ ခေတ်တွေ၊ အချိန်တွေ၊ ကာလတွေက ရွှေ့လျား ပြောင်းလဲနေတာကိုး။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၂၃၊ ၁၉၉၅ မေ

“
... စီးကရက်များဆိုရင် သူ့အကျိုးသက်ရောက်မှုက သောက်သူတွေရဲ့ ကျန်းမာရေးကို သေသေချာချာ ထိခိုက်စေပါတယ် ဆိုတာကို ဘယ်သူကမှ မငြင်းပယ်နိုင်ပါဘဲနဲ့ အမေတို့နိုင်ငံထဲမှာ ပြည်တွင်းကနေပြီး စီးကရက် စက်ရုံအသစ်တွေကလည်း တည်လိုက်ကြ၊ ထုတ်လုပ်လိုက်ကြတာ။ ပြည်ပကနေပြီးတော့လည်း စင်္ကာပူတို့၊ အင်ဒိုနီးရှားတို့က စီးကရက် စက်ရုံကြီးတွေ တို့နိုင်ငံမှာ လာပြီး တည်ထောင် လာကြပြန်သတဲ့။ .....

## သဘင်နဲ့ အရပ်သူ ကွဲပြားရတယ်၊ တီဗွီကြော်ငြာ

ဒီအပတ်တော့ သမီးမိန်းကလေးတွေကို စူးစူးစိုက်စိုက် အမေပြောချင်တာကလေးတွေ ရေးမယ်နော်။

အမေတို့ အမျိုးသမီးတွေဟာလေ၊ အာရှက ဘယ်အမျိုးသမီးတွေနဲ့မှ မတူဘဲ လွတ်လပ်တဲ့ လူ့အခွင့်အရေးတွေရှိတယ်။ အဲ တို့အမျိုးသမီးတွေဟာ အမျိုးသားတွေနဲ့ တန်းတူအခွင့်အရေးရှိပေမယ့် တို့မှာ ယောကျ်ားနဲ့မိန်းမ ဆိုတဲ့ ခွဲခြားမှုနဲ့ ဘီလူးစည်း လူ့စည်းဆိုတာတော့ ရှိတယ်။ တို့မိန်းမတွေမှာ မိန်းမမို့ဆိုပြီး စောင့်စည်းရတဲ့ကိစ္စတွေ ရှိတယ်။ ဒီအထဲမှာ အရေးကြီးဆုံးကိစ္စကတော့ မိန်းမဟာ မိန်းမဣန္ဒြေကို စောင့်စည်းရမှပေါ့။ "မိန်းမတန်မဲ့" ဆိုတဲ့ စကားအသုံးအနှုန်းဟာ မိန်းမဖြစ်ပါရဲ့နဲ့ မလုပ်သင့် မလုပ်အပ်တာကို လုပ်လေတိုင်း သုံးတဲ့စကားလေ။

ဒီခေတ် မိန်းမငယ်တွေအနေနဲ့ စွမ်းဆောင်ချက်တွေ ရှိပါတယ်။ ဒါပေမယ့် အမေတို့ငယ်ငယ်ကနဲ့မတူ ကွဲပြားခြားနားမှုကလေးတွေလည်း ရှိတယ်။ ဥပမာ ဆိုပါတော့ ကလေးမကလေးတွေ လှချင်ပချင်မှုဟာ ဟိုအမေတို့ခေတ်ကနဲ့မတူဘဲ အများကြီး တိုးတက် မြင့်မားလာတယ်။

အဲဒါဟာ အတုမြင် အတတ်ရတဲ့ကိစ္စလည်း ပါတယ်။ သဘင်နဲ့အရပ် ကွဲပြားခြားနားမှု နည်းပါးသွားတာလည်း ပါတယ်လို့ အမေတော့ ပြောချင်တယ်။

ဟိုရှေးတုန်းကတော့ လူ့အဆင်အပြင် အခြယ်အသမှာ သဘင်သည်နဲ့အရပ်သူများရဲ့ ကွဲပြားခြားနားမှုက တော်တော်ကြီးပါတယ်။ သဘင်သည်က သူတို့လှဖို့ပဖို့ ဘာလုပ်လုပ် လုပ်လို့ရတယ်။ သဘင်သည်မဟုတ်တဲ့ အရပ်သူတွေအနေနဲ့တော့ သဘင်သည်ကိုတုပြီး ခြယ်သမှုမျိုး မတုလေ့ကြဘူး။ သဘင်သည်ကတော့ လှအောင် ပြင်တာ သူတို့အသက်မွေးမှုပေကိုးလို့ အမေတို့လူ့ဘောင်က ခွင့်ပြုထားပြီး သဘင်သည် မဟုတ်တဲ့ အရပ်သူများက သဘင်သည်နီးပါး ဖြီးလိမ်း ဝတ်စားပြင်ဆင်ရင် အချင်းချင်း က ကဲ့ရဲ့သဂြိုဟ် စကားတင်းဆိုတယ်။ ဖြီးလိမ်းထားလိုက်တာ မင်းသမီးကျနေတာပဲလို့လည်း လက်တို့ပြီး မေးငေါ့တတ်တယ်။ ခုခေတ်မှာတော့ အရပ်သူ မိန်းကလေးတွေက အဆိုတော်တွေ၊ ရုပ်ရှင်မင်းသမီးတွေ၊ ဗွီဒီယိုမင်းသမီးတွေ စတဲ့ စတဲ့ သဘင်သည်တွေ ဖြီးလိမ်းဝတ်စားတာကို အစွမ်းကုန် လိုက်တုပြီး ဖြီးလိမ်းဝတ်စား လိုသူက အများစုများ ဖြစ်နေပြီလားတောင် မပြောတတ်တော့ဘူး။ ဟိုတုန်းကတော့ ဖြီးလိမ်းဝတ်စားထားပုံ ကြည့်ရုံနဲ့ သဘင်သည်လား၊ အရပ်သူလား ခွဲခြားပြောနိုင်တယ်။ ခုခေတ်တော့ ခွဲမရဘူး။

အမေရယ် မိန်းကလေးမို့ လုပ်ချင်တာ၊ လုပ်ဖို့ကြိုးစားတာ အပြစ်ရှိပါသလားလို့ သမီးတို့က မေးချင်လိမ့်မယ်။ အပြစ်မရှိဘူးလို့တော့ ပြောရင် ရချင်ရမှာပေါ့။ ဒါပေမယ့် သဘင်သည်တွေလုပ်ဖို့ပဖို့ ကြိုးစားကြတာ ငွေကုန်ကြေးကျခံရ ဝတ်စားဆင်ပြင်ကြတာက သူတို့အသက်မွေးဝမ်းကျောင်းအတွက် လိုအပ်လို့ မလုပ်ရင်မဖြစ်လို့ လုပ်ကြရတာ။ တို့အရပ်သူကလေးတွေက သူတို့လို လုပ်သထက်လုပ်ဖို့ ငွေတို့ အချိန်တို့ လုပ်အားတို့ ဒါလောက်အကုန်မခံသင့်ဘူးပေါ့။ ကိုယ့်မှာက လှရုံနဲ့ချည်း ကိစ္စကပြီးတာမှ မဟုတ်ဘဲ။ ပညာရှာဖို့၊ ဥစ္စာရှာဖို့တွေက ငွေတွေ၊ အချိန်တွေ၊ လုပ်အားတွေ အများကြီး ပေးရဦးမှာ ဟုတ်လား။ ဒါကြောင့် အမေတို့ လူ့အဆောက်အအုံမှာ ဘီလူးစည်း လူ့စည်းဆိုတာ ရှိကြတာ။ ကိုယ့်အတိုင်းအတာနဲ့ကိုယ် လှုပ်ရှားကြရတယ်လို့ အမေ ဖောခဲောကပြောတာပေါ့။

ပြီးတော့ တီဗွီဖန်သားပြင်ပေါ်ကနေပြီး ကုန်ပစ္စည်းကြော်ငြာပေးရတဲ့ သမီးကလေးတွေကိုလည်း အမေ နည်းနည်းပြောချင်တယ်။ ငါ့သမီးတို့တာဝန်က ကိုယ်ကြော်ငြာပေးရတဲ့ပစ္စည်း ဝယ်သူများများရှိဖို့ဆိုတာ အမေနားလည်ပါတယ်။ တီဗွီဖန်သားပြင်မှာ ကုန်ပစ္စည်းကြော်ငြာတွေ အခြားနိုင်ငံတွေက တခြားလူမျိုးတွေက ကြော်ငြာနေတာများကိုလည်း အမေတို့ တွေ့နေမြင်နေရတာပဲ၊ အမေတို့သမီးလေးတွေ တချို့ကြော်ငြာပေးရတာက နည်းနည်းများ အလှပျက်သလားလို့။ တို့မှာ မြန်မာ မိန်းကလေးတွေဆိုတာ ပိုက်ဆံပေးနိုင်းရင် ဘာဖြစ်ဖြစ် လုပ်ပြတာပဲလို့ သူများထင်မှာ စိုးလို့ အမေက ပြောရတာပါ။ ဈေးကွက်စီးပွားရေးလုပ်လိုက်ပြီဆိုတော့ တိုင်းတပါးက စီးပွားရေးသမားတွေက အမေတို့နိုင်ငံထဲ အလုံးအရင်းနဲ့ လိုမ့်ဝင်လာကြဖို့ တာစူနေကြတာလေ။ ဒီလူတွေက အမေ့သမီးလေးတွေကို သူတို့ကုန် ကြော်ငြာပေးဖို့ ဘာခိုင်းခိုင်း ရတယ်လို့ထင်နေမှာ အမေက သိပ်စိုးတယ်။ တို့မြန်မာမတွေမှာ မိန်းမဣန္ဒြေဆိုတာ ရှိတယ်နော်။ အဲဒါ ရွှေပေးလည်း မရဘူး၊ ဘာပေးလို့မှ မရဘူးဆိုတာမျိုး အမေက ဖြစ်စေချင်တယ်။

မိကောင်းဖခင်သားသမီးကလေးတွေ သူတို့အတိုင်းအတာနဲ့သူတို့သာ လုပ်ပေးနိုင်မှာပေါ့လို့ ဖြစ်ရမယ်လေ။ ပြီးတော့ သမီးတို့ တစ်ခုသတိရဖို့ကောင်းတာက ကိုယ်က မျက်စိမှိတ်ပြ၊ မျက်စပစ်ပြနေတဲ့ တီဗွီကို သမီးတို့နဲ့ရွယ်တူတွေကချည်း ကြည့်နေတာမဟုတ်ဘူးနော်။ အဖေတို့ အမေတို့ အစ်ကိုတို့ မောင်တို့နဲ့အတူ သမီး အိမ်က ဆွမ်းချိုင့်ကြီး နေ့တိုင်းပို့လှူနေရတဲ့ ဆရာတော်ကြီးလည်း ကြည့်ချင် ကြည့်နေမှာ။

အမေသတိရတာတစ်ခု ပြောဦးမယ်နော်။ ရှေးရှေးတုန်းကတဲ့ လူသေရင် အခုလို မသင်္ဂြိုဟ်ရဘူးတဲ့။ လူသေကို ခေါင်ရမ်းပန်းတစ်မွှင့် ထိပ်မှာ စိုက်ပေးလိုက်ရင် လူသေက သူ့ဖာသာ တွင်းရှိရာ ထသွားရောတဲ့။ အဲဒါ မြန်မာဒဏ္ဍာရီပေါ့ကွယ်။ တကယ်တော့ ဘယ်ဟုတ်နိုင်ပါ့မလဲ။ ဒါပေမယ့် အမေပြောချင်တာက ခေါင်ရမ်းပန်း ဆိုတာ အထွတ်အမြတ်ပန်းလို့ မသတ်မှတ်ဘူးဆိုတာကို သိစေချင်တာပါ။ သမီးတို့

မကြားဘူးတာကို အမေက ပြောပြတာ။ သမီးလေးတစ်ယောက်က တစ်ပွင့်တည်း ပန်ချင်တယ်ဆိုပြီး ခေါင်ရမ်းပန်းကလေး ရမ်းပြနေတာတွေ့လို့ အမေ သတိပေးတာ။ ခေါင်ရမ်းပန်းဆိုတာ လူသေမှ ပန်တဲ့ပန်းတဲ့ကွဲ့။

တီဗွီကြော်ငြာအကြောင်းရေးတော့ မင်းသားလေးတွေနဲ့ မင်းသမီးလေးတွေ ကြော်ငြာပေးတာနဲ့ပတ်သက်ပြီးတော့လည်း အမေပြောချင်တယ်။ ငါ့သားတို့ သမီးတို့က ခေတ်လိုက်မင်းသား မင်းသမီးလေးတွေ ဟုတ်လား။ ရုပ်လည်းရှိ အရွယ်လည်းရှိ ပရိသတ်လည်းရှိတဲ့လူတွေ။ ပရိသတ်ရှိတယ်ဆိုတာ ငါ့သားတို့ သမီးတို့ကို ချစ်နေကြိုက်နေတဲ့ ရုပ်ရှင်၊ ဗွီဒီယိုကြည့် ပရိသတ်ကြီး အကြီးကြီးရှိတာကို ပြောတာပါ။

ငါ့သားတို့က ငွေရလို့ စီးကရက်ကြော်ငြာတွေ၊ ဘီယာ၊ အရက်ကြော်ငြာတွေကို ကြော်ငြာပေးနေကြတော့ အမေက စိတ်ဆင်းရဲလိုက်တာ။ မင်းတို့ကြော်ငြာပေးနေရတာရဲ့ သက်ရောက်မှု အတိုင်းအတာကို သားတို့ သမီးတို့ သတိထားစေချင်လိုက်တာ။ မင်းတို့မှာ ပရိသတ်ကြီး ရှိလို့ပါ။ နောင်တော့ ပြောစမှတ်ကြီး ဖြစ်လို့နေမှာပေါ့ကွယ်။ ဘာဖြစ်ဖြစ် ပိုက်ဆံရပေမယ့် မလုပ်သင့်တာတွေလည်း ရှိတယ်နော်။

စီးကရက်များဆိုရင် သူ့အကျိုးသက်ရောက်မှုက သောက်သူတွေရဲ့ ကျန်းမာရေးကို သေသေချာချာ ထိခိုက်စေပါတယ် ဆိုတာကို ဘယ်သူကမှ မငြင်းပယ်နိုင်ပါဘဲနဲ့ အမေတို့နိုင်ငံထဲမှာ ပြည်တွင်းကနေပြီး စီးကရက်စက်ရုံအသစ်တွေကလည်း တည်လိုက်ကြ၊ ထုတ်လုပ်လိုက်ကြတာ။ ပြည်ပကနေပြီးတော့လည်း စင်္ကာပူတို့၊ အင်ဒိုနီးရှားတို့က စီးကရက်စက်ရုံကြီးတွေ တို့နိုင်ငံမှာလာပြီး တည်ထောင်လာကြပြန်သတဲ့။ ဗြိတိန်က၊ အမေရိကန်က စတဲ့ စီးကရက် လိပ်ပြီးတွေကလည်း တံဆိပ်မျိုးစုံနဲ့ ဝင်လိုက်တာ။ ကြော်ငြာလိုက်ကြတာ။ စီးကရက်များတော့ တို့နိုင်ငံမှာ ဖောခြင်းသောခြင်း သောက်ချင်တိုင်း သောက်ရော့ ဆိုတဲ့ ကိန်းပဲ။ ပြီးတော့မှ အဆုတ်ကင်ဆာတို့၊ နှလုံး ရောဂါတို့ စတဲ့ ရောဂါကြီးတွေ တို့လူငယ်တွေမှာ ဖောခြင်းသောခြင်း ဖြစ်ကြရမယ့် အနေအထားမို့ ပရိသတ်ကြီးတဲ့ သားတို့ သမီးတို့အနေနဲ့ ကုန်ပစ္စည်းကြော်ငြာကို ကြည့်ပြီး လက်ခံစေချင်တယ်။ အကျိုးသက်ရောက်မှုကို စဉ်းစားပြီး တွေးပြီး လက်ခံကြပါ။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၂၉၊ ၁၉၉၅ နိုဝင်ဘာ

"
... ဝယ်တင်တဲ့ ပုံစံကလည်း တရုတ်ကုန်သည်တွေ တစ်ယောက် တစ်မျိုး ကောင်းနိုးရာရာ လုပ်ကြ တယ်ထင်ပါရဲ့။တချို့က သရက်သီး ပေါ်မှဝယ်တယ်။ တချို့က သရက်ခြံ ကို အကင်းကင်းစမှာ ခြံလိုက်ဝယ် တယ်။ စတင်တဲ့ တမြန်နှစ်က သရက်သီးသည်တွေ သိပ်မြတ်ကြ သတဲ့။ မနှစ်ကတော့ ခွက်ခွက်လန် ရှုံးကြသတဲ့။ .........

## မန္တလေး သရက်

အမေတို့ မန္တလေးမှာ သရက်သီးပေါ်တော့မယ်ဆိုရင် အမေတို့လို လူအို လူမင်းတွေက ထမင်းကို ဟင်းနဲ့မစားဘဲ သရက်သီးကလေးနဲ့ စားချင်စိတ်တွေ ပေါက်နေကြပြီ။ ပြီးတော့ သရက်သီး မပေါ်ခင် တပို့တွဲတပေါင်းမှာ သရက်ဖူးနဲ့ သရက်ကင်းက စပေါ်တယ်မှတ်လား။ အဲဒီတော့ သရက်ကင်းနဲ့ ထမင်းမြိန်ပေမယ့် သရက်ကင်းပေါမှာကို သရက်သီးကြိုက်သူတွေက စိုးရိမ်တယ်။ ဘာလို့လဲဆိုတော့ ရေးတုန်းက သရက်ကင်းဟာ ခူးရောင်းတာကနည်းပြီး လေပြင်းကျလို့ ကြွေတာကို ကောက်ရောင်းတာက များတာကိုး။ သရက်မျိုး ညံ့မှ အကင်းခူးတယ်။ မျိုးကောင်း သရက်က အကင်းကို ဘယ်သူမှ မခူးဘူး။ အဲဒီတော့ သရက်ကင်းတွေ သိပ်ပေါလာရင် ဒီနှစ် သရက်သီးရှားတော့မယ်၊ လေကြွေတွေ သိပ်များနေပြီလို့ စိုးရိမ်တယ်လေ။

သရက်ပင်ဆိုတာ သရက်ခြံကြီးတွေထဲမှာ ရှိတာ။ ရှေးက ခြံကို လူစောင့်ထားတဲ့ ထုံးစံလည်း မရှိဘူး။ တစ်ခြံနဲ့တစ်ခြံ ထိစပ်နေကြပြီး သူ့ခြံ ကိုယ့်ခြံ ဖျက်လိုဖျက်ဆီး မလုပ်ကြဘူး။ စစ်ပြီး ဒီဘက်ရောက်တော့ လူတွေရဲ့ စီးပွားရေးတွေ နိမ့်ကျကုန်ပြီး စာရိတ္တတွေက ပျက်လာကြတော့၊ တောမှာ သူများခြံထဲက အသီးအပင်တွေကို ဝင်ပြီး ခိုးကြ၊ ယူကြ၊ ဆွတ်ကြတာတွေ လုပ်လာကြတယ်။

-အမေတို့ မန္တလေးမှာ စားရတဲ့ သရက်သီး ထွက်ကြတဲ့ သရက်ခြံတွေက ဒုဋ္ဌဝတီလို့ခေါ်တဲ့ မြစ်ငယ်မြစ်ရဲ့ ဝဲယာမှာ ရှိတယ်။ ဒုဋ္ဌဝတီမြစ် ရှမ်းပြည်နယ်က စီးဆင်းလာတော့ ရွှေစာရံလောက်ကစပြီး မြစ်ကမ်းပါး ဝဲယာမှာ သရက်ခြံတွေ ထိစပ်နေလိုက်တာ အင်းဝတံတားဦးဘက်မှာ ဧရာဝတီထဲဒုဋ္ဌဝတီမြစ်ငယ်မြစ် စီးဝင်သွားတဲ့အထိပါပဲ။

သရက်ပင်က မိုးနည်းပြီး တောင်ပေါ်ရေကို ကြိုက်တယ်ထင်ပါရဲ့။ မြစ်ငယ်မြစ်ရဲ့ ဝဲယာကခြံတွေမှာ သရက်တို့၊ သံပရာတို့ကို အဓိကထားပြီး စိုက်ကြတာပဲ။

ဒါကြောင့် ရှေးက ဘုရင့်ဥယျာဉ်တော်၊ နန္ဒဝန်ဥယျာဉ်ဟာလည်း ဒီခြံတွေ ကြားထဲမှာ ရှိတာပဲ။ ဘုရင်က သူ့လာဆက်ပြီး တကယ်ကောင်းတဲ့ သရက်၊ သူကြိုက်တဲ့ သရက်မျိုးတွေကို သူ့ဥယျာဉ်တော်မှာ စိုက်စေတယ်။ နောက်ပြီး ဆက်လာတဲ့လူရဲ့နာမည်တွေကို သရက်နာမည်အဖြစ် ပေးတတ်တယ်။ ဘုရင်တွေ မရှိတဲ့နောက်မှာတော့ ဥယျာဉ်တော်ထဲကမျိုးတွေကို ဆင်းရဲသားခြံတွေက အကြောင်း အပေါင်းသင့်ရာ တောင်းစိုက်ကြတော့ သရက်မျိုးကောင်းတွေ တခြားခြံတွေထဲလည်း ရောက်ကုန်တာပေါ့။

ဒါကြောင့် အဲဒီခြံတွေကလာတဲ့ သရက်သီးတွေ ရာသီတိုင်လို့ မန္တလေး ရောက်လာတဲ့အခါ မန္တလေးသရက်အဖြစ်နဲ့ ရောင်းကြ ဝယ်ကြတာပဲ။ ကြုံလို့

ပြောရဦးမယ်၊ ရန်ကုန်မှာ ရောင်းချနေတဲ့ 'မန္တလေးရင်ကွဲ' ဆိုတဲ့ သရက်သီးကတော့ မန္တလေးသရက် မဟုတ်တာ အသေအချာပဲ။ မန္တလေးမှာ အဲဒီသရက်သီးမျိုး အရင်က လုံးဝမရှိခဲ့ဘူး။ အမေက 'မန္တလေးရင်ကွဲ' ဟာ မန္တလေးသရက် မဟုတ်ဘူးလို့ ဘာလို့ပြောသလဲဆိုတော့ မန္တလေးက အဲဒီလိုနာမည်မျိုးလည်း ဘယ်တော့မှ မမှည့်လေ့ဘူး။ ဒီလိုအနံ့အရသာနဲ့ ဒီလိုအရောင်အဆင်းလည်း မန္တလေးက မထွက်ဘူး။ ခုတော့ အဲဒီရင်ကွဲသရက်ဟာ အသီးရက်စက်တယ်ဆိုလို့ မန္တလေးနားက သရက်ခြံတွေမှာ ယူစိုက်နေပြီ။ ခု ၃ နှစ်လောက် ရှိပြီ။ သီးတဲ့အခါ ဟုတ်တယ်၊ အများကြီးသီးတယ်၊ အသွေးအရောင်ကတော့ ရန်ကုန်ဘက်ကနဲ့ မတူတော့ဘူး၊ သူက အညာဘက်မှာ ဝါရောင်နီရောင်သမ်းလာပြီး မိုးကြောင့် ပျစ်ခွဲထားတဲ့ အမည်းကွက်တွေလည်း မပါတော့ဘူး။ အနံ့နဲ့အရသာလည်း ရန်ကုန်ရင်ကွဲထက် ပိုကောင်းလာတယ်။ အလုံးတော့ ရန်ကုန်ဘက်ကလို မကြီးဘူး။ သူက သေးသွားတယ်။

သရက်သီးဆိုတာ မှည့်ရင် ချိုတာချည်းပဲ။ ဒါပေမယ့် ခွဲပြီး တစ်ခုနဲ့တစ်ခု အတူတူယှဉ်စားကြည့်မှ ဘယ်သရက်က ဘယ်လောက်ကောင်းတယ်၊ ဘာကြောင့် ကောင်းတယ်ဆိုတာ သိနိုင် သဘောပေါက်နိုင်တာပါ။ မဟုတ်လို့ သူ့ချည်းတစ်မျိုးတည်း စားနေရရင် ဘယ်သရက်ဖြစ်ဖြစ် ကောင်းတာချည်းပါပဲ။ ဒါကြောင့် သရက်သီး မထွက်တဲ့နိုင်ငံတွေက သရက်သီးကို အလွန်ကြိုက်ကြ ဈေးကြီးပေးပြီး ဝယ်စားကြတာပေါ့။

သရက်သီးဟာ အရသာအနေနဲ့ ချိုရမယ်လို့ ယေဘုယျသတ်မှတ်လိုက်တော့ မှည့်တဲ့သရက်မှန်ရင် ချိုတာချည်းပဲ။ ဒါပေမယ့် ယှဉ်စားလိုက်တော့ လေးလေးပင်ပင် ချိုတာ၊ ခါးသက်တဲ့အထိ ချိုတာ၊ ပေါ့ချိုတာ၊ အချဉ်ဓာတ်ကလေးနည်းနည်းစွက်ပြီးချိုတာ စသဖြင့် လျှာက သိလာ စကားပြောလာပါတယ်။ အဲဒီအထဲမှာ လေးလေးပင်ပင်နဲ့ နှစ်နေအောင် ချိုတဲ့သရက်က အကောင်းဆုံးပေါ့။ ဒါပေမယ့် တချို့လျှာကတော့လည်း ချိုတယ်ဆိုတာ အချဉ်ဓာတ်ကလေး နည်းနည်းပါမှ ချိုတဲ့အရသာ ပြည့်စုံတယ်လို့ ပြောကြပါသေးတယ်။ အဲဒီလို လူများက မန္တလေးနက်တဲ့ချောချောနဲ့ ပလူအိုက်သရက်မျိုး ကျကျနနမှည့်တာကို ကြိုက်ကြတယ်။ မမှည့်ရင် ဒီသရက်တွေက ချဉ်တဲ့အရသာ သိပ်ကဲနေလိမ့်မယ်။ နက်တဲ့နဲ့ ပလူအိုက်ယှဉ်လိုက်တော့ ပလူအိုက်က အသီးကြီးတယ်၊ အသားပေါတယ်၊ နက်တဲ့လောက် ပိုးမဝင်လွယ်ဘူး။ ဒါကြောင့် ပလူအိုက်ကို နက်တဲ့ မယှဉ်နိုင်ပြန်ဘူး။

သရက်သီးကောင်းဆိုတာ အကြောအမျှင် ကင်းရတယ်။ တချို့သရက်က ဘယ်လောက်ချိုချို၊ အမျှင်တွေ သိပ်များတော့ သရက်ကောင်း မဖြစ်လာဘူး။ တောသရက်ပဲ။

ပြီးတော့ သရက်သီးမှာ အရသာအပြင် အနံ့ကလည်း စကားပြောပါသေးတယ်။ သရက်ညှို့ရင် တောစော်နံ့တယ်။ ဘာနံ့မှ မရှိတဲ့ သရက်က တောစော်နံ့တဲ့သရက်ထက် ပိုကောင်းတယ်။ ဒီထက်ကောင်းတဲ့ သရက်က အလွန်ထူးထူးကဲကဲ မွှေးတဲ့အနံ့ ရှိပါတယ်။ အမေတို့ ကြုံဖူးတွေ့ဖူးစားဖူးသမျှထဲ မြန်မာဘုရင်များကို ဆက်ရတဲ့ သရက်အမျိုးဖြစ်တဲ့ 'ပင်တော်လေး' သရက်ဆိုတာ အနံ့က သိပ်မွှေးပါတယ်။ အခန်းထဲမှာ ဒီသရက်သီး ထည့်ထားရင် အခန်းထဲဝင်တာနဲ့ သရက်နံ့ ရပါတယ်။

'ပင်တော်လေး' သရက်က လူတိုင်းတော့ မစားဖူးပေဘူး။ ကောင်းတော့ တကယ်ကောင်းတဲ့ သရက်ပါ။ အသီးအရွယ်က အောင်ဒင်သရက်လောက်ပဲ ရှိပါတယ်။ အကြီးစား မဟုတ်ဘူးပေါ့။ အသီးရောင်က ပန်းသီးလို နီရဲနေပါတယ်။ အနံ့ကလည်း အဝေးကနေတာနဲ့ မွှေးတယ်။ အသားခွဲလိုက်ရင် အရောင်က သရက်သီးပေမယ့် အဝါရောင် မနေဘူး။ အရောင်တောက်နေတဲ့ အဝါ၊ အကြောအမျှင် လုံးဝမရှိ။ စားလိုက်ရင် လေးလေးပင်ပင် ချိုပြီး အိနစ်နေတဲ့အတွေ့။ အခွံကလည်း ပါးပါးကလေးရယ်။

ဒီသရက်ဟာ ဥယျာဉ်တော်အထဲမှာ လုံးပတ် ယောက်ျား ၃ ယောက်ဖက်လောက်ရှိတဲ့ အပင်ကြီးက သီးတာ။ *ပင်အိုမို့ အသီးက သိပ်များများ မသီးတော့ဘူး။* ဒါတောင် တချို့လူတွေက ဒီအပင်ဟာ ဘုရင်စိုက်ခိုင်းခဲ့၊ စားတော်ဝင်ခဲ့တဲ့အပင် မဟုတ်ဘူး။ အဲဒါက သေသွားပြီ၊ ဒါက အပင်သစ်လို့ ပြောကြပါတယ်။ ဟုတ်နိုင် မဟုတ်နိုင်တော့ ရက္ခဗေဒသမားတွေကမှ သိမှာပါ။

သရက်သီးမှာ မွှေးတဲ့အဆင့်အထိ ကောင်းတဲ့သရက်က အလွန်ရှားပါတယ်။ အချိုလေးတယ်၊ အကြောအမျှင်ကင်းတယ်၊ အနံ့သင်းတယ်၊ အသားပေါတယ်ဆိုရင် သရက်ကောင်းလို့ ခေါ်ရတာပါပဲ။

အောင်ဒင်သရက်ဟာ မန္တလေးမှာ အစောဆုံးပေါ်ပြီး သိပ်ချိုတဲ့သရက်မို့ နာမည်ကြီးပါတယ်။ ဒါပေမယ့် အောင်ဒင်ဟာ ပေါ်တာ စောလို့သာ အဖိုးတန်တာ၊ သူက အလုံးသေးပြီး အစေ့ ကြီးတယ်၊ ဒါကြောင့် အသားပါးလို့ ပထမတန်းစား မဝင်ဘူး၊ ဘာပဲဖြစ်ဖြစ် ပေါ်တာက အစောဆုံးနဲ့ အချိုလည်း လေးတော့ ပေါ်ဦးပေါ်ဖျား သရက်မို့ အောင်ဒင် – အောင်ဒင်နဲ့ နာမည်ကြီးရပါတယ်။ အောင်ဒင်ရဲ့နောက်ပိုင်းမှာ ပေါ်လာတဲ့ 'စံရ' ဆိုတဲ့ သရက်လည်း ချိုပါရဲ့၊ အလုံးကတော့ သေးသေးပဲ။

သရက်ဟာ အပေါ်စောရင်လည်း ဈေးကောင်းရတယ်။ အပေါ် သိပ်နောက်ကျရင်လည်း ဈေးကောင်းရတယ်။ သူများတွေပေါ်ပြီးလို့ တုံးသလောက်ရှိမှ ပေါ်လာရင် အဲဒီသရက် ဈေး ကောင်းရတာပဲ။

မတ္တရာက သရက်သီးတစ်မျိုး ထွက်တယ်၊ ဆင်ပေါင်သရက်တဲ့။ သူတို့က သီးလာရင် အိတ်စွပ်ပေးတာ။ ဒါကြောင့် သီးလုံး ချောတယ်။ မတ္တရာခြံတွေက ရေကောင်းတော့ အသီးလည်း ကြီးတယ်။ ဒီသရက်ဟာ ချိုတယ်လို့ နာမည်ကြီးတဲ့ သရက်တွေထဲပါတဲ့အပြင် အပေါ်နောက်ဆွဲတော့ ဈေးကောင်းရတာပေါ့။ မတ္တရာ ဆင်ပေါင်ဟာ သရက်ကောင်း စာရင်းဝင်ပဲ။

မန္တလေးမှာ သရက်ပေါ်တဲ့ အလယ်ရာသီမှာ နာမည်ကြီးတဲ့သရက်တွေကတော့ ဂေါင်ချိုး၊ ဟသာ်၊ နက်တဲ့၊ ပလူ၊ မစောရင်၊ ဦးချစ်ထွန်း၊ ကြည်ဝင်း၊ ငှက်တော်၊ စိန်တစ်လုံး၊ ပုစွန်တုပ်၊ ဦးမေဒီယ ဆိုတာတွေပေါ့။ ဒါတွေက ရန်ကုန်ဘက်ထိ ရောက်ချင်မှ ရောက်မယ်။ ဆင်ပေါင်တို့၊ ဂေါင်ချိုးတို့က ရောက်မယ်ဆိုရင် ရောက်နိုင်သေးတယ်။ နာမည်ကြီးတဲ့ သရက်က အထွက်နည်းပြီး အနတ်အသိမ်း များတာကိုး။

အမေတို့ငယ်ငယ်ကတော့ သရက်သီးဆိုတာ မန္တလေးမှာ ပေါတဲ့အသီးပါ။ တစ်ရာမှ ၃ ကျပ်၊ ၄ ကျပ်၊ ၅ ကျပ် ဆိုတာမျိုးပေးရတာ။ စားကြ၊ လက်ဆောင်ပေးကြ၊ ဆွမ်းလောင်းကြပေါ့။ အမေတို့ တော်တော်ကြီးမှကိုပဲ သရက်သီးက အရှားကြီး မဟုတ်သေးဘူး။ ရန်ကုန်က မိတ်ဆွေတွေဆီကို သရက်သီး လှိုင်လာရင် တောင်းကြီး

တောင်းငယ်နဲ့ ဝယ်ပြီး မီးရထားက တင်ပို့လိုက်တာပဲ။ ရန်ကုန်ရောက်တော့ ဝင်းမော်ဦးကိုတင်မောင်က ရွေးယူပြီး ဘယ်အိမ် ဘယ်နှစ်လုံး လိုက်ပို့တာပဲ။

အဲဒီလို သရက်သီး မပို့နိုင်တာ ခုတော့ ကြာပြီ။ (၁) သရက်သီးက ဈေးကြီးလာတယ်၊ (၂) မီးရထားက ပါဆယ်နဲ့ ပို့တာ၊ လူမသမာတွေက ဖောက်ပြီး နှိုက်ကြ၊ စားကြလို့ ရန်ကုန်ရောက်တော့ ပါလေကာပဲ ရှိတော့တယ်။ ဒါကြောင့် သရက်သီး မပို့နိုင်တော့ဘူး။

ရန်ကုန်ဘက်တွေမှာ အမေတို့စားဖူးတဲ့ မချစ်စု၊ သလပ်ဖက်၊ တံစုမြိတ်၊ မန္တလေး ရင်ကွဲဆိုတဲ့ သရက်တွေထက်တော့ မန္တလေးသရက်တွေက ပိုကောင်းတာကိုး။ အဲဒီတော့ စားရတဲ့မိတ်ဆွေတွေက သိပ်သဘောကျတာပေါ့။

သရက်သီးဈေးကြီးရတဲ့အကြောင်းကတော့ တခြားကုန်ဈေးနှုန်းတွေနည်းတူ ဈေးတက်တာမျိုးအပြင် မန္တလေးသရက်ကို တရုတ်ပြည်ဘက် ဝယ်တင်နေလို့ သိပ်ဈေးကြီးလာတာပါ။

ဝယ်တင်တဲ့ ပုံစံကလည်း တရုတ်ကုန်သည်တွေ တစ်ယောက်တစ်မျိုး ကောင်းနိုးရာရာလုပ်ကြတယ် ထင်ပါရဲ့။ တချို့က သရက်သီးပေါ်မှ ဝယ်တယ်။ တချို့က သရက်ခြံကို အကင်းကင်းစမှာ ခြံလိုက်ဝယ်တယ်။ စတင်တဲ့ တမြန်နှစ်က သရက်သီးသည်တွေ သိပ်မြတ်ကြသတဲ့။ မနှစ်ကတော့ ခွက်ခွက်လန် ရှုံးကြသတဲ့။ အမေတို့ ဝယ်စားရတဲ့ လူတွေအဖို့တော့ ဘယ်နှစ်မှ ဟိုငယ်ငယ်တုန်းကလို မပေါတော့ဘူး။ သရက်သီးတစ်လုံး ဆယ့်လေးငါးကျပ်တဲ့။

တရုတ်ပြည်က ပန်းသီးတွေ အမေတို့မန္တလေးကို လာလိုက်တာ၊ စက္ကူပါးလေးတွေနဲ့ တစ်လုံးစီ ထုပ်လို့။ ဂျပ်သေတ္တာတွေနဲ့ ထည့်လို့။ ဈေးက ပေါတယ်ဆိုရင် တစ်လုံး ၂၀ ကျပ်။ ရှားရင် ၃၀ ကျပ် – ၄၀ ကျပ်။ တကယ်ကတော့ ပန်းသီးနဲ့ သရက်သီးက တခြားစီပါ။ အမေတို့ သရက်သီး အဲဒီ ပန်းသီးလို ခံ့ခံ့ထည်ထည် များ ရောင်းနိုင်ရင် ကောင်းလေရဲ့လို့ တွေးမိသေးတယ်။

သရက်သီးထွက်တဲ့ မြစ်ငယ် ဝဲယာက ရွာတွေကတော့ တလင်းကြီး၊ ဝဲကြီး၊ ဆင်ရွာ၊ မြင်းမူး၊ မိကျောင်းတက်၊ မြို့ပြင်ကြီး၊ ဥယျာဉ်တော်၊ မြစ်တူး၊ သပြေအုပ်၊ လိပ်ဆံခွန်၊ ဗန္ဓော စတဲ့ရွာတွေဖြစ်တယ်။

လမ်းဖောက်လို့ ခြံတွေပျက်တာလည်း ရှိတယ်။ နို့ပေမယ့် ခြံအလုပ်က ဝင်ငွေကောင်းတော့ ယာမြေတွေကို ခြံပြောင်းစိုက်ကြတာတွေလည်း ရှိတယ်။

သရက်ဟာ အထားခံတဲ့ မျိုးကောင်းမျိုးသန့်ကို ရွေးပြီး ရက္ခဗေဒပညာရှင်တွေရဲ့ အကူအညီနဲ့ စနစ်တကျစိုက်၊ စနစ်တကျနိုင်ငံခြားကို တင်ပို့စရာ ကောင်းလှတယ်။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၁၁၊ ၁၉၉၄ မေ

✂

## လူနဲ့ လူ့အတွေ့အကြုံ

**သားတို့သမီးတို့ –**

မြန်မာလို တစ်နှစ်တော့ ကူးပြောင်း လွန်မြောက်သွားပြန်ပြီ။ အမေ့ကို မြန်မာနှစ်သစ်ကူးတော့ သက်ကြီးရွယ်ကြီးပုဂ္ဂိုလ်၊ အမေအရွယ် အဘွားအရွယ်မို့ဆိုပြီး ငယ်ရွယ်သူတွေက ကန်တော့လာကြတယ်။ တချို့က ရေအိုးကလေးနဲ့၊ တချို့က မုန့်ပဲသွားရည်စာနဲ့၊ သောက်ရေကလေးတစ်ခွက်ခပ်လို့ အမေကလည်း ကန်တော့လာသူတွေကို ဆုပေးရတယ်လေ။ တို့ဆီမှာ နှစ်ဦးလည်း လုပ်နေကျ ထုံးစံကိုး။

အမေတို့ ဗုဒ္ဓဘာသာက မင်္ဂလာတရားတော်မှာ ဂါရဝေါစ၊ နိဝါတောစ ရိုသေထိုက်သူကို ရိုသေရမယ်။ လေးစားထိုက်သူကို လေးစားရမယ်လို့ ဆိုတယ်။ တစ်နေ့ တစ်ရက် တစ်မနက်ကြီးရင်တောင် အဲဒီကြီးသူကို ရိုသေလေးစားရမယ်လို့လည်း လူကြီးသူမတွေက ဆုံးမတတ်တယ်။

ဒါကြောင့် အမေက စဉ်းစားတယ်။ ကိုယ့်ထက် အသက်ကြီးသူတွေကို ကိုယ်က ဘာကြောင့် ရိုသေ လေးစားရတာလဲ။ အသက်ကြီးသူမှာ ဘာတန်ဖိုးရှိတာလဲလို့။ အသက်က ဘာလို့ စကားပြောရတာလဲပေါ့။ အမေက အမျိုးမျိုး စဉ်းစားတာပဲ။ ပေါ်လာတဲ့ အဖြေကတော့ အသက်ပိုကြီးတဲ့သူက အသက်ငယ်တဲ့သူထက် အတွေ့အကြုံ ပိုများလို့ ဖြစ်ရမှာပဲ ထင်ပါတယ်။ အမေ့သားတို့သမီးတို့ ဘယ်လို သဘောရကြလဲ။

လူမှာ အတွေ့အကြုံရှိတာက အများကြီး စကားပြောပါတယ်။ မင်းတို့ ကြားဖူးမှာပေါ့၊ "တို့လည်း ငယ်ရာက ကြီးလာတာပါကွယ်" ဆိုတဲ့ စကားလေ။ အဲဒါ မင်းတို့ ခုဖြတ်သန်းကြုံတွေ့နေရတာတွေ အားလုံးကို တို့လည်း ကြုံတွေ့ခဲ့ဖူးပြီး သားပါ။ တို့သိပါတယ်လို့ ပြောတဲ့စကားပဲ ဟုတ်လား။ တို့မှာ အတွေ့အကြုံကို ပြောတဲ့ စကားပုံတွေက အများကြီး။ ရှင်ကြီးဝမ်းလည်း ဝင်ခဲ့ပြီ၊ ရှင်ငယ်ဝမ်းလည်း ဝင်ခဲ့ပြီ ဆိုတာလည်း အတွေ့အကြုံရှိပြီးသား၊ ချိုတယ်၊ ခါးတယ် ဆိုတာကို သိပြီး သားကို ပြောတာပဲ ဟုတ်လား။

တကယ်ကတော့ အတွေ့အကြုံရဲ့ တန်ဖိုးကို ဖြတ်ဖို့ မလွယ်ဘူး။ ခန့်မှန်းလို့ မရနိုင်ဘူး။ သိပ်သတိရှိဖို့ ကောင်းပါတယ်။

အမေတို့ ကြုံတွေ့ခဲ့ဖူးတာကို အသက် ၅၀ ထက် မကြီးသေးတဲ့ လူတွေကို အမေက ပြောပြချင်သေးတယ်။ အမေတို့ငယ်ငယ်က ကျောင်းမှာနေတော့ သူ့ကျွန်ဘဝ က လွတ်ဖို့ ကျောင်းသားတွေမှာ နိုင်ငံရေး အသိရှိဖို့လိုတယ်လို့ ဟောပြောတယ်။ အမေတို့ကျောင်းသားတွေကလည်း လွတ်လပ် ချင်တာကိုး၊ နိုင်ငံရေးစာအုပ်တွေကို

ကောင်းနိုးရာရာ ရှာဖတ်ကြတာပဲ။ မြန်မာလိုရော အင်္ဂလိပ်လိုရောပေါ့။ ၁၉၃၆ ခုနှစ်မှာ တက္ကသိုလ်ကျောင်းသားသပိတ်ကြီး ပေါ်တော့လည်း သပိတ်ထဲပါကြတာပဲ။ ပါသွားတော့ နိုင်ငံရေးကို ပိုလို့ပဲ စိတ်ဝင်စားလာကြသေးတယ်။ ဒါကြောင့် စာအုပ်တွေ ပိုဖတ်ကြတယ်။

နို့ပေမယ့် တကယ်တမ်းပြောရရင် စာအုပ်ထဲပါတာတွေက အားလုံး စမ်းတဝါးဝါးပါ၊ စိတ်ကူးကြည့်တာပဲ ရှိတယ်။ ဘာမှ အပြတ်အသား မထင်မြင်ပါဘူး။

တစ်နေ့ကျတော့ ဒုတိယကမ္ဘာစစ်ဆိုတာကြီး ဖြစ်လာပါရော။ ဥရောပမှာ ဝင်ရိုးတန်းနိုင်ငံတွေ (ဂျာမဏီနဲ့ အီတလီ) က ဥရောပနိုင်ငံတွေကို တိုက်တိုက်ပြီး သိမ်းပိုက်နေလိုက်တာ တစ်နိုင်ငံပြီး တစ်နိုင်ငံ၊ နောက်တော့ ဆိုဗီယက်ရုရှားကို တောင် ဝင်တိုက်လာတယ်။ နောက်တော့ ဂျပန်ကပါ စစ်ကြီးထဲပါလာပြီး အာရှမှာ စစ်မီးရှို့လိုက်တာ အမေတို့နိုင်ငံပါ စစ်တလင်း အကြိမ်ကြိမ် အဖြစ်ခံရတဲ့အထဲ ပါသွားပါလေရော။

အဲဒီလို ဒုတိယကမ္ဘာစစ်ကြီးကို တွေ့လိုက် ကြုံလိုက် ခံလိုက်ရတော့ အမေတို့ ဟိုအရင်က ဖတ်ခဲ့တဲ့ စာအုပ်မျိုးတွေ တစ်ရာဖတ်ရတာနဲ့လည်း မတူတော့ဘူး။ တစ်ထောင်ဖတ်ရတာနဲ့လည်း မတူတော့ဘဲနဲ့ လူတိုင်းလူတိုင်း နိုင်ငံရေးကို နားလည်သွားလိုက်ကြတာ။ သိသွားလိုက်ကြတာ အင်မတန့်ကို ကြီးမားကျယ်ပြန့်တဲ့ အတွေ့အကြုံကြီးကို ပြည်သူလူထုကြီး တစ်ရပ်လုံးက ရရှိခံစားလိုက်ရတာပါကလား။

နိုင်ငံတကာမှာရှိတဲ့ ကမ္ဘာ့ပြည်သူတွေအားလုံး လက်တွဲပြီး ကမ္ဘာ့ဖက်ဆစ်ကြီးတွေကို တိုက်ထုတ်နိုင်ခဲ့တယ်ဆိုတာ နည်းတဲ့ နိုင်ငံရေးအသိပညာရမှုတွေမှ မဟုတ်ဘဲ။ ဘယ်လေနတ်သားကမှ ဇေဆော်စည်းရုံးလို့ မဟုတ်ဘူး။ တွေ့ရ ကြုံရ ခံစားရတဲ့ ဘဝပေး အသိတွေကြောင့် ဖြစ်ပေါ်လာတာကွဲ့။

အိန္ဒိယတို့ ပါကစ္စတန်တို့က အမေတို့ထက် ကံကောင်းတယ်။ စစ်တလင်း မဖြစ်လိုက်ရဘူး။ ဂျပန်ဖက်ဆစ်တွေနဲ့ မတွေ့လိုက်ရဘူး။ ဒါပေမယ့် အမေတို့ လူတွေလို နိုင်ငံရေးအသိ သူတို့မှာ မရရှိလိုက်ရဘူးလို့ အမေတို့က ပြောနိုင်တယ်။

ဖက်ဆစ်များနဲ့ နဖူးတွေ့ ဒူးတွေ့ တွေ့လိုက်ရတော့ ဖက်ဆစ်ရဲ့ သရုပ်သကန်ကို သိရှိနားလည်ရုံမျှမက သူတို့ကောင်းစားကြီးကျယ်ခဲ့တာ၊ သူတို့အရှိန်အဝါတွေ တောက်ပကြီးမားခဲ့တာ၊ တစ်ချိန်တစ်ခါမှာရောက်တော့ သူတို့ မီးစာကုန်လို့ ဆီခန်းသွားတာနဲ့ ချုပ်ငြိမ်း ပျောက်ကွယ်သွားကြရတာတွေကိုလည်း တွေ့လိုက်ရ ကြုံလိုက်ရ ကိုယ်တွေ့မို့ နားလည်လိုက်ကြရတယ်လေ။

ကမ္ဘာစစ်ဆိုတာ အင်မတန်မှ ဆိုးဝါးပါတယ်။ လူ့အသက်တွေ မရေမတွက်နိုင်အောင် သေရ၊ လူ့စည်းစိမ်တွေ မရေတွက်နိုင်အောင် ကုန်ဆုံးခဲ့ရ၊ မသေကျန်ရစ်သူများမှာ ပြောမကုန်နိုင်အောင် ဆင်းရဲဒုက္ခတွေ တွေ့ရတာတော့ မှန်ပါတယ်၊ ဒါပေမယ့် တန်ဖိုးကြီးလှတဲ့ အဖိုးတွေပေးပြီး သင်ခန်းစာတွေကိုလည်း ရယူလိုက်ကြရတယ်။

အတွေ့အကြုံဆိုတာ စာအုပ် ၁၀၀ ဖတ်ရတာနဲ့လည်း မတူ၊ ဟောပြောပွဲ ၁၀၀၀ တက်ရတာနဲ့လည်း မတူ၊ ကိုယ်တိုင်ကြုံလိုက် ခံလိုက်ရရင် သိပ်သိသွားပါတယ်။

လူမှာ အတွေ့အကြုံဟာ တန်ဖိုးကြီးပါတယ်၊ ဒါကိုသတိပြုမိတဲ့ လူကြီးသူမများ ပညာရှင်များက အတွေ့အကြုံ ပိုတဲ့လူ၊ ကြီးတဲ့လူကို အတွေ့အကြုံနည်းတဲ့လူက ရိုသေရမယ်လို့များ ပြောသလားလို့ အမေက တွေးမိတာပါ။

တို့လူ့ဘဝဟာ အသက် ၁၀၀ သက်တမ်းအတွင်း ဖြတ်သန်းကြရတဲ့ ခရီးကြမ်းကတော့ အင်မတန့် ကန္တာရခရီးတွေပါ။ ဒီခရီးကြမ်းကြီးမှာ ကိုယ့်အတွေ့အကြုံက ကိုယ့်ကိုလမ်းညွှန်သမှုပြုပြီး လျှောက်လှမ်းကြတာဟာ လူ့ဘဝပါ။ အမှားတွေ့ရင် အမှန်ကို ပြင်ပြီး သွားရတယ်။ အဆိုးတွေ့ရင် အကောင်းမျှော်ပြီး ကြိုးစားရတယ်။ ဘဝဆိုတာ တကယ်ကတော့ ဘာမဆို ကိုယ့်အား ကိုယ်ကိုးရတာပဲ။

နှစ်သစ်မှာ အစာဆန်ရေ ပေါများပါစေ။

မိုးဘေးထင်းဘေး ရောဂါဘေးတွေ ကင်းဝေးကြပါစေ။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၃၇၊ ၁၉၉၆ ဇူလိုင်

“
... ခုခေတ်မှာ အဲဒီလို မေတ္တာ စေတနာတွေနဲ့ ဖွဲ့စည်းပိုင်းအုံထားတဲ့ လူ့အဆောက်အအုံကို ‘ပိုက်ဆံ ပိုက်ဆံ’ ဆိုတာကြီးက တဖြည်းဖြည်းနဲ့ ဖျက်ဆီး လာတယ်။ ပိုက်ဆံရှိရင် ပြီးတာပဲ။ ဘာဂရုစိုက်စရာလိုသလဲ။ ဘယ်သူ့ ဂရုစိုက်ရမှာလဲ ဆိုတဲ့ စိတ်ရိုင်းစိတ်မိုက်ကြီးက အတင်းဝင်ရောက် ဖျက်ဆီးလာနေတယ်။ .....

## သိပ်မပျက်စီးသေးခင်

လူ့အဆောက်အအုံဆိုတာ ၈ ထပ်တိုက်၊ ၁၀ ထပ်တိုက်ကြီးမျိုး၊ ပျဉ်ကာသွပ်မိုးအိမ်မျိုး စတာတွေကို ပြောတာမဟုတ်ဘူး။ လူရယ်လို့ ဖွဲ့စည်းထားတဲ့အခါ ကျင့်သုံးနေကြတဲ့ ထုံးတမ်းစဉ်လာ ယဉ်ကျေးမှုတွေနဲ့ ဖွဲ့စည်းထားတဲ့ နေပုံထိုင်ပုံတွေကို ပြောချင်တာ။

တို့လူ့ဘောင်မှာ အသက်ကြီးသောသူ၊ ဝါကြီးသောသူ၊ လူအိုလူမင်း၊ မိဘဘိုးဘွားတွေကို ငယ်ရွယ်သူများက ရိုသေရတယ်ဆိုတဲ့ သင်ကြားမှုမျိုးတွေက အမေတို့ခေတ်ကျမှ ထွင်ထားတာ မဟုတ်ဘူး။ အမေတို့ မိဘဘိုးဘွား ဘိုးဘေးဘီဘင်ဘောင်ဗလောင်တွေ အဆက်ဆက်က ဆုံးမသွန်သင်ပြီး လိုက်နာခိုင်းလာတဲ့စကား။ ဒါကြောင့် မင်း ပိုက်ဆံရှိလို့ သိန်းဘယ်နှစ်ထောင်ပဲ ချမ်းသာချမ်းသာ၊ ကားကြီး သိန်းပေါင်း မြောက်မြားစွာတန်တာကို ဘယ်လိုစီးစီး၊ လမ်းပေါ်မှာ ဆင်းရဲရှာလွန်းလို့ တောင်းရမ်းစားသောက်နေတဲ့ အဘိုးအိုတစ်ယောက်ကို အကြောင်းမဲ့ လမ်းပေါ်မှာ မျက်စိရှုပ်တယ်၊ နိုင်ငံခြားသားတွေမြင်ရင် ရှက်စရာဖြစ်လိမ့်မယ်ဆိုပြီး ခြေနဲ့ ကန်ပစ်ချေစမ်း ခိုင်းရင် မင်း လုပ်ဖို့ ဝန်လေးပါလိမ့်မယ်။ ကိုယ့်အဖေလောက်ဟာကြီး၊ ကိုယ့်အဘိုးလောက်ဟာကြီး မလုပ်ချင်ပါဘူးလို့ မင်းဝမ်းထဲအသိက မင်းကို တားဆီးပါလိမ့်မယ်။ အဲဒါ တို့လူ့အဆောက်အအုံက ခွင့်မပြုတဲ့ကိစ္စမျိုးတွေက မင်းကို တားနေတာပါ။

အဲဒီလို ယဉ်ကျေးမှုတွေ၊ အဲဒီလို တွေးခေါ်မှုတွေ တို့ရလာတာဟာ ဗုဒ္ဓတရားတော်ကို သက်ဝင်ယုံကြည်လာတဲ့အချိန်မှာ ပိုပြီး ခိုင်မာလာတယ်။ ဂါရဝေါ စနိဝါတောစ ဆိုတာတွေကို မင်္ဂလာတရားပဲလို့ တို့ကို လူကြီးမိဘ ဆရာသမားနဲ့ ကျောင်းတွေကပါ သင်ကြားပေးလာကြတယ်။ ဒါကြောင့် ဒီယဉ်ကျေးမှုဟာ တို့အရိုးထဲ စွဲဝင်နေတယ်။

တို့မြန်မာကျောင်းသားတစ်ယောက် နိုင်ငံခြားသွားပြီး နှစ်နှစ်လောက် စာသင်ခဲ့တုန်းက သူနေတဲ့အိမ်နားမှာ အသက် ၇၀ ကျော် အဘွားကြီးတစ်ယောက် အိမ်နီးချင်းအဖြစ်နဲ့ နေတာရှိသတဲ့။ ဒီအဘွားကြီးမှာ သားနဲ့သမီးရော မြေးတွေရော ရှိတယ်။ ဒါပေမယ့် အတူနေတာမဟုတ်ဘူး။ သူတို့အလုပ်တွေနဲ့သူတို့ တစ်မြို့တစ်ရွာစီမှာ နေကြတာ။ အမေအိုဆီကို အလွန်ဆုံး ခရစ်စမတ်ကာလမှာ အလည်လာကြမယ်၊ တစ်ခါတလေ အကြောင်းမညီညွတ်လို့ မိသားစုဆုံလေ့ရှိတယ် ဆိုတဲ့ ခရစ်စမတ်မှာတောင် အမေ့ဆီ မလာနိုင်ကြဘူး။

အဘွားကြီးမှာ သူ့ပင်စင်ဝင်ငွေလည်း ရှိတယ်။ ဒါကြောင့် ကောင်းကောင်း စားနိုင် နေနိုင်ပါတယ်။ ဒါပေမယ့် တစ်နေ့အမှု မဟုတ်ဘူး၊ သူ့ချည်း တစ်ယောက်တည်း နေရတဲ့ဘဝ၊ ဝယ်ခြမ်းချက်ပြုတ် လုပ်ကိုင်စားရတဲ့ဘဝ၊ ညအချိန်မတော်လို့မှ အကြောင်း ကိစ္စရှိလာရင် "ဘယ်သူရေ" လို့ ခေါ်စရာမရှိတဲ့ဘဝကြီးဟာ တို့အမြင်မှာတော့ တော်တော်စိတ်ပျက်စရာကောင်းတာပေါ့။ နို့ပေမယ့် သူတို့လူနေမှုက အဲဒီလိုဟာကိုး။ အဲဒီလိုပဲ အထီးကျန်တစ်ယောက်တည်း နေရတဲ့လူတွေ ဒုနဲ့ဒေး ရှိတာကလား။

မြန်မာကျောင်းသားက ဒီအဘွားကြီးနဲ့ အိမ်နီးချင်းအဖြစ် အတော်ကြာကြာ ကလေး နေမိပြီး အဘွားကြီးဘဝကို မြင်လာ သိလာတော့ မြန်မာ့သွေးထဲမှာရှိနေတဲ့ ယဉ်ကျေးမှုက မနေနိုင်ဘူး၊ အဘွားကြီးကို သနားလာတယ်။ ဒါကြောင့် သူဟင်းချက်စရာ တစ်ပတ်စာဝယ်ဖို့ ဈေးသွားတဲ့အခါ မာမီကြီး ဘာဝယ်ချင်သလဲ၊ ကျွန်တော်ဝယ်လာ ခဲ့မယ်လေ၊ မာမီကြီး ဈေးမသွားရအောင်လို့ ဆိုပြီး မေးဖြစ်လာတယ်။ အံ့အားသင့် နေတဲ့အဘွားကြီးကပြုံးပြီး အားနာနာနဲ့ မှာတာတွေကို ဝယ်လာ၊ သူ့ရေခဲသေတ္တာထဲ ထည့်ပေးခဲ့တဲ့အခါမျိုးမှာလည်း အဘွားကြီးက ကျေးဇူးတွေ အထပ်ထပ်တင်ပြီး ကျန်ရစ်တယ်။

မြန်မာကျောင်းသားကတော့ ခုလို သက်ကြီးရွယ်အိုကို ကူညီရတာ သူကုသိုလ် ရတာပေါ့လို့ အမှတ်တမဲ့ပဲ ပေါ့ပေါ့အောက်မေ့လိုက်တယ်။ သူ့နိုင်ငံမှာလည်း သူက ဒါမျိုးတွေ လုပ်နေကျဟုတ်လား။ "ကျုပ်မနိုင်လို့ တစ်ဘက် မ,ကြပါတော်" ဆိုရင် ကြားတဲ့လူက ဝင် မ,ပေးသွားတာဟာ မြန်မာ့ဓလေ့ မဟုတ်လား။

ပြီးတော့ အမေတို့မိသားစု တည်ဆောက်ပုံက အနောက်နိုင်ငံတွေနဲ့ မတူပါဘူး။ မိဘဟာ သားသမီးကို ပထမ အတောင်အလက် မစုံမချင်း (သူ့ဖာသာ လုပ်ကိုင် ရှာဖွေ စားသောက်တာမျိုး) မိဘက ကျွေးမွေးစောင့်ရှောက်ထားဖို့ တာဝန်ရှိတယ်လို့ ခံယူတာပါ။ အတောင်အလက် စုံပါပြီတဲ့၊ ဖာသာလုပ်ကိုင်စားပါပြီတဲ့၊ အိမ်ထောင် ရက်သား ကျပါပြီတဲ့၊ ဒါပေမယ့် အမေအဖေနဲ့ မခွဲပါဘူး အတူနေမှာပါဆိုတော့လည်း မိဘက ကြည်ကြည်ဖြူဖြူ အတူနေတာပါ။ သားသမီးမွေးလေသမျှကို အဘိုး အဘွား၊ မိကြီး မိလေး၊ ဦးကြီး ဦးလေးတွေကပါ ဝိုင်းပြီး ထိန်းကျောင်းပေးကြတာပါ။

တချို့နိုင်ငံတွေမှာ မိသားစုပုံစံက အမေတို့နဲ့ မတူပါဘူး။ အသက် ၁၈ နှစ် မပြည့်ခင် လင်ရှာ မယားရှာပါ၊ ၁၈ နှစ်ပြည့်ရင် အိမ်ပေါ်ကဆင်းတော့လို့ နှင်ချတာ ပါ။

အမေတို့ မိသားစုပုံစံကတော့ တစ်စုတဝေးတည်း အတူတူနေတဲ့လူကနေ၊ မနေတဲ့လူကလည်း အမြင်မတော်၊ အကြားမတော်တာရှိရင် တူသားနောင်မယ်ကိုပဲဖြစ်ဖြစ် မြေးတွေ၊ မြစ်တွေကိုပဲဖြစ်ဖြစ် မတော်တာကို မတော်ဘူးလို့ ဆုံးမတယ်။ ဆုံးမတဲ့စကား၊ မနာခံ၊ နားမထောင် မပြုပြင်ရင် မိဘကို တိုင်တယ်။ မိဘက မိကြီး၊ မိထွေး၊ ဦးကြီး၊ ဦးလေး၊ အဘိုးအဘွားစကားကို နားထောင်ခိုင်းပါတယ်။

တကယ်လို့ လူလားမမြောက်မီ မိဘသေဆုံးသွားရင်လည်း ကျန်ရစ်တဲ့အမျိုးက ဝိုင်းဝန်းစောင့်ရှောက်ပြီး လူဖြစ်လာအောင် ကူညီကြတာပါ။ ဒါဟာ မြန်မာ့ပုံစံ၊

မြန်မာ့လူ့အဆောက်အအုံရဲ့ ဖွဲ့စည်းပုံပါပဲ။ တစ်ယောက်တည်း ဘယ်သူ့မျက်နှာမှ ငဲ့ကွက်ထောက်ထားမှုမရှိဘဲ မတော်တဲ့ကိစ္စမျိုးကို ပြုမူနေတဲ့လူကို 'ဟဲ့၊ နင့်ကိုယ်နင် တစ်ယောက်တည်း၊ တစ်ကောင်ကြွက် မှတ်နေသလား၊ အလေ့ကျသစ်ခေါင်းပေါက်လို မလုပ်နဲ့။ လူဆိုတာ မိနဲ့ဘနဲ့ ဆွေနဲ့မျိုးနဲ့ ရပ်နဲ့ရွာနဲ့နေတာ၊ ဘယ်သူ့မှ မထောက်မထား ရိုင်းရိုင်းပျပျ သဘောမထားရဘူး" လို့ ဆုံးမကြတာပါ။

အကြားမတော် အမြင်မတော်ရင်လည်း ကြည့်မနေနိုင်ဘူး။ ဆွေမျိုးမတော်ပေမယ့် အချင်းချင်း သတိပေး ဆုံးမကြတယ်လေ။

ခုခေတ်မှာ အဲဒီလို မေတ္တာစေတနာတွေနဲ့ ဖွဲ့စည်းဝိုင်းအုံထားတဲ့ လူ့အဆောက်အအုံကို 'ပိုက်ဆံ ပိုက်ဆံ' ဆိုတာကြီးက တဖြည်းဖြည်းနဲ့ ဖျက်ဆီးလာတယ်။ ပိုက်ဆံရှိရင် ပြီးတာပဲ။ ဘာဂရုစိုက်စရာလိုသလဲ။ ဘယ်သူ့ ဂရုစိုက်ရမှာလဲ ဆိုတဲ့ စိတ်ရိုင်းစိတ်မိုက်ကြီးက အတင်းဝင်ရောက် ဖျက်ဆီးလာနေတယ်။

သူတို့အနောက်နိုင်ငံတွေမှာလည်း ဒီပုံစံနဲ့ ပျက်စီးလုပြီ။ လူ့အဆောက်အအုံ ပျက်စီးသွားရင် ပြန်ပြီး တည်ဆောက်လို့ မရတော့ပါဘူး။ စက်မှုတွေ ထွန်းကားလိုက်တာ၊ စီးပွားရေးတွေ တိုးတက် ကောင်းမွန်လိုက်တာ ဆိုပေမယ့် ယဉ်ကျေးမှုတွေနဲ့ ဖွဲ့စည်းထားတဲ့ လူ့အဆောက်အအုံတွေကတော့ ပျက်စီးကုန်လို့ သူတို့နိုင်ငံတွေမှာ ဘာလုပ်ရမှန်းမသိ ဖြစ်နေကြပါတယ်။ အမေတို့နိုင်ငံမှာ သိပ်မပျက်စီးသေးပါဘူး။ အခုမှ ပျက်စီးစပြုရုံပဲ ရှိပါသေးတယ်။ ဒါကို အချိန်မီ ဝိုင်းဝန်း ထိန်းသိမ်းကြရင် ရနိုင်ပါသေးတယ်။

ဗုဒ္ဓဘာသာတရားနဲ့ မဝေးကွာလှဘဲ မြန်မာတွေ နှစ်ပေါင်း ထောင်နဲ့ချီပြီး တည်ဆောက်ထားတဲ့ အစဉ်အလာယဉ်ကျေးမှုတွေနဲ့ ယှက်နွယ်ထားတဲ့ အမေတို့ လူ့အဆောက်အအုံဟာ နေပျော် ထိုင်ပျော်ရှိတဲ့ လူ့အဆောက်အအုံမျိုးပါ။

နိုင်ငံတကာအလယ်မှာလည်း အမေတို့လူ့အဆောက်အုံမျိုးက ရှက်စရာ၊ မျက်နှာငယ်စရာမျိုးမဟုတ်ဘဲ ကြားရသိရမြင်ရရင် စိတ်ချမ်းသာစေနိုင်တဲ့ပုံစံမျိုးပါ။

ဒါကြောင့် သိပ်မယိုယွင်း မပျက်စီးသေးခင် အမေတို့လူငယ်လူကြီးတွေက တတ်နိုင်သလောက် ဝိုင်းဝန်း ထိန်းသိမ်းသင့်ကြပါတယ်။

✂

“
... ဘယ်အိမ်ကအပျို ဘယ်သူ ရေပက်ခံနေရပြီလို့ အရပ်ထဲက တခြားကာလသားတွေက ကြားရင်လည်း ရှာရေပုံး ရေဖလား ဆွဲယူပြေးလာပြီး လာလောင်းကြတော့တာပဲ။ တစ်ခါတလေများ လောင်းသူတွေက များလွန်းလို့ ချောင်းစီးမြောင်းစီးပေါ့။ .........

## မန္တလေးသင်္ကြန် (၁)

မန္တလေးမှာ ဒီနှစ်သင်္ကြန်ပွဲ တစ်ပွဲပြီးသွားပြန်ပြီဆိုတော့ အသက်အရွယ်ကြီးတဲ့ လူကြီးတစ်ယောက်ဖြစ်နေတဲ့ အမေတို့အဖို့ အမေတို့ငယ်ငယ်တုန်းက ရေကစားခဲ့ကြရတဲ့ သင်္ကြန်ပွဲကလေးတွေနဲ့ ဒီခေတ်သင်္ကြန်ပွဲကြီးတွေကို မကြာမကြာ ယှဉ်ကြည့်မိတယ်။

အမေ့အနေနဲ့ သိမိမှတ်မိတဲ့သင်္ကြန်ပွဲကပဲ အကြိမ်ပေါင်း ၇၅ ခါလောက် ကြုံဖူးခဲ့ပြီ မှတ်လား။

အမေတို့ငယ်ငယ်တုန်းက မန္တလေးမှာ သင်္ကြန်ကျတယ်ဆိုတာ လူကြီးတွေ ဥပုသ်ဆောင့်ကြ၊ ဘုရားရေသပ္ပာယ်ကြတဲ့ကာလ၊ လူရွယ်လူလတ် ယောကျ်ားလေးတွေက ရေတွင်းချေးဆယ်ကြ၊ ရေကန်တွေ ရေလှယ်ကြ၊ သန့်ရှင်းကြတဲ့ပွဲ။ ကလေးငယ်တွေက သံဖြူရေပြွတ်ကလေးတွေ၊ သံဖြူဖလားကလေးတွေနဲ့ ရေပက်ကစားကြတဲ့ပွဲလေ။

သင်္ကြန်နား နီးလာပြီဆိုရင် သံဖြူသမားတွေက လုပ်ရောင်းတဲ့ ရေပြွက်၊ ရေဖလားတွေကို ·ဗန်းကြီးတွေထဲထည့်ပြီး အရပ်ထဲ လည်ရောင်းတဲ့ ဈေးသည်တွေ ပေါ်လာပြီ "အမေ ရေပြွတ်ကလေး ဝယ်ပေးစမ်းပါ၊ ဖလားလေး ဝယ်ပေးစမ်းပါ၊ သင်္ကြန်ကျတော့မယ်" လို့ အသည်ကို ကြည့်ပြီး အမေတို့က ပူဆာရပြီ။ အမေလုပ်သူက တစ်ယောက်တစ်ခုစီ အရွယ်နဲ့လိုက်ဖက်တဲ့ ပြွတ်နဲ့ဖလားလေးတွေ ဝယ်ပေးလိုက်ရင် ဝမ်းသာလိုက်တာ။ ဘယ်တော့ သင်္ကြန်ကျတဲ့ အမြောက်သံကြီး 'ဒိန်း' ခနဲ ကြားရပါမလဲလို့ မျှော်နေကြရတာပဲ။ ရှေးတုန်းက သင်္ကြန်မကျသေးဘူးဆိုရင် ဧပြီလ ၁၃ ရက်နေ့ပေမယ့် ရေပက်ရတာ မဟုတ်ဘူး။ "ဟဲ့ မပက်နဲ့ဦး၊ သင်္ကြန် မကျသေးဘူး" ဆိုရင် ခွက်ကလေး၊ ပြွတ်ကလေးကိုင်ပြီး အသာရပ်နေရတာ။ သင်္ကြန်ကျပြီဆိုတာက လည်း တစ်မြို့လုံးကြားရအောင် အမြောက်ကြီးတစ်ချက် ပစ်ဖောက်ပေးလိုက်တာပါ။

အဲဒီအမြောက်က အသံကြီးသာမြည်တာ ဘယ်သူ့မှ ဘာမှ ထိခိုက်တာ မဟုတ်ဘူး။ ဒါကြောင့် အမေတို့ဆီမှာ 'ဟန်သာရှိပြီး အဆန်မပါဘူး၊ သင်္ကြန် အမြောက်ပဲ' လို့ တင်စားပြောတဲ့ စကားတစ်ခွန်းတောင် ရှိခဲ့တယ်။ ဒီခေတ်မှာတော့ သင်္ကြန်ကျပြီလို့ အချက်ပေးတဲ့အသံ ဘာသံမှမကြားရတော့ဘဲ သင်္ကြန်မကျသေးတာ၊ ကျပြီဆိုတာကိုလည်း ဘယ်သူမှ ဂရုစိုက်မနေကြတော့ဘူး။ နောက်ပြီးတော့ ရေပက်တယ်ဆိုတာကိုလည်း ပက်ချင်တဲ့နေရာက ပက်ချင်တဲ့နေ့မှာ ပက်ကြတာကို လူတွေက ဒီအတိုင်း ခံနေကြရတယ်။ ဆိုးတာက မီးရထားစီး ခရီးသည်လိုဟာတွေကို ရေအိတ်နဲ့ လမ်းကဆီးပေါက်တာမျိုး သင်္ကြန်မတိုင်ခင် ရက်တစ်ပတ်လောက်ကစပြီး ခံရတာတွေ

ရှိနေတယ်လေ။ တချို့များ မျက်လုံး ရေအိတ်မှန်လာတဲ့ ဒဏ်ရာ အညိုအမည်းကြီးကို တစ်ပတ်လောက် ဆေးကုနေရတယ်။

အမေတို့ငယ်ငယ်က ရေပက်တယ်၊ ရေကစားတယ်ဆိုတာ တကယ့် ၁၀ နှစ် ၁၂ နှစ်အောက် ကလေးငယ်တွေရဲ့ ပွဲသက်သက်ပဲ။ အပျိုလူပျိုတွေ ရေကစားတာ မရှိဘူးလား၊ ရှိပါရဲ့။ ရှိပုံက ဒီလိုလေ၊ ဘယ်အိမ်မှာ အပျိုရှိတယ်၊ တစ်ယောက်မက ရှိတယ်ဆိုရင် အဲဒီအိမ်က အပျိုကို ရေလောင်းဖို့ တစ်ရပ်တည်းက လူပျိုတွေက ချောင်းနေကြရတယ်။ အပျိုတွေကလည်း ရေပက်ခံရမှာ ကြောက်လို့ သင်္ကြန်တွင်းဆိုရင်တော့ တတ်နိုင်သလောက် လူမြင်မခံဘဲ အိမ်တွင်းအောင်းနေကြတာပဲ။ မလွှဲသာတဲ့ ကိစ္စနဲ့ အိမ်ပြင်ထွက်ပြီဆိုရင်တော့ ရေပက်ချင်လို့ စောင့်နေ၊ ချောင်းနေတဲ့ ကောင်လေးတွေက ချမ်းသာမပေးတော့ဘူး၊ ဖွတ်အတင်းပက်တော့တာပဲ။ အိမ်ထဲဝင်ပြေးရင်လည်း မိဘမောင်ဖွားကို ကျွန်တော်တို့ ရေပက်ချင်လို့ မ ... ကို ထုတ်ပေးပါခင်ဗျာလို့ တောင်းတော့တာပဲ။ ဒီအခါ မိဘမောင်ဖွားက မ ... ရေ လာပါကွယ်၊ ရေပက်ခံလိုက်ပါဟဲ့လို့ မလာမချင်းခေါ်ပေးတယ်။ ထွက်လာတော့ လူကြီးမိဘတွေရှေ့မှာပဲ လောင်းချင်သလောက် လောင်းကြရော။ ဘယ်အိမ်က အပျို ဘယ်သူရေပက်ခံနေရပြီလို့ အရပ်ထဲက တခြားကာလသားတွေက ကြားရင်လည်း ရရာရေပုံး ရေဖလားဆွဲယူပြေးလာပြီး လာလောင်းကြတော့တာပဲ။ တစ်ခါတလေများ လောင်းသူတွေက များလွန်းလို့ ချောင်းစီးမြောင်းစီးပေါ့။

လူကြီးတွေ ဥပုသ်စောင့်သွားတယ်ဆိုရင် ကလေးတွေကို "ဟဲ့ – ဟဲ့ မပက်ကြပါနဲ့။ သီလယူမလို့ပါလို့ တောင်းပန်တယ်၊ ကလေးတွေကလည်း နားထောင်တယ်။ သီလယူပြီး ပြန်လာပြီဆိုရင်တော့ ကလေးတွေက လောင်းတော့မယ်လေ။ ရေတွေနဲ့ လမ်းက စောင့်နေကြတာ။

"ဥပုသ်သည်တွေပါကွယ်၊ သီလယူခဲ့ပါတယ်" လို့ ပြောရင် လူကြီးတွေကိုသာ ချမ်းသာပေးချင်ပေးလိုက်တာ၊ ငယ်တဲ့လူတွေပါလာရင်တော့ "ဥပုသ်သည်နားနားပက်၊ သိကြား မင်းက မှာလိုက်တယ်" လို့ တစ်ညီတည်း အော်ဆိုပြီး ဝိုင်းလောင်းကြတော့တာပဲ။

သင်္ကြန်ဆိုတာ မြန်မာနိုင်ငံရဲ့ အပူဆုံးရာသီ၊ မိုးကျခါနီးရာသီမှာဖြစ်တဲ့ နှစ်ကူးပွဲဆိုတော့ ရေတွင်းရေကန်တွေက ရေခန်းတဲ့ကာလပါ။

ရှေးတုန်းက ခုခေတ်လို ပိုက်ရေတွေက လုံလုံလောက်လောက် ပေါပေါများများ ရှိတာ မဟုတ်ဘူး။ ရေတွင်းတွေကို အားကိုးရတဲ့ မြို့လူထုက လူများစု၊ ဒါကြောင့် ရပ်ကွက်ထဲက ယောကျ်ားလေး လူငယ်တွေက ရေတွင်းချေး ဆယ်ကြတာ သင်္ကြန်တွင်း ရက်မှာ လုပ်ကြတဲ့ လူမှုရေးကုသိုလ်ပဲ။

[illegible]

ကျနေတဲ့ အိုးခွက်ရေပုံးစုတ်၊ ဆပ်ပြာခွက် စတဲ့ ပစ္စည်း [illegible]

တစ်ရပ်ကွက်လုံးက အားကိုးသောက်သုံးရတဲ့ ရေတွင်းကို သန့် [illegible]

ပြီးတော့ တွင်းပေါ်ရေချိုးလို့ စီးကျလာတဲ့ရေကို တွင်းနားမှာ ကန်ငယ်တစ်ခုနဲ့ စုပြီးခံထားတာမျိုး ရှိတတ်တယ်။ ဒီကန်ငယ်ထဲကို ဈေးက ဝယ်လာတဲ့ ငါးထဲက အရှင်ပါလာရင် လွှတ်ထားတာ။ မြန်မာအိမ်ထောင်က ငါးအရှင်ကို ထုရိုက်ခုတ်ထစ်ပြီး ချက်မစားလေ့ဘူး။ ဘေးမဲ့ပေးလိုက်တယ်။ အဲဒီရေကန်ငယ်ကိုလည်း သင်္ကြန်ရက်မှာ သန့်ရှင်းရေး လုပ်ကြတယ်။ ငါးတွေကို ဖမ်းပြီး ရှောင်ထားတယ်။ ရေတွင်းရေး ဆယ်ရာက ခပ်ထည့်တဲ့ ရေသစ်ကန်ထဲ ရေဝင်ပြီဆိုတော့ ဖမ်းထားတဲ့ငါးတွေကို ပြန်လွှတ်ပေးလိုက်ရော။ ရေကန်ငယ် ရေတွင်းဘေးမှာရှိရင် ကန်ဆေးတာက ပထမ၊ ရေတွင်းရေး ဆယ်တာက ဒုတိယပေါ့။

အဲဒါတွေပြီးတော့ ရပ်ကွက်အလိုက်ရှိကြတဲ့ ဘုရား၊ စရပ်တွေက ဘုရားတွေကို ရေသပ္ပါယ်ကြတယ်လေ။ ပြီးတော့မှ နှစ်ဆန်းတစ်ရက်နေ့မှာ ရပ်ကွက်အလိုက် ပရိတ်ရွတ်ပွဲတွေ လုပ်တယ်။ ဘေးအမျိုးမျိုး ရန်အသွယ်သွယ်က ကင်းဝေးအောင် သံဃာတော်တွေက အန္တရာယ်ကင်း ပရိတ်တော်တွေ ရွတ်တော်မူပေးကြတာပါ။

ကန်ဆေးတဲ့အချိန်မှာ ကာလသားတွေ လူကိုဖမ်းပြီး ဗွက်ထဲချတဲ့ အကစားမျိုး၊ တချို့က အချင်းချင်း နှောက်ပြောင် ကစားကြသေးတယ်။ ဒါက အပျော်သဘောပဲလေ။ ဒါ့ကြောင့် မခံချင်လို့ ခိုက်ရန်ဖြစ်ပွားမှုတော့ မရှိကြဘူး။ ဒါဟာ အမေတို့ သိပ်ငယ်ငယ် တုန်းက တွေ့ကြုံရတဲ့ သင်္ကြန်ပွဲပဲ။

နောက်တော့ ခေတ်တွေ ကာလတွေ ပြောင်းပြောင်းလာပြီး ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ခင် အမေတို့ အပျိုအရွယ်ကာလမှာ ကျင်းပတဲ့သင်္ကြန်က တစ်မျိုး ပုံပြောင်း လာတယ်။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၂၄၊ ၁၉၉၅ ဧပြီ

✂

“

… သူတို့ ဘယ်လို ကြော်ငြာ ကြော်ငြာ တာကယ်ကတော့ နိုင်ငံခြား အရက်ကို သောက်နိုင်သူက နည်းပါ လိမ့်မယ်။ တို့လူတွေက ဆင်းရဲ သမှတ်လား။ ပြည်တွင်းဖြစ်နဲ့ နေ့ တိုင်း မူးယစ်နေရသူတွေက အများစု ကြီး ထင်ပါရဲ့။ အမေတို့ အညာက ထွက်တဲ့ ထန်းလျက်တွေ အားလုံး ငါးပုံမှာ လေးပုံဟာ ပြည်တွင်းဖြစ် အရက်ချက်ရာမှာ သုံးကြတာပါ။ …

## လူမျိုးကိုဖျက်တော့မယ့်အရက်

အမေတို့အဘွားကြီး ၂ယောက် ကျုံးဘေးမှာ လမ်းလျှောက်ကြတော့ မောတဲ့အခါ ကျုံးဘေးက ခုံရှည်ကလေးတွေပေါ်မှာ အမေတို့က ထိုင်ပြီး အမောဖြေလေ့ ရှိတယ်။ နို့ပေမယ့် အခုတလော တစ်ခါတစ်ခါမှာတော့ ခုံရှည်ကလေးတွေက ထိုင်ချင့်စဖွယ် အမောပြေစရာ ဖြစ်မနေကြဘူး။ ခုံရှေ့မှာ အံဖတ်တွေ ရှိရှိနေရင် အမေတို့က စိတ်ဆင်းရဲပြီး ပြန်လှည့်လာရလေ့ ရှိတယ်။

ဒီလိုခုံရှည်တွေမှာ အံဖတ်တွေ အခါခါ တွေ့ရဖန်များလာတော့ မော်စကို ရောက်ခဲ့တုန်းကဟာကို သွားသတိရတယ်။ ရုရှားလူမျိုးတွေက ဗော့ဂါအရက်ကို သိပ်ကြိုက်တယ်။ အသောက်သည်းတဲ့လူမျိုးလည်း ဖြစ်တယ်ဆိုမဟုတ်လား။ တစ်နေ့တော့ ဘော်လရှိုင်းဇာတ်ရုံကြီးက ငန်းတို့ပျော်ရာ ရေကန်သာ ဘဲလေးကိုကြည့်ပြီး ပြန်လာကြတော့ အညောင်းပြေအောင် ကားမစီးကြပဲနဲ့ ဟိုတယ်ကို ဇာတ်ရုံက ခြေလျင်ပြန်ခဲ့ကြတယ်။ ပြန်ခဲ့တော့ လူသွားလမ်းမှာ အံဖတ်တွေက ဟိုတစ်ပုံ၊ ဒီတစ်ပုံတွေ့ရတဲ့အပြင် အရက်တွေမူးပြီး ဓာတ်တိုင်မှီရင်း အိပ်ပျော်နေသူ၊ သံဝင်းထရံတို့၊ အုတ်တံတိုင်းတို့ မှီပြီး မူးနေသူတွေကိုလည်း မကြာခဏ တွေ့ရတယ်။ ဒါတွေကို တွေ့ဖန်များတော့ အိမ်ရှင်များက မော်စကိုမှာ အရက်မူးရင် ကျောခြေ မကျရဘူး။ ခြေကျရင် ရဲက ဖမ်းတယ်။ ဂါတ်တဲမှာ တစ်ညလုံး ချုပ်ထားပြီး မနက်လင်းတော့ ဒဏ်ရိုက်ပြီးမှ အိမ်ပြန်လွှတ်တဲ့ဥပဒေ ရှိတယ်။ ဒါကြောင့် မူးနေသူတွေက အခုလို အမှီကလေးရှာပြီးမှ မူးကြ အိပ်ကြတာဖြစ်တယ်လို့ အမေတို့ကို ပြောပြပါတယ်။

အမေတို့လူမျိုးမှာလည်း အသောက်သည်းတဲ့လူတွေ တစ်နေ့တခြား များလာတယ် ထင်ပါရဲ့။ အမေစိတ်ဆင်းရဲတာကတော့ လူငယ်လေးတွေ ကျောင်းသားလေးတွေ အသောက်သင်ပြီး သောက်စားမူးယစ်နေကြတဲ့ကိစ္စပဲ။ အမေတို့ခေတ်တုန်းက ယူနီဗာစီတီကို ရောက်မှ ကျောင်းသားအရက်သောက်တာ တွေ့ဖူးတယ်။ ဒါကလည်း သူဌေးသားတို့၊ လူလွှမ်းမသားတို့ဆိုတဲ့ တစ်ယောက်နှစ်ယောက်သာ ရှိတာ။ ကျောင်းသားလူများစုက မသောက်ကြဘူး။

အမေတို့ လူ့အဆောက်အအုံက အရက်သောက်တာကို လူ့ယဉ်ကျေးမှုတစ်ရပ်လို့ ဘယ်တုန်းကမှ မသတ်မှတ်ခဲ့ပါဘူး။ သေရည်သေရက်ဆိုတာ လူကို ဖျက်တာ၊ မစွဲလမ်းအောင် ဝေးဝေးက ရှောင်ကြရမယ်လို့ သားသမီးလူငယ်တွေကို လူကြီးသူမတိုင်း မိဘတိုင်းက ဆုံးမတဲ့ လူ့အဖွဲ့အစည်းပါ။

တကယ်လို့ သောက်စားပြီး စွဲလမ်းနေတယ်ဆိုရင်လည်း အဲဒီလူ အရက်သမားဟာ လူ့ကွယ်ရာမှာ ခွက်ပုန်းခုတ်ရတာပါ။ လူတစ်ယောက်အရက်စွဲနေတယ်။ အရက်ဆိုင်မှာ မြင်မတော်ကြည့်မတော် ဖြစ်နေတယ်ဆိုရင် သားမယားက လူမမြင်အောင် အိမ်မှာပဲ သောက်လို့ ခိုင်းတယ်။ နို့ပေမယ့် ဒီလိုသောက်ဖို့ မယားက အရက်လည်း ဝယ်မပေးဘူး၊ အရက်လည်း ငှဲ့မပေးဘူး။ သူ့အိမ်မှာလည်း ဒီလူဟာ ပုန်းလျှိုးကွယ်လျှိုး ခွက်ပုန်းခုတ်ရသူသာ ဖြစ်တယ်။ အိမ်ရှေ့ဧည့်ခန်းထွက်ပြီး အရက်ပုလင်းနဲ့ ဖန်ခွက်ချ မသောက်ရဲပါဘူး။

ဒါဟာ အမေတို့ရဲ့ လူ့အဖွဲ့အစည်းပါ။ အရက်သမားကို လူရာမသွင်းပါဘူး။ ယစ်ထုတ်ကြီးပဲ၊ ဗိုးသမားပဲ ဆိုပြီးလည်း လူက ကြဉ်ပါသေးတယ်။

ခုခေတ်မှာ အရက်သောက်တတ်မှ လူရာဝင်သလို အရက်သောက်တတ်မှ စတိုင်ကျသလိုလို၊ လူ့အထက်တန်းလွှာလိုလို ထင်အောင်မြင်အောင် ထောင့်ပေါင်းများစွာက ဖန်တီးလှော်ခတ်နေကြပါတယ်။ အဆိုးဝါးဆုံးကတော့ မိန်းမတွေကတောင် သောက်စား မူးယစ်နေကြတယ်။ နို့အပ်စော်နံ မပျောက်သေးဘူးလို့ အမေတို့က သတ်မှတ်တဲ့ ဆယ်ကျော်သက်များကလည်း ဘီယာစုပ်သတဲ့။ ဂျင်သောက်သတဲ့။

ဟိုးခေတ်တုန်းက အရက်သမားဆိုတာကို လက်ညှိုးထိုးပြခဲ့ရတယ်။ ဒီခေတ်မှာ အရက်မသောက်တတ်တဲ့လူကို လက်ညှိုးထိုးပြနေကြရပြီ။ အရက်သေစာအပေါ် လူ့အဖွဲ့အစည်းရဲ့ သဘောထားက အတော်ကြီး ပြောင်းလဲနေပါတယ်။ အရက်သောက်တာကို အပြစ်ပြောမယ့်လူ မရှိသလောက်ဖြစ်နေပြီး လုံမငယ်နဲ့ လူငယ်တွေက လွှတ်လပ် ခေတ်မီတဲ့ လူ့အဖွဲ့အစည်းမှာ အရက်သောက်တာဟာ တန်းမီတဲ့ အမူအကျင့်တစ်ခုလို ဖြစ်လာတယ်လေ။

ဒီလိုဖြစ်အောင် လုပ်ပေးသူတွေထဲမှာ စာနယ်ဇင်းနဲ့ ရုပ်ရှင်၊ ဗွီဒီယိုသမားတွေလည်း ပါတယ်လေ။ ဇာတ်လိုက်မင်းသားဟာ စိတ်ညစ်ရင် အရက်သောက်ပြရတယ်။ စာရေးဆရာ အသောက်သမားတွေကဆိုရင် အရက်သောက်ရတာကိုပဲ တခမ်းတနား၊ တဖွဲ့တနွဲ့ သူတို့စာတွေမှာ ရေးနေကြတာကလား။

အရက်ကို အမေတို့က သေရည်သေရက်လို့ ခေါ်တာ။ ခုခေတ်မှာ 'ယစ်ရွှေရည်' တဲ့။ 'အပျော်ယမကာ' တဲ့။ အံမယ်လေး အရက်သိက္ခာက တက်တက်လာလိုက်တာ။

ကလောင်ရှင်နာမည်ရတွေ အရေးကောင်း၊ အသားကောင်းလေးတွေ အသက် ၅၀ – ၆၀ နဲ့ ကွယ်လွန်ကြတာ အများကြီး။ မေးကြည့်လိုက်ရင် အသောက်သမားတွေက ပေမ်းများများ။ အရက်ကြောင့် အသက်မရှည်ကြဘူး။ နမြောစရာ ကလောင်တွေပေါ့။ နို့ပေမယ့် သူတို့ကလောင်တွေကပဲ သောက်နေကြတဲ့အကြောင်း၊ သူတို့ ယမကာပွဲများအကြောင်း အလျဉ်းသင့်တိုင်း ထည့်ရေးနေကြတာ။

ပြီးတော့ အမေတို့တစ်သက်မှာ ဒီခေတ်လောက် အရက်ကို လွှတ်လွှတ်လပ်လပ်ကြီး ကြော်ငြာပြီး ရောင်းချနေတာ မတွေ့ဖူးဘူး။ တီဗွီကြည့်လည်း အရက်ကြော်ငြာ၊ လမ်းဘေးကြည့်လည်း အရက်ကြော်ငြာ ကြည့်မလွဲဖြစ်နေတာပဲ။ တီဗွီကြော်ငြာတစ်ခု

မှာများ ယောကျ်ားအရက်သောက်တဲ့အနား မိန်းမက ပြုံးလို့။ အမေတို့ တကယ့် လူ့ဘဝမှာ လင်အရက်သောက်နေတာကို မယားက မပြုံးနိုင်ဘူးနော်။ တတ်နိုင်ရင် ဆွဲလွှင့်ပစ်ချင်တာ။ ဒါပေမယ့် မယားများက ပြုံးနေကြလို့ ကြော်ငြာက တိုက်တွန်း နေပြီကော။

သူတို့ ဘယ်လိုကြော်ငြာ ကြော်ငြာ တကယ်ကတော့ နိုင်ငံခြားအရက်ကို သောက်နိုင်သူက နည်းပါလိမ့်မယ်။ တို့လူတွေက ဆင်းရဲသမှုတ်လား။ ပြည်တွင်းဖြစ်နဲ့ နေ့တိုင်းမူးယစ်နေရသူတွေက အများစုကြီး ထင်ပါရဲ့။ အမေတို့ အညာကထွက်တဲ့ ထန်းလျက်တွေအားလုံး ငါးပုံမှာ လေးပုံဟာ ပြည်တွင်းဖြစ်အရက်ချက်ရာမှာ သုံးကြ တာပါ။ လူစားတာက နည်းနည်းပါ။ ဗျစ်စက်ရုံပို့တဲ့ ထန်းလျက် 'အရက်ပျံစက်ရုံ' ဆိုတဲ့ စက်ရုံတွေကိုပို့တဲ့ ထန်းလျက်၊ အရပ်ထဲတွင် တိတ်တိတ်ပုန်း ချက်ရောင်းတဲ့ အရက်ဖိုတွေကို ရောင်းတဲ့ ထန်းလျက်တွေဟာ နည်းတာ မဟုတ်ဘူး။

ပြီးတော့ ဟိုအရင်ကတော့ အရက်ကို လိုင်စင်ရ အရက်ဆိုင်ကမှ ရောင်းခွင့် ရှိတယ်။ ခုတော့ ထမင်းဆိုင်၊ အအေးဆိုင်တွေမှာလည်း အရက်ရတာပဲ။ ယုတ်စွအဆုံး ကွမ်းယာဆိုင်မှာတောင် ဝယ်လို့ ရတယ်။ အရက်လွယ်လင့်တကူရှိမှုကလည်း ဘယ် ခေတ်နဲ့မှ မတူဘူး။

ဒါကြောင့် အမေက သောက်စားနေကြတဲ့ ငယ်ရွယ်သူတွေအတွက် ရင်လေး လိုက်တာ။ မိဘတွေကရော၊ ဆရာသမားတွေကရော၊ ရဟန်းသံဃာတွေကရော အသောက်အစား အလွန်အားကြီးလာတဲ့ ဒီခေတ်ကို တားဆီးကြပါဦး၊ ဆုံးမကြပါဦး၊ ကြည့်မနေကြပါနဲ့။ အမေတို့ လူ့အဖွဲ့အစည်းကို အရက်သေစာက အကြီးအကျယ် ဖျက်ဆီး ဝါးမျိုဖို့ ခြေလှမ်းနေပါပြီလို့ မေတ္တာရပ်ခံချင်လိုက်တာ။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၄၁၊ ၁၉၉၆ နိုဝင်ဘာ

⊁⊰

❝

... နဂါး ရေသဘင်ဆိုတာ နဂါး ဆေးလိပ်ခုံကြီးက ဖွဲ့တဲ့ ရေသဘင် အဖွဲ့ပါ။ နဂါးဆေးလိပ်ခုံက ဖွဲ့တာ ပေမယ့် နဂါးမယ်ဆိုတဲ့ နာမည် မှည့်တာကလွဲလို့ ဆေးလိပ်ကြော်ငြာ တဲ့ သဘော လုံးဝ မဆောင်ပါဘူး။ ဒီခေတ်မှာ ပေါ်လာတဲ့ ကြော်ငြာ ရေသဘင်တွေနဲ့ ဘာမှ မတူပါ၊ မဆိုင်ပါဘူး။ ........

## မန္တလေးသင်္ကြန် (၂)

အထက်က အမေတို့ကလေးဘဝတုန်းက ကြုံခဲ့ရတဲ့ သင်္ကြန်တွေအကြောင်း ရေးခဲ့တယ်။ အခု အမေတို့ အသက်ကလေးတော်တော်ရလာတဲ့အချိန် ဒုတိယ ကမ္ဘာစစ်ကြီး မဖြစ်ခင်ကအထိ ကြုံခဲ့ရတဲ့ မန္တလေးသင်္ကြန်ပွဲတွေအကြောင်း ရေးချင် သေးတယ်။

အမေတို့ လူတွေကလေ ပျော်ချင်တတ်တဲ့လူမျိုး၊ ပျော်ပျော်နေချင်တဲ့လူမျိုး၊ ပျော်စရာဆိုရင် တော်တော် တန်ဖိုးကြီးတာတွေနဲ့တောင် လဲချင်တတ်တဲ့လူမျိုးပါ။

ဒီလိုပျော်ချင်တတ်တဲ့ လူမျိုးစရိုက်က ကောင်းတာတွေလည်း ရှိရဲ့၊ မကောင်းတာ တွေလည်း ရှိပါတယ်။ ပျော်လို့ချည်းနေတာပဲလားဆိုတော့လည်း မဟုတ်ပြန်ဘူး။ စိတ်ဆိုးစရာရှိရင် ထောင်းခနဲ။ ဒါပေမယ့် မြန်မြန် ပြန်ပြီး ပြေတတ်တယ်။ မေ့လွယ် တယ်။ ဒါဟာ သွေးပူတဲ့လူမျိုးရဲ့ လက္ခဏာလို့ ဆိုကြတာပဲ။

ဘာပဲဖြစ်ဖြစ် သင်္ကြန်ပွဲကို ကလေးတွေ ကစားနေကြရာက နောက်တော့ ဆယ့်လေးငါးနှစ်တွေလည်း ဝင်ကစားကြတယ်။ အဲဒီတော့ လမ်းမပေါ်တွေမှာ သွားလာနေတဲ့ မြင်းရထားတွေ၊ စက်ဘီးတွေ ကားတွေကိုပါ ရေနဲ့ လှမ်းပက်တာတွေ ဘာတွေ၊ ကြီးတဲ့ကလေးတွေက လုပ်လာကြရော။ ဒီလို ရေပက်တဲ့ကိစ္စ ကျယ်ပြန့်လာ တော့ ပထမတော့ ရေပက်မခံချင်သူရော၊ ခံချင်သူနဲ့ရော တွေ့တာပေါ့။ နောက်နှစ် နောက်နှစ်တွေကျတော့ လမ်းမကြီးတွေပေါ်မှာ အစုအဝေးနဲ့ ဘယ်နားဘယ်နားက ရေပက်နေကြတယ်ဆိုတာ သတင်းရပြီး ပျော်ချင်တဲ့ ရေပက်ခံထွက်ချင်တဲ့လူတွေက ပက်မယ့် အစုအဝေးရှိတဲ့နေရာကို လာကြ ဖြတ်ကြသန်းကြ လုပ်လာတယ်လေ။ ပျော်ချင်လို့ တမင် ရေပက်ခံလာတယ်ပေါ့ကွယ်။

အဲဒီလို အစုအဝေးကလေးတွေနဲ့ အင်တုံကြီးတွေ ရေစည်ပိုင်းတွေချပြီး ဆယ့်လေးငါးနှစ်အရွယ်တွေ ရေပက်လာကြတော့ သမီးမိန်းကလေးရှင် မိဘတွေထဲက အချို့က သမီးပျို ပေါက်စလေးတွေကို ရေဝင်ပက်ခွင့် ရေကစားခွင့် ပြုပါတယ်။ တချို့မိဘတွေက ခွင့်မပြုပါဘူး။ ဘာပြုလို့လဲဆိုတော့ ရေပက်သမားအချင်းချင်း တစ်ရပ်တည်း သားသမီးတွေဆိုတော့ သူများမလောင်းခင် ကိုယ့်အချင်းချင်းက ပထမ လောင်းကြ ပက်ကြသေးတာကိုး။ အဲဒီလိုပက်တဲ့အခါ တချို့ကလေးတွေက ကျောကုန်း ပေးတဲ့ မိန်းကလေးကို ကုပ်ကနေပြီး ရှီးရှီးရေနဲ့ လောင်းချတာမျိုးလုပ်တာ ပေမယ့် တချို့ညစ်တဲ့လူငယ်များက ကျောကုန်းခံတဲ့ မိန်းမပျိုကို ရေလောင်းတာ

ရိုးရိုးမလောင်းဘဲ လက်နဲ့ပုတ်လောင်းတာတို့ ဘာတို့ လုပ်ချင်တယ်။ အဲဒါမျိုး မခံရအောင်လို့ တချို့အမေတွေက သူတို့သမီး ရေပက်တဲ့အထဲ မထည့်ပါဘူး။ ဒီလို အမေများရဲ့သမီးများ ရေပက် ကစားရခဲပါတယ်။

အဲဒီလို အစုအဖွဲ့နဲ့ ရေပက်မှုမျိုးဟာ တစ်နှစ်ထက်တစ်နှစ် ပိုပိုများများလာပြီး အပျိုခေါင်းတို့၊ လူပျိုခေါင်းတို့ ဩဇာကြီးတဲ့အရပ်၊ အပျိုလူပျိုပေါတဲ့အရပ်တွေက ရေပက်သင်းကြီးတွေလို ဖြစ်လာပြီး အင်တုံလောက်မကတော့ဘဲ စည်ပိုင်းကြီးတွေ ရေစည်ကြီးတွေ သံရေကန်ကြီးတွေပါ လမ်းဘေးချပြီး လူသုံးဆယ်လေးဆယ် ရေလောင်းကြ၊ ရေကစားကြတယ်လေ။ နေမြင့်လို့ သိမ်းပြီဆိုရင် အရပ်ထဲမှာ အမေတို့ မထည့်လို့ ဝင်မပက်ရတဲ့ မိန်းကလေးတွေအိမ် အပျိုကြီးတွေအိမ်ကို လိုက်ပက်ကြပြန်တယ်။ ပြီးမှ လူစုခွဲ ရေချိုးအဝတ်လဲကြတယ်။

၁၉၂၈ ခုနှစ်ရောက်တော့ မန္တလေးမြို့မှာ မြို့မအပျော်တမ်းတူရိယာအဖွဲ့ဆိုတာ လူငယ်တွေ စုစည်းတည်ထောင်တဲ့အဖွဲ့ပေါ်လာတယ်။ မြို့မအဖွဲ့က သူ့ချည်းလည်း ပေါ်လာတာ မဟုတ်ဘူး။ မာဃတူရိယာအဖွဲ့ဆိုတာလည်း သူနဲ့ မတိမ်းမယိမ်း ပေါ်လာတယ်။ မာဃနဲ့ မြို့မဆိုပြီး အပြိုင်အဆိုင် ဖြစ်နေကြသေးတယ်။ မြို့မငြိမ်းက ယမုန်နာဒါးနဲ့ ဂဂ်ါငါးသီချင်းမျိုး စပ်တာဟာ သူတို့မြို့မနဲ့ မာဃနဲ့ ပြိုင်နေတာကို ထုတ်ဖော်တဲ့သီချင်းပါ။

ဒီလို အပြိုင်ရှိနေတော့ မြို့မအဖွဲ့က သင်္ကြန်တွင်းမှာ ဘုရားရေသပ္ပါယ် သွားမယ်ဆိုတဲ့ အစီအစဉ်တစ်ခုလုပ်ပြီး ငန်းပြူရုပ်ကြီးတစ်ရုပ်ကို ဝါးနဲ့စက္ကူနဲ့ လှလှပပ ချိုးစေပါတယ်။ ပြီးတော့ ကားပက်လက်ကြီးရဲ့ထိပ်မှာ ငန်းရုပ်ကြီးတင်ပြီး သူတို့ အဖွဲ့သားတွေက ပုဆိုးဆင်တူတွေနဲ့ ကားပေါ်မှာ ကုလားထိုင်တွေနဲ့ထိုင်၊ တီးမှုတ်ပြီး မဟာမုနိဘုရားကို ရောက်တော့ သွားကြတယ်။ ငွေရေတကောင်းကြီးထဲ ပန်းတွေထည့်ပြီး အလှုပြရင်း အတီးပြရင်း ကြွားဝင့်သွားပါတယ်။

အဲဒီအချိန်မှာ မာဃတူရိယာအဖွဲ့ကလည်း "(တုလိမ့်မယ် မထင်ကြနဲ့)-ကိုး ဆယ်ဆကျွာ၊ တုလိမ့်မယ်မထင်ကြနဲ့ ယဉ်စစ မာဃတူရိယာ" ဆိုတဲ့ သီချင်းမျိုးတွေနဲ့ တီးမှုတ်နေတာပါ။

မြို့မကတော့ မဟာမုနိဘုရားကြီးကို ရေသပ္ပါယ် ပန်းကပ်သွားရာက ပြန်တော့ မြို့ကိုလှည့်တာပါပဲ။ ဒီလို အလှုပြလှည့်နေတာကို ရေပက်မခံရသေးပါဘူး။

နောက်နှစ် နောက်နှစ်တွေကျတော့ ဘုရားကို ရေသပ္ပါယ်သွားတဲ့ရက်က အကြိုနေ့။ အကျနေ့တွေမှာ သူတို့က လည်ရင်း ရေပက်ခံရင်း ပြုံးပြုံးရွှင်ရွှင် ဖြစ်ကုန်ကြပါပြီ။ မတားပါဘူး။ ရေစိုရင် ပျက်စီးမယ့် တူရိယာမျိုးကိုလည်း ကားပေါ် ယူမလာခဲ့ကြဘူး။ အဲဒီလို မြို့မက အလှုပြကားနဲ့ ရေပက်ခံတာ စပြီးတဲ့ နောက် ရေပက်တဲ့ မိန်းကလေးတွေ ကလာပုံကို အမေမှတ်မိသမျှ ပြောရရင် -

မြို့မရေပက်ခံကား ရေပက်သူတွေရှေ့ရပ်ပြီး တီးပြတဲ့အခါ ကတတ်တဲ့လူရှိရင် ကပါလို့ သူတို့ကလည်း တောင်းဆိုတယ်။ ဘေးက ပွဲကြည့်ပရိသတ်ကလည်း

ပြောကြတယ်။ ဒါကြောင့် နည်းနည်းပါးပါးကတတ်တယ်ထင်တဲ့ ရေပက်သူမိန်းကလေး တစ်ယောက်ယောက်က ရှက်ကိုးရှက်ကန်းနဲ့ ကားဘောထွက်လာတယ်။ နောက်တော့ တစ်ယောက်ထဲကတာ ကြောင်လို့ နှစ်ယောက်သုံးယောက် ထွက်လာတယ်။ ရပ်ကရင်းနဲ့ မြို့မကားကို လှည့်ပတ်ပြီး ကလာတယ်။

ဒီလိုနဲ့ ရေပက်သူ မိန်းကလေးတွေက ကတာ စတာပါပဲ။ နောက်တော့ ယိမ်းသဘောမျိုးအထိ တိုးတက်လာပါတယ်။ ရေပက်တဲ့အသင်းတွေက အကြီးအကျယ် ပြင်ဆင်ကြတာကို စတင်သူကတော့ နဂါးရေသဘင်လို့ အမေထင်ပါတယ်။ နဂါးရေသဘင်ဆိုတာ နဂါးဆေးလိပ်ခုံကြီးက ဖွဲ့တဲ့ ရေသဘင်အဖွဲ့ပါ။ နဂါးဆေးလိပ်ခုံက ဖွဲ့တာပေမယ့် နဂါးမယ်ဆိုတဲ့ နာမည်မှည့်တာကလွဲလို့ ဆေးလိပ်ကြော်ငြာတဲ့သဘော လုံးဝ မဆောင်ပါဘူး။ ဒီခေတ်မှာ ပေါ်လာတဲ့ ကြော်ငြာရေသဘင်တွေနဲ့ ဘာမှ မတူပါ၊ မဆိုင်ပါဘူး။

နဂါးဆေးလိပ်ပိုင်ရှင် ဒေါ်ဦးက အကလည်း သင်ပေးတဲ့လူ မရှိခဲ့ဘဲနဲ့ ကောင်းကောင်း ကတတ်တယ်။ ပြီးတော့ သူက ပျော်တတ်တယ်။ ဒါကြောင့် သူ့ဆေးလိပ် လိပ်တဲ့ မိန်းကလေးတွေ ပျော်ပါစေဆိုပြီး ရုပ်ချောတဲ့၊ သင်ပေးရင် ကတတ်မယ့် ဆေးလိပ်သမလေးတွေကို လေးငါးဆယ်ရအောင် ရွေးတယ်။ ရွေးပြီး သီချင်းရေး ခိုင်းတယ်။ မင်းသမီးတစ်ယောက်ကို အကသင်ပေးဖို့ခေါ်တယ်။ ပြီးတော့ ဆိုင်းတစ်ဆိုင်းနဲ့ အကျအန အကတိုက်တယ်လေ။ ဒေါ်ဦးက အကသင်တာကလည်း တစ်လကိုးသီတင်း၊ ပြီးမှ ယူနီဖောင်းဝယ်ပေးပြီး ကစေတာ။ သူကိုယ်တိုင်က ဝင်မက တာကလွဲရင် မိန်းကလေးတွေနဲ့အတူ မိုးအလင်း ခုံပေါ်ကဆင်းတာ မဟုတ်ဘူး။ သူ့အကအဖွဲ့ကို တစ်ခါတလေ ရေနန်းသူဇာလို့ နာမည်ပေးတယ်။ နဂါးမယ် ဆိုတဲ့စကား နှစ်တိုင်းသုံးတာ မဟုတ်ဘူး။

မြို့မအဖွဲ့က မော်တော်ကားကြီးနဲ့ ငန်းရုပ်ကြီးနဲ့ တစ်နှစ်ပြီးတစ်နှစ် ရေပက်ခံထွက်တော့ နောက်ထပ် ရပ်ကွက်တွေကနေပြီး ရေပက်ခံထွက်တဲ့ကားတွေလည်း ပေါ်လာတယ်။ ပေါ်လာတာက နောက်တော့ တစ်ခါတလေ အစီး ၂၅–၃၀ ရှိတာပါ။

မိန်းကလေး ရေပက်အသင်းတွေကလည်း နဂါးအပြင် ပီတောက်ရွှေဝါတဲ့။ မေသကြ်န်တဲ့၊ ငုရွှေဝါတဲ့၊ နှစ်ဦးမေတဲ့ စသဖြင့် စိတ်ကူးပေါက်ရာ သင်္ကြန်နဲ့ နှစ်သစ်နဲ့ ပိတောက်နဲ့ တွဲဖက်ပြီး နာမည်ပေး ရေပက်ကြ ကကြတာပဲ။

တစ်ချိန်တုန်းကများဆိုရင် မန္တလေးသင်္ကြန်ဟာ အမျိုးသမီးအဖွဲ့တွေအနေနဲ့ နဂါးမယ်က အဖွဲ့မလုပ်ဖြစ်တဲ့ နှစ်ဟာ သင်္ကြန်လက္ခဏာ မပြည့်စုံသလို ရုပ်ရှင်မင်းသား အဆိုတော်ဝင်းဦး မန္တလေးလာပြီး ရေမကစားတဲ့နှစ်ဟာလည်း မန္တလေးသင်္ကြန် မပီပြင်ဘူးလို ဖြစ်နေတယ်။ ဒါပေမယ့် ဝင်းဦးကလည်း မလာဘဲ မနေဘူး။ နဂါးက လည်း မလုပ်ဖြစ်တဲ့နှစ် မရှိဘူး။

ရုပ်ရှင်မင်းသား ဇော်ဝမ်းတို့က မန္တလေးသားတွေပဲ။ ဒါပေမယ့် ဝင်းဦးလောက် မန္တလေးသင်္ကြန်ကို မှန်မှန်လာတာ မဟုတ်ဘူး။ ဝင်းဦးကတော့ နေ့အချိန် မိတ် ခွ

အပေါင်းအသင်းတွေနဲ့ ကြုံရာဆုံရာ ကားတွေနဲ့ ရေပက်ခံလည်တယ်။ ဝင်းဦးရေပက်ခံနေတယ်ဆိုရင် အဲဒီမဏ္ဍပ်တော့ လူတိုးလို့ မပေါက်တော့ဘူး။ ရေခံကားတွေဟာလည်း ကျပ်ခဲပြီး သွားမရ လာမရနဲ့ ပိတ်ဆို့နေလို့ ကြာလွန်းမက ကြာလာတဲ့အခါ လမ်းရှင်းရဲတွေက ကားတွေကို ဖွတ်အထွက်ခိုင်းယူရတယ်။

ညကျပြန်တော့လည်း ဝင်းဦးက မြို့မနဲ့ဖြစ်ဖြစ် အခြားအဖွဲ့နဲ့ဖြစ်ဖြစ် လိုက်လာပြီး အဖွဲ့ကျရာ စင်မြင့်ပေါ်တက် သီချင်းဆိုတာပါ။ ဝင်းဦးသီချင်းဆိုနေပြီဆိုရင် အဲဒီနေရာဟာ လူပင်လယ် ဖြစ်တော့တာပဲ။ ကားတွေဆိုတာ ဟွန်းဘယ်လိုတီးတီး ဘယ်ကားကမှ တုတ်တုတ်မှ မလှုပ်ဘူး။ ဒါကြောင့် နေ့တုန်းကလိုပါပဲ ယာဉ်ထိန်းရဲလာပြီး ကားရှင်းပေးရတော့တာပါ။ ဝင်းဦးက သင်္ကြန်သုံးရက်၊ လေးရက် နေ့တိုင်း ညတိုင်း မိုးအလင်း လည်တာပါ။ ဒါတောင်မှလည်း သူ့မှာ ရပ်ကွက်နဲ့တာ မဏ္ဍပ်စုံတာ မဟုတ်ဘူး။

အမေပြောပကော၊ တို့လူမျိုးက ပျော်ချင်တဲ့လူမျိုး၊ ပျော်ရမယ်ဆိုရင် မီးကုန်ယမ်းကုန် အားလုံးကိုမေ့ပြီး ပျော်နေချင်တဲ့လူမျိုး။ ဒါပေမယ့် အပျော်ကို ဝမ်းဗိုက်က ဘရိတ်အုပ်လိုက်တယ်။

သင်္ကြန်ပွဲဆိုတာက ရက်အရှည်ဆုံးပွဲ။ အမေတို့ မန္တလေးမှာ သင်္ကြန်အကြိုနေ့က စကနေတဲ့ပွဲ။ အကြိုနေ့မှာ ဘုရားကန်တော့ဖို့ ဘုရားရေသပ္ပါယ်ဖို့ မဟာမုနိဘုရားကြီးကို သွားကြတယ်ဆိုပြီး အဲဒီနေ့ကတည်းက ဝတ်စုံပြည့် ဝတ်စား ဆင်ပြင်ထွက်ကြရတာ။ အကျနေ့၊ အကြတ်နေ့၊ အတက်နေ့ပါဆိုတော့ အားလုံး ၄ ရက်ကြာတယ်။ သင်္ကြန်သာ ၂ ရက် ကြတ်တယ်ဆိုရင် အားလုံး ၅ ရက်ကြာတဲ့ပွဲ။

ဒီ ၅ ရက်အတွင်းမှာ လူတွေရဲ့လုပ်အား အားလုံး ရပ်ဆိုင်းထားရတယ်။ ဝင်ငွေတစ်ပြားမှ မရှိတဲ့အပြင် ကုန်ရကျရတာက နေ့တိုင်း။ တချို့များ သောက်တတ်စားတတ်လို့ စားစရိတ်အပြင် သောက်စရိတ်လည်း ကုန်ရသေးတယ်။ လည်စရိတ်ကလည်း ကုန်ရသေးတယ်မှတ်လား။

အဲဒီတော့ သင်္ကြန်ပွဲ တစ်ခါတစ်ခါပြီးသွားရင် မြို့ဟာ တိတ်ဆိတ်နေတာ ၂ ရက်၊ ၃ ရက် ကြာတယ်။ လူလည်း ဖား၊ ငွေလည်း ဖားကုန်ကြာတာကိုး။ မလှုပ်နိုင်ကြတော့ဘူးပေါ့။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၂၅၊ ၁၉၉၅ ဇူလိုင်

## အသွားမတော် တစ်လှမ်း အစားမတော် တစ်လုတ်

ဒီအပတ် တပ်လိုက်တဲ့ခေါင်းစဉ်ကလေးက အမေတို့အားလုံး မကြာမကြာ ပြောဆိုသုံးစွဲနေကျ စကားပုံကလေးမို့ ကြားနေကျကြီးဆိုပြီး ရိုးများနေပြီလားတော့ မသိဘူး။ ဒါပေမယ့် ဒီနေ့ အမေတို့ခေတ် လူလားမြောက်စ ငယ်ရွယ်သူတွေကို အမေက သတိပေးချင် ပြောပြချင်တာနဲ့ ကိုက်ညီတော့ ဒီစကားပုံကိုပဲ ခေါင်းတပ်လိုက်ရတယ်လေ။

အမေတို့ငယ်ငယ်တုန်းကတော့ ခုခေတ်မှာလို မိန်းကလေးတွေ စက်ဘီးမစီးကြသေးဘူး၊ စက်ဘီးကတော့ ပေါပေါများများရှိပြီ။ နို့ပေမယ့် မိန်းကလေးတွေ စက်ဘီး မစီးကြသေးဘူး။

ခုခေတ်မှာတော့ မိန်းကလေးတွေ စက်ဘီးလည်း စီးတယ်၊ မော်တော်ဆိုင်ကယ်လည်း စီးတယ်။ မော်တော်ကားလည်း မောင်းကြတယ်။ အမေက အားကျလိုက်တာ၊ ဝမ်းသာလိုက်တာ၊ ခရီးတွင်တယ် မဟုတ်လား။ ပြီးတော့ လွတ်လပ်တယ်လေ။

အဲ – လွတ်လပ်တယ်ဆိုတာနဲ့ ပတ်သက်လို့တော့ အလွန်ကောင်းတဲ့ အခွင့်အလမ်းတစ်ခုကို ကိုယ်က လိမ္မာစွာ အသုံးချတတ်ဖို့လိုတယ်။ မိန်းကလေးဟာ မိမိကိုယ်ကို မထိန်းသိမ်းတတ်ဘဲ လွတ်လပ်စွာ သွားလာ လည်ပတ်နေမိရင် တစ်နေ့နေ့မှာ အမှားအယွင်းတွေနဲ့ ကြုံတွေ့ရတတ်တယ်။ ဒီလို ကြုံပလားဆိုရင် တစ်ချို့သော အမှားအယွင်းက ပြုပြင်လို့ကို မရနိုင်တော့ဘဲ ကိုယ့်ဘဝအတွက် ငါးပါးမှောက်ရတော့တဲ့ အမှားအယွင်း။

ယောကျ်ားလေးတွေနဲ့ မိန်းကလေးတွေ ဆက်ဆံရေးမှာလည်း မှန်ကန်တဲ့ ဆက်ဆံရေးမျိုး ထားဖို့လိုတယ်။ အမေတို့ ငယ်ငယ်တုန်းက Co - Ed ခေါ်တဲ့ ယောကျ်ားလေးနဲ့ မိန်းကလေး အတူတွဲပြီး စာသင်တဲ့ကျောင်းက ရှိတော့ ရှိတယ်၊ ဒါပေမယ့် နည်းတယ်။ အမေတို့က မိန်းကလေးချည်းသင်တဲ့ကျောင်းမှာ ၃ တန်းက ၉ တန်းအထိ နေခဲ့ရပြီးတော့ ယောကျ်ားမိန်းမအတူသင်တဲ့ကျောင်းကို အရွယ်ရောက်ချိန် ၉ တန်း ၁၀ တန်းမှာ ပြောင်းနေရတော့ ပထမ ယောကျ်ားလေးတွေကို သိပ်ကြောက်တာပဲ။ ဒါပေမယ့် နေရှင်နယ်ကျောင်းမှာ နေနှင့်ပြီးကျောင်းသူတွေနဲ့ ကျောင်းသားတွေရဲ့ ဆက်ဆံရေးက အမေတို့ထင်သလို မဟုတ်ကြဘဲ တစ်ယောက်နဲ့တစ်ယောက် မောင်နှမတွေလို ပွင့်ပွင့်လင်းလင်း ရဲရဲတင်းတင်းနဲ့ ရင်းရင်းနှီးနှီး ဆက်ဆံကြတာ ဖြစ်လေတော့ အကြောက်တွေ ပြေသွားပြီး နားလည်မှုနဲ့ ဆက်ဆံတတ်လာတယ်။

အမေတို့ မိန်းကလေးတွေရဲ့ ထုံးစံက အပျိုစင်ဘဝကို အသက်နဲ့လဲပြီး ထိန်းသိမ်းရတဲ့ဘဝ။ ဒါဟာ မြန်မာမိန်းကလေးတွေရဲ့ ထုံးစံပဲ။ အရှေ့နိုင်ငံသူတွေရဲ့ ထုံးစံပဲ။ အနောက်နိုင်ငံတွေမှာ ယောကျ်ားမိန်းမ အလွန်နီးနီးကပ်ကပ် ဆက်ဆံတယ်။ ရောရောနှောနှော နေထိုင်တယ်။ ဖက်လဲတကင်းလည်း သိပ်ရှိတယ်။ ပြီးတော့ သူတို့ဆီမှာ မိန်းကလေးတွေရဲ့ အပျိုစင်ဘဝကို နှစ်ဦးနှစ်ဖက်က တန်ဖိုးမထားကြဘူး။ တို့ဆီကနဲ့ သိပ်ကွာတာပဲ။ ဒီကိစ္စက သူတို့အဖို့ ဆန်းလည်း မဆန်းဘူး။ ဖြစ်ရိုးဖြစ်စဉ်ပဲ။ အဲဒီလို နေထိုင် ပြုမူ ဆက်ဆံကြမှတော့ သစ်သားရုပ်တွေ မဟုတ်တဲ့ သွေးနဲ့ကိုယ် သားနဲ့ကိုယ်တွေဟာ ဒီလိုပဲ ဖြစ်ရမှာပေါ့လို့များ သဘောထားကြသလားတော့ မသိဘူး။ သူတို့ဆီမှာက အပျိုစင်ရဲ့တန်ဖိုး တသီးတခြားထားဟန် မတူဘူး။

အဲ အမေတို့အရှေ့တိုင်းသူတွေအနေနဲ့ကတော့ သူတို့အနေအထိုင်တွေကို အတုယူတာနဲ့အမျှ အဲဒီလို ပုံစံမျိုး သွားလာနေထိုင်ဆက်ဆံတာနဲ့အမျှ အဲဒီပုံစံမျိုး ဖြစ်လာရမှာပဲ။ ဖြစ်လာတဲ့အခါတော့ အမေတို့ လူ့အဖွဲ့အစည်းက လက်မခံဘူး။ ငါ့သမီးလေး ဘာဖြစ်ရဦးမှာလဲဆိုပြီး ပြန်လည်မွေ့ဖက်ဦးတော့ သူများက မိဘသဘောထားသလို သဘောမထားဘဲ ဟင်! ခနဲ နှာခေါင်းရှုံ့ပါတယ်။

သူတို့ဆီမှာတောင်မှ တစ်နေ့က သတင်းစာတွေမှာ ဆယ်ကျော်သက်နှစ်ဦး အနီးစပ်လွန်ပြီး သားသမီး ရလာတဲ့အခါ ကာယကံရှင်ယောကျ်ားကလေးက ကလေးမွေးပေးပြီး ပလပ်စတစ်အိတ်ထဲ ထည့်ပစ်ထားခဲ့လို့ ၂ ယောက်စလုံး လူသတ်မှု ဖြစ်နေကြတယ်လို့ သတင်းတွေ ဖတ်ကြရသေးတယ်။ ဒီလို သတင်းမျိုးဟာ လူ့ဘဝ အနေနဲ့ ကြေကွဲစရာ ကောင်းတာပေါ့။ အဖတ်ဆယ်မရတဲ့ လူ့အမှားတွေပေါ့။

အမေတို့ခေတ်မှာ အရင်က ဒီလို လွတ်လပ်စွာ သွားလာနေထိုင်ခွင့် မရခဲ့တဲ့ မြန်မာအမျိုးသမီးလေးတွေ ကျောင်းသူလေးတွေ ခုခေတ်မှာ လွတ်လပ်စွာ သွားလာနေထိုင်ကြတာကို တွေ့ရမြင်ရတဲ့အခါ အမေက ဝမ်းသာတယ်။ ဒါပေမယ့် မိခင်တစ်ယောက်အမြင်နဲ့ စိတ်ပူတယ်။ ငါ့သမီးလေးတွေ မိမိကိုယ်ကို လုံခြုံအောင်မှ ထိန်းသိမ်းနိုင်ကြပါ့မလား၊ မိမိကိုယ်ကို ကာကွယ်စောင့်ရှောက်နိုင်ကြပါ့မလားဆိုတာ ပူပန်မိတယ်။ ဘာလို့လဲ ဆိုတော့ အမေတို့ ငယ်ငယ်တုန်းက သမီးရည်းစားအတွဲလိုက် လူ့ရှေ့သူ့ရှေ့မှာ မနေလှေဘဲကိုး။ ခုတော့ ပန်းခြံထဲမှာ၊ ကျူးဘေးမှာ စတဲ့စတဲ့ လူမြင်ကွင်းတွေမှာ မိန်းကလေးနဲ့ ယောကျ်ားကလေး အတွဲလိုက်၊ အတွဲလိုက် တွေ့နေရတာက မဆန်းတော့ဘူး။ ဒါဟာ ရှက်စရာလို့ လူငယ်တွေက မခံယူတော့ဘူး။ ရဲတင်းလာကြတယ်။ ဒီအခြေအနေမျိုးမှာ နှစ်ဦး နှစ်ဘက်က ထိန်းသိမ်းဖို့ လိုတယ်။ **အိမ်ထောင်သည်ဘဝ မရောက်မချင်း အပျိုရည် လူပျိုရည် မပျက် ရှိအပ်တယ်။** ဒါဟာ တို့ယဉ်ကျေးမှု၊ ဒါဟာ ဒို့ လူ့အဆောက်အအုံရဲ့ အခြေခံစောင့်စည်းရတဲ့ ဝတ္တရားလို့ ၂ ယောက်စလုံးက ခံယူထားစေချင်တယ်လေ။

ဒီစကားမျိုးက တကယ်တော့ အမေက သမီးကို တိုးတိုးတိတ်တိတ် ပြောရတဲ့ စကား၊ အဖေက သားကို သတိပေးထားရတဲ့ စကားမျိုးပါ။ ဒါပေမယ့် ခုခေတ်က မိဘနဲ့သားသမီး မွေ့ဖက်ပိုက်ထွေးမှုက အလွန်ကို နည်းလာ တယ်။ ဘာဖြစ်လို့လဲဆိုတော့ စားဝတ်နေရေးက ကျပ်ကြတာကိုး။ မိုးလင်းလာရင် ဒီအတွက် လုံးပန်းကြရတာ၊ တချို့များ အိမ်က မလင်းခင်က ခွာရတယ်။ တချို့မိုးချုပ်သန်းခေါင်မှ အိမ်ပြန်ရောက်တယ်။ အဲဒီတော့ မိသားစု အေးအေးဆေးဆေး ထွေးထွေးနွေးနွေး နေချိန်က မရှိသလောက် နည်းလာတယ်။ အိမ်ထောင်စု စကားစမြည်ပြောကြ၊ တိုးတိုးသက်သာ ဆုံးမကြ ဆိုတဲ့ အမေတို့ လူနေမှုက ပျက်ယွင်းလာတယ်။ အမေက သမီးကို တိုးတိုးတိတ်တိတ် ဆုံးမကြတာမျိုး၊ ပြောပြကြတာမျိုးက နည်းနေပြီ။ ဒါကြောင့် စာနဲ့ရေးလို့ မကောင်းပေမယ့် ရေးနေရတယ်။

တို့အနေအထိုင်နဲ့ ဆက်ဆံရေးတွေဟာ ရှေးကနဲ့မတူ အများကြီးပြောင်းလဲနေပါတယ်။ အမေတို့မန္တလေးမှာ ယောက်ျားလေးနဲ့ မိန်းကလေး၊ တစ်ဦးက ဆိုင်ကယ်နဲ့၊ တစ်ဦးက ကားနဲ့လာတယ်။ တစ်နေရာမှာ ဆိုင်ကယ်ပေါ်က ကားပေါ်က ဆင်းပြီး နှစ်ဦးတွေ့ဆုံတယ်။ လူမသမာက ဒီအတွဲကို လက်နက်နဲ့ အနိုင်ကျင့်ပြီး ပစ္စည်းယူလို့ မရှုမလှ ခံရ၊ ကျော်မကောင်း ကြားမကောင်းဖြစ်ရတာတွေ ရှိတယ်လို့ အမေတို့ ကြားရတယ်။ ဒါမျိုးက တစ်ခု မကဘူး။

ဒီလိုအဖြစ်တွေဟာ ကိုယ့်ဘက်ကမှားတာ ယွင်းတာလည်း ပါတာပေါ့။ ဒါကြောင့် လူငယ်တွေ ရရှိလာတဲ့ လွတ်လပ်ခွင့်ကို အလွဲလွဲအမှားမှား အသုံးမပြုစေချင်ဘူး။ တို့လူ့အဖွဲ့အစည်းက ခွင့်မပြုတာကိုလည်း မလုပ်မိကြစေချင်ဘူး။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၄၄၊ ၁၉၉၇ ဖေဖော်ဝါရီ

❝
... ဒီကြားထဲမှာ မောရစ်ကောလစ်ရဲ့ စာအုပ်က မြန်မာလို မထွက်သေးဘဲနဲ့ကို နာမည်က တော်တော် ထွက်နေပြီ။ သူရေးထားတဲ့ အကြောင်းအရာတွေက သိပ်စိတ်ဝင်စားဖို့ကောင်းနေတာကိုး။ ဒီစာအုပ် အင်္ဂလိပ်လို ကော်ပီက မြန်မာပြည်ကိုလည်း တော်တော်များများ ဝင်နေပြီ ထင်ပါရဲ့။ ဟိုတုန်းက ဘီလပ်က ထုတ်ဝေတဲ့စာအုပ်ဟာ အဲဒီထုတ်ဝေတဲ့ နောက်အပတ်မှာပဲ မြန်မာစာအုပ်ဆိုင်တွေပေါ်ကို ရောက်ပါတယ်။ ........

## အမေ့ပထမဆုံးစာအုပ်

၁၇–၉–၉၄ နေ့က ရန်ကုန်တက္ကသိုလ်မှာရှိတဲ့ ဆရာကျော်ဇောနိုင်နဲ့ သူ့ဇနီး တင်ဝင်းရည်တို့က အမေ့ကို စာအုပ်လက်ဆောင်ပေးတယ်ဆိုပြီး အမေပထမဆုံး ဘာသာပြန်တဲ့ 'မြန်မာပြည်တွင် စစ်ဆေးခဲ့သော အမှုအခင်းများ' ဆိုတဲ့ စာအုပ်ကလေး ၂အုပ် ပို့ပေးလိုက်ကြတယ်။ ပထမတွဲ နဲ့ ဒုတိယတွဲစာအုပ် ၂ အုပ်ပေါ့။

ဒီစာအုပ်က ၁၉၀၀ ပြည့်နှစ်က ထုတ်ဝေတာမို့ နှစ်ပေါင်း ၅၀ ကျော်ပြီဆိုတော့ သိပ်ရှားပါးနေပြီပေါ့။ သူတို့ဘယ်ကများ ရခဲ့ကြတယ် မသိဘူး။ အမေက ဝမ်းသာအားရ လက်ခံရင်း ဒီစာအုပ်ကလေးတွေကိုရတော့ ရှေးဟောင်းနှောင်းဖြစ်တွေ တစ်သီတစ်တန်းကြီး ပေါ်လိုက်တာလေ။

ဒီစာအုပ်ကို ဦးလှကထုတ်ဝေပေးတာပါ။ ဒါပေမယ့် အဲဒီတုန်းက အမေနဲ့ ဦးလှနဲ့ အကြောင်းမပါကြသေးဘူး။ ၁၉၃၈ ခုနှစ်မှာ အမေက ဖြေခဲ့တဲ့ ဘီအေ အထက်တန်း စာမေးပွဲကျလို့ ကျောင်းပြန်လည်း မတက်ချင်၊ အလုပ်တစ်ခုခု ဝင်လုပ်ရမှာကလည်း ဘာလုပ်ရမှန်းမသိလို့ အိမ်မှာ လူပိုလူအားတစ်ယောက်အဖြစ်နဲ့ စိတ်တွေလေနေတုန်း အမေတို့ရဲ့ အမျိုးသားကျောင်းအုပ်ဆရာကြီး ဆရာကြီး မစ္စတာရာဇတ်က တစ်မနက်ခင်းမှာ အိမ်ကိုလာတယ်။ ဆရာကြီးနဲ့ အမေ့မိဘတွေနဲ့လည်း သိကြတာကိုး။ ဒီလိုပါပဲ ဆရာကြီးက တစ်ခါတစ်ခါ လာတတ်တယ်။

သူလာရင် စာတစ်အုပ် လက်ကြားညှပ်ရက်ကလည်း ပါတယ်။ ဆရာကြီးက အင်္ဂလိပ်စာ သိပ်ဖတ်တာ။ သူ့လက်မှာ အမြဲတမ်း သူဖတ်လက်စ စာအုပ်ပါတယ်။ စာအုပ်မဟုတ်ရင် Punch မဂ္ဂဇင်း အမြဲပါတယ်။ ပြီးတော့ ကျောင်းမှာတုန်းက အမေတို့ တပည့်တွေကို ဘယ့်နှယ်ပြောသလဲဆိုတော့ "မင်းတို့ အင်္ဂလိပ်စာ တော်ချင်ရင် စာများများ ဖတ်ကြကွ။ ဘယ်အထိ ဖတ်ရမလဲဆိုရင် အိပ်မက်မက်တော့ အင်္ဂလိပ်လို မက်၊ အိပ်မက်ယောင်တော့ အင်္ဂလိပ်လို ယောင်တဲ့အထိ ဖတ်ကြ" တဲ့။

သူ့လက်ကြားပါလာတဲ့ စာအုပ်ကလေးကပါနေကျမို့ အမေက ထူးထူးထွေထွေ သတိထား မကြည့်မိဘူး။ ဒါပေမယ့် ဒီတစ်ခါတော့ ဆရာကြီးက "အမာ ဒီစာအုပ်ဖတ်ကြည့်၊ ကြိုက်ရင် ဆက်ပြီး ဘာသာပြန်လိုက်၊ ကိုယ် မန္တလေးသူ့ရိယမှာ အခန်း တစ်ခန်းတော့ ဘာသာပြန် ထည့်ပြီးပြီ။ ကင်မရွန်းတပ်မှ စစ်ဗိုလ်ကလေးဆိုတာ သတင်းစာမှာ အမာဖတ်မိတယ် ဟုတ်လား" တဲ့။ ကျွန်မတို့ မန္တလေးနေသူတွေက ရန်ကုန်ကသတင်းစာတစ်စောင်၊ သူ့ရိယနဲ့ မြန်မာ့အလင်းကြိုက်ရာနဲ့ မန္တလေးသတင်းစာ

မန္တလေးသူရိယကို ယူကြစမြဲမို့၊ "တွေ့တယ်ဆရာကြီး၊ ဖတ်လည်း ဖတ်မိပါတယ်၊ ကျွန်မ ဆရာကြီးစာအုပ်ကို ဖတ်ကြည့်မယ်လေ" လို့ ပြောတော့ ဆရာကြီး မစ္စတာ ရာဇတ်က သူယူလာတဲ့ Mr. Maurice Collis ရေးတဲ့ Trials in Burma စာအုပ်ကလေး ပေးသွားပါရော။

လူက အားနေတယ် ဟုတ်လား။ အမေက စာအုပ်ရကတည်းက အစအဆုံး ဖတ်တာပဲ၊ ဖတ်မိတော့ စာအုပ်က ကြိုက်လိုက်တာ၊ လက်ကမချနိုင်ဘူး။ ဒါနဲ့ တစ်ခါတည်းကောက်ပြီး အဘိဓာန်တစ်အုပ်နဲ့ ဘာသာပြန်ကြည့်တာပဲ။ ပြီးတော့ ဦးလှဆီကိုလည်း ဆရာကြီးစာအုပ်ကလေးပေးတာရော၊ ဘာသာပြန်နိုင်းတာရော၊ စပြန်နေပြီဆိုတာရော စာရေးတယ်လေ။ အဲဒီတော့ အမေနဲ့ ဦးလှနဲ့က မိတ်ဆွေမကတဲ့ ရင်းနှီးမှု ရှိနေကြပြီ။ ဦးလှက ဝမ်းသာအားရ ပြီးအောင်ပြန်တဲ့၊ သူစာအုပ်ထုတ်ပေးမယ်တဲ့။

ဩော် – ဦးလှ၊ ဦးလှ အမေ့ကို စာရေးဆရာဖြစ်လာအောင် လုံးပန်းလိုက်တာ၊ အဲဒီတုန်းက သူ့သောက သူ့ဒုက္ခတွေကို အမေအားလုံးမြင်ယောင်ဆဝါးလိုက်မိပါသေးရဲ့။

အမေ့ကို ဆရာကြီးက စာအုပ်ပေးခဲ့တာက ဦးထွန်းရင်ရဲ့ မန္တလေးသူရိယမှာ ဆက်ထည့်စေချင်တာလားလည်း မသိပါဘူး။ ဒါပေမယ့် အမေက ဦးလှက စာအုပ်ထုတ်ပေးမယ်ဆိုတော့ ကော်ပီကို ဦးလှပေးချင်နေပြီလေ။ နို့ပေမယ့် ဦးထွန်းရင် ပြောရမှာလည်း အားနာ၊ ဆရာကြီးကိုလည်း ကြောက်ပြီး မပြောဝံ့။ ပေးချင်တာကလည်း ဦးလှကိုး။ အမေ့မှာ စိတ်သောက များလိုက်ရတာ။

ဒီကြားထဲမှာ မောရစ်ကောလစ်ရဲ့ စာအုပ်က မြန်မာလို မထွက်သေးဘဲနဲ့ ကိုနာမည်က တော်တော် ထွက်နေပြီ။ သူရေးထားတဲ့အကြောင်းအရာတွေက သိပ်စိတ်ဝင်စားဖို့ ကောင်းနေတာကိုး။ ဒီစာအုပ်အင်္ဂလိပ်လို ကော်ပီက မြန်မာပြည်ကိုလည်း တော်တော်များများ ဝင်နေပြီ ထင်ပါရဲ့။ ဟိုတုန်းက ဘိလပ်က ထုတ်ဝေတဲ့စာအုပ်ဟာ အဲဒီထုတ်ဝေတဲ့ နောက်အပတ်မှာပဲ မြန်မာစာအုပ်ဆိုင်တွေပေါ်ကို ရောက်ပါတယ်။

ဆရာကြီး မစ္စတာရာဇတ် မန္တလေးသူရိယမှာ ဘာသာပြန်ထည့်နှင့်တဲ့ ကင်မရွန်းစစ်တပ်မှ စစ်ဗိုလ်ကလေးဆိုတာက ဆရာစံသူပုန်ထခါနီးဆဲဆဲဖြစ်ပွားတဲ့ ကားတိုက်မှုအကြောင်းကိုး။ ကင်မရွန်းတပ်ဆိုတာ ဗြိတိသျှအစိုးရရဲ့ စခန်းအကြီးဆုံး မျက်နှာအကြီးဆုံး မျက်နှာဖြူစစ်တပ်။ အဲဒီတပ်က စစ်ဗိုလ်တစ်ယောက် ဂျင်မခါနာကလပ်က ထွက်လာပြီး ကားနဲ့တပ်ကို အပြန်၊ ပြည်လမ်းမကြီးပေါ်ကို သူ့ကားကွေ့တက်တော့ ရဲပြတဲ့မီးနီကို ဖောက်ပြီး ချိုးဝင်လို့ ပြည်လမ်းပေါ်သွားနေတဲ့ မြန်မာသုံးယောက်စီးလာတဲ့ကားကို ဘေးက ဝင်ဆောင့်တာ။ အဆောင့်ခံကားဟာ ရှုမ်းပြန်သွားပြီး ကားပေါ်ပါလာသူတွေ ကားအပြင် အဝေးကြီးလွင့်စင်ကျကုန် ဒဏ်ရာရကုန်လို့ ရဲက ဒီစစ်ဗိုလ်ကို ဖမ်းပြီး ရုံးတင်တဲ့အမှု။ ဒီအမှုကို မစ္စတာကောလစ်ကစစ်ရတော့ ကားနဲ့တိုက်တဲ့မျက်နှာဖြူ စစ်ဗိုလ်ကို ထောင်ဒဏ် ၃ လနဲ့ ဒဏ်ငွေပေါင် ရွှေဒင်္ဂါး ၃၀ တပ်ရိုက်တယ်။ ဒဏ်ငွေကို ဒဏ်ရာရသူတွေကို ပေးလျော်စေလို့ အမိန့်ချလိုက်တယ်။

ဒီအမိန့်ကို အယူခံဝင်တော့ ဗြိတိသျှအစိုးရအမှုဆောင်အဖွဲ့ရဲ့ စွက်ဖက်မှုကြောင့် မျက်နှာဖြူစစ်ဗိုလ်ကို ထောင်ဒဏ်ပေးရင် အလုပ်က ပြုတ်မှာမို့ အယူခံရုံးက ထောင်ဒဏ်ကို ပယ်ဖျက်ပေးပြီး ပထမထောင်ဒဏ် စီရင်ချက်ချတဲ့ တရားသူကြီး မစ္စတာကောလစ်ကိုလည်း တရားစစ်ဆေးရေးနဲ့ မသင့်တော်ဘူးဆိုပြီး ဘဏ္ဍာရေးဌာနကို ပြောင်းပစ်လိုက်တယ်ဆိုတဲ့ အကြောင်းကိုး။

ဒီစာအုပ်ရဲ့သတင်းက တော်တော်ကြီးနေတော့ ရန်ကုန်မှာလည်း ဘာသာပြန်ဖို့ စိုင်းပြင်းနေသူ ၂ ဦးလောက်ရှိသတဲ့။ အဲဒါကြောင့် ဦးလှမှာ ကိုယ်က ဦးအောင်ရိုက်နှိပ်ထုတ်ဝေနိုင်ဖို့ ဘာသာပြန်ဆိုခွင့် ရဖို့ဆိုတာတွေ လုံးပန်းလိုက်ရတာ စိုင်းပြင်းလိုက်ရတာ အမောပဲ။

ဦးလှက အဲဒီတုန်းက ရန်ကုန်မြူနီစီပယ် ရာပြတ်ဌာနမှာ ရှစ်နှစ်လောက် လုပ်သက်ရတော့ အလုပ်ကထွက်ပြီး ရုံးမှာ စုထားတဲ့ စုငွေကလေး ၁၅၀၀ ကျပ်ကို ထုတ်ပြီး ကြီးပွားရေးမဂ္ဂဇင်းအပြင် ကြီးပွားရေးစာအုပ်တိုက်ဆိုပြီး စာအုပ်ထုတ်ဝေရေးကို စလုပ်တဲ့အချိန်။ သူ့တိုက်ထုတ် လက်ရွေးစင်ပထမစာအုပ်က ကိုပြူးနဲ့မပြုံး ကလေးများအတွက် ပထမဆုံးရုပ်ပြစာအုပ်ကလေး။ ကြီးပွားရေးလက်ရွေးစင်စာအုပ် နံပါတ် ၂ က အမေ ဘာသာပြန်မယ့် မြန်မာပြည်တွင် စစ်ဆေးခဲ့သော အမှုအခင်းများ လေ။

ဒီစာအုပ်ကလေး ထွက်လာတော့ သတင်းစာတွေမှာ စာအုပ်ဝေဖန်ချက်ရေးကြတာကလည်း စုံလို့။ အဲဒီတုန်းက ဦးလှတစ်ယောက် အမေ့စာအုပ်အတွက် ဘယ်လောက်များ သောကစိုက်နေသလဲဆိုရင် သူရိယဦးသိမ်းမောင်တို့ ဂျာနယ်ကျော် ဦးချစ်မောင်တို့က ဒီစာအုပ်ကောင်းတယ်လို့ ရေးကြပါရဲ့နဲ့ ကိုတက်တိုးက အမေ ဘာသာပြန်တဲ့ ဒီစာအုပ်ဟာ ဖတ်ပျော်တယ်လို့သာ ရေးလို့တဲ့ သူမှာ မခံမရပ်နိုင် ဖြစ်လိုက်ရတာ။ ကိုတက်တိုးက ဖတ်ပျော်တယ်ဆိုတာ ဖတ်ဖို့ကောင်းတယ်လို့ ရေးတာပါလို့ ပြောယူရတယ်။

စာအုပ်က စာအုပ်ကောင်း၊ ဘာသာပြန်တဲ့လူကတော့ ရွက်ကြမ်းရေကျိုရှိမှာပါ။ ဒါပေမယ့် ဦးလှ လုံ့လပယောဂနဲ့ အမေလည်း ဒီတစ်အုပ်နဲ့စာရေးဆရာ ဖြစ်သွားတော့တာပဲ။ စာအုပ်ကလေးက ပထမနှိပ်ခြင်း အုပ်ရေ ၃၀၀၀ ဟာ ၂ လ လောက်နဲ့ ကုန်သွားလို့ ဒုတိယနှိပ်ခြင်း ထပ်ရိုက်ရတယ်။ သူရော ကိုယ်ရော စာအုပ်ရောင်းကောင်းလို့ ဝမ်းသာတာလည်း အလွန်ပါပဲ။

ဒါကြောင့် အမေ စာရေးဆရာဖြစ်အောင် ဝိုင်းဝန်း လုပ်ဆောင်ပေးသူတွေထဲမှာ ပထမ ဆရာကြီးဦးရာဇတ်၊ ဒုတိယ မစ္စတာကောလစ်၊ တတိယဦးလှလို့ပဲ မှတ်ရမှာပဲ။

စာအုပ် ပထမမျက်နှာရဲ့ ကျောဘက်မှာ -

'ဤဘာသာပြန်သူသည် မဂ္ဂဇင်း သတင်းစာများတွင် ကလောင်အမည် အမျိုးမျိုးနှင့် ဘာသာပြန်ဆောင်းပါး၊ ဝတ္ထုတို၊ ပုံပြင်အများအပြား ရေးခဲ့ဖူးသည်။' ဆိုတာ ထည့်သေးတယ်။ တကယ်ကတော့ အဲဒီတုန်းက ကြီးပွားရေးမှာ မြမဥ္ဇူအမည်နဲ့

ဝတ္ထုတို၊ ခင်လဝင်းအမည်နဲ့ ဘာသာပြန်၊ ဘားမား ဂျာနယ်မှာ ကိုထိန်ဝင်းတောင်းလို့ ပေးစာလေးတွေ စတာလောက်ပဲရေးဖူး သေးတာပါ။

ပြီးတော့ 'ဘာသာပြန်ဆိုခွင့်ကို မန္တလေးသုရိယတိုက်ပိုင်ရှင် ဦးထွန်းရင်က တောင်းယူ၍ မအမာအား ဘာသာပြန်ဆိုစေပြီးလျှင် ကြီးပွားရေးတိုက်ကို ထုတ်ဝေရန် တာဝန်လွှဲအပ်သည်' လို့ ပါသေးတယ်။ ဒါကလည်း အမေက ဦးထွန်းရင်ကို အားနာ နေလို့ ဦးလှက ဦးထွန်းရင် ကျေနပ်အောင် လုပ်ရတာလေ။

လက်ဆောင်ရတဲ့ ဒီစာအုပ်ကလေး ၂ အုပ်က အမေ့ရှေးဟောင်း နှောင်းဖြစ်တွေ ပေါ်လိုက်တာပါကလား။ နှစ်ပေါင်း ၅၀ ကျော်ပြီကိုး။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၁၇၊ ၁၉၉၄ နိုဝင်ဘာ

## ယနေ့ခေတ်နဲ့ လူငယ်

ယနေ့လူငယ်တွေ ဝတ်စား ဆင်ပြင်ပုံ၊ ပြောဆိုနေထိုင်ပုံ၊ လူငယ်တွေ တွေးတော ကြံဆပုံ စသဖြင့် လူငယ်များရဲ့ အပြုအမူ၊ အနေအထိုင်တွေနဲ့ လူကြီးတွေ နေခဲ့ထိုင်ခဲ့ ပြုခဲ့မူခဲ့တာတွေနဲ့မတူ ကွာဟမှုတွေက ကြီးလိုက်တာလို့ မအောင့်အည်းနိုင်တဲ့အခါ အမေက ပြောဆို ညည်းညူမိတယ်။ ဒီလိုပြောမိတဲ့အခါ ဒါအဆန်းမဟုတ်ပါဘူး အမေရယ်၊ ခေတ်ချင်းကွာဟမှု ရှိနေတာကိုး။ ခေတ်လူငယ်တွေနဲ့ လူကြီးတွေနဲ့ဟာ ကွာဟရမှာပေါ့။ အမေ အဲဒါတွေကို အပြစ်ပြောလို့လည်း မရဘူး။ ပြုပြင်ချင်လို့လည်း မဖြစ်ဘူး။ ဒါ သူတို့ခေတ် အမေရဲ့လို့ အမေ့ကို လူငယ်တစ်ယောက်က ပြောပါတယ်။

အမေဟာ ခေတ်ရေစီးကြောင်းကြီးကို ဘဝင်မကျဖြစ်နေတဲ့ အဘွားကြီးတစ်ယောက်ဆိုပြီး အဲဒီလူငယ်က အမေ့ကို သနားနေသလားတော့ မသိဘူး။

ဟုတ်ပါတယ်။ အမေတို့ ငယ်ငယ်တုန်းကလည်း လူကြီးတွေက အမေတို့ အနေအထိုင်တွေအပေါ်မှာ ဒီလိုပဲ ဘဝင်မကျတာတွေ မကြိုက်မနှစ်သက်တာတွေ ရှိခဲ့တာပါပဲ။ ရှိခဲ့လို့လည်း အမေတို့ကို ဆေဖန်လို့တစ်မျိုး၊ အကျိုးသင့်အကြောင်းသင့် ရှင်းပြလို့တစ်မျိုး လုပ်ကြတာကို အမေတို့ ခံခဲ့ကြရတာပဲ။ ဒါဟာ ခေတ်ကာလရဲ့ ကွာဟမှုကြောင့် ဖြစ်ရတယ်လို့ အမေလက်ခံပါတယ်။

နို့ပေမယ့် –

အမေတို့ခေတ်တုန်းက လူကြီးနဲ့ လူငယ်၊ မိဘနဲ့သားသမီး၊ သက်ကြီးရွယ်အိုနဲ့ ပျိုရွယ်သူတွေရဲ့ ဆက်ဆံရေးဟာ အခုထက်ပိုပြီး နီးကပ်သလား၊ ထိစပ်မှုများသလား၊ ပိုမို နွေးထွေးမှုရှိသလား၊ တစ်ဘက်က တစ်ဘက်ကို လေးစားမှု ပိုကြီးသလားလို့ အောက်မေ့ တွေးတောမိတယ်။

ဟိုတုန်းက အိမ်ထောင်တစ်ခုအတွက် အိမ်သားတစ်ယောက် နှစ်ယောက်က ရှာဖွေကျွေးရင် လုံလောက်တော့ အိမ်သားတွေ အချင်းချင်း အတူနေကြ၊ တွေ့ဆုံကြရတဲ့ အချိန်တွေက အများကြီး ရှိခဲ့တယ်။ ခုခေတ်မှာတော့ စားဝတ်နေရေးက ကျပ်တည်းတော့ အိမ်ထောင်တစ်ခုမှာ အိမ်သားရှိသမျှ (ရနိုင်ရင်) အားလုံးထွက်ပြီး အလုပ်လုပ်ကြရတယ်။ လုပ်ရတဲ့အလုပ်က နေ့အလုပ်၊ ညအလုပ်၊ သန်းခေါင်တိုင်တဲ့အလုပ် စသဖြင့် ရရာကို လုပ်ကြရတယ်။ ဒါကြောင့် အိမ်သားချင်း တွေ့ဆုံကြရတဲ့အချိန်က အလွန်ကို နည်းလာတယ်။ အကန့်အသတ်နဲ့သာ ရှိလာတယ်။

အမေတို့ဆိုရင် အမေနဲ့သမီးတွေနဲ့အတူနေ၊ အတူအိပ်၊ အတူစားပါပဲ။ ဒါပေမယ့် သူတို့မှာ သူတို့အလုပ်တွေက များလေတော့ အမေက သူတို့ကို စကားပြော

ချင်လို့လည်း ပြောချိန်မရ၊ ရပြန်တော့ ပြောချင်တဲ့အကြောင်းအရာက စိတ်ထဲ မရှိတော့တဲ့အချိန်၊ ဒါကြောင့် တစ်ယောက်ကိုတစ်ယောက် မြင်တော့ မြင်ရပါရဲ့၊ စကားစမြည် ပြောနေကြရ၊ အေးအေးဆေးဆေး မိသားစုတွေ အတူနေကြရတဲ့အချိန်က မရှိတော့သလောက်ပဲ။ တစ်အိမ်တည်းနေရပေမယ့် စိမ်းနေလိုက်ကြတာ။ မအားကြလို့လေ။

အဲဒီလို မိသားစုတောင်မှ အေးအေးဆေးဆေး ပွန်းပွန်းတီးတီးနေချိန်တွေ မရှိတော့သလောက် ဖြစ်လာတဲ့အခါ မိဘနဲ့ သားသမီးရဲ့ ဆက်ဆံရေးမှာလည်း ရေးကလို ရင်းနှီးပွန်းတီးမှုကြောင့် လူ့ယဉ်ကျေးမှု လက်ဆင့်ကမ်းတဲ့သဘောတွေ နည်းပါး ဆုတ်ယုတ်လာတယ်လို့ အမေ ထင်တယ်လေ။

လူငယ်တွေနဲ့ လူကြီးတွေရဲ့ မျိုးဆက် တစ်ဆက်ကတစ်ဆက်ကို အဲဒီလို ယဉ်ကျေးမှုလက်ဆင့်ကမ်းမှု၊ စီးဆင်းလာမှု တစ်ဘက်က လျော့ပါးဆုတ်ယုတ်လာတာနဲ့ အမျှ လူငယ်တွေက တစ်ဘက်ကလည်း မျိုးခြား တိုင်းတစ်ပါး ယဉ်ကျေးမှုတွေကို ဗွီဒီယို၊ ရုပ်မြင်သံကြားတွေ၊ တေးသီချင်းတွေ၊ ရုပ်ရှင်တွေနဲ့ တခြားမီဒီယာတွေကနေပြီး အတိုင်းမသိ ထိတွေ့ ယဉ်ပါးကြပြန်တယ်။ အတုခိုးကြပြန်တယ်။ လူငယ်တွေက အဲဒါကို သူတို့ခေတ်လို့ ဆိုပြီး လက်ခံနေကြပြန်တယ်။

ဒါကြောင့် လူကြီးတွေနဲ့ အလှမ်းဝေးနေတဲ့ အပြုအမူတွေ၊ အကျင့်အကြံတွေဟာ လူငယ်တွေရဲ့ အကြားအမြင် အတွေ့အကြုံတွေထဲမှာ ရောက်ချင်တိုင်း ရောက်နေကြတော့တာပေါ့။

ဥပမာဆိုပါတော့ အမေတို့လူကြီးတွေရဲ့စိတ်ထဲမှာ သာယာကြည်နူး ချမ်းမြေ့ပြီး ပျော်ရွှင်လာတဲ့အခါ သာယာတဲ့စိတ်က စေ့ဆော်လို့ တေးသီချင်းများ သီကြည့်မိတယ်လို့ အောက်မေ့ခဲ့တယ်။ ခုတော့ အော်ကြီးဟစ်ကျယ် ငေါက်ငမ်း ခုန်ပေါက်ပြီး ဆူဆူပူပူ ဒေါနဲ့မောနဲ့ သီဆိုတာဟာ တေးသံပဲလို့ လူငယ်တွေက သဘောကျနေကြတယ်။

ယောကျ်ားကလေးတွေက သနပ်ခါးလိမ်းကြတယ်။ ဆံပင် အရှည်ထားကြတယ်။ နားဆွဲ၊ လက်ကောက်၊ ဘယက်တန်ဆာ ဆင်ယင်ကြတယ်။ မိန်းကလေးတွေက ဆံပင်ကိုဖြတ်၊ ဘောင်းဘီကိုဝတ်၊ အဖေ့ရုပ်အင်္ကျီကြီးမျိုးကို ဝတ်ပြီး အလှဆင်နေကြတယ်။ အဲဒါတွေက ဘာဖြစ်လို့ ပြောင်းတီပြောင်းပြန် ဖြစ်ကုန်ရတာလဲလို့ တွေးတဲ့အခါ အမေတို့ခေတ်တုန်းက လူငယ်တွေ တွေးခေါ်မြော်မြင်ပုံနဲ့ ခုခေတ်လူငယ်တွေ တွေးခေါ်မြော်မြင်ပုံချင်း ခြားနားလို့ပဲ ဖြစ်မယ် ထင်တာပဲ။

ဘဝဒဿနလို့ခေါ်ကြတဲ့ လူ့ဘဝကိုမြင်ပုံနဲ့ ပတ်သက်ပြီး အမေတို့ငယ်ငယ်ကတော့ နိုင်ငံက သူ့ကျွန်ဘဝမှာဟုတ်လား၊ အဲဒီတော့ တို့တစ်မျိုးသားလုံးရဲ့ ရည်မှန်းချက်ပန်းတိုင်က သူ့ကျွန်အဖြစ်က လွတ်ကြရေးပဲဆိုတာ ဆောင်ပုဒ်တွေက လည်း တဖွဖွရေးနေကြတာ၊ အသင်းအဖွဲ့တွေကလည်း တယယ ပြောနေကြတာ၊ နေရှင်နယ်ကျောင်းလို ကျောင်းတွေကလည်း ကျောင်းသားတွေကို နေ့တိုင်း ဟောပြောနေတာဖြစ်တဲ့အခါ လူငယ်မိန်းကလေးတွေစိတ်ထဲမှာလည်း တိုင်းပြည်အတွက်

သားကောင်းသမီးကောင်းဖြစ်ချင်တဲ့စိတ်က သိပ်ပေါ်တယ်။ အလိုတော်ရိတို့၊ ငို့ဘသမားတို့၊ အချောင်သမားတို့၊ စားဖားတို့ ဆိုတာ လူငယ်တွေ ရွံမုန်းစက်ဆုပ်တဲ့ အသံတွေပေါ့။

အဲဒီလို တိုင်းပြည်အတွက် အဖိုးတန်တဲ့သားကောင်းသမီးကောင်းလေးတွေ ဖြစ်ကြရအောင် ပထမ မျိုးချစ်စိတ် ရှိရမယ်။ ဒုတိယ ပညာရှာရမယ်၊ တတိယ ကိုယ့်လက်ကြွံနိုင်ရမယ် ဆိုတာမျိုးတွေလည်း တစ်ဘက်က ရေးသားဟောပြော လှုံ့ဆော်နေပြီး၊ အလေးမ အသင်းတွေ၊ ခြေလျင်အသင်းတွေ စတဲ့ ယောက်ျားကောင်း၊ မိန်းမကောင်းတစ်ယောက်ဖြစ်ပေါ်ရေးအတွက် အလုပ်စခန်းတွေကလည်း ရှိနေတယ်။

ဒါကြောင့် ယောက်ျားလေးဆိုရင် ကျားကျားလျားလျားနဲ့ သန်မာထွားကျိုင်းမှ တိုင်းပြည်နဲ့လူမျိုးက အားကိုးရမယ့် သားကောင်းတစ်ယောက်ဖြစ်လာဖို့ လူငယ်တိုင်းက မျှော်မှန်းသလို လုံမငယ်တိုင်းကလည်း ဖြစ်စေချင်ကြတယ်။ ဒါကြောင့် ယောက်ျားလေးက သနပ်ခါးလိမ်းတယ်ဆိုရင် လူ့အဖွဲ့အစည်းက လက်မခံနိုင်ဘူး။ ဝိုင်းပြီး သရော်မှာ ရှုတ်ချမှာပဲ။ လူဆိုတာ အဖွဲ့အစည်းနဲ့နေရတာဟုတ်လား။ ပတ်ဝန်းကျင်က လက်မခံတာကို မလုပ်ဝံ့ပါဘူး။

ခုခေတ်မှာတော့ လူငယ်တွေရဲ့ ပတ်ဝန်းကျင်က မင်းပိုက်ဆံရအောင် ဘယ်နည်းနဲ့ဖြစ်ဖြစ် ရှာ၊ မရှာနိုင်ရင် ဖွတ်ပဲလို့ ရှုတ်ချတယ်။ ရတယ်ဆိုရင် သုံးပါ ဖြုန်းပါ။ အရက်သောက်၊ ဘိန်းရှူလုပ်ချင်ရာ လုပ်ပါ။ ရှာနိုင်ရင် အားလုံး တင့်တယ်တယ်လို့ ကြွေးကြော်ကြ၊ အောက်မေ့ကြတယ်။ ပြီးတော့မှ အချင်းချင်းမှာ ငါကဘယ်သူ၊ ငါကဘယ်ဝါလို့ ထင်ပေါ်ကျော်ကြားလာအောင် အမျိုးစုံ သူများထက် ထူးအောင် ဝတ်စားဆင်ပြင်တာ၊ ကင်းမြီးကောက် ထောင်ပြတာမျိုး၊ အုန်းပင် စိုက်နေတာမျိုး၊ တစ်စုံတစ်ရာ သူများနဲ့မတူတာမျိုး လုပ်ပြပြီး ငါဆိုတဲ့အတ္တကို ရှေ့ရောက်အောင် ဆွဲခေါ်ဖို့ ကြိုးစားကြတယ်။

လူငယ်လေးတွေ ဝတ်စားဆင်ပြင်မှုတွေမှာ တောလုပ်တောင်လုပ် လုပ်နေကြတာ အဲဒီလို ငါလို့ ထင်ပေါ်ချင်မှုနဲ့ လုပ်ပြနေကြတာပဲ။ သူတို့မှာ မှန်ကန်မွန်မြတ်တဲ့ ဘဝဒဿန မရှိဘူး။ ရှိအောင်လည်း ဘယ်ရပ်ကွက်ကမှ ထိထိရောက်ရောက် လုပ်မပေးနိုင်ဘူးလို့ အမေထင်တယ်။

ခေတ်ပဲအမေရဲ့ ခေတ်ပဲဆိုပြီး ခေတ်ရေစီးကြောင်းကြီး စီးချင်ရာ စီးနေတဲ့အထဲ လူငယ်တွေ မျောချင်ရာ မျောပါနေတာကို အမေတို့ လူကြီးမိဘဆရာသမားတွေက ကြည့်မနေသင့်ဘူး။ ခေတ်ရေစီးကို စီးသင့်တဲ့ဘက် စီးဆင်းလာအောင် ရေလမ်းသွယ် ဖောက်ပေးသင့်တယ်။ ဒါမှ ကိုယ်လိုရာ ဒီခေတ်ရေစီးကြီး စီးလာမှာပေါ့လို့ အမေက ပြောချင်တယ်။

အမေနဲ့ သဘောတူကြသလား။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၃၂၊ ၁၉၉၆ ဖေဖော်ဝါရီ

>< 

“

... အဲဒီငါးပိကို ပုစွန်ကင်ကလေး ဖွဲ့ထည့်ပြီး ခရမ်းချဉ်သီးနဲ့ ငရုတ်သီးစိမ်းနဲ့ ချက်၊ နံနံပင် ကြက်သွန်မြိတ်ကလေးအုပ်ပြီး အရည်ကလေးနဲ့ ချက်တာလေ။ ငါးပိချက်ဆိုပေမယ့် ငါးပိကလည်းကောင်း၊ ပုစွန်ကင်တွေကလည်း ချိုတော့ ငါးပိချက် ငန်ပုံ ချိုပုံက ပါးစပ်ထဲ သိပ်အဆင်ပြေတာပေါ့။ အောက်အရပ်ကစားတဲ့ ငါးပိရည်ကို အမေတို့ အညာသူတွေက သိပ်မစားတတ်ဘူး၊ ဟိုတုန်းက။ ....

## မန္တလေး ငါးပိချက်

အမေနဲ့ ညီအစ်မလိုခင်တဲ့ မိမိတစ်ယောက် အမေ့ဆီမပေါ်လာတာ ကြာလှပြီ၊ တစ်နေ့ကမှ သူရောက်လာတယ်။ ဒါနဲ့ အမေက "မိမိလည်း မလာတာ ကြာလှပြီနော်၊ နေလို့တော့ ကောင်းရဲ့လား" လို့ မေးကြည့်တော့ မိမိက –

"နေကောင်းပါတယ် မမမာရယ်၊ တစ်နေ့တစ်နေ့လည်း အားရတယ် မရှိဘူး၊ မီးဖိုချောင်က ထွက်ရတော့ ဆန်ရွေးရတာလိုလို၊ အဝတ်လျှော်ရတာလိုလိုနဲ့ ညနေ ချက်ချိန် ပြုတ်ချိန် တိုင်သွားပြန်ရော။ ဒါနဲ့ မမမာဆီ မလာဖြစ်တာ၊ ကိုယ့်မှာလည်း မမမာပြောတဲ့ ပစ်တိုင်းထောင်ရုပ်က ကြိုးရှုပ်တဲ့လူမျိုး မဟုတ်လား" တဲ့။

မိမိက အပျိုကြီးပါ၊ အသက် ၆၀ ကျော်ပါပြီ။ ဒါပေမယ့် ညီမကမွေးထားတဲ့ တူတွေ တူမတွေ မြေးတွေကို ကြည်ကြည်ဖြူဖြူ နေ့တိုင်း ချက်ပြုတ်ကျွေးနေတဲ့ အပျိုကြီး။

"မမမာနယ် သံယောဇဉ်ဆိုတာ ကိုယ်က တွယ်ထားတာပါ။ သူတို့က မတွယ်ပါဘူး။ ကိုယ်က တစ်ယောက်တည်းသမားဆိုတော့ ငါ့မှာ ကြီးလာရင် ဆေးပေးမီးယူလေးတော့ သွေးထဲသားထဲရှိဦးမှဆိုပြီး ညီမမွေးတာတွေထဲက တစ်ယောက်တလေ ထွက်လာနိုးနိုး မျှော်ကိုးပြီး သူတို့နဲ့ ပေါင်းသင်း၊ သူတို့နဲ့အဖော်လုပ်ပြီး ကိုယ့်အိတ်ထဲက စိုက်ပြီး ချက်ပြုတ် ကျွေးမွေးပြုစုနေတာပဲ မမမာရဲ့။ တကယ်တမ်းကျတော့ ကိုယ့်ဆိုးမျိုး ခံမယ့်ဟာလည်း ထွက်မယ့်ပုံ မပေါ်ပါဘူး" တဲ့။

မိမိက ဆုံးသွားရှာတဲ့ စာရေးဆရာမ ဒေါ်မာလာလိုပါပဲ။ ဒေါ်မာလာလည်း အစ်ကိုက မွေးတဲ့ တူမတွေကို သမီးလုပ်ပြီး တစ်သက်လုံး အိတ်စိုက်ချက်ပြုတ် ကျွေးမွေးသွားတာပဲ။

မိမိက စကားဆက်ပါသေးတယ်။

"မမမာရယ် ဒီကောင်တွေဟာ သနားတော့လည်း သနားစရာပဲ။ သူတို့ဘာမှ မခံစားဖူးရှာဘူး။ ကျွန်မက ခရမ်းချဉ်သီးကို မျှင်ငါးပိနဲ့ ငါးပိချက် ချက်ကျွေးတာ၊ ငါးပိချက်က မြိန်လိုက်တာဆိုပြီး ခေါင်းမဖော်ဘူး၊ စားလိုက်ကြတာ။ ဒီလို မစားလို့လည်း မရဘူးလေ၊ မုန့်ဖိုးက အစိတ်သုံးဆယ်မကျန်ဘဲ လှလှစားရတာမှ မဟုတ်တာ။ ဒီကောင်တွေ မမမာတို့ ကျွန်မတို့ ဟိုအရင်က ချက်စားခဲ့တဲ့ ငါးပိချက်မျိုးနဲ့များ ချက်ကျွေးလိုက်ရရင် စားပိုးနင့်ပြီးတောင် ဒုက္ခဖြစ်လောက်ရဲ့။

"ကျွန်မတို့ အဖေရတဲ့ လခကလေးနဲ့ ကျွန်မတို့မိသားစုမှာ သိပ်ကြီးတော့ ဖွယ်ဖွယ်ရာရာတွေ မစားနိုင်ခဲ့ပါဘူး။ ဒါပေမယ့် ချဉ်ရည်ဟင်းကလေးနဲ့၊ မန္တလေး ငါးပိချက်ကလေးနဲ့ ခရမ်းသီးမျက်မမြင်ကလေးတွေ ပြုတ်တို့လို့၊ ဒေါ်ဂုံးပဲစိမ်းကြော်ကလေးနဲ့ဆို သိပ်စားလို့ ကောင်းတာပဲ။ ခုခေတ်တော့လည်း အဲဒီငါးပိချက်မျိုးမြင်ရဖို့ မရှိပါဘူးတဲ့။

မိမိပြောခါမှ မေ့တောင် မေ့နေပြီဖြစ်တဲ့ မန္တလေးငါးပိချက်ကလေးကို အမေက ပြန်သတိရမိတယ်။

ဟိုတုန်းက တစ်ကောင်ကို ငါးပိသာ၊ ခြောက်ပိသာထက် မနည်းတဲ့ ငါးမြင်းကြီးတွေ ခေါင်းဖြတ်ပြီး ငါးပိလုပ်ထား၊ စဉ့်အိုးကြီးတွေနဲ့ သိပ်ပြီး ဆားရည်စိမ်ထား၊ ရောင်းခါနီးမှ စဉ့်အိုးထဲက ဆယ်ပြီး ခုတ်ရောင်းတဲ့ ငါးမြင်း ငါးပိတစ်ကလေး တစ်ဆယ်သား ဝယ်ရင် ချက်လောက်တယ်။ ဝမ်းပျဉ်းသားများဆိုရင် အဆီတွေနဲ့ ဝင်းလို့၊ ငါးပိတစ်ကလည်း မွှေးနေတာ။ ဈေးက တစ်ပိသာမှ ၄ ကျပ်၊ ၅ ကျပ်ရယ်။

အဲဒီငါးပိကို ပုစွန်ကင်ကလေးဖွဲ့ထည့်ပြီး ခရမ်းချဉ်သီးနဲ့ ငရုတ်သီးစိမ်းနဲ့ ချက်၊ နံနံပင် ကြက်သွန်မြိတ်ကလေးအုပ်ပြီး အရည်ကလေးနဲ့ ချက်တာလေ။ ငါးပိချက်ဆိုပေမယ့် ငါးပိကလည်းကောင်း၊ ပုစွန်ကင်တွေကလည်း ချိုတော့ ငါးပိချက်ငန်ပုံ ချိုပုံက ပါးစပ်ထဲ သိပ်အဆင်ပြေတာပေါ့။ အောက်အရပ်ကစားတဲ့ ငါးပိရည်ကို အမေတို့ အညာသူတွေက သိပ်မစားတတ်ဘူး၊ ဟိုတုန်းက။

ပုစွန်ကင်ဆိုတာ ပုစွန်တုပ်တွေကို အမြီးစကလေးချန်၊ အခွံတွေခွာ ခေါင်းဖြတ်ပြီး အသားချည်းကို ဝါးတံစို့ ၂ ချောင်းနဲ့ သီထိုးပြီး ကျပ်တင်ထားတာဆိုတော့ ကျပ်စော်ကလေး မွှေးနေတာက တစ်မျိုး၊ ပုစွန်က ချိုတာက တစ်မျိုးပေါ့။ အဲဒီ ပုစွန်ကင်တွေဟာ အောက်အရပ် မိုးကုန်တော့မယ်၊ သီတင်းကျွတ်ပြီဆိုရင် ပေါ်ပြီ။ မန္တလေးက ငါးပိ ငါးခြောက်ဆိုင်တွေပေါ် ရောက်လာပြီ။ အမေတို့က စားရုံမက ကထိန်ခင်းတော့ ပဒေသာပင်တွေမှာ ပုစွန်ကင်တွေ ကြက်ခြေခတ်ပြီး ပဒေသာပင် သီးလှူသေးတယ်။ အမေတို့ အညာမှာ ပုစွန်က ရှားတာကိုးကွဲ့။ အဲဒီတော့ ပုစွန်ကျပ်တင်ခြောက်ကို အလွန်စုံမက်တာပေါ့။ အဲဒီပုစွန်ကင်တွေ ခုခေတ် မန္တလေးဈေးတွေမှာ လုံးလုံး မမြင်ရတော့ဘူး။

အမေတို့က ပုစွန်ကင် မရတော့တဲ့အချိန်မှာ ငါးမြင်းငါးပိတစ်ချက်ထဲကို ချိုမေ့ဆိုတဲ့ ဖျာပုံပုစွန်ခြောက် ၂ ကျပ်ခွဲသားလောက် အကောင်လိုက် ဆုပ်ထည့်လိုက်တယ်၊ ချိုရောပေါ့ အဲဒီငါးပိချက်။ ခုတော့ ဖျာပုံပုစွန်ခြောက်ကောင်းကောင်းက တစ်ပိသာကို ၁၉၀၀ ကျပ်တဲ့၊ ၁၈၀၀ ကျပ်တဲ့။ ငါးပိချက်ထဲ ဆုပ်ထည့်လိုက်ဖို့ ဝေးလို့ ဟင်းချိုအိုးပေါ်မှာတောင် မဝဲနိုင်ဘူး။ ဟင်းချိုအိုးဟာ မှျင်ငါးပိနဲ့ လူနဲ့ မတည့်ပါဘူးဆိုတဲ့ ဟင်းချိုမှုန့် (မာတ်ဆေး) နဲ့ ချိုနေရတယ်လေ။

မိမိပြောတဲ့ ခရမ်းသီး မျက်မမြင်လေးဆိုတာက ခရမ်းသီး သီးစလေးတွေကို ခေါ်တာပါ။ ကျွန်းတွေ ကိုင်းတွေပေါ်ကို မြစ်ရေကြီးလာလို့ ရေတွေ တက်လာရင် စိုက်ထားတဲ့ အသီးအပင်တွေ အကုန်လုံးက ရေမြုပ်တော့မှာမို့၊ အရွက်ရော၊ အပွင့်ရော၊ အသီးကင်းရော အားလုံး ဆွတ်ခူးကြရတယ်။ ခရမ်းခင်းဟာ နမြောစရာဘယ်လောက်ကောင်းကောင်း၊ ငယ်သေး နုသေးတဲ့ သီးကင်းကလေးတွေပေမယ့် ခူးရတယ်။ ဒါလေးတွေ ပြုတ်ပြီး ငါးပိနဲ့ တို့မြုပ်စားရအောင် ဈေးမှာ ရောင်းကြတာ၊ ခရမ်းသီး သီးကင်းကလေးတွေကို ခရမ်းမျက်မမြင်လို့ ခေါ်တာကွဲ့။

ဒေါ်ဂုံး ပဲစိမ်းကြော်ဆိုတာကတော့ ကမ္ဘာစစ်ကြီးမဖြစ်ခင် မန္တလေးမှာ ပဲစိမ်းကြော် ကြော်ပြီး ဖောက်သည်ပေးတဲ့ အကြော်သည်ကြီး ဒေါ်ဂုံးဆိုတာရှိတယ်။

သူက စားတော်ပဲကို ရေစိမ်၊ အညှောက်ပေါက်အောင်ထားပြီး မုန့်မှုန့်နဲ့ အကြွပ်ကြော် ရောင်းတာ။ သူ့အကြော်ကြီးတွေက တစ်ချပ်ဆိုရင် ၃ လက်မခွဲလောက်ရှိတာ။ အဲဒါ တစ်ရာကို ဒေါ်ဂုံးက ငါးမတ်နဲ့ ဖောက်သည်ပေးတယ်။ လည်ရောင်းမယ့်အကြော်သည်က တစ်ခု ၁ ပြား ရောင်းတော့ ငါးမတ်ဖိုးရင်းရင် တစ်ကျပ်ခွဲနဲ့ တစ်ပဲရတယ်လေ။ အကြော်သည်က "ဒေါ်ဂုံးပဲစိမ်းကြော်" လို့ ပါးစပ်က အော်ရောင်းတာ။ ဝယ်ပြီး သံပုံးနဲ့ဘာနဲ့ထည့်ထားရင် ရက်ကြာကြာလည်းခံတယ်။ ကြွပ် ရွနေတာပဲ။ ဒါကြောင့် ဆော်ဒါနေတဲ့ ကလေးတွေဆီကို အိမ်တွေက ဒီပဲစိမ်းကြော် ၂၀–၂၅ ဝယ်ပြီး ပုံးနဲ့ ထည့်ပို့ပေးတတ်တယ်။

မိမိပြောမှ ဒေါ်ဂုံးပဲစိမ်းကြော်ကို သတိရပြီး ပုစွန်ကင်ဆင်းတဲ့ ငါးမြင်း ငါးပိ တစ်ချက်ကိုလည်း ပြန်စားချင်လာတယ်။

ဒါကြောင့် "မိမိရယ်၊ ရှင့်ဟာက ပြန်သတိရတော့ သွားရည်ယိုပါတယ်။ ထားလိုက်ပါတော့၊ လွမ်းစ မဖော်ပါနဲ့တော့" လို့ ပြောရတယ်။

ဒါတောင် သူက မတန်သေးဘူး။ "ကျွန်မတို့ငယ်ငယ်က ဈေးထဲမှာ ပုစွန်ဆိုတာ ဧရာဝတီကထွက်တဲ့ မြစ်ပုစွန်ပဲ ရှိတယ်။ အဲဒါက တစ်ပိဿာကို ၄ ကျပ်–၅ ကျပ် မို့ တစ်ခါတလေ အဖေ့တစ်ယောက်စာပဲ ဝယ်ချက်ကျွေးတယ်။ တစ်အိမ်လုံး မစားနိုင်ဘူး။ စစ်ပြီးတဲ့ကာလရောက်တော့ ရန်ကုန်ကလာတဲ့ ပုစွန်ဆိုပြီး ရေခဲစိမ်ပုစွန်တွေ သေတ္တာတွေနဲ့ ရောက်လာလို့ ပုစွန်အမျိုးမျိုး ဈေးတွေထဲ ရောင်းလာတယ်။ ကြော့ပုစွန်တဲ့၊ ကျားပုစွန်တဲ့၊ ဆတ်ထုပ်တဲ့။ အဲဒါ ပုစွန်ကြော့ကလေးတွေ တစ်ပိဿာကို ၆–ကျပ်လောက်ကစပြီး ရောင်းလာတာ၊ ၂၀၀ ကျပ်ဈေးအထိ ဈေးထဲမှာ မြင်ရသေးတယ်။ ဒီနောက်တော့ လုံးဝ မမြင်ရတော့ဘူး။ မြစ်ပုစွန်ကတော့ ကနေ့ဈေးတစ်ပိဿာကို ၁၂၀၀ ကျပ်–၁၅၀၀ ကျပ် ဈေးတဲ့။

"ကျွန်မတို့လိုဟာတွေက ထမင်းပွဲမှာ ပုစွန်စော် မနံနိုင်ပါဘူး မမမာရယ်" တဲ့။ သူက ပုစွန်စကားပြောလာပြန်တယ်။

ပါးစပ်ဆိုတာကလည်း အခက်သား၊ စားနေကျမစားရတာဆိုရင် လျှာက လွမ်းတယ်ထင်ပါရဲ့၊ ဟုတ်ပါရဲ့နော်ဆိုပြီး သတိရလာရော။ ရှင် ဒီနေ့ဘာဟင်းနဲ့ စားခဲ့သလဲလို့ မိန်းမချင်း ပြောတတ်တဲ့ အာလာပ သလ္လာပကိုပါးစပ်ကထွက်မိ မေးမိ ဦးတော့မလို့၊ မေးလိုက်မိရင် မမမာက စပြန်ပလားဆိုပြီး ရှားရှားပါးပါး ဝယ်ခြမ်း စားရတာတွေ သူက ဇာတ်စုံခင်းလိမ့်ဦးမယ်။ ဒါကြောင့် စကားစပြတ်အောင်လို့ –

"ကပိုင်မှာ ရဟန္တာပေါ်နေသတဲ့၊ မိမိရောက်သေးသလား" လို့ မေးလိုက်တော့ "မရောက်နိုင်ပါဘူး မမမာရယ်၊ ပေါ်တဲ့ ရဟန္တာက ကျွန်မတို့ ဝဋ်ဒုက္ခတွေ ကယ်နိုင် မယ် ဆိုလည်း အကောင်းသား၊ ခုတော့ သွားစရာလည်း ကားမရှိပါဘူး၊ သူများဆီက တစ်ဆင့်စကားပဲ နားထောင်လိုက်ပါတော့မယ်" လို့ ပြောပြီး ထမင်းချက်ချိန်တိုင်လို့တဲ့ နှုတ်ဆက်ပြီး ပြန်ပါလေရော။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၄၄၊ ၁၉၉၄ ဩဂုတ်

✂

❝

… ဒီလို အလုပ်လုပ်စားကြရတဲ့ မိန်းကလေးတွေရဲ့ အလုပ်ခွင်တွင်းမှာ ဣန္ဒြေ လုံခြုံမှု၊ အလုပ်သိမ်းလို့ အိမ်အပြန်မှာ ဘဝလုံခြုံမှုများကို ဘယ်သူက အာမခံပါ့မလဲဆိုတာ မေးစရာတွေပဲ။ ဘယ်အမျိုးသမီးအသင်းအဖွဲ့က ဒီအလုပ်ခွင်တွင်းက မိန်းကလေးတွေကို ကူညီစောင့်ရှောက် ကာကွယ်ပေးမှာလဲ၊ ဘယ်ဥပဒေကို အားကိုးရမှာလဲဆိုတာ မိန်းကလေးတွေ သိဖို့ကောင်းတာပေါ့။ ……..

## သမီးပျိုများရဲ့လုပ်စာ

အမေ ကလျာမဂ္ဂဇင်းမှာ ရေးနေတဲ့ ဒီအခန်းကို ဖတ်တဲ့ မိန်းကလေးတစ်ဦးက အမေ့ဆီကို စာတစ်စောင် စာတိုက်က ထည့်လိုက် ပါတယ်။ သူ့စာက စိတ်ဝင်စားစရာမို့ သူ့အတိုင်း အမေ ဖော်ပြပါတယ်။

*အမေမာရှင့်*

*ကျွန်မအမေလို့ ချစ်လို့၊ အမေလို့ အားကိုးလို့ အမေမာလို့ပဲ ခေါ်လိုက်ပါတယ်၊ ခွင့်ပြုပါရှင့်။*

*အမေမာတို့ ကျုံးဘေးကို မနက် (၄) နာရီ (၅) နာရီ လောက်မှာ ရောက်တဲ့ အခါ ခုံရှည်တွေနားမှာ အဲဖတ်တွေ တွေ့လို့ ထိုင်မနားကြရဘူးလို့ အမေက ရေးပါတယ်။ ကျွန်မတို့ အဲဒီကျုံးဘေးကို ည (၁၀) နာရီလောက် ရောက်တဲ့အခါ ကြုံရပုံကလေးများကိုလည်း အမေတို့သိအောင် ရေးပြပါရစေ။*

*ည (၉) နာရီကျော်လို့ (၁၀) နာရီ နားနီးတော့ အလုပ်ခွင်က အလုပ်သိမ်း ပြန်လာတဲ့ မိန်းကလေးတွေနဲ့ ကျုံးလမ်းကြီးက စည်ကားနေပါတယ်။ ဈေးဆိုင်ကြီးတွေ၊ ကုန်တိုက်ကြီးတွေမှာ ဈေးရောင်းကြရ၊ အလုပ်လုပ်ခဲ့ကြရတဲ့ မိန်းမပျိုကလေးတွေ အလုပ်သိမ်းပြီး အိမ်ပြန်လာကြရတာပါ။ အများအားဖြင့် စက်ဘီးကလေးတွေနဲ့ ပြန်ကြပါတယ်။ ဒီမိန်းကလေးတွေဟာ အားလုံးအရွယ်ကောင်း၊ အရွယ်လှလေးတွေ၊ ရုပ်ချောသူလေးတွေက အများစုကြီးပါ။*

*သူတို့အလုပ်သိမ်းပြီး အိမ်ပြန်လာတာကို တချို့ယောကျ်ားလေးတွေက စောင့်ပြီး လိုက်စပါတယ်။ စက်ဘီးပေါက်လို့ တွန်းသွားရတဲ့ ကလေးမ တစ်ယောက်ဆိုရင် လူငယ် (၅) ယောက်လောက်က စလိုက်လာပါတယ်။ ဒီမြင်ကွင်းဟာ တစ်နေ့မဟုတ် နေ့တိုင်းပါ။ မိန်းမပျိုကလေးတွေကို ငှားရမ်းခိုင်းစေတဲ့ အလုပ်ရှင်များက သူတို့ဆိုင်တွေကို ည (၈) နာရီထက် စောပြီး မပိတ်တော့ ဆိုင်ပိတ်ပြီးမှ သိမ်းရ၊ ဆည်းရ စာရင်းအပ်ရနဲ့ (၉) နာရီ (၁၀) နာရီ မှ အိမ်ပြန်ချိန် ရပါတယ်။ ဒီမိန်းကလေး တွေရဲ့ အိမ်တွေက မြို့သစ်တွေမှာဆိုရင် ဘယ်အချိန်မှ သူတို့ခမျာ အိမ်ပြန်ရောက်ကြရတယ် မသိပါဘူး။ မိန်းမချင်းကိုယ်ချင်းစာပြီး ကျွန်မဖြင့် ကြက်သီးထလွန်းလို့*

*အမေမှာဆိုကို ဒီအကြောင်း စာရေးတာပါ။ အမေမာတတ်နိုင်သလောက် စောင့်ရှောက် ပေးပါရှင် — တဲ့။*

ဟုတ်တာပေါ့၊ အမေတို့မြို့မှာ လမ်းမီးက လမ်းတိုင်း မထွန်းပါဘူး၊ ကျုံးဘေးပတ်လည်မှာသာ ၂ တန်းကြီးများတောင် ထွန်းထားတာပါ။ အလုပ်သိမ်းပြန်ရတဲ့ မိန်းကလေးတွေ မြို့ထဲမဟုတ်ဘဲ မြို့သစ်တွေကို ပြန်ရမယ်ဆိုရင် အလွန်မိုးချုပ်မှ အိမ်ပြန်ရောက်ကြမှာပါ။ အမေက ည (၁၀) နာရီ အလုပ်သိမ်းပြန်တာတော့ မမြင်ဖူးဘူး။ မနက် (၇) နာရီ၊ (၈) နာရီမှာ အလုပ်ဆင်းဖို့ မြို့သစ်တွေ၊ မြို့စွန်တွေနဲ့ မန္တလေးဝန်းကျင်က အလုပ်လုပ်လာကြရတဲ့ အလုပ်သမားတွေရဲ့ စက်ဘီးတွေနဲ့ မလင်းခင်ကစပြီး အလုပ်ဆင်းလာတာတော့ မြင်ဖူးတယ်။ နည်းတဲ့စက်ဘီးတွေ မဟုတ်ဘူး။ အဆက်မပြတ် မြို့တွင်း အလုပ်ခွင်ကို လာကြရတာ သောင်းနဲ့ချီပြီး ရှိလိမ့်မယ်။ လာရတာကလည်း အဝေးကြီး၊ တစ်ချို့ မြစ်ငယ်လောက်က လာရတာတွေ ပါတယ်။

စာထဲကပါတဲ့ မိန်းကလေးတွေက ဘယ်အထိများ ပြန်ရာရတယ် မသိဘူး။ ပြီးတော့ ဈေးကွက်စီးပွားရေးရဲ့ ကောင်းမှုကြောင့် မိန်းမပျိုကလေးတွေ ရှေးကနဲ့မတူဘဲ အလုပ်လုပ်ကြရတယ်။ လူ့လုပ်အားသာမက အရွယ်နဲ့ ရုပ်ရည်ကလည်း ဝန်ဆောင်မှုထဲမှာ စကားပြောလာတာ တွေ့ရတယ်။ တချို့ဆိုရင် အလုပ်ခွင်ဟာ ကိုယ့်ရိုးရာတိုင်းရင်းသားအဝတ်အစား ထဘီအင်္ကျီ ဝတ်ပြီး လုပ်ကြရရှာတာ မဟုတ်ဘူးတဲ့။ ဒူးပေါ် ပေါင်ပေါ် စကတ်ဆိုတဲ့ ဂါဝန်တိုကလေးတွေ ဝတ်ပြီး အလုပ်ခွင် ဝင်ကြရသတဲ့။

ပြီးတော့ စားသောက်ဆိုင်တွေ၊ ဟော်တယ်တွေ ရက်စတောရင့်တွေမှာ အလုပ်လုပ်ကြရတဲ့ မိန်းမပျိုကလေးတွေဆိုရင် သောက်စား မူးယစ်တဲ့ ဈေးဝယ်များနဲ့ အမြဲတမ်း ဆက်ဆံနေကြရတာ ဖြစ်သတဲ့။

ဒါကြောင့် ဒီလို အလုပ်လုပ်စားကြရတဲ့ မိန်းကလေးတွေရဲ့ အလုပ်ခွင်တွင်းမှာ ဣန္ဒြေ လုံခြုံမှု၊ အလုပ်သိမ်းလို့ အိမ်အပြန်မှာ ဘဝလုံခြုံမှုများကို ဘယ်သူက အာမခံပါ့မလဲဆိုတာ မေးစရာတွေပဲ။ ဘယ်အမျိုးသမီးအသင်းအဖွဲ့က ဒီအလုပ်ခွင်တွင်းက မိန်းကလေးတွေကို ကူညီစောင့်ရှောက် ကာကွယ်ပေးမှာလဲ၊ ဘယ်ဥပဒေကို အားကိုးရမှာလဲဆိုတာ မိန်းကလေးတွေ သိဖို့ ကောင်းတာပေါ့။

ကလေးသူငယ်တွေကို အလုပ်ခွင်ထဲမှာ မတရားခိုင်းစေနေတယ် ဆိုပြီး ကန့်ကွက် အရေးဆိုသံတွေ ကမ္ဘာ့အရပ်ရပ်မှာ ကြားစပြုလာရပြီ ဖြစ်ပေမယ့် မိန်းမပျိုကလေးတွေကို အချိန်ကန့်သတ်ခိုင်းစေရေး၊ အလုပ်ခွင်တွင် ကာယိန္ဒြေ လုံခြုံရေး၊ ရိုးရိုးအလုပ်မျိုး မဟုတ်ဘဲ မိန်းမကလေးများ၏ အရွယ်နဲ့ရုပ်ရည်ကို တစ်ပိုင်းက ရောင်းစားရတဲ့ အဖြစ်မျိုးနဲ့ အလုပ်ခွင်တွေ ဝင်နေရတာကို ဥပဒေများ ပြုလုပ်ပြီး တိုက်ဖျက် ပေးစေရေးများကိုလည်း တောင်းဆိုသင့်နေပါပြီ။

အောက်တိုဘာ (၂၁) ရက် နေ့စွဲပါ ရိုက်တာသတင်းတစ်ရပ် အမေတို့ မြန်မာအင်္ဂလိပ်သတင်းစာတွေမှာ ဖတ်လိုက်ရတယ်။ အဲဒါကတော့ တရုတ်ပြည်မှာ

ဈေးကွက်စီးပွားရေး ဝင်ရောက်လာပြီး အနောက်နိုင်ငံတွေက အမူအကျင့်တွေကြောင့် အိမ်ထောင်ရေးတွေ ဖြောင်းဆန်ကုန်ရတယ်လို့ ဆိုပါတယ်။ လင်မယား ရန်ဖြစ်ရ၊ လင်ရဲ့အရိုက်အနှက်ခံရမှုတွေ သိပ်များလာတယ်လို့ ဆိုပါတယ်။

အမေတို့ဆီမှာလည်း ရှေးက မရှိဘူးတဲ့ အလုပ်ခွင်အသစ်တွေ အများကြီး ဖြစ်ပေါ်လာပါတယ်။ ဒီအလုပ်ခွင်တွေထဲကို သမီးပျိုကလေးတွေက ဝင်ကြရတယ်။ မိဘမောင်ဖွားက သူတို့အလုပ်ခွင်ရဲ့ အခြေအနေကို တချို့ကလည်း မသိဘူး။ တချို့ကလည်း အသင့်အတင့် သိတယ်။ ဒါပေမယ့် စားဝတ်နေရေးက သိပ်ကျပ်တော့ သိရဲ့နဲ့ မှိတ်ပြီး သမီးလေးလုပ်စာကို စားနေကြရသူတွေလည်း ရှိပါတယ်။ မစားလို့ ဖြစ်မှ မဖြစ်ဘဲကိုး။

အမေတို့ မန္တလေးမှာ ဘယ်တုန်းကမှ မရှိခဲ့ဘူး၊ မကြားခဲ့ဘူးတဲ့ နိုက်ကလပ် ဆိုတာတွေတောင် ဖွင့်လို့နေပါပြီ။ ဒါတွေဟာ မြန်မာ့ရိုးရာယဉ်ကျေးမှုနဲ့တော့ အားလုံး ဖီလာကန့်လန့်ပါ။

မိန်းကလေးတွေရော၊ ယောကျ်ားကလေးတွေပါ အမျိုးသားယဉ်ကျေးမှုနဲ့ လုံးဝဆန့်ကျင်တဲ့ ဒီလို အပြုအမူတွေကို ကိုယ်ကိုယ်တိုင်က ရှောင်ကြဉ် ထိန်းသိမ်းကြရမယ့်ကိန်းတော့ ဆိုက်နေပြီ။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၄၂၊ ၁၉၉၆ ဒီဇင်ဘာ

“

... အမေငယ်ငယ်က ၁ ပြားဖိုး ဝယ်ရတဲ့ ချဉ်ပေါင်ရွက်က အခု ၁၀ ကျပ်ဖိုး ဝယ်နေရတော့ အမေက အိမ်ပြန်ရောက်ရင် ချဉ်ပေါင်တောင် ၅ ကျပ်ဖိုး၊ ၁၀ ကျပ်ဖိုး ဝယ်ရတယ်လို့ တဖျစ်တောက်တောက် ပြောနေတာပဲ။ မပြောဘဲ မနေနိုင်ဘူး။ အိမ်က သမီးတွေ မြေးတွေကတော့ အမေ နေ့တိုင်း ဒါတွေ ပြောနေတာပဲလို့ အောက်မေ့ပြီး နားငြီးကြမှာပဲ။ ....

## ဈေးသွား ငါးဝယ်ကိစ္စ

အမေတို့ငယ်ငယ်တုန်းက အဘွားအေနဲ့ ဈေးလိုက်ရတာကို အခုကြီးလာတော့ အမေက ခဏခဏ သတိရတယ်။ ဘာလို့တုန်းဆိုတော့ ဟိုတုန်းက ဝယ်ရခြမ်းရတာတွေနဲ့ ခုဝယ်ရခြမ်းရတာတွေက သိပ်ကွာခြားနေတာကိုး။

အမေက အဲဒီတုန်းက လေးငါးခြောက်နှစ်သမီး ရှိသေးတယ်။ အမေတို့အဘွားက အသက် ၆၀ ကျော်ပေါ့။ အမေတို့ အဘွားအုပ်စီးတဲ့ အိမ်ထောင်ကြီးထဲမှာ အမေတို့မိသားစုတွေက အတူတူနေ အတူတူစားကြတာ။ အဘွားက မုဆိုးမကြီး။ ဒါပေမယ့် သမီးတွေ၊ သမက်တွေ၊ မြေးတွေ၊ သမီးပျိုတွေနဲ့ အိမ်ထောင်ကြီးကို သူပဲ အုပ်စီးပြီး ရှာကျွေးတာ။ စားအိုးကြီးက အိမ်သားတွေရော၊ တပည့်တပန်းတွေရော ဆယ့်လေးငါးယောက်ရှိတယ်။ အရောင်းအဝယ်နဲ့ပတ်သက်တဲ့ ချည့်သည်ကလည်း ပြတ်တာ မဟုတ်ဘူး။ အဲဒီစားအိုးအတွက် နေ့တိုင်း ဈေးသွားငါးဝယ် အလုပ်ကိုလည်း အဘွားကပဲ လုပ်တယ်။

အဲဒီလိုလုပ်တော့ အဘွားက ဈေးဝယ်မယ့် ယွန်းဗျပ်ကြီးဆွဲလာပြီး "အမာ ဈေးလိုက်ခဲ့" လို့ ခေါ်ပါတယ်။ သူဈေးသွားရတာ အဖော်ရအောင်လို့သာ ခေါ်သွားတာပါ။ အမေက ဘာမှလည်း ကူမသယ်နိုင်၊ ကူမရွက်နိုင်ပါဘူး။ အမေ့ကို အဘွားက လက်ဆွဲခေါ်ရတာ ပိုပါသေးတယ်။

ဈေးထဲရောက်တော့ တစ်ခါတလေ အဘွားက "ကဲ ညည်းရှုပ်ပါတယ်အေ၊ ငါ့ဖောက်သည် လက်ဖက်ဆိုင်မှာ နေရစ်" ဆိုပြီး အပ်ထားခဲ့ရော၊ ပြီးတော့ အဘွားက ဆက်ဝယ်တယ်။ ဝယ်ပြီး ပြန်တော့မယ်ဆိုတော့ အမေ့ကိုဝင်ခေါ်ရော။ ဒါပေမယ့် တစ်ခါတလေတော့လည်း အဘွားက မခေါ်ဘဲ မေ့ပြီး သူ့ဟာသာပြန်သွားလို့ အမေမှာ လက်ဖက်ဆိုင်ကနေပြီး အဘွားကိုစောင့် – စောင့်၊ မျှော် – မျှော်၊ မိုးချုပ်တဲ့အထိ အဘွား မလာတော့ ကိုယ့်ဟာသာ တစ်ယောက်တည်း အိမ်ပြန်လာခဲ့ရတယ်။ တော်ပါသေးရဲ့၊ အဘွားဈေးဝယ်တဲ့ ညွန့်ပေါင်းဈေးနဲ့ အိမ်က သိပ်မဝေးဘူး။ ၂ ပြခွဲ ၃ ပြလောက် ဝေးတာမို့။

အဘွားအိမ်မှာ ဆွမ်းဟင်းထည့်တဲ့ ထိုင်ကိုယ်တော်ကလည်း ၄ – ၅ – ၈ ပါး ရှိတယ်။ အဘွားတို့ ကိုးကွယ်တဲ့ ဘုန်းကြီးတစ်ပါးကိုလည်း မနက်တိုင်း ဆွမ်းနဲ့ ဆွမ်းဟင်းနဲ့ချက်ပြီး ချိုင့်တစ်ချိုင့် ပို့ရတယ်။ အဲဒီဟာတွေ အားလုံးအတွက် အဘွားဈေးသုံးတာ၊ တစ်နေ့ ၂ ကျပ် မကုန်ပါဘူး။ ၁ ကျပ် ၈ ပဲ လောက်၊ ၁ ကျပ်

၁၂ ပဲလောက် အလွှန်ပါပဲ။ ဝက်သား တစ်ပိဿာက ၁၂ ပဲ၊ ကြက်သားက တစ်ပိဿာ ၁ ကျပ်၊ အမဲသား တစ်ပိဿာ ၅ မူး ၆ မူး၊ ငါးက အကောင်းအညံ့လိုက်ပြီး ဝယ်ရတယ်။ တန်ဆောင်မုန်းလ ငါးတွေ သိပ်ကျတဲ့အခါ ငါးလဘိတို့လို ငါးမျိုးဟာ ၁ပိဿာ ၅ ပြား ၆ ပြား ပေးရတယ်။ ကြော်စားတော့ ဆီကုန်လို့ ဝယ်မယ့် လူတောင် မရှိဘူး။ ပုစွန်တုပ်က မြစ်ပုစွန်၊ စိမ်းနေတာ တစ်ပိဿာ ၄ ကျပ်။ ခု ၅၀၀ ကျပ် ဈေးပေးရတဲ့ ပုစွန်မျိုး။

ဟင်းသီးဟင်းရွက်ကလည်း ချဉ်ပေါင်ရွက်၊ ကန်စွန်းရွက်က ချဉ်ရည်ချက်ဖို့ ၁ ပြားဖိုး၊ မန်ကျည်းသီးစိမ်းက အလကားတောင်းလို့ရတယ်။ နံနံပင် ငရုတ်သီးစိမ်းတို့လည်း အလကားတောင်းလို့ ရတယ်။ ဘဲဥက ၁ လုံး ၂ ပြား၊ ကြက်ဥ ၁ လုံး ၃ ပြားပဲ ပေးရတယ်။

အဘွားက အိမ်မှာ မအားလို့ ဈေးသွားမိုးချုပ်တဲ့အခါ ဝက်သားသည် အဘွားဖောက်သည်တွေက မကုန်လို့ ကျန်မယ့် ဝက်သားတွေကို "ကြီးတော်ရယ်၊ ခြောက်မူးနဲ့ပေးပါမယ်၊ ယူသွားစမ်းပါ" ဆိုပြီး ၂ ပိဿာ၊ ၃ ပိဿာ ချိန်ရောင်းလိုက်တယ်။ အဘွားက ဝယ်လာတယ်။ အဲဒီခေတ်တုန်းက မကုန်တဲ့သားငါးကို ရေခဲစိမ်တာ သိပ်မရှိဘူး။ မကုန်ရင် ကုန်အောင် ရောင်းကြတာ။ အဲဒီခေတ်တုန်းက ဝက်သား ကြက်သားကိုလည်း ရေမထိုးဘူး။

ဝက်သား ၁ပိဿာကို ၆ မူးနဲ့ ဝယ်လာတဲ့အဘွားက သူ့အိမ်ကို ပြန်ရောက်တော့ သူ့သမီးတွေကို ၂၅ ကျပ်သားစီ ချိန်ပြီး သူ့ဝင်းကြီးထဲမှာနေတဲ့ သူ့အလုပ်သမားတွေကို ခေါ်ပြီးတော့ ရောင်းလိုက်ခိုင်းပါတယ်။ သမီးတွေက အမေကလည်း အလကား နေရာရှာပြီး ဝယ်လာတယ်။ ချိန်တွယ်ပေးရသေးတယ်၊ အကြွေးကို စာရင်းမှတ်ရသေးတယ်၊ အလုပ်ရှုပ်လိုက်တာအမေရယ်" လို့ ညည်းရင် "မညည်းကြပါနဲ့အေ၊ သူတို့ခမျာ ဒီလိုမှ အသားလေး ဘာလေး စားကြရတာပါ၊ သနားပါတယ်၊ ငါ့သမီးများက သည်းခံလိုက်ကြပါ" တဲ့။

အဘွားက သူကိုးကွယ်တဲ့ ဘုန်းကြီးကို ဆွမ်းချိုင့်အပြင် နွားနို့ ၅၀ သားနေ့တိုင်းလှူသေးတော့ အိမ်မှာ နွားမမွေးထားပြီး နွားကလေးစားဖို့ ငှက်ပျောသီး ၁ ဖီး၁ ဖီး ဈေးက နေ့တိုင်း ဝယ်ခဲ့သေးတယ်။ ငှက်ပျောသီးက ၁ ဖီးမှ ၃ ပြား ၁ ပဲရယ်။

အဘွားနဲ့ဈေးလိုက်နေကျအမေက ခု နေ့တိုင်း မနက်အစောကြီး လမ်းလျှောက်ထွက်တော့ အပြန်မှာ တရုတ်တန်းဈေးကို ဖြတ်ပြန်ခဲ့ပြီး အိမ်က ချက်ပြုတ်စားဖို့ မီးဖိုချောင်အတွက် ဈေးဝယ်တယ်။ အမေငယ်ငယ်က ၁ ပြားဖိုး ဝယ်ရတဲ့ ချဉ်ပေါင်ရွက်က အခု ၁၀ ကျပ်ဖိုး ဝယ်နေရတော့ အမေက အိမ်ပြန်ရောက်ရင် ချဉ်ပေါင်တောင် ၅ ကျပ်ဖိုး၊ ၁၀ ကျပ်ဖိုး ဝယ်ရတယ်လို့ တဖျစ်တောက်တောက် ပြောနေတာပဲ။ မပြောဘဲ မနေနိုင်ဘူး။ အိမ်က သမီးတွေ မြေးတွေကတော့ အမေနေ့တိုင်း ဒါတွေ ပြောနေတာပဲလို့ အောက်မေ့ပြီး နားငြီးကြမှာပဲ။

တစ်နေ့ကတော့ အမေဈေးဝယ်လို့ ပြန်ခါနီးမှာ အထည်ဆိုင်တစ်ဆိုင်က ဆိုင်ရှင်မိန်းကလေးက သူ့ဆိုင်က အထည်စတစ်စကို ခိုးယူတာတွေ့လို့တဲ့။ ဆိုင်ရှေ့မှာ ရပ်နေတဲ့ မိန်းမတစ်ယောက်ကို "သူခိုးမ – သူခိုးမ" နဲ့ ဒေါသတကြီး စွပ်စွဲနေလိုက်တာ၊ အသံကြားလို့ လှမ်းကြည့်လိုက်တော့ သူစွပ်စွဲနေတဲ့ မိန်းမက အသက် ၄၀ လောက်၊ မွန်မွန်ရည်ရည် ဝတ်စားထားတယ်၊ လက်မှာ ရွှေလက်ကောက်တောင်ပါတယ်ထင်တယ်။ သူနဲ့ အဖော်တစ်ယောက်လည်းပါတယ်။ ဆိုင်ရှင်က လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောဆိုနေတော့ သူက ဘာမှ ပြန်မပြောဘဲ အဲဒီဆိုင်က ထွက်သွားပါတယ်။

အမေ ငယ်ငယ်တုန်းက အဘွားနဲ့ ဈေးလိုက်ရတော့ ဈေးခိုးမိတယ်ဆိုပြီး နွမ်းနွမ်းပါးပါး မိန်းမတစ်ယောက်ကို ခုံဖိနပ်နဲ့ ရိုက်နေတာမြင်ဖူးပါတယ်။ ငါးတစ်ကောင် မဝယ်ဘဲနဲ့ ဆွဲခြင်းထဲ ထည့်ခိုးလို့တဲ့။ အဲဒီတုန်းက အရိုက်ခံနေရရှာတဲ့ မိန်းမကိုကြည့်ပြီး ဩော် – စားချင်ရှာလို့ ခိုးယူရှာတာ၊ သနားပါတယ်လို့ အမေက စိတ်မကောင်း ဖြစ်ခဲ့ ရဖူးတယ်။

အခုတစ်ခါ ဈေးခိုးနဲ့ ကြုံရပြန်ပြီ။ ဒီတစ်ခါ ခိုးဖို့ကြိုးစားသူကတော့ ဆင်းဆင်းရဲရဲ စုတ်ပြတ်နေတာမျိုး မဟုတ်ဘူး။ သူ့ဘာအတွက် ခိုးယူဖို့ကြိုးစားတာပါလိမ့်၊ ဝတ်ချင်ရက်ရက် လှချင်ရက်ရက်အရွယ်လည်း မဟုတ်ဘူး။ ဘာအခက်အခဲများ ရှိနေလို့ ဒီအထည်စကို ယူဖို့ ကြံတာပါလိမ့်လို့ အောက်မေ့နေတုန်း ဒီမိန်းမ ခိုးမယ် လို့ လုပ်တာကို မြင်လိုက်တယ်လို့ဆိုတဲ့ ဆိုင်ရှင်ကောင်မလေးက သူ့ပစ္စည်း ဒီလို ခိုးဖို့ ကြံရပါ့မလားလို့ မကျေမနပ် ရှိလွန်းလို့ ထွက်သွားတဲ့မိန်းမနှစ်ယောက် နောက်က "အဲဒါ သူခိုးမ" "အဲဒါ သူခိုးမ" လို့ နောက်ကလိုက်ပြီး အော်ပြီး လက်ညှိုးထိုးပြရင်း လိုက်သွားလေရဲ့။

ဈေးတန်းကြီးက တောင်နဲ့မြောက် အရှည်ကြီး။ ဒီမိန်းမ ၂ ယောက်က ရှေ့ကသွား၊ နောက်ကလည်း "အဲဒါသူခိုးမ" လို့ အော်ပြီး လိုက်နေတာ။ ရှေ့ဆက်ပြီး ဘယ်လိုဖြစ်ကြမှာပါလိမ့်လို့ အမေက တွေးကြည့်နေတယ်။ အအော်ခံရင်းနဲ့ပဲ ဈေးတန်းကြီးကို ဆက်လျှောက်နေမှာလား၊ ဒေါသဖြစ်နေတဲ့ မိန်းကလေးက ဈေးတန်း တစ်ဆုံးလိုက် အော်နေမှာလား။ ရှေ့ကသွားတဲ့မိန်းမ ၂ ယောက်က တစ်ပြန်ဆုံးတော့ တရုတ်တန်းဘက်ကို ချိုးပြေးကြမှာလား၊ ဒါမှမဟုတ် သူတို့လက်ထဲလည်း ခိုးရာပါ ပစ္စည်းပါလာတာ မဟုတ်တော့ မတရားစွပ်စွဲတယ်ဆိုပြီး လိုက်အော်နေတဲ့ မိန်းကလေး ကို ခံသတ်ကြမှာလေလား။ အမေက တွေးနေရင်း အဲဒီရှေ့က သွားနေမယ့် သူခိုးမ အခေါ်ခံရသူမိန်းမကိုယ်စား ငိုချင်လိုက်တာ။ အမေသာဆိုရင် ဘာလုပ်မှာပါလိမ့်လို့လည်း တွေးနေသေးတယ်။

အဲဒီနေ့က ဈေးကအိမ်ပြန်ရောက်တဲ့အထိ စိတ်မကောင်းဘူး၊ အဝတ်စ ခိုးဖို့ လုပ်တယ်ဆိုတဲ့ မိန်းမကိုပဲ မြင်ယောင်နေတယ်။

နေ့လယ် အမေ့အလုပ်စားပွဲရောက်တော့ စားပွဲပေါ်တွေ့တဲ့ Time မဂ္ဂဇင်း တစ်စောင်ကို ကောက်လှန်လိုက်တော့ အိန္ဒိယက ပန်ဂျပ်မှာ မိန်းမ ၄ ယောက်

ခါးပိုက်နှိုက်တာ မိလို့ဆိုပြီး နဖူးမှာ 'ခါးပိုက်နှိုက်' ဆိုတဲ့ စာတန်းထိုးကွင်းမင်ကြောင်နဲ့ ထိုးပေးလိုက်တယ်။ အဲဒီမိန်းမတွေကို ရဲက အကြာကြီး ချုပ်ထားပြီးတော့မှ ရိုက်နှက်ပြီး အခုလို အနိုင်ကျင့်လွှတ်လိုက်တာဆိုတဲ့ သတင်းကို နဖူးပေါ်က မင်ကြောင်ထိုးစာတန်းနဲ့ မိန်းမတစ်ယောက်ရဲ့ ဓာတ်ပုံပါဖော်ပြတာကို ဖတ်ရတယ်လေ။

ဒီအကြောင်း သတင်းစာတွေမှာ ဓာတ်ပုံတွေနဲ့ပါလာတော့ အချင်းဖြစ်ပွားတဲ့ အမ်ရစ်ဇာမြို့မှာသာမက တစ်ကမ္ဘာလုံးကို ပြန့်သွားတာကြောင့် အားလုံးပွက်ပွက်ရိုက်ကုန်ကြရော။ တချို့က မိန်းမတွေမို့ အနိုင်ကျင့်တာဆိုတဲ့ ကျားမခွဲခြားမှုတွေ အထိ ပါလာသတဲ့။

သိပ်ဆူလာတော့ ဒီစာတန်းထိုး မိန်းမ ၄ ယောက်ကို နစ်နာကြေးတစ်ယောက်ကို ငွေငါးသောင်းစီ ပေးကြတယ်ဆိုထင်ပါရဲ့။ နို့ပေမယ့် တစ်သက်လုံး လူတောမတိုးဝံ့တော့မယ့် ကိစ္စ ဘယ်လောက်လျော်လျော် ပြည့်နိုင်စရာ မရှိပါဘူး။

အမေကတော့ တရုတ်တန်းဈေးထဲက မိန်းမကိုရော၊ အမ်ရစ်ဇာမြို့က မိန်းမတွေကိုရော၊ ငါ့ဝမ်းပူဆာ မနေသာလို့ ဖြစ်ရတာလား၊ လင်စာ သားစာ ရှာရတာလား စတာတွေကို တွေးရင်း လူဆိုတာ ဘဝအခက်အခဲတွေနဲ့ ကြုံရတတ်တဲ့ သတ္တဝါတွေပါ ကလား၊ ငါကော ဒီလိုအခက်အခဲကြုံရင် ဘာဖြစ်မှာပါလိမ့်လို့ သတိရမိ တွေးမိတယ်။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၁၃၊ ၁၉၉၄ ဇူလိုင်

## မိန်းကလေးဆိုတာ

အမေ့သမီးတစ်ယောက်က "အမေစာတွေရေးနေတာတော့ ဟုတ်ပါရဲ့၊ အမေ့အသက်က ကြီးလှပြီမို့ လူ့မျိုးဆက် ကွာဟမှုက ရှိနေပြီ၊ အမေနဲ့ လူငယ်တွေနဲ့ အလှမ်းဝေးနေပြီမို့ သတိထားရေးပါအမေရယ်" လို့ သူက အမေ့ကို သတိပေးရှာတယ်။

ဟုတ်တာပေါ့၊ အမေနဲ့ ကနေ့လူငယ်တွေနဲ့ အသက်ချင်းက ကွာကြတော့ အတွေးအခေါ်ချင်းက ကွာတာတွေ ရှိနေတာကိုး။ အဲဒီတော့ အမေ့အမြင်တွေက ခေတ်နောက်ကျကျန်ရစ်ပြီလို့ ငယ်ရွယ်သူတွေ ထင်တာများလည်း ရှိမှာပေါ့။

လူ့အသက်ဆိုတာ ဒီလိုပဲ တစ်နေ့ပြီးတစ်နေ့ ကြီးပြင်း ရင့်ရော်လာစမြဲမို့ အမေနဲ့ ငယ်သေးသူတွေနဲ့ အသက်ချင်း သိပ်ကွာသွားပြီဆိုတာ အမှန်ပေါ့။ ဒါပေမယ့် အမေက သူတို့နဲ့အမေနဲ့ ယဉ်ကျေးမှုချင်းတော့ မကွာစေချင်ဘူး။ အကွာလည်း မခံနိုင်ဘူးကွယ်။ ဘာလို့တုန်းဆိုတော့ အမေတို့လူ့အဆောက်အအုံကို ဒီပုံစံနဲ့ တည်ဆောက်လာခဲ့တာ နှစ်တွေ ရာနဲ့ ထောင်နဲ့ချီပြီး ကြာခဲ့ပြီမို့ အမေက ဒီအဆောက်အအုံကို အပျက်မခံချင်ဘူး။ တကယ်လို့ ယိုယွင်းမှု ပျက်စီးမှု ရှိလာရင်လည်း အားလုံးက ဝိုင်းဝန်း ထိန်းသိမ်းကြစေချင်တယ်။ ပျက်တာကိုကြည့်နေရင် ရေတိုက်စားခံရတဲ့ တာရိုးလို ကြာတော့ မနိုင်အောင် ကျိုးကုန်မှာ။

အမေက မနက်စောစောထပြီး လမ်းလျှောက်တယ်။ လမ်းမှာ အများပြည်သူတွေ လမ်းလျှောက်ရင်း နားနေဖို့ ခုံရှည်တွေ ဥယျာဉ်ထဲမှာ ပန်းခြံထဲမှာ ကျုံးနံဘေးမှာ ထားတာ ရှိတယ်။ အဲဒီခုံရှည်ကလေးတွေပေါ်မှာ တစ်ခါတလေ ငယ်ရွယ်သူနှစ်ဦး ထိုင်နေတာ တွေ့ရတတ်တယ်။ သွားရင်းလာရင်း ကြည့်လိုက်တော့ သူတို့ထိုင်နေတာက နီးနီးကပ်ကပ်၊ ပြီးတော့ ဖက်လဲတကင်း။ အမေတို့ လမ်းသွားတွေက မျက်စိရှက်လို့ စေ့စေ့ မကြည့်ခဲ့ပါဘူး။ မျက်နှာ လွှဲခဲ့ပါတယ်။ ဒီလူငယ်လေးတွေဟာ ဘယ်သူ့သားသမီးရယ်လို့လည်း မသိခဲ့ပါဘူး။ အမေလိုပဲ တခြားလမ်းသွားလမ်းလာတွေလည်း မျက်စိလွှဲသွားကြလိမ့်မယ် ထင်ပါတယ်။ ဘယ်သူမှ အောက်တန်းကျတဲ့စိတ်နဲ့ 'မျက်စိစားပွဲထိုင်တယ်' ဆိုတာမျိုး လုပ်မယ် မထင်ပါဘူး။ ရှက်စရာကြီး။

အမေတို့ငယ်ငယ်က ကိုယ့်မှာ အကြောင်းကိစ္စရှိလို့ လက်ဖက်ရည်ဆိုင်ရှေ့ကို ဖြတ်သွားရတယ်ဆိုရင် ဆိုင်ထဲက ယောကျ်ားတွေချည်းရှိတဲ့နေရာမို့ ခြေလှမ်းမှန်အောင် မနည်းလျှောက်ခဲ့ရတယ်။ အခုခေတ်တော့ လက်ဖက်ရည်ဆိုင်ဟာ ယောကျ်ားတွေချည်း လာတဲ့နေရာ မဟုတ်တော့ဘူး။ မိန်းကလေးတွေလည်း ယောကျ်ားလေးတွေနဲ့အတူ လက်ဖက်ရည်၊ ကာဖီ၊ မိုင်လို၊ အိုဗာတင်း စတာတွေ ထိုင်သောက်ရဲနေကြပြီ။

အအေးဆိုင်တွေဆိုရင်လည်း ယောကျ်ားလေး မိန်းကလေးတွေ အတူဝင်ထိုင်သောက်နေကြပြီ။

ဒါကို မိန်းကလေးတွေက အမေတို့ခေတ်တုန်းကလို ကျွန်မတို့က ရှက်ကိုးရှက်ကန်းနဲ့ ဟန်လုပ်မနေကြတော့ဘူးအမေရဲ့။ လွတ်လွတ်လပ်လပ် ကျွန်မတို့ ဆက်ဆံနေကြပြီလို့ ပြန်ပြောကောင်း ပြောကြပါလိမ့်မယ်။

ဒီလို ပြန်ပြောရင် အမေက အမျိုးသမီးတွေရဲ့ လွတ်လပ်ခွင့်ဆိုတာကို အဲဒီအထိတော့ လက်ခံပါမယ်။ ဒါပေမယ့် ပန်းခြံထဲက ခုံရှည်ပေါ်မှာအထိ တချို့က ယူကြတဲ့ လွတ်လပ်ခွင့်မျိုးကိုတော့ အမေက သဘောမတူပါဘူး။

မတူရုံသာမက "သမီးမိန်းကလေးဟာ ဒီလိုလူ့ရှေ့မရှောင် သူ့ရှေ့မရှောင် မနေရပါဘူးကွယ်။ ကိုယ်က အမျိုးကောင်းသားသမီးပဲ၊ တကယ်လို့ အဲဒီလူငယ်နဲ့ မင်းနဲ့ အကြောင်းမညီညွတ်ကြရင် ဘယ့်နှယ်လုပ်ပါ့မယ်။ မိန်းကလေးက ဒါမျိုးကို ငြင်းဆန်ရတယ်။ အလိုမလိုက်ရဘူး" လို့ ဆုံးမမှာပဲ။

တကယ်လို့ အမေပြောတာကို သဘောမပေါက်ဘဲ အမေတို့အဘွားကြီးတွေက လည်း တွန့်တိုလိုက်တာလို့ မိန်းကလေးက ထင်ရင်တော့ အမေက ပြန်ပြောပါရစေဦး။ တွန့်တိုရတာပေါ့ကွယ်၊ တို့က အမျိုးကောင်းသားသမီးလေးတွေပဲ။ အခုဟာက လူတကာ သွားလာလမ်းလျှောက်နေတဲ့ လူမြင်သူမြင်နေရာကြီးမှာ ဒီလို မဆင်မခြင် နေထိုင်တာကို တွေ့ကြတော့၊ မိန်းကလေးက မိန်းမကောင်းလေး ဟုတ်ချင်မှ ဟုတ်မှာပါ" လို့ လမ်းသွားလမ်းလာတွေက ထင်သွားရင် မင်းဘယ့်နှယ် လုပ်မလဲ။ မိန်းကလေးက ကမ်းကုန်အောင် နစ်နာသွားတာ ဟုတ်လား။ မင်းကို သူများက ဒီလို အထင်ခံရရင် မင်းကိုယ်ကျိုးနည်းတာပဲ။ ဒါ တို့မိန်းကလေးတွေက စောင့်စည်းထိန်းသိမ်းရမယ့် ကိစ္စလေ။ မိန်းမတို့ဣန္ဒြေ ရွှေပေးလို့မရ ဆိုတာ တကယ်ပြောတဲ့ စကားကွဲ့။ ရွှေနဲ့လည်း မလဲရဘူး။ ဒေါ်လာနဲ့လည်း မလဲရဘူး။ ဖောဖောသီသီ စတုဒိသာ ကျွေးရတာမျိုးလည်း မဟုတ်ဘူး။ ကိုယ်ချစ်တဲ့လူကို ဒါနပြုစရာမျိုးလည်း မဟုတ်ဘူး။

တို့လူငယ်မိန်းကလေးတွေ သတိထားဖို့က တို့နိုင်ငံကို အပြင်လူတစိမ်းတွေ အများကြီးလာအောင် လုပ်နေတယ်။ လာကြလိမ့်မယ်။ လာတဲ့အခါ ဒီနိုင်ငံက မိန်းကလေးတွေကို လူတစိမ်းများက မျက်စိနဲ့ထောက်ပြီး အကဲခတ်ကြမှာ။ နိုင်ငံတကာကို လျှောက်လည်နေတဲ့လူတွေထဲမှာ ကိုယ်နဲ့မတူ ခြားနားတဲ့မြင်ကွင်းအားလုံးကိုလည်း ကြည့်ချင်သူတွေနဲ့အတူ မိန်းကလေးတွေကို ပိုကြည့်ချင်သူတွေလည်း ပါလိမ့်မယ်။ ပါတဲ့အခါ တို့လူမျိုးက ဖော်ရွေတယ်၊ ပြုံးရွှင်တယ်၊ ဧည့်ဝတ်ကျေတယ်။ ဒါပေမယ့် ပေါတယ် လွယ်တယ် ဆိုတာမျိုးတော့မဟုတ်ဘူး။ အဲဒါတော့ လာမစမ်းနဲ့၊ အဝေးကြီး ဆိုတာကို တို့မိန်းကလေးတွေ ယောကျ်ားလေးတွေအားလုံးက ပြသဖို့ အသင့်ပြင်ထားရ လိမ့်မယ်။ မိန်းကလေးတွေမှာ ထိန်းသိမ်းရမယ့်တာဝန် အရင်ကထက်ပိုကြီးလာသလို ယောကျ်ားလေးတွေမှာလည်း စောင့်ရှောက်ရမယ့်တာဝန် ပိုကြီးလာ လိမ့်မယ်။ ဒါကို နှလုံးပိုက်ထားကြစေချင်တယ်။

နောက်ပြီးတော့ အမေတစ်ခါ ရေးဖူးပါတယ်။ ဒီခေတ်မိန်းကလေးတွေ လှချင်ပချင်မှုဟာ ဘယ်တုန်းကနဲ့မှ မတူအောင် ကြီးလွန်း များလွန်းနေပါတယ်။

အမေတို့ လူ့အဆောက်အအုံမှာ အရင်ကတော့ သဘင်သည်နဲ့ အရပ်သူဟာ ဖြီးလိမ်းပြင်ဆင်ပုံကို ကြည့်တာနဲ့ သူသဘင်သည်ပဲ၊ သူအရပ်သူပဲဆိုတာ သိပ်ကို ကွဲကွဲပြားပြား သိသာပါတယ်။ ခုခေတ်မှာတော့ အဆိုတော်၊ ရုပ်ရှင်၊ ဗွီဒီယိုမင်းသမီး၊ ပြဇာတ်မင်းသမီး၊ ဇာတ်သမ၊ အငြိမ့်သမ စတဲ့ စီးပွားရေးလုပ်ငန်းရှိကြတဲ့ မိန်းကလေးတွေ ဝတ်စားဆင်ပြင်ပုံ အမျိုးမျိုး (အမျိုးမျိုးမှ တကယ့်အမျိုးမျိုး၊ တေးသီချင်းတစ်ပုဒ်ကို အဝတ်အစား အဆင်အပြင် ၅ – ကြိမ်မက လဲလှယ်ဝတ်စား ဆင်ပြင်ခြယ်သပြနေတဲ့ ခေတ်) ဖန်သားပြင်ပေါ်မှာကြည့်ပြီး အရပ်သူမိန်းကလေးတွေက လိုက်လံတုပ ဝတ်စား ဆင်ပြင်ချင်နေကြတယ်။ ငါးတုလို့ ခရုပွက်ရင် အိုင်ပျက်မယ်။

အဲဒါဟာ မိန်းကလေးများအတွက် အလွန်ကို အန္တရာယ်ကြီးနေပါတယ်။ ဒီခေတ်က မရပ်မနားတက်နေတဲ့ စားဝတ်နေရေး စရိတ်စကများကြားမှာ လူတွေဟာ စားလင်မီအောင် မနည်းကြိုးစားနေရတဲ့ကြားက ဝတ်ချင် စားချင် လှချင်လွန်းလာရင် မိန်းကလေးအတွက် အန္တရာယ် ရှိလာနိုင်ပါတယ်။

ဒါကြောင့် မိန်းကလေးတွေ လှချင်ကြတာကတော့ လှချင်ပါ၊ ဒါပေမယ့် တန်ရာတန်ရာပဲ ဖြီးပါ လိမ်းပါ။ လှချင်လွန်းမှုဟာ အန္တရာယ်စက်ကွင်းနဲ့ နီးလွန်းပါတယ်လို့ သတိပေးချင်တယ်။

အမေတို့ငယ်ငယ်က အိမ်မှာဆေးလိပ်ခုံကြီး ရှိပါတယ်။ အဲဒီမှာ မိန်းကလေး အလုပ်သမား အကြီးအငယ် တော်တော်ရှိပါတယ်။ အမေနဲ့အတူနေရတဲ့ နေပြည်တော်ဂျာနယ်ကို ထုတ်ဝေခဲ့တဲ့ ဘကြီး၊ အဖေ့အစ်ကို ဘကြီးရှင်က အမေ့ကို ဘယ်လိုသတိပေးဖူးသလဲဆိုတော့ “အမာ၊ နင်က အဝတ်အစားကောင်းတွေ ဝတ်စား မနေနဲ့၊ အလုပ်ခွင်ထဲက ကောင်မလေးတွေက နင်လို မဝတ်စားနိုင်တော့ စိတ်ဆင်းရဲ ရှာကြမှာပေါ့” တဲ့။ ဘကြီးက စကားနည်းပါတယ်။ အမေ့ကို အကြိမ်ကြိမ် ပြောမနေပါဘူး။ ဒီတစ်ခါပဲ ဒီလို ပြောဖူးပါတယ်။ အမေက သဘောပေါက်ပြီး လှလှပပ ဝင့်ဝင့်ကြွားကြွား မနေခဲ့ပါဘူး။ အချိန်အရွယ်ရောက်နေတဲ့ မိန်းကလေးတွေမှာ ကိုယ်မတတ်နိုင်ဘဲ ဝတ်ချင် စားချင် လှချင် ပချင်နေရင် အန္တရာယ် ရှိပါတယ်။

ဒါကြောင့် မိန်းကလေးတွေ လွတ်လပ်ခွင့်ဆိုတာလည်း တလွဲမှာ အဓိပ္ပာယ် မဖွင့်စေချင်ဘူး။ မိန်းကလေးတွေ လှချင်တာမှာလည်း တန်ရာတန်ရာပဲ လှကြပါ။ သဘင်သည်တွေကို မတုကြပါနဲ့။ မိန်းကလေးတိုင်းက ရုပ်နဲ့ လုပ်စားကြရတာ မဟုတ်ပါဘူးလို့ လူကြီးမိဘတွေကလည်း ဝိုင်းဝန်းဖျောင်းဖျပေးကြစေချင်ပါတယ်။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၃၄၊ ၁၉၉၆ ဧပြီ

❝

. . . အိမ်ထောင်ပြုလိုက်တယ်ဆိုရင် လင်နဲ့မယားချည်း လုံးချင်း အကြာကြီး နေရတာ မဟုတ်ကြဘူး။ ရင်သွေး သားသမီးဆိုတာက ရလာကြသေးတာ။ အဲဒီအခါမှာ လူ့လောက လူ့ဘဝမှာ အမိရယ် အဖရယ် သားသမီး ကလေးတွေရယ် ဆိုတဲ့ မိသားစု တစ်စု ပေါက်ဖွားလာပြီ ဟုတ်လား။ ဒါကြောင့် ဘာကိုပဲ စဉ်းစားစဉ်းစား ကိုယ့်လင်မယား မဟုတ်တော့ဘဲ 'ကိုယ့် မိသားစု' ရယ်လို့ စဉ်းစား လာရပြီ လေ။ . . . .

## ထည့်လဲထည့်ချွတ် မလုပ်ရတဲ့ ကိစ္စကြီး

အမေတို့ဆီမှာ ထွက်နေတဲ့ မဂ္ဂဇင်းတွေ ဂျာနယ်တွေမှာ စာတွေ၊ ကဗျာတွေကို နေရာပေးတာထက် ရုပ်ရှင်၊ ဗွီဒီယိုနဲ့ အဆိုတော်တွေကို ရုပ်ပုံတွေနဲ့တကွ နေရာပေးထားတာက သိပ်များတာပါပဲကလား။ ထုတ်ဝေသူတွေကို မေးတော့ လူငယ်တွေ စိတ်ဝင်စားကြတာမို့ ဒါလောက် နေရာများများ ပေးရတာပါလို့ ဆိုပါတယ်။

လူငယ်စာဖတ်သူတွေကို အလိုလိုက်တာဆိုရင်လည်း တချို့ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ ဖော်ပြတဲ့ ပုံတွေ အကြောင်းအရာတွေက လူငယ်တွေဖြင့် မပြောတတ်ဘူး၊ အမေတို့ လူကြီးတွေတော့ မျက်စိရှက်လို့ ကိုယ့်ဘေးမှာ စာအုပ်ကို အတူကြည့်သူရှိနေရင် ကြည့်တောင်ဆက်မကြည့်ရဲဘူး။ အဖော်အလုစ်ပုံတွေကို ရဲရဲကြီး ထည့်နေကြတာကိုး။

ပြီးတော့ ရေးသားထားတဲ့အကြောင်းအရာတွေကလည်း အဲဒီမင်းသားမင်းသမီးတွေရဲ့ 'အညီအဟောက်သတင်း' လို့ ခေါ်တဲ့ အိမ်ထောင်ရေး ဖောက်ပြန် လော်မာမှုတွေက အများကြီးပါကလား။

ဥပမာဆိုပါတော့ ရုပ်ရှင်ဇာတ်လိုက်ရာမှာ နာမည်ကြီးလှတယ်ဆိုတဲ့ မင်းသမီးကြီးတစ်ယောက် အဋ္ဌမမြောက် လင်ယူပြန်ပြီဆိုတဲ့ သတင်းမျိုး ဓာတ်ပုံမျိုးကလည်း ဂျာနယ် မဂ္ဂဇင်းတွေမှာ အားလုံးလောက်နီးနီး ရေးသားဖော်ပြနေကြတာပဲကိုး။

အဲဒီအမျိုးသမီးကြီး လင်ကို ဒါလောက်ထည့်လဲထည့်ချွတ်လုပ်နေတဲ့ကိစ္စကြီးကို ဘာသာပြန်ပြန်ပြီး ထည့်နေကြသူတွေက ဘယ်လိုစေတနာနဲ့ ထည့်ကြတာလဲ။ ဒီမိန်းမကြီး လင်များပုံကို အံ့သြချီးကျူးနေကြတာလား။ အားကျအတုယူစေချင်လို့လား။ စက်ဆုပ်ရွံရှာလို့လားလို့ မေးရင် ဘယ်လိုများ ဖြေကြမယ် မသိဘူး။ စာမျက်နှာပေါ်မှာ ကျက်သရေမရှိတာတော့ အမှန်ပဲ။

အမေတို့နိုင်ငံက လူ့အဆောက်အအုံက ယောကျ်ားနဲ့မိန်းမ အချိန်တန် အရွယ်ရောက်လို့ အိမ်ထောင်ဖက်ကြတယ်ဆိုရင် အဲဒီအိမ်ထောင်ဟာ တစ်သက်လုံး ထင်းပုံခေါင်းချ ပေါင်းကြတယ်။ ထင်းပုံခေါင်းချဆိုတာ သေလို့ မီးသဂြိုဟ်မယ့် ထင်းပုံပေါ် ခေါင်းချသွားတဲ့အထိ တစ်လင်တစ်မယားပဲ။ သစ္စာရှိရှိ ပေါင်းသင်းသွားတာကို ဆိုလိုတာလေ။ 'ရာသက်ပန် ရိုးမြေကျ' ဆိုတာ လင်မယားအတွက်စကား၊ ဒါကြောင့် အိမ်ထောင်မပြုခင်က ဒီလူကို ဒီမိန်းမကို တစ်သက်လုံး ချစ်ချစ်ခင်ခင် မြတ်မြတ်နိုးနိုး သစ္စာရှိရှိ ပေါင်းနိုင်မလားဆိုတာ အချိန်ယူပြီး စဉ်းစားရတယ်။ ချောလို့၊ လှလို့၊ လွယ်လို့၊ တွေ့လို့၊ ထိလို့၊ ခုမြင် ခုကြိုက် ခုယူ၊ ပြီးတော့ စလယ်ဝင် (နှစ်ယောက်စာထမင်းအိုး) ဖင်မမည်းခင်က ကွဲ ဆိုတာမျိုး မဖြစ်စေရဘူး။

သေမင်းက ခွဲလို့ မုဆိုးဖို၊ မုဆိုးမ ဖြစ်ရတယ်ဆိုမှ ကျန်ရစ်သူက အရွယ်ရှိနေသေးရင် တစ်ယောက်တည်းနေလို့ မဖြစ်ရင် နောက်အိုးနောက်အိမ် ထူတယ်ဆိုတာကို လူတွေက ခွင့်လွှတ်တယ်။ မဟုတ်ရင်တော့ 'သုံးကျောင်းပြောင်းသောရှင်၊ သုံးလင်ပြောင်းသောမယား' ဆိုပြီး မယားများ၊ လင်များတဲ့ မိန်းမယောကျ်ားကို နှာခေါင်းရှုံ့ကြပါတယ်။ အမေတို့ လူ့အဆောက်အအုံက ဒါမျိုးကို လက်မခံချင်ကြပါဘူး။

အိမ်ထောင်ပြုလိုက်တယ်ဆိုရင် လင်နဲ့မယားချည်း လုံးချင်း အကြာကြီးနေရတာ မဟုတ်ကြဘူး။ ရင်သွေးသားသမီးဆိုတာက ရလာကြသေးတာ။ အဲဒီအခါမှာ လူ့လောက လူ့ဘဝမှာ အမိရယ် အဖရယ် သားသမီးကလေးတွေရယ် ဆိုတဲ့ မိသားစုတစ်ခု ပေါက်ဖွားလာပြီ ဟုတ်လား။ ဒါကြောင့် ဘာကိုပဲ စဉ်းစားစဉ်းစား ကိုယ့်လင်မယား မဟုတ်တော့ဘဲ 'ကိုယ့် မိသားစု' ရယ်လို့ စဉ်းစားလာရပြီလေ။

ခုခေတ် လူငယ်တွေ အချစ်ဆိုတဲ့စကားကို အသားပေးလွန်း အားကြီးလာတာတွေ့ရတယ်။ အချစ်သည်သာလျှင် အရာရာကို ဆုံးဖြတ်ရမယ်လို့လည်း ဆိုလာကြတယ်။ အဲဒီအချစ်ဆိုတာဟာ ဘယ်လောက်ကြီးမား ခိုင်ခံ့သန့်ရှင်းပါသလဲလို့ စဉ်းစားရင် ကိလေသာ, ပေမ, တဏှာရာဂ စိတ်နဲ့ အချစ်လား၊ လူနဲ့လူချင်း ထောက်ထောက်ထားထား ငဲ့ငဲ့ညှာညှာ အနစ်နာခံပြီးမှ ချစ်ရတဲ့အချစ်လားဆိုတာကို မစဉ်းစားကြဘူး။

လင်နဲ့မယား မတူညီတာရှိလို့ စိတ်သဘောထား ကွဲနေရင် တို့လူမျိုးက အချစ်ဆိုတာကို များပြားတဲ့ ဝိသေသနတွေနဲ့ ရှေ့တန်းမတင်ဘဲ လင်မယားဆိုတာ ကွဲချင်ရင်တောင်မှ 'တစ်ကြောင်းမထောက် တစ်ကြောင်းထောက်ရသေးတယ်' စဉ်းစားနော်၊ လွယ်လွယ် မဆုံးဖြတ်နဲ့လို့ သတိပေးရတယ်'။ ဟဲ့ လင်မယားဆိုတာ 'တစ်ထုံ့မကြင်၊ တစ်ထုံ့ကြင်ရတယ်၊ မင်းတို့နှစ်ယောက် တစ်ယောက်အတွက် တစ်ယောက် အနာခံခဲ့တာတွေ မေ့မပစ်နဲ့' လို့လည်း သတိပေးကြတယ်။

"ကိုယ့်လင်စုံ မယားဖက် မွေးထားတဲ့ သားသမီးကလေးတွေ လူ့လောက အလယ်မှာ မျက်နှာငယ်အောင် မလုပ်ရဘူး" လို့လည်း တားမြစ်ရသေးတယ်။

အိမ်ထောင်ရေးကို အလေးအနက်မထားကြတဲ့ လူ့အဆောက်အုံတွေမှာတော့ Broken Family ဆိုတဲ့ အိမ်ထောင်ကွဲတွေ၊ အိမ်ထောင်ပျက်တွေက အလွန်များပြီး အဖေနဲ့အတူ မနေရ အတူမကြီးပြင်းရ၊ ပထွေးနဲ့နေရတဲ့ကလေးတွေ ဒုက္ခရောက်ကြပြီး ပထွေးက မယားပါသမီးသတ်မှု၊ သမီးက မအေသတ်မှုတို့ဆိုတဲ့ မကြားဝံ့မနာသာ ရာဇဝတ်မှုမျိုးတွေ ကြားနေရတာလည်း ခဏခဏ ဟုတ်လား။

အမေတို့ မြန်မာစကားမှာ 'အိမ်ထောင်ပျက်တယ်၊ အိမ်ထောင်ကွဲတယ်' ဆိုတာ ကိုယ်တည်ဆောက်ထားတဲ့ လူ့ဘောင်လူ့လောကထဲက ကိုယ့်အိမ်ထောင်တစ်ခု တကယ်ပဲ ပျက်စီး ပြိုကွဲသွားရတာကို ခေါ်တာပါ။ အဲဒီအဖြစ်ဟာ လူ့အနေနဲ့ မတားဆီးနိုင်တဲ့ သေခြင်းတရားက နှိပ်စက်မှသာ မလွှဲမရှောင်သာလို့ ဖြစ်ရတာမျိုး ဖြစ်ပါစေ။ လူ့အနေနဲ့ ရှောင်နိုင် လွှဲနိုင်တာကို ရှောင်လွှဲရတယ်။ ကိုယ့်မှာက ကိုယ့်လင်မယားကို အမှီပြုပြီး ဖြစ်ပွားလာတဲ့ သားသမီး၊ လူသားလေးတွေ ရှိသေးတယ်

ဟုတ်လား။ မိစုံဖစုံရှိရဲ့နဲ့ စုံစုံညီညီ အတူမနေရတဲ့ သားသမီးများရဲ့ဘဝကို လေးလေးနက်နက် ဘာမှ မစဉ်းစားဘဲ လုပ်ချင်ရာ မလုပ်ရဘူး။ လူမပြောထားနဲ့ ငှက်တောင်မှ ဥမကွဲသိုက်မပျက်ရှိရအောင် ကြိုးစားရတယ်ဟုတ်လား။

ခုခေတ်မှာ လူငယ်တွေ အိမ်ထောင်ရေးကို ပေါ့ပေါ့တန်တန်စဉ်းစား ခေတ္တခဏ ပေါ်ပေါက်လာတဲ့ စိတ်အလိုကို သတိနဲ့ မထိန်းဘဲ လုပ်ချင်တာလုပ်ပြီးတော့ ကွဲကြ ပြဲကြ နောက်အိုးနောက်အိမ် လွယ်လွယ်ပြုကြနဲ့ သူများနိုင်ငံတွေကအကျင့်ကို ဟုတ်နိုးနိုး ကောင်းနိုးနိုး လုပ်နေကြတာ အလွန်များနေပါတယ်။ တို့လူ့အဆောက်အအုံက ဒီလို မဟုတ်ပါဘူး။ သူတို့ဟာတွေကို အတုမယူရပါဘူး။

ပြီးတော့ တို့က ဗုဒ္ဓဘာသာဝင်တွေလေ။ အဲဒီတော့ သေခြင်းတရားဆိုတာကို အစဉ် ဆင်ခြင်အောက်မေ့ရတာ။ အသက်အရွယ်ကြီးလာရင် ကြီးတာနဲ့အမျှ အဲဒီသတိက ရှိရတယ်။ ကာမဂုဏ် အာရုံတွေကိုလည်း အသက်ကြီးလာရင် ကြီးတာနဲ့အမျှ လျှော့ရတယ်။ အသက်က ကြီးလာပါရဲ့နဲ့ အဲဒီကာမဂုဏ်အာရုံတွေကို မလျှော့ပေါ့ဘူး ဆိုရင် 'အသက်ကြီးပေမယ့် ရာဂမီးကို မငြိမ်းသတ်ဘူး၊ စိတ်ကို မထိန်းသိမ်းပဲကိုး' လို့ အပြစ်တင်တယ်။ ကျွယ်ရာမှာ 'ရာဂအိုးကြီး၊ သေခါနီးပြီ၊ ရိက္ခာယူတုန်း' လို့ ကဲ့ရဲ့သဂြိုဟ်စကားတင်းဆိုတယ်။ ဒါဟာ တို့လူ့အဖွဲ့အစည်းရဲ့ ပုံစံပဲ။

ပြီးတော့ အချစ်အချစ် ဆိုပြီး သူ့အိုးသူ့အိမ်မှန်းမသိ မဆင်မခြင် ငြိကြ၊ စွန်းကြ၊ ဖြစ်ကြ၊ ပျက်ကြတာတွေလည်း ရှိသေးတယ်။ လူတစ်ယောက် ငါးပါးသီလ လောက်မှ မမြဲဘူး။ သူတစ်ပါးအိမ်ရာကို ပြစ်မှား ဖျက်ဆီးတယ်၊ အဲဒါလူ့ကျင့်ဝတ်က သွေဖည်မှုကြီးပဲဆိုပြီး တို့လူ့ဘောင်က ခွင့်မပြုပါဘူး။

ဒီကိစ္စမှာ မိန်းကလေးကို ပိုပြီးတောင် အပြစ်ဆိုပါသေးတယ်။ သူများ အိမ်ထောင်ကို ဖျက်ဆီးသူအဖြစ်နဲ့ လူ့လောကက အကြီးအကျယ် ရှုတ်ချတယ်။ ယောကျ်ားကိုတော့ လူယုတ်မာအနေနဲ့ အဖွဲ့အစည်းအတွင်းမှာ အပေါင်းအသင်းတောင် မလုပ်လိုဘူး။ အဲဒါလောက် ပြစ်မှုကြီးပါတယ်။

လူဆိုတာ လူ့အဖွဲ့အစည်းထဲမှာ နေကြရတာလေ။ အဖွဲ့အစည်းက ခွင့်မပြုတာကို ရှောင်ကြရမှာပဲ။ ဒီလို လူ့အဖွဲ့အစည်းမျိုးက အိမ်ထောင်ရေး စည်းမရှိ ကမ်းမရှိ လူ့အဖွဲ့အစည်းမျိုးထက် အများကြီး ယဉ်ကျေးအထက်တန်း ကျပါတယ်။

အမေတို့ လူ့အဆောက်အအုံကို ဆက်လက် ထိန်းသိမ်းဖို့ ကြိုးစားကြပါ။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၃၈၊ ၁၉၉၆ ဩဂုတ်

“ … တစ်မိသားနဲ့တစ်မိသား ရေစက်ဆုံလို့ ဒီဘဝမယ် လင်ရယ် မယားရယ်လို့ ဖြစ်လာကြတယ်။ လူချင်းဆုံပေမယ့် စိတ်ချင်းဆုံသူက အနည်းသား။ အမေတို့မှာတော့ စိတ်ချင်းဆုံတယ်ထင်လို့ လူချင်းဆုံစည်းခဲ့ကြတယ်။ ထင်တဲ့အတိုင်း ဆုံပေလို့ တစ်သက်လုံး သူ့အလုပ် ကိုယ်က ကူနိုင်ခဲ့တယ်။ ကိုယ့်အလုပ် သူက ဖေးမနိုင်ခဲ့တယ်လေ။ ……..

## လင်စုံမယားဖက်

အမေတို့ငယ်ငယ်က မိန်းကလေးနဲ့ ယောက်ျားလေး လူကြီးမိဘ ထိမ်းမြားပေးလို့ လင်စုံမယားဖက်ဖြစ်လာကြတဲ့အချိန်မှာ မိဘဆွေမျိုးတွေနဲ့ မိကြီးဘကြီးတွေကို အုန်း၊ ငှက်ပျောကန်တော့ပွဲနဲ့ ဖနီးမောင်နှံ အသစ်စက်စက်ကလေးတွေက လိုက်ပြီးကန်တော့ကြရတယ်။ အဲဒီအခါ အကန်တော့ခံ လူကြီးမိဘများက "ဒီလင်စုံမယားဖက် အသက် ၁၂၀ ရှည်လို့ အိုအောင်မင်းအောင် ပေါင်းသင်းကြရပါစေ။ သားကောင်းသမီးကောင်း ထွန်းကားပါစေ။ ချမ်းသာသုခအဝဝနဲ့ ပြည့်ဝပါစေ" လို့ ဆုပေးလိုက်ကြတယ်။ ဆုရတဲ့ အိမ်ထောင်အသစ်စက်စက်ကလေးက ဒီဆုရဲ့ အလေးအနက်ကို သိပ်ပြီး သဘောမပေါက်ခဲ့ဘူး။ လုပ်ရိုးလုပ်စဉ်မို့ လုပ်ကြတာ။ ပေးရိုးပေးစဉ်မို့ ပေးကြတာလို့ပဲ ငယ်ရွယ်သေးသူတို့ ပီပီ ပေါ့ပေါ့တန်တန် သဘောရခဲ့ကြတယ်။ ဒီလူကြီးမိဘတွေ ပေးလိုက်တဲ့ဆုရဲ့ အတိမ်အနက်ကို အိမ်ထောင်သက် ကြီးရင့်လာတဲ့အခါမှာမှ သဘောပေါက်တော့တာကိုး။

တစ်နေ့က အမေ့ဆီကို စာရေးဆရာမ ငြိမ်း(ရွှေလီ) က သူတို့စက္ကူပီသသာချိန်ဝယ်တဲ့အထဲက ရှုမဝမဂ္ဂဇင်း အဟောင်းကလေးတစ်အုပ်ရလို့ အမေ့ဘာသာပြန်ဝတ္ထုကလေးပါတာနဲ့ အမေ့ဆီ ရှိချင်မှရှိတော့မှာဆိုပြီး ပို့လိုက်လို့ ဖတ်ကြည့်တော့ ၁၉၆၀ ခု၊ မတ်လထုတ်ရှုမဝမှာ ဦးတက်တိုးနဲ့ ဒေါ်နုယဉ်တို့ရဲ့ အိမ်ထောင်သက် ၁၉ နှစ်ပြည့် ဆောင်းပါး၊ ဦးတက်တိုး ရေးထားတာကို သွားတွေ့ပါတယ်။ သူတို့နှစ်ယောက် မင်္ဂလာဆောင်တော့ အမေနဲ့ ဦးလှက မဒမ်ချန်ကေရှိတ် ရေးတဲ့ တရုတ်ဝတ္ထုတိုကလေးတစ်ပုဒ် ဘာသာပြန်ပြီး ကြီးပွားရေးမဂ္ဂဇင်းမှာ သူတို့အတွက် မင်္ဂလာလက်ဖွဲ့အဖြစ် ၁၉၄၁ ခုနှစ်က ထည့်ခဲ့ကြတယ်။ အဲဒီဘာသာပြန်ကော်ပီကလေး စစ်ကြီးအတွင်းက ပျက်စီးသွားလို့ ဦးတက်တိုးက ရှိသေးရင် ရချင်တယ်တဲ့။ ဒါနဲ့ ပြန်ရလို့ ဦးလှက သူတို့ဆီကို ပို့လိုက်တော့ ဦးတက်တိုးက မင်္ဂလာသက် ၁၉ နှစ်ပြည့် 'အိမ်ထောင်သည်မော်ကွန်း' ဆိုပြီး ရှုမဝမှာ ဆောင်းပါးရေးထားတာပါ။

ဦးတက်တိုးနဲ့ ဒေါ်နုယဉ်တို့ရဲ့ အိမ်ထောင်သက်ဟာ အခုဆိုရင် ၅၅ နှစ်ရှိပြီပေါ့။ အသက်ရှည်ရှည် အနာကင်းကင်းနဲ့ အခုလို အိုအောင်မင်းအောင် ပေါင်းသင်းနေရတယ်ဆိုတာ နည်းတဲ့ကုသိုလ်ကြီးလား။

ဦးတက်တိုးတို့လိုပါပဲ။ ဒေါ်နုယဉ်ရဲ့အစ်ကို ဆရာမင်းသုဝဏ်နဲ့ ဇနီးဒေါ်ကြည်ကြည်တို့ဟာလည်း ခုထက်ထိ အသက်ရှည်ရှည် အနာကင်းကင်းနဲ့

အိုအောင်မင်းအောင် ပေါင်းသင်းနေကြရတာကိုး။ အမေက သာစုအကြိမ်ကြိမ် ခေါ်မိတယ်။ တို့ငယ်ငယ်က လူကြီးမိဘတွေပေးတဲ့ ဆုနဲ့ ပြည့်ကြပါစေတယ်။ ကုသိုလ်ကောင်းလိုက်ကြတာလို့လည်း မှဒီတာပွားရတယ်။ လင်စုံမယားဖက် အိုအောင်မင်းအောင် ပေါင်းရတယ်ဆိုတာက အသက်ကြီးလာလေ ရှားလေဆိုတာမျိုးကိုး။ အမေတို့ လူ့သက်တမ်းလေးက တစ်ရာဆိုပေမယ့် တိုင်းပြည်ရဲ့စီးပွားရေး၊ လူမှုရေးအလိုက် တစ်ရာပြည့်အောင် နေရသူက သိပ်နည်းတာဟုတ်လား။

ဒေါ်ခင်မျိုးချစ်တို့ဆိုရင် အိမ်ထောင်ကျတာ အမေတို့နဲ့ မတိမ်းမယိမ်းပဲ။ သူတို့လင်မယားလည်း အိုအောင်မင်းအောင် ပေါင်းရတယ်လို့ အမေက သာစုခေါ်နေတာ။ ပြီးခဲ့တဲ့လဆန်းတုန်းကတော့ ဦးခင်မောင်လတ် အနိစ္စရောက်ရှာတယ်လို့ နာရေးသတင်းဖတ်လိုက်ရတယ်။ ကျန်းမာရေးချို့တဲ့သူက ဒေါ်ခင်မျိုးချစ်၊ သူ့ဇနီးကို အမြဲတမ်း ပြုစုယုယနေသူက ဦးခင်မောင်လတ်။ ဟော – အခုတော့ လူမမာက ဘာမှမဖြစ်၊ လူမမာပြုစုနေသူက ဆုံးပါးရသတဲ့။ ဦးခင်မောင်လတ်က အမေနဲ့ကျောင်းနေဖက် သူငယ်ချင်းပါ။ အနိစ္စ၊ အနိစ္စ၊ အနတ္တ၊ အနတ္တ၊ မမြဲတဲ့တရား၊ အစိုးမရတဲ့ တရားတွေ ပါကလား။

ကျန်းမာရေးချို့တဲ့ရှာတဲ့ ရေးဖော်မကြီး ဒေါ်ခင်မျိုးချစ် အသက်ရှည်ပါစေဦး။ စိတ်တင်းထားနိုင်ပါစေဦး။ လူ့အားမာန်ကို ဘယ်တော့မှ မချတဲ့ ရေးဖော်ကြီး။ ဆက်လက်ပြီး တင်းထားနိုင်ပါစေဦးလို့ ဆုတောင်းရတယ်။ တောင့်ထား အောင်မောင်းရေ။ လူကြီးတွေရှိနေသေးရင် လူငယ်တွေက အားရှိတယ်။

အမေတို့များ ဒီဩဂုတ်လမှာ ဦးလှဆုံးသွားတာ ၁၄ နှစ်ရှိပြီမို့ ကိုယ့်အသက် ၆၇ နှစ်အရွယ်မှာ မုဆိုးမ ဖြစ်ခဲ့ရတယ်။ သူနဲ့ကိုယ်နဲ့ ၄၃ နှစ်ပဲ ပေါင်းလိုက်ရတယ်။ ကိုယ့်ထက် အိမ်ထောင်သက်နည်းရှာသူတွေနဲ့စာရင် ကိုယ်ကတော်သေးတာပေါ့လို့ပဲ ဖြေသိမ့်ခဲ့ရ အောက်မေ့ခဲ့ရတယ်။ သေမင်းကခွဲရင် ဘာမှ မတတ်နိုင်ပါဘူး။ ကွဲကြရတာပဲ မဟုတ်လား။

တစ်မိသားနဲ့တစ်မိသား ရေစက်ဆုံလို့ ဒီဘဝမယ် လင်ရယ်မယားရယ်လို့ ဖြစ်လာကြတယ်။ လူချင်းဆုံပေမယ့် စိတ်ချင်းဆုံသူက အနည်းသား။ အမေတို့မှာတော့ စိတ်ချင်းဆုံတယ်ထင်လို့ လူချင်းဆုံစည်းခဲ့ကြတယ်။ ထင်တဲ့အတိုင်း ဆုံပေလို့ တစ်သက်လုံး သူ့အလုပ်ကိုယ်က ကူနိုင်ခဲ့တယ်။ ကိုယ့်အလုပ်သူက ပေးမနိုင်ခဲ့တယ်လေ။ စိတ်ချင်း ဆုံတဲ့အပြင် တစ်ယောက်နဲ့တစ်ယောက် ဆက်ဆံကြရတဲ့ကိစ္စအဝဝမှာ တရားသဖြင့်သာ ပြုမူပြောဆို ရွက်ဆောင်ခဲ့ကြတာမို့ ခွန်းကြီးခွန်းငယ်လည်း မဖြစ်ခဲ့ကြရဖူးဘူး။ သတ်ဖို့ ပုတ်ဖို့ဆိုတာကတော့ ဝေးရော။

ပြီးတော့ အိမ်ထောင်ဦးစီးအနေနဲ့ ကိုယ်ကျင့်တရား ကောင်းကောင်းမွန်မွန် လူ့သိက္ခာရှိရှိနဲ့ နေသွားတယ်။ သူများအကျိုးစီးပွားများကို ရှေ့တန်းတင်ပြီး စဉ်းစားမှု၊ ရွက်ဆောင်ပေးမှုတွေကလည်း များပြားလွန်းလို့ သူ့ကို ချစ်သူခင်သူလေးစားသူတွေလည်း ပေါပေါများများ ရှိခဲ့တယ်။

ဒါကြောင့် အရိပ်အာဝါသ အေးအေးမြမြပေးခဲ့သူ ခင်ပွန်းသည်ကို အမေက သတိရတိုင်း ကျေးဇူးတင်နေတယ်။ သူတော်ကောင်းနဲ့ အမေဆက်ဆံခဲ့ရတာ ကုသိုလ်ကောင်းလေတယ်လို့လည်း အမြဲတမ်း ဝမ်းသာနေမိတယ်။

အမေရယ်၊ ဒေါ်ခင်မျိုးချစ်ရယ်၊ ဒေါ်နုယဉ်ရယ်၊ ဒေါ်ရီကြိန်ရယ်က တစ်ခုတည်း ဖွားတွေ။ လေးယောက်စလုံး ၁၉၁၅ ခု ဖွားချည်းပဲ။ ပြီးတော့ ငယ်ကတည်းက သိကျွမ်းခင်မင်ကြတာ။ ဒေါ်နုယဉ်နဲ့ ဦးတက်တိုးတို့ လက်ထပ်ကြမယ်ဆိုတော့ မဒမ်ချန်ကေရှိတ်ရေးတဲ့ 'နမအထွေးစု' ဆိုတဲ့ တရုတ်ဝတ္ထုတိုကလေးကို အမေက ဘာသာပြန်ပြီး ကိုတက်တိုးနဲ့ မနုယဉ်သို့ မင်္ဂလာလက်ဖွဲ့ဆိုပြီး အမေတို့ကြီးပွားရေးမဂ္ဂဇင်းမှာ ထည့်လိုက်တယ်။ ဝတ္ထုတိုကလေးကို ရှာပေးသူက ဦးလှ။ အေရှားမဂ္ဂဇင်းမှာတွေ့တော့ အဲဒါလေးနဲ့ လက်ဖွဲ့မယ်၊ ဆန်းလည်းဆန်းရော၊ ကောင်းလည်းကောင်းရောဆိုပြီး လုပ်ကြတာ။

ဝတ္ထုက တရုတ်ပညာရှိ ကဗျာဆရာကြီး စုဆင်ဆိုသူမှာ စုအကြီး စုအငယ်နဲ့ နမအထွေးစု ဆိုတဲ့ သမီးသုံးယောက်ရှိတယ်။ အားလုံးက ထိပ်ထိပ်ကြဲကဗျာဆရာတွေ။ တရုတ်ဂန္ထဝင်မှာ စုမင်းဆက်ဟာ စာပေအဖွံ့ဖြိုးဆုံး၊ စုမင်းဆက်က စုသားအဖ (၄) ယောက် ရဲ့ ကဗျာနဲ့ စာပေတွေဟာ ကနေ့ထက်တိုင် ထင်ရှားကျော်ကြားဆဲ။

ဝတ္ထုတိုလေးက အဲဒီသားအဖ (၄) ယောက်ထဲမှာ နမအထွေးစုက ပညာအတော်ဆုံး၊ ဒီမိန်းကလေးနဲ့ သင့်တော်မယ့်အိမ်ထောင်ဖက်စာပေသမားကိုရအောင် ရှာဖွေပုံအကြောင်းကို ရေးထားတဲ့ ဝတ္ထုတိုကလေးပါ။ မနုယဉ်က မင်းသုဝဏ်ရဲ့ နမဖြစ်တဲ့အပြင် ကိုတက်တိုးကလည်း စာရေးဆရာမို့ အမေတို့က ဒီဝတ္ထုလေးနဲ့ လိုက်ဖက်လှတယ်ဆိုပြီး ချစ်ခင်သူချင်း ထူးခြားတဲ့ မင်္ဂလာလက်ဖွဲ့မျိုး ပေးခဲ့ကြတာပါ။

အဲဒီဘာသာပြန်လေးနဲ့အတူ ဦးတက်တိုးက သူနဲ့ဒေါ်နုယဉ်တို့ အိမ်ထောင်သက် ၁၉ နှစ်ခရီးကို ဆောင်းပါးရေးပြီး ရှုမဝမှာ ထည့်ခဲ့တယ်လေ။

၁၉၆၀ ခု မတ်လ ရှုမဝကြီးကလည်း စာမျက်နှာ ၂၇၀ ကျော်နဲ့ ဖတ်စရာတွေက ပါလိုက်တာ။

အမေ့စိတ်ထဲ အဲဒီရှုမဝကြီးနဲ့ ခုခေတ်မဂ္ဂဇင်းတွေကို ယှဉ်ကြည့်နေမိသေးတယ်။ ဘာလိုလိုနဲ့ ခေတ်ကလည်း ၃၇ နှစ်တောင် ကွာခြားနေပြီလေ။

ဒီရှုမဝကို ထုတ်ဝေတဲ့ ဦးကျော်ကိုလည်း သတိရတာပဲ။ ဦးကျော်က ဦးသုခထက် (၅) ရက် ကြီးသတဲ့။ ဦးသုခက ဦးလှထက် (၅) ရက်ကြီးသတဲ့။ (၅) ရက်ကြီး (၅) ရက်ငယ်၊ သူငယ်ချင်းသုံးယောက်မှာလည်း ဦးသုခပဲ ကျန်းကျန်းမာမာနဲ့ အလုပ်တွေလုပ်နေရင်း အသက်ရှည်လျက် ရှိနေတော့တယ်။ ဦးကျော်နဲ့ ဦးလှတို့ကတော့ မရှိကြတော့ဘူး။ ဩော် - အနိစ္စ - အနိစ္စ။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၄၀၊ ၁၉၉၆ အောက်တိုဘာ

“

... သဘင်သည်ရယ်လို့ဖြစ်လာတဲ့ အခါ ဇာတ်ဖြစ်ဖြစ်၊ အငြိမ့်ဖြစ်ဖြစ်၊ ရုပ်ရှင်ဖြစ်ဖြစ်၊ ဗွီဒီယိုဖြစ်ဖြစ်၊ အဆိုတော်ဖြစ်ဖြစ် ငယ်ရွယ်သေးတဲ့ မိန်းကလေးတွေက လူကြိုက်သည်ထက် ပိုကြိုက်အောင် ပညာအနေနဲ့ ကြိုးစားသူလည်း ရှိပါရဲ့၊ ဣန္ဒြေပျက်အောင် ကလက်ကြသူတွေလည်း ရှိတာကိုတွေ့ရတတ်တယ်။ မိန်းကလေးဟာ ကလက်ရင် ခဏပန်းပဲ ကျော်ကြားနိုင်တယ်။ .......

## မိန်းမတို့ ဏှာခြေ

အမေ တစ်နေ့က ရုပ်ရှင်မင်းသမီးကြီး မေရှင်ဆီကို ရောက်ခဲ့တယ်။ သူ့ကို သူ့အိမ်ရှေ့က ဇာဒ်ပင်ရိပ်မှာ ခင်းထားတဲ့ ခုတင်ကလေးပေါ်ထိုင်နေတာ တွေ့ရတော့ ဝမ်းသာလိုက်တာ။

အရင်တစ်ခါတုန်းက ဆရာဦးသုခနဲ့ သွားတဲ့အခေါက်ပေါ့၊ မေရှင်က အိပ်ရာပေါ်မှာ ညည်းခံရှာတာ။ ခုခေါက်တော့ သူ့ကျန်းမာရေး တော်တော်ကောင်းနေလို့ ဒီနေရာမှာ သူ့ကို တွေ့ရတာပေါ့။ အမေက "မရှင် နေကောင်းနေတာ တွေ့ရတာ ဝမ်းသာလိုက်တာ" လို့ ပြောတော့ သူက "ကျွန်မ ကျန်းမာရေး တော်တော်လေး ကောင်းနေပါတယ်" တဲ့။ ပြီးတော့မှ "ဒေါ်အမာတို့များ ခုမှ ပေါ်လာတော့တယ်" လို့ အပြစ်တင်ပါတယ်။

မရှင် အပြစ်တင်လည်း တင်စရာပဲ။ အမေက သူ့ဆီကို စိတ်ထဲကတော့ မကြာမကြာ သွားနေတာပဲ။ သူ့အကြောင်း ငါရေးဦးမယ်လို့လည်း စိတ်ထဲက တေးနေတာ ခဏခဏပဲ။ ဒါပေမယ့် မရောက်ဖြစ်ဘူး။ ခုတစ်ခေါက်တောင်မှ မသွားရင် မဖြစ်လို့ ရောက်ရတာလေ။

ဂျပန်ပြည်မှာရောက်နေတဲ့ အမေတို့ ဦးလုတို့မိတ်ဆွေ မွန်အမျိုးသားကြီး *တစ်ဦးက မေရှင်အကြောင်း ဆောင်းပါးတစ်ပုဒ် မဟာသီမဂ္ဂဇင်းမှာ ကြူကြူသင်း* ရေးတာကို ဖတ်ရလို့တဲ့။ မေရှင်ကို သတိရပြီး ဂျပန်ပြည်ကနေ သူတတ်နိုင်တဲ့နည်းနဲ့ သတိရလက်ဆောင်ပေးချင်တဲ့အကြောင်း သတင်းကောင်း ပါးပေးပါပြောလို့ အမေတို့က သတင်းပြောကြားရအောင် ရောက်သွားတာပါ။

အမေနဲ့ ကြူကြူသင်းဆီက ဒီသတင်းကိုကြားတော့ မရှင်က ဝမ်းသာရှာတယ်။ "ဟုတ်လား၊ ဟုတ်လား၊ ဟုတ်ရင် ကျွန်မလှူမယ်၊ လှူမယ်" နဲ့ ပြောရှာတယ်။ မတ်လမှာ သူ့မွေးနေ့ မွေးရက်ဆုံတာ ရှိသတဲ့။ အဲဒီနေ့မှာ သူတတ်အားသမျှ လှူဒါန်း ပေးကမ်း ကျွေးမွေးချင်တာတဲ့လေ။

သူ့ကို ဂျပန်ပြည်ကနေပြီး သတိရလက်ဆောင်ပေးချင်သူကတော့ မေရှင် စစ်ကြီးပြီးစက အသံလွှင့်ရုံမှာ အစီအစဉ်မှူးအဖြစ်နဲ့ အလုပ်လုပ်ခဲ့တုန်းက သိကျွမ်းခဲ့တဲ့ မိတ်ဆွေမို့ပါတဲ့။ ပြီးတော့ မေရှင် အဲဒီတုန်းက ဏှာခြေရလိုက်ပုံတွေကိုလည်း တယ်လီဖုန်းကနေပြီး သတိတရ ပြောပြသေးတယ်။ အသံလွှင့်ရုံမှာ တွေ့ကြလို့ နှုတ်ဆက်ရင် ဘယ်တော့မဆို မေရှင်က မေးတစ်ခွန်း၊ ပြောတစ်ခွန်းပဲ တုံ့ပြန်တယ်။ ဘယ်တော့မှ ဝေဝေဆာဆာစကား မဆိုဘူးတဲ့။

အဲဒီမိတ်ဆွေက မေရှင်ရဲ့ ဣန္ဒြေနဲ့ ပတ်သက်လို့ ချီးကျူးနေတော့ အမေတို့ ငယ်ငယ်က မရှင်အပေါ် စွဲလမ်းနှစ်ခြိုက်ခဲ့ရပုံတွေကို ပြန်လည်လို့ သတိရမိတယ်။ မရှင်ဟာလေ သိပ်နာမည်ကြီးတဲ့ ရုပ်ရှင်မင်းသမီး တစ်ချိန်က ဖြစ်ခဲ့တာပေါ့။ သူ့ကို မကြိုက်တဲ့လူ မချစ်တဲ့လူ မရှိခဲ့ပါဘူး။ ယောကျ်ားတွေကရော မိန်းမတွေကပါ ကြိုက်ခဲ့ ချစ်ခဲ့ရတာပါ။

မြန်မာဇာတ်သဘင်လောကမှာ ဇာတ်မင်းသားအဖြစ်နဲ့ သရဖူဆောင်းသွားတဲ့ ဇာတ်မင်းသားဦးဘိုးစိန်ဟာ သူ့ခေတ်သူ့အခါက မိန်းမတွေ အလွန့်အလွန် ကြိုက်တဲ့ ချစ်တဲ့ မင်းသားပေပေါ့။ နို့ပေမယ့် အမျိုးသမီးတွေကသာ တအားကြိုက်ကြတာပါ။ အမျိုးသားတွေက ဦးဘိုးစိန်အပေါ် မနာလိုစိတ်ရှိတဲ့ ယောကျ်ားတွေ အများကြီးပါ။

ပြီးတော့ ဦးဘိုးစိန် ငယ်ငယ်တုန်းကတော့ သူနဲ့တွဲကတဲ့ မင်းသမီးတွေ အများကြီးထဲက မင်းသမီး မစိန်ဥနဲ့ ပွဲကြည့်ပရိသတ်က သဘောတူတာတဲ့။ သူတို့ နှစ်ယောက် ရစေချင်တာတဲ့။

နောက် ဦးဘိုးစိန် အသက် ၅၀ ကျော်၊ ၆၀ ကျော် ရောက်တော့ သူနဲ့ တွဲဖက်တဲ့ ကောလိပ်စိန်နဲ့ဆိုရင် ဣန္ဒြေရတဲ့ စုံတွဲဖြစ်မှာလို့ ပရိသတ်က အောက်မေ့ ပါတယ်။ ဒါပေမယ့် ကောလိပ်စိန်က ဦးဘိုးစိန်ကို မယူပါဘူး။ ဆရာလို အဖေလိုပဲ သဘောထားပြီး ကောလိပ်စိန်က အပျိုကြီးဘဝနဲ့ အရိုးထုတ်သွားပါတယ်။

အနုပညာသည် နာမည်ကျော်တွေထဲမှာ ယောကျ်ားပရိသတ်ကရော မိန်းမ ပရိသတ်ကပါ ကြိုက်နှစ်သက်တာ ခံရတယ်ဆိုတဲ့ အငြိမ့်မင်းသမီးနာမည်ကျော်ကတော့ လေဘာတီမမြရင်ပါ။ မမြရင်ကို ယောကျ်ားတွေက ကြိုက်သလို မိန်းမတွေကလည်း ကြိုက်ပါတယ်။ မိန်းမပွဲကြည့်က မမြရင်ကို ဘာလို့ကြိုက်သလဲလို့မေးတော့ မင်းသမီး ပေမယ့် ဣန္ဒြေရှိလို့တဲ့။ မမြရင်က မကလက်လို့တဲ့။

သဘင်သည်ရယ်လို့ဖြစ်လာတဲ့အခါ ဇာတ်ဖြစ်ဖြစ်၊ အငြိမ့်ဖြစ်ဖြစ်၊ ရုပ်ရှင် ဖြစ်ဖြစ်၊ ဗွီဒီယိုဖြစ်ဖြစ်၊ အဆိုတော်ဖြစ်ဖြစ် ငယ်ရွယ်သေးတဲ့ မိန်းကလေးတွေက လူကြိုက်သည်ထက်ပိုကြိုက်အောင် ပညာအနေနဲ့ ကြိုးစားသူလည်း ရှိပါရဲ့၊ ဣန္ဒြေ ပျက်အောင် ကလက်ကြသူတွေလည်း ရှိတာကို တွေ့ရတတ်တယ်။ မိန်းကလေးဟာ ကလက်ရင် ခဏပန်းပဲ ကျော်ကြားနိုင်တယ်။ ရေရှည် မကျော်ကြားဘူး။ ဒါကို ကလေးမလေးတွေ ကြပ်ကြပ်သတိရှိကြစေချင်တယ်။

မေရှင်တို့ ခေတ်ကောင်းတုန်းက ရုပ်ရှင်ကားတစ်ကားကို ဟိုခေတ်က ပိုက်ဆံနဲ့ ၂၅၀၀၀ိ/- အထိ ရခဲ့တာပဲ။ ဒါပေမယ့် မေရှင်က သူ့မှုကို ဘယ်တော့မှ မဖျက်ဘူး။ လူတွေက ပိုကြိုက်စေတော့လို့ ဖြတ်လမ်းနည်းနဲ့ မကြိုးစားခဲ့ဘူး။

မေရှင်က ရုပ်အနေနဲ့ အချောအလှကြီး မဟုတ်ပါဘူး။ ဒါပေမယ့် သူ့မှာ လူတွေစွဲမက်ရတဲ့ အရည်အသွေးတွေ ရှိပါတယ်။ အဲဒီအထဲမှာ အရေးအပါဆုံးကတော့ အမေ့အထင်ပြောရရင် မကလက်တာရယ်၊ ဘာကိုပဲလုပ်လုပ် ကျောင်းသူမကလေးကို သင်ပြီး ခိုင်းထားသလို သဘင်မဆန်တာရယ်ဟာ သူ့အတွက်အရေးအပါဆုံးလို့ အမေ ကတော့ ပြောချင်တာပဲ။

သဘင်မဆန်ဘူးဆိုတဲ့ဟာကို အမေရှင်းပြမယ်။ ရုပ်ရှင်မင်းသမီးကြည်ကြည်ငွေးဟာ ဘယ်အခန်းမှာ ဘယ်လိုပြုမူပြောဆိုလိုက်စမ်းပါလို့ ဒါရိုက်တာက နိုင်းရင် လိုအပ်တဲ့အမူအရာ၊ ဟန်ပန်၊ လေသံအားလုံး လိုလေသေးမရှိ ကွက်တိရွက်ဆောင်နိုင်တဲ့ သဘင်ရည်အဝဆုံး မင်းသမီးလို့ ဒါရိုက်တာ ဆရာဦးသုခက သတ်မှတ်ပါတယ်။

မရှင်ကတော့ ဘာကိုပဲလုပ်လုပ်၊ ကြိုးကြိုးစားစား လုပ်ပါတယ်။ နို့ပေမယ့် ငါပိုင်တယ်၊ ငါနိုင်တယ်၊ ငါဟာ ၁၂ ကြိုးနင်းနေတဲ့ ပညာကဝေပဲဆိုတဲ့ အနေအထားမျိုး တစ်စက်မှ မရှိဘူး။ တကယ့် အရပ်သူကလေးတစ်ယောက်အသွင်အပြင်ကိုသာ မြင်ရတာပဲ။ အဲဒါလေးကိုက သူ့အဖို့ ပိုချစ်စရာ ပိုကြိုက်စရာ ဖြစ်နေတာပါ။

မေရှင်ကို မိန်းမတွေလည်း ကြိုက်ပါတယ်။ ယောကျ်ားတွေကတော့ မပြောပါနဲ့တော့။ ပြီးတော့ မေရှင်ကို ပွဲကြည့်က အဝေမ်းကိုတင်မောင်နဲ့ ရစေချင်တာပါ။ ဒါပေမယ့် မေရှင်က ခုထက်ထိ အပျိုကြီးပါ။ အသက် ၇၈ နှစ် ရှိနေပါပြီ။ မရှင်ဟာ စောင့်ထိန်းသင့်တာကို တကယ်စောင့်ထိန်းတဲ့ အနုပညာရှင်ပါ။

သူတို့မျိုးရိုးထဲမှာ သဘင်သမားတစ်ဦးတစ်ယောက်မှ မပါရှိခဲ့ဘူးတဲ့။ ပြီးတော့ အားလုံးက ရိုးရိုးကြီးတွေချည်းရယ်။ အမေ သူတို့အမျိုးတွေကိုလည်း သိပါတယ်။

မရှင်ကို သူ့အမေက စနေနေ့မနက်ခင်းမှာ မွေးခဲ့တာတဲ့။ စနေသမီး နေတက်ဖွားမို့ဆိုပြီး ဆွေမျိုးသားချင်းတွေအားလုံးက စိုးရိမ်ကြောင့်ကြ ကြသတဲ့။ ဒါကြောင့် ထုံးစံအတိုင်း ဒီစနေသမီးက မိဘကို ဒုက္ခမပေးနိုင်အောင် စတီတွေလုပ်ဖို့ ပြင်ကြသတဲ့။ အဲဒီတော့ မရှင်ရဲ့ အမေက "အမယ် – ငါ့သမီး စနေ နေတက်ဖွားဟာ သူများထက် ထက်မြက်ထူးခြားမှာ၊ ဘာမှ မပူနဲ့။ ဘာမှလည်း မကြောက်ကြနဲ့၊ ဘာစတီ ဘာယတြာမှလည်း မလုပ်ကြနဲ့" ဆိုပြီး မီးကပ်ပေါ်မှာ သူ့အမေက ဒီသမီးငယ်အတွက် လက်သီးလက်မောင်းတန်းခဲ့တယ်လို့ မရှင်က ပြောပြတယ်။

သူ့အမေ ယုံကြည်မျှော်လင့်တဲ့အတိုင်း သူဟာ သူတို့အမျိုးထဲမှာ ထူးခြား ပြောင်မြောက်တဲ့ပညာသည် ဖြစ်ခဲ့တာပါပဲ။ အခု မရှင်ရဲ့နေရေး စားရေးဘယ်လို ပြေလည်နေသလဲမေးတော့ သူငယ်စဉ်အခါ ဝင်ငွေရှိစဉ်က တချို့လူများလို လှချင်ပချင်တဲ့ အဝတ်အထည်အဆန်းအပြားတွေမှာ ပိုက်ဆံမဖြုန်းခဲ့ဘဲ ရသမျှ ကျစ်ကျစ်ပါအောင် စုခဲ့တယ်။ အဲဒီ စုထားတဲ့ငွေကြေးနဲ့ သူ့လို အနုပညာသည်တစ်ယောက်ကို ချစ်တဲ့ မြတ်နိုးတဲ့ အမျိုးသမီးတစ်ဦးက သူ့ကို စားစရာရအောင် ဖန်တီးပေးနေလို့ သူ မကြောင့်မကြ စားနေနိုင်တယ်လို့ သူ့ဘဝရပ်တည်နေရပုံကိုလည်း ပြောပြပါတယ်။ မကြောင့်မကြဆိုပေမယ့် ကျစ်ကျစ်ကလေးပေါ့လေ။

ဟုတ်တာပေါ့ မရှင်လိမ်လိမ်မာမာစုခဲ့ ဆောင်းခဲ့လို့ ပြီးတော့ ပညာကို တန်ဖိုးထားပြီး လူကို စောင့်ထိန်းခဲ့လို့ ဒီအသက် ဒီအရွယ် ဒီလိုခေတ်ကြီးမှာ ချိုချိုငဲ့ငဲ့ မနေရတာပေါ့။ မရှင်ဟာ ငယ်ရွယ်ကြသေးတဲ့အနုပညာသည် မိန်းကလေးတွေ အတုယူစရာ အရည်အသွေးတွေ တော်တော်ရှိတဲ့ အမျိုးသမီးပေပဲ။

အထူးသဖြင့် မရှင် လျှမ်းလျှမ်းတောက် ရုပ်ရှင်မင်းသမီးဘဝတုန်းက နေထိုင်ပြုမူဆက်ဆံပုံတွေနဲ့ ပတ်သက်လို့ အမေက ပြောချင်တာပါ။

အမေတို့ မြန်မာအမျိုးသမီးလေးတွေအဖို့ ဣန္ဒြေကို စောင့်ထိန်းရတယ်ဆိုတာ မိန်းကလေးရယ်လို့ ဖြစ်လာ၊ အရွယ်ရောက်လာရင် မလုပ်မဖြစ်ကိစ္စပါ။ ဒါကို သမီးမိန်းကလေးတွေ ကြပ်ကြပ် သတိထားစေချင်တယ်။ ဣန္ဒြေဆိုတာ သဘင်သည်မှာ အရေးကြီးသလို အရပ်သူမှာလည်း အရေးကြီးတာပဲ။

ဒီခေတ်ကလေးတွေက အဲဒါနဲ့ပတ်သက်လို့ အလေးထားမှု နည်းလာသလား အောက်မေ့ပြီး အမေတို့ လူကြီးမိဘတွေက စိတ်ဆင်းရဲရ၊ စိုးရိမ်ပူပန်ရတယ်လေ။

မိန်းမတို့ဣန္ဒြေဟာ ရွှေပေးလို့မရဘူးဆိုတာ တကယ့်စကားတစ်ရပ်ပါ။ သဘင်နယ်ပယ်က သမီးလေးတွေ ဒါကို အားလုံးလေးလေးနက်နက် စဉ်းစားနိုင်ကြပါစေလို့ အမေက ဆုတောင်းလိုက်ပါတယ်။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၂၁၊ ၁၉၉၅ မတ်

✂

## ဆင်းရဲသားနဲ့ ပဲပြုတ်

အမေတို့မန္တလေးကို အဝေးက ဧည့်သည်တွေလာရင် 'အညာသားပဲစား' လို့ ကဲ့ရဲ့သူက ကဲ့ရဲ့ ပြောင်လှောင်တာတ်ပေမယ့် မန္တလေးပဲပြုတ်ဟာ တယ်ကောင်းတယ်လို့တော့ ဝယ်ကျွေးတိုင်း ချီးမွမ်းခံရတာတ်တယ်။ ရန်ကုန်ပဲပြုတ်နဲ့ ယှဉ်လိုက်တော့လည်း မန္တလေးပဲပြုတ်က အဲဒီတုန်းက တကယ်ကောင်းတာ အမှန်ပဲ။

ပဲပြုတ်ဆိုတာ စားတော်ပဲကို ပြုတ်ထားတာပါ။ ပဲထဲမှာတော့ အနူးညံ့ဆုံး အချိုဆုံးပဲမို့ ဘုရင့်စားတော်ဝင်တဲ့ပဲမို့ စားတော်ပဲလို့ ခေါ်တာတဲ့။ ဒီပဲကလည်း တခြားပဲတွေထက် ပိုနူးညံ့တာ ပိုချိုတာတော့ အမှန်ပဲ။

မန္တလေးပဲပြုတ်ကောင်းတယ်ဆိုတာက ဒီစားတော်ပဲကို ပြုတ်ရောင်းတဲ့လူက ကျကျနန ပြုတ်လို့လည်း ကောင်းတာပါ။ ကျကျနနဆိုတာကို အမေနည်းနည်း ရှင်းပြဦးမယ်။ ပဲပွဲရုံတွေကို သွားပြီး ပဲသည်တွေက စားတော်ပဲဝယ်ခဲ့ရော၊ အိမ်ရောက်တော့ ဗန်းထဲမှာ ပြာတီးပြီး ပဲရွေးရတယ်။ ရွေးရတာက ပိုးကိုက်တို့ အပိန်အရှုံ့တို့ ရေစိမ်ရင် စုန်းပြူးနေလောက်တဲ့ မအောင်မြင် ပဲစေ့တို့ကို ပထမ ရွေးယူရတယ်။ ရွေးပြီးသားကို စုထားပြီး တော်တော်များတော့ ပဲသည်က ခိုမွေးတဲ့လူကို ခိုစာအဖြစ်နဲ့ ရောင်းစားတယ်။ ပဲသိမ်၊ ပဲဖျင်း၊ ပဲပိုးကိုက်စင်တဲ့အခါ ပဲဆေးလုံးလို့ခေါ်တဲ့ စားတော်ပဲအနက်စေ့ကလေးတွေကို တစ်ခါ သီးခြားရွေးတယ်။ အဲဒါကတော့ ရောင်းမစားဘူး၊ စုထားပြီး များလာတဲ့အခါ အိမ်မှာပဲ သီးခြားပြုတ်ပြီး ပဲဆေးလုံးပြုတ်လို့လည်းရောင်းတယ်။ ဒီပဲက စားတော်ပဲတော့ စားတော်ပဲပါပဲ။ ဒါပေမယ့် သူက အနက်မျိုး၊ သူ့ကို ခုလိုရွေးမယူဘဲ ရောပြီးပြုတ်ရင် သူက အနက်ရောင်ကျွတ်ပြီး စားတော်ပဲ အဖြူတွေကို စွန်းကုန်လို့ စားတော်ပဲပြုတ်ဟာ ညစ်ထေးထေး ဖြစ်လာတယ်။ ရန်ကုန်ပဲပြုတ်က မန္တလေးပဲပြုတ်လို မလှတာက အဲဒီအနက်စေ့ ပဲဆေးလုံးကို ရွေးပယ်မထားဘဲ ရောပြုတ်လို့ ဖြစ်တာ။

ပြီးတော့ မန္တလေးပဲပြုတ်က သိပ်ချိုတယ်လို့ သူများချီးမွမ်းသေးတယ်။ ချိုတာကလည်း ပဲဆိုတာ အညှောက်ပေါက်အောင်ထားပြီး အညှောက်ပေါက်ကို ပြုတ်မှ ချိုတာ။ အညှောက်မပေါက်သေးတဲ့ ပဲကိုပြုတ်ရင် အချိုပေါ့ပါတယ်။ မန္တလေး ပဲပြုတ်သည်က ပဲကို ရေစိမ်၊ သင့်တော်ချိန်မှာ ဆယ်ပြီး အညှောက်ပေါက်အောင်ထား၊ ၁ ရက် – ၂ ရက် လိုအပ်သလိုထားပြီး အညှောက်ရှည်ထွက်လာမှ အိုးတော် အင်တော်မှာ မီးမှျင်းမှျင်းနဲ့ ပြုတ်ကြတယ်။ ပဲနဲ့အိုးနဲ့ ချောင်ပြီး ရေတွေအများကြီး ထည့်ပြုတ်ရင် ပဲတွေက ပွက်ပွက်ဆူနေတဲ့ ရေနွေးထဲမှာ ဆင်းချည်တက်ချည်

လုပ်နေကြလို့ အခွံတွေ ကျွတ်ကုန်ရော။ ပဲပြုတ် မလှတော့ဘူး။ အဲဒီတော့ အမေတို့ သိသလောက်ဆိုရင် ပဲပြုတ်သည်က မြေအိုး နှုတ်ခမ်းငုံ စစ်ကိုင်းက ဖုတ်တဲ့ သောက်ရေအိုးနဲ့ ပဲတော်ရေတော်ထည့်ပြီး လွှစာမီးနဲ့ ပြုတ်ကြတာပါ။

ပဲသည်က အဲဒီပဲပြုတ်ကို မနက်ခင်း အစောကြီး တစ်ချိန်ရောင်းပြီး နေ့ခင်းနေ့လည်မှာ စွန်တာနီပဲ၊ ပဲထောပတ်၊ ပဲဆေးလုံးများကို တစ်အိုးစီပြုတ်ပြီး နေ့ခင်းတစ်ခေါက် ပဲပြုတ်ရောင်း ထွက်ပြန်တယ်။ မနက်ခင်း စားတော်ပဲပြုတ်ရောင်းတော့ "ပဲ" လို့ တစ်ခွန်းတည်း ဟစ်တယ်။ နေ့ခင်းရောင်းတော့ "ပဲသည်" လို့ ပထမ အော်တယ်။ နောက်တော့ "ပဲဆေးလုံးပြုတ်၊ စွန်တာနီပဲပြုတ်၊ ထောပတ်ပဲပြုတ်" လို့ သူ့တောင်းထဲမှာပါတဲ့ အမျိုးကို တစ်ခုစီ အော်ရောင်းပါတယ်။

အမေတို့ ငယ်ငယ် စစ်ကြီးမဖြစ်ခင်က ပဲပြုတ်အစိတ်သားကို ပိုက်ဆံ ၃ ပြား ပေးရတယ်။ ပဲပြုတ်ခေါ်ဝယ်လိုက်ရင် ပဲသည်က အစိတ်သားချိန်ပေးတဲ့အပြင် သူ့ပဲတောင်းနား ကပ်လာသမျှ အိမ်ရှင်ရဲ့ကလေးတွေလက်ထဲ ပဲပြုတ်တစ်ဆုပ်စီ ထည့်ပေးပြီး အလကား ကျွေးသွားသေးတယ်။ ကလေးတွေက သဘောကြီးကျလို့ပေါ့။ ပဲသည်ခေါ်ရင် ပဲတောင်းနားဝိုင်းကပ်နေကျ။

ခုတော့ ပဲက တစ်ပြည်ကို ၁၀၀ ကျပ်ကျော်လို့တဲ့။ ပဲသည်က ပဲပြုတ် အစိတ်သားကို ၃၀ ကျပ် ရောင်းပါတယ်။ ပဲကလည်း အညှောက်ပေါက်အောင် မထားဘဲ ပြုတ်တာမို့ ချိုလည်း ရှေးကလို မချိုတော့ပါဘူး။ ပဲညှောက်ပေါက်ဖို့ဆိုရင် ပဲစိမ်းက ၃–၄ ရက်စာ ဝယ်နိုင်ရမှာကိုး။ အဲဒီတော့ ငွေက ထောင်ချိုရင်းရမှာလားမှ မသိတာ။ ဒီငွေရင်း မတတ်နိုင်တော့ ပဲသည်က အညှောက်ပေါက်အောင် မထားနိုင်တော့ ဒီအတိုင်း ပြုတ်တာပေါ့။

အမေတို့ဆီမှာ အရင်ကတော့ လှူဆင်းရဲ အလုပ်သမားအိမ်ထောင်စုက မနက် ဖအေအလုပ်မသွားခင် စားသွားရအောင် ကလေးတွေ အဆာပြေစားနိုင်ရအောင် ညကတည်းက ထမင်းကြမ်းကျန်အောင် အမေက ဆန်ပိုချက်ထားတယ်။ မနက်တိုင်တော့ ထမင်းကြမ်းနဲ့ ပဲပြုတ်အစိတ်သား သုံးပြားဖိုး ဝယ်ပြီး ဆီဆမ်း လက်ဖက်ရည်ကြမ်းနဲ့ ဖအေကို ကျွေးလိုက်တယ်။ ဒါကို စားပြီး အလုပ်သမားက အလုပ်ခွင် ဝင်တာပဲ။

ခုတော့ ပဲပြုတ်က ဈေးကြီး၊ အိမ်ရှင်မက ထမင်းကြမ်း ကျန်အောင် မချက်နိုင်၊ လက်ဖက်ရည်တစ်ခွက် သောက်လို့ကလည်း ငွေသာ ၁၅ ကျပ် ကုန်မယ်၊ ဗိုက်က မပြည့်၊ ဒါကြောင့် ငွေ ၁၀ ကျပ်နဲ့ ထမင်းဆီဆမ်းပြီး အကြော် ၂ ခု ထည့်ပေးတဲ့ ထမင်းပွဲ ဝယ်စားပြီး အလုပ်ခွင်ဝင်ရသတဲ့။

အမေကသာ မလွယ်ဘူးပြောနေတာပါ အမေရယ်၊ တချို့လူတွေကျတော့ ဘယ်လိုသုံး ဘယ်လိုစား ဘယ်လိုဝတ်နေကြတာပါလို့ အမေ့ကို ပြန်ပြောချင်သူတွေလည်း ရှိမှာပါပဲ။

အဲဒါမျိုးတွေ အမေလည်း ကြားပါတယ်။ တစ်နေ့က အမေ့မိတ်ဆွေများ အရောင်းအဝယ်တစ်ခုလုပ်တာ အမြတ်ရလို့တဲ့၊ ဈေးချိုတိုက်သစ်ကြီးပေါ်က 'ဂရင်း' စားသောက်ဆိုင်ကြီးမှာ လူ ၄ ယောက်ထမင်းသွားစားကြတာ၊ ငွေ ၅၀၀၀ ကျပ်

ပေးခဲ့ရသတဲ့။ ဒါတောင် အရက်သောက်ကြတာ မဟုတ်ဘူး။ ဘီယာပဲ တစ်ယောက်က သောက်တာတဲ့။ ဟင်းတစ်ပွဲ ၄-၅၀၀ ကျပ် ပေးဝယ်စားရတာနေမှာပေါ့။

အဲဒီလို သုံးသံ ဖြုန်းသံ စားသံတွေကို ကြားကြရတော့ လူငယ်တွေက ငွေရှာချင်လာတယ်။ ငွေရှာချင်တာက ကောင်းပါတယ်၊ ဒါပေမယ့် ဘယ်ပုံစံနဲ့ ရှာရ ရှာရ ငွေရရင်ပြီးရော သူများသုံးသလို သုံးချင်တယ်။ သူများ ဖြုန်းသလို ဖြုန်းချင်တယ် ဆိုတဲ့ စိတ်တွေနဲ့ရှာရင်တော့ မကောင်းဘူး။ ဒီစိတ်တွေက လူငယ်လူရွယ်တွေထဲ အများကြီး ဝင်ရောက်လွှမ်းမိုးနေရင် တိုင်းပြည်တိုးတက် ကြီးပွားမယ့်လမ်းစ မဟုတ်ဘူးလို့ အမေကတော့ မြင်တယ်။

ဒါကြောင့် လူလွှနံမသားတွေက ဟော့ဟော့ရမ်းရမ်း သုံးဖြုန်းပြနေတာတွေကိုလည်း အမေက ရင်လေးတယ်။ လူငယ်တွေကို မတော်တာ မတော်ဘူးပြောမယ့်လူမရှိဘဲ မြှောက်ပေးနေမယ့် လူတွေ ဝန်းရံနေမှာကိုလည်း အမေက စိုးရိမ်တယ်။ အမေတို့က ဗုဒ္ဓဘာသာတွေ ဘုရားရဲ့အဆုံးအမကို လိုက်နာကျင့်သုံးကြတာ။ မှန်မှန်ကန်ကန် လုပ်ဆောင်တာ၊ တရားသဖြင့် ငွေရှာတာ၊ ဓမ္မိယလဒ္ဓ စင်ကြယ်စွာ ရရှိတာကိုမှ မျှမျှတတ ထိုက်သင့်သလို သုံးတာမျိုး တန်ဖိုးထားကြရမှာပေါ့။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၁၆၊ ၁၉၉၄ အောက်တိုဘာ

"

… လူ့ယဉ်ကျေးမှုဟာ လူ့အကျိုး
စီးပွားအတွက် လူ့အဆောက်အအုံမှာ
သစ်ပင်ကြီးများလို တစ်နေ့တခြား
ကြီးထွားလာစေရပါတယ်။ ဆုတ်
ယုတ်တယ်၊ ပျက်စီးတယ်ဆိုတာဟာ
ကောင်းတဲ့လက္ခဏာ မဟုတ်ပါဘူး။
ကြီးမားတဲ့ အန္တရာယ်ပါ။
ခုခေတ် ငယ်ရွယ်သူတွေ
ဒါကို ကြပ်ကြပ်စဉ်းစားကြပါ။ ……

## သားတို့သမီးတို့ သိစေချင်တယ်

အမေတို့နိုင်ငံက နိုင်ငံတကာက ဧည့်သည်တွေကို တံခါးဖွင့်ပြီး ဖိတ်ခေါ်နေပြီ အမေတို့နိုင်ငံထဲကို အရပ်တကာက ဧည့်မျိုးစုံ လာကြ လည်ကြ ပတ်ကြတော့မယ်။ သူတို့က သူတို့မရောက်ဘူးတဲ့နိုင်ငံက မမြင်ဘူးတာတွေကို ကြည့်ကြမှာဖြစ်သလို အမေတို့နိုင်ငံကလည်း လူမျိုးစုံနဲ့ တွေ့ရကြုံဆုံရတော့မယ်။

အဲဒီလိုအချိန်မှာ အမေ့သားကလေး၊ သမီးကလေးတွေကို အမေက သိနှင့်တာကလေးတွေ တချို့ ပြောပြထားနှင့်ချင်တယ်။ ဘာလို့လဲ သိလား။ အမေတို့ လူငယ်ကလေးတွေက ဒေါ်လာတွေ ဖောဖောသီသီ သုံးစွဲနိုင်နေတယ်ဆိုတဲ့လူတွေကို ကိုယ်က ဆင်းရဲချို့တဲ့နေလေတော့ စိတ်ဝင်စားပြီး တောင်တောင်အီအီ စဉ်းစားမိ၊ စိတ်ကူးမိကြမှာ စိုးလို့ပါ။ တစ်ယောက်နဲ့တစ်ယောက် ဆင်းရဲချမ်းသာ ကွာဟမှုကတော့ ရှိမှာပေါ့။ ရှိတာပေါ့ကွယ်။ ဒါပေမယ့် လောကမှာ အဲဒီ ဆင်းရဲချမ်းသာက အရာရာကို ပြီးပြည့်စုံစေတာ မဟုတ်ဘူး။ တစ်ဦးနဲ့တစ်ဦး ဆက်ဆံကြရပြီဆိုတဲ့အခါ ငယ်ရွယ်သူတွေ အစစ ထည့်ပြီး မစဉ်းစားမိတဲ့အကြောင်းအရာ မြောက်မြားစွာတွေနဲ့ ရင်ဆိုင်ကြရ လိမ့်မယ်။

အမေသိတာလေးတချို့ ပြောပြမယ်နော်။ တို့လူ့အဆောက်အအုံနဲ့ သူများ လူ့အဆောက်အအုံက တူတာ မဟုတ်ဘူး။ ဥပမာဆိုပါတော့ ဟိုတုန်းက အမေရိကားကို ပညာတော်သင်ရလို့ အမေတို့လူငယ်ကျောင်းသားတချို့ ပညာသင် သွားခဲ့ကြတယ်။ အမေရိကားဆိုတာ ထိတ်ထိတ်ကြဲ စက်မှုနိုင်ငံကြီး မဟုတ်လား။ အမေတို့ဆီမှာလို လက်နဲ့ထွန်ယက်စိုက်ပျိုးပြီး စားနေရသေးတဲ့နိုင်ငံမျိုးတွေနဲ့ အကွာကြီး ကွာတာပေါ့။ နို့ပေမယ့် ကွာတယ်ဆိုတာဟာ ပစ္စည်းပစ္စယ လူ့အဆင့်အတန်း ကွာတာကိုချည်း မမြင်ရဘူး။ ယဉ်ကျေးမှု လူ့အဆောက်အအုံချင်း အမေတို့နဲ့ ကွာခြားခြင်းမက ကွာခြားနေတာကိုလည်း မြင်အောင် ကြည့်ရတယ်။ သူတို့ဆီမှာ စက်မှုထွန်းကားလာလို့ လူ့ဘဝတွေ လူ့ဖွဲ့စည်းမှုအဆောက်အအုံတွေ၊ လူ့အတွေးအခေါ်တွေပါ ပြောင်းလဲနေတာဖြစ်လေတော့ ဟိုအရင်က သူတို့ယဉ်ကျေးမှု တည်ဆောက်ခဲ့တဲ့ လူ့ပုံစံ၊ လူ့အဆောက်အအုံဟာ ပြိုလဲသွားပြီး မပြန်လမ်းကို မြန်းရှာပြီပေါ့။ ဒါကို လူကြီးတွေက သိတယ်။ နှမြောတယ်။ နို့ပေမယ့် ဘာမှ မတတ်နိုင်တော့ဘူး။

ကနေ့ သူတို့ဆီက လူငယ်မိန်းကလေးတွေရဲ့ အနေအထားက လူငယ်ချင်း တွေ့ကြ၊ ကြိုက်ကြ၊ နှစ်သက်ကြပြီမို့ အိမ်ထောင်ဘက်ပြုကြတော့မယ်လို့ စိတ်ကူးတယ်

ဆိုရင် တက္ကသိုလ်က ကျောင်းသူကျောင်းသားတွေ ဖြစ်ကြတယ်ဆိုပါတော့၊ 'တက္ကသိုလ်ကောင်ဆယ်လာ' လို့ ခေါ်တဲ့ အတိုင်ပင်ခံ လူကြီးဆီကို နှစ်ယောက်သား သွားကြတယ်။

အဲဒီတော့ အတိုင်ပင်ခံပုဂ္ဂိုလ်က ပထမဆုံး ဘာမေးသလဲဆို "မင်းတို့နှစ်ယောက် ကိုးကွယ်မှု အယူဝါဒက ဘယ်လိုလဲ" တဲ့။ ခရစ်ယာန်တော့ ခရစ်ယာန်တွေချည်းပဲ ဖြစ်စေဦးတော့ ပရိုတက်စတင့်နဲ့ ကက်သလစ်နဲ့ဆိုရင် ပေါင်းသင်းဆက်ဆံဖို့က မလွယ်ဘူး။ တို့ဆီမှာ ဗုဒ္ဓဘာသာနဲ့ မွတ်စလင်လိုပဲ ခြားနားတာကိုး။

ပြီးတော့ "မင်းက ဘာပညာသင်ခဲ့တာတုန်း၊ မင်းက ဘာပညာသင်ခဲ့တာတုန်း"၊ "မင်းတို့နှစ်ယောက် ကျောင်းကထွက်တော့ ဘာလုပ်စားကြမှာတုန်း"။ "မင်းတို့အိမ်ထောင်တစ်ခု တည်ဆောက်တော့မယ်ဆိုရင် နှစ်ယောက်စလုံးရဲ့ ကျန်းမာရေးကို ဆရာဝန်နဲ့အရင် စစ်ဆေးကြပါ။" ပြီးရင် "ဘယ်မှာနေကြမှာလဲ" လို့ မေးပါတယ်။ သူတို့ဆီမှာ မိဘက ကိုယ့်သားသမီး (၁၈) နှစ် ဘယ်တော့ရောက်မှာလဲလို့ စောင့်နေတာ။ အိမ်ထောင်ပြုလာတဲ့ သားသမီးကို ဘယ်မိဘကမှ လက်ခံရိုးထုံးစံ မရှိဘူး။ အမေတို့ဆီမှာလို မိန်းကလေးဘက် လိုက်ခဲ့မှာလား။ ယောကျ်ားဘက် လိုက်သွားရမှာလား ဆိုတာမျိုး လုံးဝ မရှိဘူး။

အတိုင်ပင်ခံက "ပထမဆုံးရမယ့် မင်းတို့နှစ်ယောက်ဝင်ငွေက ဘယ်လောက်ရှိမှာလဲ" လို့လည်း မေးတယ်။ ဘာပြုလို့လဲဆိုတော့ သူတို့ဆီမှာ လူကိုလည်း အင်ရှုးဝါးရင့်ခေါ်တဲ့ အာမခံမထားလို့ မရဘူး။ စီးမယ့်မော်တော်ကားကိုလည်း အာမခံ မထားလို့ မရဘူး။ ကားမောင်းတဲ့လူ၊ စီးတဲ့လူမှာ အားလုံး အာမခံရှိရတယ်။

ပြီးတော့ "သားသမီးယူမှာလား။ ယူရင် ဒီသားသမီးမွေးလာတော့ တက္ကသိုလ်ပို့ချင်ရင် တစ်လ မင်းတို့ဝင်ငွေရဲ့ ရာခိုင်နှုန်း ဘယ်လောက်စုနိုင်မှ ဖြစ်မယ်" လို့လည်း အတိုင်ပင်ခံက တွက်ပေးပါတယ်။

တက္ကသိုလ်အတိုင်ပင်ခံပုဂ္ဂိုလ်က ဒီကိစ္စမျိုးအတွက်ပဲ အကြံဉာဏ် ပေးလွှတ်ပါတယ်။ ကျန်တာဘာမှ သူ့ဆီက မရနိုင်ပါဘူး။

သူတို့ဆီမှာ အရွယ်ရောက်တော့မယ့် မိန်းကလေးက ထိုက်သင့်တဲ့ ယောကျ်ားတစ်ယောက်နဲ့တွေ့ဖို့အတွက် မိန်းကလေးက ရိုင်းရိုင်းပဲ ပြောကြစို့ဆိုရင် နားနဲ့မနာဖဝါးနဲ့နာကြပါ။ နန့်ကို နန့်ရတယ်။ သူတို့လူနေမှုက ကိုယ့်ခြေကိုယ့်လက်နဲ့ ဘဝသံသရာကို ကူးရတာလေ။ အဲဒီတော့ အိမ်ထောင်ဘက်ကို တွေ့နိုင်ဖို့ ကြိုးစားရတာကိုး။

အမေတို့ဆီမှာလို မိဘမောင်ဖွား၊ ဦးကြီး၊ ဦးရီး၊ အရီး၊ အဒေါ်၊ အစ်မသားချင်းတွေက ဝိုင်းဝန်းဖေးမကာ နှုတ်၏စောင်မခြင်း၊ လက်၏စောင်မခြင်းမျိုး ပြုကြတာ၊ အမြင်မတော် အကြားမတော်လို့ဖြစ်စေ၊ သံယောဇဉ်ကြောင့်ဖြစ်စေ၊ မေတ္တာစေတနာ ကရုဏာကြောင့်ဖြစ်စေ တတ်နိုင်သလောက် ကူညီတယ်ဆိုတာမျိုး လုံးဝ မရှိပါဘူး။ သူ တို့မှာ လူနဲ့လူချင်း တစ်ယောက်ကိုတစ်ယောက် အားကိုးရမယ့် လူ့ပတ်ဝန်းကျင်က ပျောက်သွားပါပြီ။ သူတို့ အိမ်ထောင်ပြုကြတာက Social

Contract လည်း ဖြစ်တယ်။ Part of Emotional Binding လည်း ဖြစ်တယ်။ ဒါပဲ ဒီပြင် မပိုပါဘူး။

ကိုယ်ရှာလို့ရတဲ့ ပိုက်ဆံကို ဘဏ်မှာ ကိုယ့်စာရင်းနဲ့ကိုယ် ဖွင့်ထားကြတယ်။ ပြီးတော့ အိမ်ထောင်အတွက် ကုန်ကျစရိတ်ထဲကို "ငါကဘယ်လောက်ထည့်ဝင်မယ်၊ မင်းကဘယ်လောက်ထည့်ဝင်" ဆိုတာမျိုး လုပ်ကြတယ်။ အမေတို့ဆီမှာလို ယောက်ျားက ရှာဖွေရသမျှ မိန်းမကို ပုံအပ်တယ်ဆိုတာမျိုး လုံးဝ မရှိပါဘူး။ ကိုယ့်ဘဝလုံခြုံရေးအတွက် ကိုယ့်ဖာသာငွေစုထားကြရပါတယ်။

သူတို့ဆီမှာ ဟိုတလောဆီက အလွန်ခေတ်စားနေတယ်ဆိုတဲ့ ယောက်ျားနဲ့ မိန်းမ လင်ရယ်မယားရယ်လို့ တရားဝင် ဘာမှ မကြေညာဘဲ အတူနေကြတဲ့ Living together ဆိုတာဟာ တကယ်တော့ အိမ်ထောင်ပြုကြသူတိုင်း တာဝန်ယူရတဲ့ Social Contract အိမ်ထောင့်တာဝန်တွေကို မယူချင်ကြလို့ လုပ်နေကြတဲ့ ကိစ္စပါ။

ဒီ 'အတူနေတဲ့ မကြေညာ လင်မယားပြုလုပ်ခြင်း' ကို နှစ်အတော်ကြာ နေကြည့်ခဲ့ကြပြီးနောက် ခုတော့ အဲဒါကို မကြိုက်ကြပြန်လို့ ပုံမှန်ပြန်ပြီး လက်ထပ်ပေါင်းသင်းနေကြပြန်ပြီ။ Living together ဟာ ခေတ်မစားတော့ဘူးလို့ ကြားရပြန်တယ်။

ဒါပေမယ့် အမေတို့ဆီမှာတော့ နားစွန်နားဖျားနဲ့ ဟုတ်နိုးနိုး၊ ကောင်းနိုးနိုး လုပ်ပြီး ဒါကိုပဲ အမွှမ်းတင်ရေးတဲ့လူက ရေးနေလေရဲ့။ ဒါကြောင့် အမေတို့လူငယ်တွေ သိပ်သတိထားစေချင်ပါတယ်။

လူ့ယဉ်ကျေးမှုဟာ လူ့အကျိုးစီးပွားအတွက် လူ့အဆောက်အအုံမှာ သစ်ပင်ကြီးများလို တစ်နေ့တခြား ကြီးထွားလာစေရပါတယ်။ ဆုတ်ယုတ်တယ်၊ ပျက်စီးတယ်ဆိုတာဟာ ကောင်းတဲ့လက္ခဏာ မဟုတ်ပါဘူး။ ကြီးမားတဲ့ အန္တရာယ်ပါ။

ခုခေတ် ငယ်ရွယ်သူတွေ ဒါကို ကြပ်ကြပ်စဉ်းစားကြပါ။ တို့မှာ တို့ယုံကြည်တဲ့ ဘာသာတရားနဲ့ပါ၊ ဆက်စပ်နီးနွယ်ပြီး လူ့သက်တမ်းအဆက်ဆက် ကောင်းနိုးရာရာ တည်ဆောက်လာခဲ့တဲ့ နှစ်ထောင်ချီသက်တမ်းရှိတဲ့ လူ့ယဉ်ကျေးမှု ကို လွယ်လွယ်နဲ့ ပျက်မသွားစေချင်ဘူး။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၃၅၊ ၁၉၉၆ မေ

“

... ခုခေတ်လူငယ်တွေ ဘာသာခြား
စကားများကိုလည်း တစ်ခုမက စွမ်း
ဆောင်နိုင် သလောက် တတ်အောင်
သင်ကြ၊ သင်နိုင်ရင် ကောင်းတယ်။
ကိုယ့်စကားကိုလည်း ပြောတတ်
အောင် ပြောကြ။ ကိုယ့်စကားမှ
စုံလင်အောင် မသိဘဲ မတတ်ဘဲနဲ့
[illegible]
ရင် အဓိပ္ပာယ် မရှိလှဘူး။ ....

## စကားပီ နားကြား ရှိတယ်မဟုတ်လား

တစ်နေ့က ဆရာတော်ကြီးတစ်ပါးကို အိမ်မှာဆွမ်းကပ်နေတုန်း ဧည့်သည် လာတယ်ဆိုလို့ ထွက်တွေ့တော့ ဧည့်သည်က ရန်ကုန်က အမေတို့မိတ်ဆွေများရဲ့ မြေးကလေး မောင်နှမဖြစ်နေတယ်။ ဒါနဲ့ အမေက ဘယ်တုန်းကလာကြသလဲ၊ ဘယ်မှာတည်းသလဲမေးရင်း "အဘွား ဆရာတော်ကြီး ...ကို ဆွမ်းကပ်နေတယ်၊ ကြုံတုန်း ဆရာတော်ကို ဖူးသွားကြ၊ ဝင်ကန်တော့ကြ" လို့ ခေါ်တော့ မိန်းကလေးက "တော်ပြီအဘွား" တဲ့။ "ဟဲ့၊ ဘာလို့တုန်း" လို့ တအံ့တဩ ပြန်မေးမိတော့ "ဘုန်းကြီးနဲ့ စကားမပြောတတ်လို့" တဲ့ ရယ်လို့။

ဒီစကားကို ဒီကလေးမက ရုက်ကိုးရုက်ကန်း ပြောတာလည်း မဟုတ်ပါဘူး၊ ရိုးရိုးအေးအေးပဲ ထမင်းစားရေသောက်လို ပြန်ပြောလိုက်တာပါ။ ကြားရတဲ့ အမေ့အဖို့သာ "ဩော် ကလေးတွေ ဒီလိုဖြစ်နေပြီကိုး" လို့ အောက်မေ့ပြီး စိတ်မကောင်းမိတာပါ။ ဒီကလေးမက ဒီလိုပြောတော့ သူ့အစ်ကိုလုပ်သူက ရယ်နေပါတယ်။

အမေလည်း ဆရာတော်ကြီး ဆွမ်းကပ်ရင်း တန်းလန်းမို့ သမီးများနဲ့ စကားပြောနေကြဦး ဆိုပြီး ဆရာတော်ကြီးဆီ ပြန်ဝင်လာခဲ့တယ်။

ဆရာတော်ကြီး ပြန်ကြွသွားတော့မှ သူတို့မောင်နှမကို ခေါ်တွေ့တော့ အကြောင်းကိစ္စ ထူးထူးထွေထွေ မရှိပါဘူး။ မန္တလေးရောက်ရင် အမေ့ကို ဝင်ဖြစ်အောင် ဝင်ကန်တော့ခဲ့၊ တွေ့ခဲ့။ မာကြောင်း သာကြောင်းမေးခဲ့၊ မဝင်ဘဲ မနေနဲ့လို့ သူတို့ အဘိုးအဘွားများက မှာလိုက်လို့ ဝင်လာတာတဲ့။ ဝယ်လာတဲ့ ကိတ်မုန့်တွေ၊ အဘွားစားဖို့ ယူလာရင်း ဝင်တွေ့ကြတာတဲ့လေ။

သူတို့မိဘ၊ သူတို့အဘိုးအဘွားက အမေနဲ့ ဦးလှတို့နဲ့ ခင်မင်ရင်းနှီးကြပါ တယ်။ ဒါကြောင့် မန္တလေးရောက်တဲ့အခါ အမေ့ကျန်းမာရေး သိရအောင် ဝင်တွေ့ကြဖို့ ဆက်ဆက် မှာလိုက်လို့တဲ့။

ဘုန်းကြီးနဲ့ စကားမပြောတတ်လို့ဆိုတဲ့ ကလေးမက ဒေါက်ဖိနပ်အမြင့် ကလေးနဲ့။ ခုပေါ်နေတယ်ဆိုတဲ့ ပြန့်ထဘီကလေးနဲ့။ လက်ဝတ်လက်စားတွေကလည်း အမျိုးမျိုး ဝတ်စားထားရဲ့။ သူ့နမက ဘုန်းကြီးနဲ့စကားမပြောတတ်ဘူးဆိုတာကို ရယ်နေတဲ့အစ်ကိုကလည်း ရွှေချိန်းကြိုး အပြားကြီးနဲ့။ ဆယ်လူလာဖုန်းကို လက် တစ်ဘက်က ကိုင်လို့။ ဘောင်းဘီနဲ့၊ ရှူးနဲ့။ အဝတ်အစားတွေက ခေတ်စကားနဲ့ ပြောရရင် အပျံစားတွေပါပဲ။

သူတို့မိဘများက ဒီခေတ်မှာ ရှာလို့ ဖွေလို့ နေရာကျနေ စီးပွားဖြစ်နေကြတယ်။ သားနဲ့သမီး လျှောက်လည်ချင်တယ်ဆိုလို့ ကားအကောင်းစားကြီးတစ်စီး ဒရိုင်ဘာ တစ်ယောက် ထည့်လိုက်ပြီး ခရီးထွက်လာကြတာတဲ့။

ဒီမောင်နှမနှစ်ယောက် ပြည့်ပြည့်စုံစုံနဲ့ ပျော်ပျော်ရွှင်ရွှင် လျှောက်လည်နိုင်တာကို အမေက မုဒိတာဖြစ်ပြီး မိတ်ဆွေများ အဆင်ပြေနေကြတာကိုလည်း ဝမ်းသာရတယ်။ ဒါပေမယ့် ဘုန်းကြီးနဲ့ စကားမပြောတတ်လို့ဆိုတဲ့ ကလေးမလေးအဖြစ်ကိုတော့ ရင်ထဲစလုံးစခု ဖြစ်ပြီး ကျန်ရစ်ပါတယ်။ သူ့မိဘသူ့အဘိုးအဘွားတို့ဟာ ဗုဒ္ဓဘာသာတွေပါ။ ဘုရားနဲ့ တရားနဲ့ သံဃာကိုလည်း ကိုးကွယ်နေကြသူတွေပါ။ နို့ပေမယ့် အသက် ၂၀ လောက်ရှိနေပြီဖြစ်တဲ့ ဒီကလေးမနဲ့ သူ့အစ်ကိုများခေတ်မှာ ဘုန်းကြီးနဲ့ စကားမပြောတတ်ဘူးလို့ ပြောရအောင် ရဟန်းသံဃာနဲ့ သူတို့တစ်တွေမှာ အတော်ကြီး အလှမ်းဝေးနေကြပြီလားလို့ အမေက စိတ်မကောင်းဖြစ်မိတယ်။

အမေတို့နိုင်ငံဟာ ဗုဒ္ဓဘာသာမြန်မာတွေ အများစုနေတဲ့နိုင်ငံ၊ ဒါပေမယ့် ဘာသာကွဲတဲ့ မြန်မာမွတ်စလင်တွေ၊ မြန်မာခရစ်ယန်တွေလည်း မြန်မာတွေနဲ့ ရောရောနှောနှော ရှိနေကြပြီး ဗုဒ္ဓဘာသာဘုန်းကြီး ရဟန်းတွေနဲ့လည်း ဒီဘာသာကွဲတွေက စကားပြောတတ် ဆိုတတ် ရှိကြပါတယ်။ ဈေးချိုတော်ထဲက မြန်မာမွတ်စလင် ဈေးသည် တွေများဆိုရင် ဘုန်းကြီးရဟန်းနဲ့ စကားပြောတတ်ရုံသာမက မြန်မာစကား တတ်လွန်း အားကြီးလို့ မြန်မာတွေက လက်ဖျားခါရသူတွေ အများကြီးပါ။ တကယ်ကတော့ ဒါဟာ လူမှုရေးပဲ။ လိမ္မာရမှာ ကျွမ်းကျင်ရမှာပေါ့။ အခုတော့ တချို့အမေတို့ရဲ့ မြေးအရွယ် မြို့နေလူတန်းစား ကလေးတွေဟာ ဘုန်းကြီးရဟန်းအတွက်ဆိုရင် ထမင်း မခေါ်ရဘူး၊ ဆွမ်းခေါ်ရတယ်ဆိုတာလောက်တောင် မသိကြတော့ဘူးဖြစ်နေကြတယ်။ ဗုဒ္ဓဘာသာမိကောင်းဖခင်ရဲ့ သားသမီးမှန်ရင် ရဟန်းသံဃာနဲ့လည်း စကားပြောတတ် ဆိုတတ်ရမှာပေါ့။ အမေတို့လူမျိုးရဲ့ ကြွယ်ဝတဲ့ ဝေါဟာရယဉ်ကျေးမှု အဆင့်အတန်း မြင့်တဲ့ ကိုယ့်ဘာသာစကားကို ဂုဏ်ယူပြီး လူမှုရေးမှာ တတ်သိကျွမ်းဝင်ရမှာပေါ့။

စကားဆိုတာ လူနဲ့လူချင်းဆက်ဆံရာမှာ မရှိမဖြစ် သုံးရတဲ့ဟာပါ။ အဲဒီလိုရှိရာမှာ စကားလုံးဆင်းရဲတာ ကောင်းသလား၊ အဆင့်အတန်းမြင့်သလား၊ စကားလုံးကြွယ်ဝတာက ကောင်းသလား၊ မြင့်သလားဆိုတာ မေးစရာတောင် မလိုတဲ့ကိစ္စမဟုတ်လား။

အမေလွယ်လွယ်ကလေး တစ်ခုကို ထောက်ပြမယ်။ အမေတို့ စကားဟာ တစ်ဦးနဲ့တစ်ဦး ဆက်ဆံကြရင် လုနဲ့ဝ၊ ယူနဲ့အိုင်ဆိုတဲ့ နှစ်လုံးတည်းရှိတဲ့ ဝေါဟာရမျိုး မဟုတ်ဘူး။

| | |
|---|---|
| ၁။ အရှင်ဘုရား | တပည့်တော် |
| ၂။ ရှင် | ကျွန်မ |
| ၃။ ခင်ဗျား | ကျွန်တော် |
| ၄။ တော် | ကျုပ် |
| ၅။ မွမ် | အကျွန် |
| ၆။ မင်း | ငါ |
| ၇။ နင် | ငါ |
| ၈။ ညည်း | ငါ |

စသဖြင့် တော်ရာ လျော်ရာသုံးရတဲ့စကားတွေ အမျိုးမျိုး ရှိတယ်။ ဒါဟာ ဝေါဟာရ ကြွယ်ဝလို့ ဒီလိုရှိတာ။ ကိုယ့်စကားကို ရေလည်အောင် မပြောဆိုတတ်ဘူးဆိုတာ စတိုင်လုပ်စရာ မဟုတ်ဘူး။ ကိုယ်ညံ့လွန်းရာကျတယ်။ ငယ်ရွယ်သူတွေက ဂုဏ်ရှိတယ် ထင်ပြီးလည်း တို့ဘာသာစကားပေမယ့် တို့ကောင်းကောင်းမပြောတတ်ပါဘူး ဆိုတာ မျိုးနဲ့ စတိုင်လုပ်ပြီး မပြောရဘူး။ အဲဒါ စတိုင်ကျတာ မဟုတ်ဘူး။ ရှက်စရာကောင်းတာ။

သားတို့သမီးတို့ကိုအမေက မွေးလိုက်တော့ သားတို့သမီးတို့ဟာ စကားပြီ နားကြားရှိတဲ့ ကလေးလေးအဖြစ်နဲ့ မွေးလိုက်တာ မဟုတ်လား။ ဒါဆိုရင် လူ့အဖြစ်နဲ့ ပြည့်ပြည့်စုံစုံ၊ လုံလုံလောက်လောက် မိဘကမွေးပေးလိုက်ပြီပဲ။ သားတို့သမီးတို့က လူပြီသအောင် ကြိုးစားဖို့ပဲ ရှိတော့တယ်။ သားတို့သမီးတို့ တို့လူမျိုး တစ်မျိုးသားလုံး ပြောဆိုသုံးစွဲနေကြတဲ့စကားကို သားတို့သမီးတို့ ပြောတတ်ရမှာပေါ့။ ခုခေတ်မှာ ကိုယ့်ဘာသာစကားအပြင် အခြားလူမျိုးတွေရဲ့ ဘာသာစကားတွေကိုတောင် တစ်မျိုးမက နှစ်မျိုးသုံးမျိုး တတ်အောင် သင်နေကြရတဲ့ ခေတ်မဟုတ်လား။

ပြီးတော့ အမေတို့ လူ့အဆောက်အအုံက ဂုဏဝုဍ္ဎိ ဝယဝုဍ္ဎိ ရှိတဲ့ လူ့ ဂုဏ်သိက္ခာ ကြီးရင့်ပြီး အသက်ကြီးရင့်သူများကို တလေးတစား ရိုရိုသေသေ ပြောရတာ ရှိတယ်။ ကိုယ်နဲ့တန်းတူကို ပြောရတာ ရှိတယ်။ ကိုယ့်အောက်ငယ်ရွယ် နိမ့်ကျလို့ နိမ့်ချပြောဆိုရတာရှိတယ်။ ဘုန်းကြီးရဟန်းကို တစ်မျိုးတစ်ဖုံ သုံးနှုန်း ပြောဆိုရတာ ရှိပါတယ်။ ဒါတွေဟာ နှုတ်မှုရေးရာလို့ ခေါ်ပါတယ်။ စကားကို နေသားတကျပြောတဲ့ အဆင့်မြင့်မြင့် လူ့အတတ်လေ။

ခုခေတ်လူငယ်တွေ ဘာသာခြားစကားများကိုလည်း တစ်ခုမက စွမ်းဆောင်နိုင်သလောက် တတ်အောင်သင်ကြ၊ သင်နိုင်ရင် ကောင်းတယ်။ ကိုယ့်စကားကိုလည်း ပြောတတ်အောင် ပြောကြ။ ကိုယ့်စကားမှ စုံလင်အောင် မသိဘဲ မတတ်ဘဲနဲ့တော့ ဘာသာခြားစကားကို သင်နေရင် အဓိပ္ပာယ် မရှိလှဘူး။

အမေတို့ အမေက သူ့သားသမီးတွေ နေသားတကျပြောဆိုတာမျိုး မလုပ်တတ်ဘူးဆိုရင် "ဟဲ့၊ ငါမွေးထားတာ စကားပီ နားကြားပဲ။ နင် ဒါလောက် ဖျင်းရသလား" လို့ စိတ်မရှည်နိုင်တော့ အပြစ်တင်ပါတယ်။

နားကလည်း အကောင်း၊ ဘာသံကိုမဆို အမှန်အတိုင်း ကြားတယ်။ လျှာတို့၊ လည်ချောင်းတို့၊ လျှာခင်တို့ကလည်း အကောင်းမို့ ကြားတဲ့အသံကို ပီအောင် ကိုယ်က ပြန်ထွက်နိုင်တယ်။ ဒါဆိုရင် ပြောတတ် ဆိုတတ် ရှိရပြီပေါ့။ ကိုယ့်မှာ အင်္ဂါစုံပါရဲ့နဲ့ သူများနည်းတူ ပြောတတ် ဆိုတတ် မရှိဘူးဆိုတာမျိုးတော့ မဖြစ် စကောင်းဘူး။

ဒါကြောင့် သားတို့သမီးတို့ "ဘုန်းကြီးနဲ့ စကားမပြောတတ်ပါဘူး" ဆိုတာမျိုး မဖြစ်ကြစေနဲ့နော်။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၃၉၊ ၁၉၉၆ စက်တင်ဘာ

“
… အဘိုးကြီးကတော့ ငါ့လောက်
ရောဂါမများဘူး။ သူနဲ့ငါ သေရင်
ငါက အရင်ဖြစ်မှာ။ သိန်း ၁၅၀၀
ရရင် သူက မိန်းမငယ်ငယ်ကလေး
များ ယူချင်သေးသလားမှ မသိတာ။
ခုခေတ်က ကျောင်းဒကာ ဦးစံထွန်း
လိုဟာကတောင် စမောလေးနဲ့တဲ့။
သူတို့ ယောကျ်ားတွေဟာ ဒါမျိုး
ကျတော့ အိုတယ်မရှိဘူး။ ……

## မြေဈေး တိုက်ဈေး ကောင်းလွန်းလို့

ဒီမဂ္ဂဇင်းမှာ အမေ့ရှေးစကားဆိုပြီး လတိုင်း ရေးနေတာ တော်တော်လေး ကြာလာတော့ အီလာလို့ ဒီအပတ်တော့ 'အမေ့ခေတ်စကား' ဆိုပြီး ဒီကနေ့ ဖြစ်ပျက်နေတာလေးတွေထဲက တစ်ခုကို ရေးချင်သေးတယ်။

အမေတို့ မန္တလေးမှာ မြေဈေးအိမ်ဈေးတွေ သိပ်ကောင်းလာတယ်။ လူမျိုးကွဲတွေကို ရောင်းကြရင် သိပ်ပိုက်ဆံတွေရတယ်ဆိုတာ ကြားနေကြမှာပေါ့။

မန္တလေးမှာ ၁၉၈၄ ခုနှစ်က မီးကြီးလောင်ပြီးတော့ မီးလောင်ပြင်မှာ အိမ်ရှင်က အဆောက်အအုံ ပြန်မဆောက်နိုင်ခင်မှာ မြေတွေ ရောင်းတယ် ဝယ်တယ်ဆိုတဲ့ အသံတွေ စကြားလာရတာပဲ။ ဘာလိုလိုနဲ့ ခု ဆို ၁၀ နှစ်တောင် ကျော်ပါပကော။

အဲဒီလို အရောင်းအဝယ်တွေ ဖြစ်စက ရောင်းကြတဲ့ မြေဈေးက သိန်းတော့ သိန်းဂဏန်းပဲ။ ဒါပေမယ့် ခု ဂဏန်းလောက်က စကြားတာပါ။ မြေတစ်ကွက်ကို ရှစ်သိန်း၊ ကိုးသိန်းဆိုတာ အများဆုံးပေါ့လေ။ အမယ်လေး – ဈေးတွေရလိုက်တာပေါ့။ ဘယ်မြေကို ဘယ်နှစ်သိန်းတဲ့ပေါ့။

နောက်တော့ တဖြည်းဖြည်းနဲ့ သိန်းက ဆယ်ဂဏန်းဖြစ်လာတယ်။ သိန်း ဘယ်နှစ်ဆယ်နဲ့ အရောင်းအဝယ်ဖြစ်ကြတယ်ပေါ့။ ကြားရသူတိုင်းက အဲဒီဂဏန်းကို အံ့ဩနေကြရတယ်။

၁၉၉၂ – ၉၃ ခုဆီ ရောက်တော့ သိန်းဟာ ရာဂဏန်းနဲ့ချီပြီး အရောင်းအဝယ် ဖြစ်နေကြတာလို့ ကြားလာရတာပဲ။ ဒါမျိုးက တကယ့်ကာယကံရှင်တွေက အသိပေးတာမျိုးတော့ မဟုတ်ဘူး။ အကြောင်းကြောင်းသော အကြောင်းတွေကြောင့် ကာယကံရှင်တွေကို မေးလို့ မရတတ်ဘူး။ မပြောချင်ကြဘူး။ ဆားက ပါးစပ်သတင်းပဲ ရှိတာပဲ။ တရားမဝင်ဘူးပေါ့ကွယ်။

ဒီ ၁၉၉၄ ခုနှစ်ထဲ ရောက်လာတော့ မြေဈေး၊ တိုက်ဈေးတွေက ပိုလို့ ပိုလို့ တက်နေပြန်သတဲ့။ သိန်းဟာ ရာဂဏန်းမဟုတ်တော့ဘူး။ ထောင်ဂဏန်းတဲ့လို့ သတင်းတွေ ဖြစ်လာပြန်တယ်။ ဒီကနေ့ခေတ်ရဲ့ ပိုက်ဆံနဲ့ ပတ်သက်လို့ ဘယ်အရေအတွက်ကိုပဲဖြစ်ဖြစ် မကိုင်တွယ် မသုံးစွဲရဘူးတဲ့၊ လူနဲ့ဘာမှမဆိုင်ဘူးနော်။ အဲဒါလည်း သတိပြုဦး။

အမေ့ကို ငွေတစ်သိန်းပြည့်အောင် ရေတွက်ပြီး ထုတ်ပိုးပေးဖို့ ခိုင်းလာဖူးတယ်။ ရေပေးတော့ လျှော့လိုက် ပိုလိုက်နဲ့ ဒုက္ခဖြစ်လိုက်တာ။ ဒါတောင် အမေက

ကျောင်းမှာတုန်းက ဂဏန်းသင်္ချာတော်တဲ့ ကျောင်းသူမျိုးပါနော်။ အတွက်အချက်မှာ ညံ့တဲ့အစားထဲက မဟုတ်ပါဘူး။

ငွေစက္ကူတွေကလည်း ၁ ကျပ်တန်၊ ၅ ကျပ်တန်၊ ၁၀ ကျပ်တန်၊ ၁၅ ကျပ်တန်၊ ၂၀ ကျပ်တန်၊ ၄၅ ကျပ်တန်၊ ၅၀ ကျပ်တန်၊ ၉၀ ကျပ်တန်၊ ၁၀၀ ကျပ်တန်၊ ၂၀၀ ကျပ်တန်၊ ၅၀၀ ကျပ်တန်လို့ ၁၁ မျိုးတောင်ဟုတ်လား။

ထားပါတော့။ အမေပြောချင်တဲ့အကြောင်းက ဒီလိုပါ။ အမေတို့ မိတ်ဆွေ လင်မယားက ဝင်းနဲ့ခြံနဲ့ ခေတ်မီမီ ဆောက်ထားတဲ့ ကိုယ်ပိုင်တိုက်တစ်လုံးမှာ နေကြတယ်။ သူတို့က ပြည့်ပြည့်စုံစုံပါ။ ကားလည်း ရှိတယ်။ သားသမီးကလည်း သားတစ်ယောက်တည်းရှိတာ၊ အဲဒါက ရန်ကုန်မှာနေတယ်။ သူကလည်း သူ့စီးပွား သူ့အလုပ်အကိုင်နဲ့တင့်တောင်းတင့်တယ်။

ဒီလင်မယားဆီကို မကြာသေးခင်က သတင်းစကားတစ်ခု ရောက်လာသတဲ့။

"ဒေါ်အေးမြင့်ရယ်၊ လာပါဦးဗျ၊ ကျုပ်ခင်ဗျားကို သတင်းတစ်ခု ပေးစရာ ရှိတယ်" လို့ သူ့ယောက်ျားက ခေါ်ပြီး သူတို့တိုက်ကို သိန်း ၁၅၀၀ နဲ့ ရောင်းမလား လို့ အိမ်မြေပွဲစားတစ်ယောက်က လာမေးတယ်ဆိုတဲ့အကြောင်း၊ အဲဒါ ဝယ်မယ့်သူက ဘယ်သူလဲလို့ သူကမေးတော့ ရောင်းမယ်ဆိုရင် ပြောပါမယ်။ တော့ဆိုင်လည်း ပေးပါမယ်။ ရောင်း မရောင်း သိချင်ပါတယ်လို့ ဆိုသတဲ့။

"အဲဒါ ခင်ဗျားကို အသိပေးတာပဲ။ ကျုပ်တို့ တိုက်ဆောက်တုန်းက တစ်သိန်းကျော်လေးပဲကုန်တာ ဟုတ်လား။ အဲဒီတုန်းက ၁၉၇၂ ခုနှစ်ဆိုတော့ ရွှေ တစ်ကျပ်သားကို ၃၀၀ ကျပ် ဈေးပါ။ ကျုပ်မှတ်မိပါတယ်။ ခု သိန်း ၁၅၀၀ ပေးမတဲ့ဗျာ။ ရွှေတစ်ကျပ်သား ၂၄၀၀၀ ကျပ် ထားပါတော့။ ၂၅၀၀၀ ကျပ်၊ ၁၀ ကျပ်သား ၂ သိန်းခွဲ၊ ၁ပိဿာ ၂၅ သိန်း၊၊ သိန်း ၁၅၀၀ ဆိုရင် ရွှေပိဿာ ၆၀ ပဲ။ ကဲဘယ့်နှယ်လဲခင်ဗျားရောင်းချင်သလား" လို့ မေးသတဲ့။

ဒေါ်အေးမြင့်က သူ့ယောက်ျားစကားကို ကြားတော့ ရုတ်တရက် ဘာပြန်ပြော ရမှန်း မသိဘူး။ သူ့ယောက်ျားကို အကြာကြီး ပြန်စိုက်ကြည့်နေတယ်။

သူကြည့်နေတာက အလကားတော့ မဟုတ်ဘူး၊ သူ့ယောက်ျားစကားကို သူက ဘာပြန်ပြောရမှန်း မသိဖြစ်ပြီး အံ့သြကြည့် ကြည့်နေတာ။ သူ့ယောက်ျားက အဲဒါကို နားလည်သလား မသိဘူး။

"ပွဲစားစကားကြားတော့ ကျုပ်လည်း ခင်ဗျားလိုပါပဲ။ ဘာပြောရမှန်း မသိဘူး။ ဒါနဲ့ ဝယ်မယ့်သူက ဘယ်သူတဲ့လဲလို့ မေးတော့ သူက မပြောဘူး။ ရောင်းမယ်ဆိုရင် သိရပါစေမယ်တဲ့"။

"အံမယ်တော် – ရောင်းမှတော့ ဘယ်သူ့ကိုမှန်း မသိဘဲ ကျုပ်တို့က ရောင်းပါ့မလား။"

"အေးပါလေ – ကျုပ်မေးတော့ သူက နောက်တော့ ပြောမယ်လို့ ဖြေတာပဲ၊ နေပါဦး၊ ရောင်းမှာလား"။

"ဘာ – မကောင်းပါဘူး။ ဘာလုပ်ဖို့တုံး၊ ကျွန်မတို့ ဒီအရွယ်ကြီးကျမှ မြေရှာဦးဟယ်၊ တိုက်တစ်လုံး ဆောက်ဦးဟယ်နဲ့ မလုပ်နိုင်ပါဘူး။ ဘာလဲ ရှင်က ရောင်းချင်လို့လား။ ဟင်း – ရှင်နော်၊ ရှင်ဆတ်မဆော့နဲ့။ လူက ငယ်တော့တဲ့အရွယ် မဟုတ်ဘူး။ ၇၀ ကျော်တွေ၊ သူ့ကိုယ်သူ ဘာများ မှတ်နေသလဲမသိဘူး။"

ဒေါ်အေးမြင့်က သူ့ယောက်ျားကို ချက်ချင်းပဲကြည့်လို့ မရဘူးဖြစ်လာတယ်။ ဒါကြောင့် သူ့ယောက်ျားရှေ့က ထွက်သွားတယ်။

အဲဒီရှေ့က ထွက်သာလာခဲ့တာ။ သူ့နားထဲမှာ သိန်း ၁၅၀၀ ဆိုတာက အထပ်ထပ် ကြားနေတယ်။ သူ့ယောက်ျား တွက်ပြလိုက်တဲ့ ရွှေပိဿာ ၆၀ ဆိုတာ ကလည်း ပေါ်ပေါ်လာသေး။ ဒါပေမယ့် သူတို့လင်မယား ဒီတိုက်ရောင်းပြီး ဒီရွှေ ဒီငွေတွေ ဘာသွားလုပ်မှာလဲ။ သူ့မှာသွေးတိုးရော၊ ဆီးချိုရော ဖြစ်နေလို့ အငန်မစားရ၊ အချိုမစားရ ကြိုက်တာတွေအားလုံး ရှောင်နေရတဲ့ဘဝ၊ တစ်နေ့တစ်နေ့ ဆေးကိုပဲအလုပ်ကြီးတစ်ခု လုပ်ပြီး သောက်နေရတဲ့ဘဝ။ ဒီငွေ ဒီရွှေတွေ ဘယ်သူ့ သွားပေးမှာလဲ။ သားကလည်း သူ့ဖာသာချမ်းချမ်းသာသာ အနေနိုင်သားဟာကိုး။

အဘိုးကြီးကတော့ ငါ့လောက်ရောဂါမများဘူး။ သူနဲ့ငါ သေရင် ငါက အရင်ဖြစ်မှာ။ သိန်း ၁၅၀၀ ရရင် သူက မိန်းမငယ်ငယ်ကလေးများ ယူချင်သေးသလားမှ မသိတာ။ ခုခေတ်က ကျောင်းဒကာ ဦးစံထွန်းလိုဟာကတောင် စမောလေးနဲ့တဲ့။ သူတို့ ယောက်ျားတွေဟာ ဒါမျိုးကျတော့ အိုတယ်မရှိဘူး။

ပြီးတော့ သူ့အမျိုးတွေကိုလည်း ပေးချင်ကမ်းချင်ဦးမှာပေါ့။ သူ့ညီဆိုတဲ့ ကောင်က ငါတို့ဆီက ဘယ်လောက်ရရ၊ သူတို့မှာ ပြောင်တယ်လို့ ဘယ်တော့မှ မရှိဘူး။ ပြီးတော့ ငါ့ကိုများ သူ့အစ်ကိုက အမှိုက်ပုံထဲက ကောက်ယူထားတဲ့ မိန်းမကျနေတာပဲ။ ငါ့ဖာသာ အလုပ်နဲ့အကိုင်နဲ့ နေခဲ့နိုင်လို့သာပေါ့။ သိပ်လည်း ကျေးဇူးကန်းတဲ့ ကောင်စားမျိုး။ ဒီ ရွှေဆင်းရဲ မျိုးဆင်းရဲတွေကိုလည်း ပေးချင်ကမ်းချင် သေးတာထင်ပါရဲ့။

ဟိုတုန်းက ကိုယ့်ဖာသာကိုယ်၊ ကိုယ်စိတ်တိုင်းကျ ဆောက်ထားတဲ့တိုက်ကို မရောင်းပါဘူး။ ဘာလုပ်ဖို့ ရောင်းရမှာလဲ။ ရောင်းရတဲ့ငွေတွေနဲ့ ရင်းဦးနှီးဦးမလို့လား။ စီးပွားရှာဦး မွေ့ဦးမလို့လား။ ဒီအရွယ် ဒီအသက်ရောက်ကြမှ လောဘတပ်နေစရာလည်း မလိုပါဘူး။ တို့ ဘာသွားသုံးနေမှာလဲ။ ဘာသွားဖြုန်းနေမှာလဲ။ အဘိုးကြီးက ကာရာ အိုကေ သွားချင်သေးတာတဲ့လား။ ငါလေ တယ်ပြောလိုက်ရရင် မကောင်းတော့ဘူး။

ဒေါ်အေးမြင့်က တွေးရင်းတွေးရင်း ဒေါပွလာတယ်။ အဘိုးကြီးအပေါ်လည်း သို့လော သို့လောတွေ အများကြီး ဖြစ်ဖြစ်လာတယ်။ အဘိုးကြီး ဒီတိုက်ကို တကယ်ရောင်းချင်နေတာလား၊ ရောင်းပြီးရင် ရတဲ့ငွေနဲ့ သူက ဘာလုပ်မလို့တဲ့တုံး။ ဆရာတော်ဘုရားက ဒကာကြီးနဲ့ ဒကာမကြီးတို့ အသက်တွေရလာကြပြီ၊ ကျန်သေးလို့ နေရသမျှရက်မှာ လူကျန်းမာဖို့ စိတ်ချမ်းသာဖို့ ကုသိုလ်ရရနဲ့ နေကြဖို့ ဒါပဲ လိုတယ်။ ဒိပြင် ဘာမှ မလိုဘူးလို့ ဆုံးမပြီးသား။ ဒီအဘိုးကြီး သေခါနီးမှ ဆတ်ဆော့လာတာ ထင်တယ်။

ဒေါ်အေးမြင့်က တွေးလေသမျှ ဒေါပွစရာချည်းကိုး။ ဒါကြောင့် သူ့ယောက်ျား ဆီကို တစ်ခါပြန်ထွက်လာပြန်တယ်။ ပန်းပင်ရေလောင်းတဲ့အလုပ် သွားမလုပ်နိုင်ဘူး။ ခါတိုင်းတော့ ညနေခင်းမှာ ခြေညောင်းလက်ဆန့် ခြံထဲက ပန်းပင်တွေကို တတ်နိုင်သမျှ သူက ရေလောင်းနေကျ။

ဒီနေ့တော့ ပန်းခြံထဲထွက်မယ်လုပ်ပြီးမှ တိုက်ထဲပြန်ဝင်လာပြန်တယ်။ နေပါဦး၊ ရှင်က တိုက်ရောင်းပြီး ဒီငွေတွေကို ဘာလုပ်မှာမို့တုံး၊ ပြောစမ်းပါဦး၊ ရှင့်စိတ်ကူးကို။ ကျွန်မတို့က မရောင်းဘူး။ ဘယ်တော့မှ မရောင်းဘူး။ သိန်းတစ်ထောင် ငါးရာမကလို့ နှစ်ထောင်ပဲပေးပေး မရောင်းဘူး။ ငွေမပေးပါဘူး၊ ပင်ဒါတံဆိပ် ရွှေဒင်္ဂါးတွေ ပြည်နဲ့ချင်ပေးမှာဆိုလည်း ကျွန်မကတော့ မရောင်းဘူး။။

ဒါပဲ ပြောလိုက်ပါပေရဲ့။ တော်ကြာတော့မှ စကားလွန်ပြီးပြီလေး၊ ဘာလေး မလုပ်နဲ့။ မရောင်းဘူး။ ဘယ်လောက်ပေးပေး ရွှေပိဿာ ၆၀၀ ပေးလည်း မရောင်း ဘူး။

ဒေါ်အေးမြင့်က တွေးရင်း တွေးရင်း ဒီစကားစလာတဲ့ သူ့ယောက်ျားကိုပဲ ဒေါသအပွကြီး ပွနေတော့တယ်။ သူ့ယောက်ျားက သူ့မိန်းမ ဒေါပွနေတာကိုကြည့်ပြီး ရယ်ချင်လာလို့ –

"ခင်ဗျားကလည်းဗျာ၊ ဘယ်နှာကြောင့် ဒါလောက် ဒေါပွနေရတာလဲ။ ဝယ်ချင်တယ်ဆိုတဲ့လူက ခင်ဗျားထင်သလို တရုတ်ကြီးမဟုတ်ဘဲ ဝတို့၊ ကိုးကန့်တို့ ဖြစ်ချင်လည်း ဖြစ်နေမှာပါ။ ဗမာထဲကလည်း အဲဒီလောက်ငွေကို ဝယ်နိုင်သုံးနိုင်တဲ့လူတွေ ရှိနေပြီဆိုတာ ကော ခင်ဗျားသိရဲ့လား"။

"အေးပါ ဘယ်သူဖြစ်ဖြစ်၊ ဝမကလို့ ဝိဖြစ်ဖြစ်၊ မရောင်းပါဘူး"။

"မရောင်းချင် မရောင်းပါနဲ့။ ကျုပ်ကလည်း ရောင်းခိုင်းနေတာ မဟုတ်ပါဘူး။ ကျုပ်ကိုလာမေးနေလို့ ဒီသတင်း ခင်ဗျားကို ပြောပြတာပါ။ ခင်ဗျားကို တစ်ယောက် ယောက်က အဲဒီလို လာပြောရင် ခင်ဗျားလည်း ကျုပ်ကို ပြောမပြဘဲ နေနိုင်မှာလား။ ခင်ဗျားပြောလာတာနဲ့ ခင်ဗျားကတော့ ရောင်းချင်နေပြီလို့ ကျုပ်ကထင်ပြီး ခင်ဗျားကို ဒေါပွနေရမှာလား"

"ကမ္ဘာ့ဖြစ်ပျက်နေတဲ့ မြေဈေးတိုက်ဈေးတွေကို သိရတာပေါ့။ ကျုပ်လည်း စိတ်ကူးမရှိပါဘူး" လို့ သူ့ယောက်ျားက စကားကို အဆုံးသတ်တော့မှပဲ လင်မယား မယုံသင်္ကာမှုတွေနဲ့ စိတ်ဆင်းရဲကြရတာတွေ တဖြည်းဖြည်း ပြေပျောက်သွားတော့တယ်။

အိမ်ပွဲစား ပြောလာတာ တကယ်ပဲလေလားတော့ မသိဘူး။ ဒေါ်အေးမြင့်တို့ လင်မယားတော့ ကသိကအောက် အကြာကြီး ဖြစ်လိုက်ကြရသတဲ့။ အဲဒါ အမေတို့မိတ်ဆွေတစ်ဦးဆီက ကြားရတဲ့သတင်းပါ။

ဒါ တို့ပြေ၊ ဒါ တို့မြေ၊ ဒါ ငါတို့ပြည်။

✂

## လူ့ရှေ့သူ့ရှေ့ နေမပြရဘူး

အမေတို့မှာ တစ်မိသားနဲ့ တစ်မိသမီး ချစ်ခင်နှစ်သက်လို့ အိမ်ထောင်ဖက် ပြုလိုတယ်ဆိုရင် ပထမဆုံး သက်ဆိုင်ရာမိန်းကလေးရဲ့ မိဘကို အသိပေးပြီး ကိုယ့်မိဘက သွားရောက်ပြောဆို တောင်းရမ်းရတယ်။ မိန်းကလေးရဲ့ မိဘများက လက်ခံကျေနပ်တဲ့အခါ မိသားဖသားပီပီ ကောင်းမွန်စွာ ထိမ်းမြားပြီး အိမ်ထောင်ပြုကြတယ်။

အဲဒီလို အကြင်လင်မယား ဖြစ်သွားကြတဲ့အခါ လင်မယားဆိုတဲ့ စကားဟာ လူကြီးတွေရှေ့မှာဆိုရင် ရင်သီးလို့တဲ့ ဇနီးမောင်နှံလို့ပြောတဲ့အခါ ပြောတယ်။ သမီးခင်ပွန်းလို့ ပြောတဲ့အခါပြောကြသေးတယ်။ ယောက်ျားနဲ့မိန်းမ အချိန်တိုင်လို့ အရွယ်ရောက်လာပြီး တစ်ဦးကိုတစ်ဦး နှစ်သက်မြတ်နိုးလို့ရှိရင် ရာသက်တိုင် ဘဝကြင်ဖော်အဖြစ် ရွေးချယ်ပေါင်းသင်းကြတာဟာ လူ့ခမ္မတာပဲ။ အဆန်းမဟုတ်ဘူးလို့ ရိုးရိုးပဲ သဘောထားလိုက်ကြပါတယ်။

အဲဒီအိမ်ထောင်ဟာ ရာသက်ပန် ရိုးမြေကျပေါင်းမယ့် အိမ်ထောင်ဘက်၊ တစ်ဦးက တစ်ဦးအပေါ် ထင်းပုံခေါင်းချ ပေါင်းမှာလို့ သဘောထားပြီး တစ်သက်ပန်လုံးသားအဖေ၊ မြေးအဖေအဖြစ်နဲ့ ပေါင်းသင်းသွားကြတာပါ။ အိမ်ထောင်မမြဲဘူး၊ အိမ်ထောင်ကွဲတယ် ဆိုတာမျိုး မရှိမဟုတ်ဘူး၊ တစ်ခါတစ်ရံ ရှိတယ်။ အဲဒီလိုရှိတာကို လူကမချီးမွမ်းဘူး၊ လူ့အဆောက်အအုံက အားမပေးဘူး။ ဖြစ်ခဲ့တဲ့ အလွဲအမှားတစ်ရပ်လို့ပဲ သဘောထားကြပါတယ်။

ဒါဟာ အမေတို့ရဲ့ ရိုးရာအိမ်ထောင်ရေးပါ။ ဒီလိုရိုးရိုးကြီး အိမ်ထောင်ရေးမှာ ကလေးစကား မေးပါရစေ၊ ပြောပါရစေ၊ ဒီလင်မယား ချစ်ကောချစ်ကြပါရဲ့လားလို့ မေးလာရင် တစ်ဦးပေါ်တစ်ဦးက အပြည့်အဝ သစ္စာရှိကြပါတယ်။ ယောက်ျားလုပ်သူက သူရှာဖွေရတဲ့ငွေကြေးကို သူ့ဇနီးလက် တစ်ပြားမကျန် အပြည့်အစုံ အပ်နှင်းပါတယ်။ ဇနီးကလည်း စီးတဲ့ရေ ဆည်တဲ့ကန်သင်း ဆိုတဲ့စကားလို ရှာဖွေပေးတာကို လောက်ငအောင် သုံးစွဲတယ်၊ ပြည့်စုံအောင် ဖန်တီးတယ်၊ ပိုလျှံတာကို စုမိအောင် စုဆောင်းတယ်။

သမီးခင်ပွန်း တစ်ဦးကတစ်ဦးအပေါ် ချစ်ခင်ကြင်နာတာကို ဆိတ်ကွယ်ရာမှာသာ တစ်ဦးသိအောင် တစ်ဦးက ပြသပါတယ်။ လူမြင်သူမြင် တရင်းတနှီး မနေကြရပါဘူး။ ဒါ မြန်မာ့ဓလေ့ပါ။ အနေအထိုင်မတတ်တဲ့ သမီးခင်ပွန်း လူ့ရှေ့မှန်းမသိ သူ့ရှေ့မှန်းမသိ ဣန္ဒြေနဲ့မနေကြတဲ့ သမီးခင်ပွန်းကို လူကြီးသူမတွေက ဆုံးမပါတယ်။ "ဟဲ့ ဒီလိုမနေနဲ့" ဆိုတဲ့ စကားနဲ့ အပြီးအပိုင် တားမြစ်ပါတယ်။ ဒီလို အတားအမြစ်ခံရရင်လည်း ခံရသူက ရှက်တာနဲ့ နောင် အနေအထိုင်ကို ဆင်ခြင်ပါတော့တယ်၊ ပြုပြင်ပါတော့တယ်။ ဒါကြောင့် အမေတို့တစ်သက်မှာ လင်ကိုယ်မယား လက်တွဲလို့ လမ်းမသွားဖူးဘူး။ ဒါဟာ မြန်မာ့ဓလေ့ မဟုတ်ဘူး။ ပလက်ဖောင်းပေါ်မှာ လက်ချင်းတွဲပြီး

လမ်းလျှောက်သွားကြတဲ့ ယောကျ်ားလေးနဲ့ မိန်းကလေးကိုတွေ့ရင် မြင်နေမကျတဲ့ လူကြီးမျက်စိတွေက "သူ့ယောကျ်ားက ဒါလောက်မှ စိတ်မချရဘဲကိုး" လို့ ပြောသံကြားလိုက်ရဖူးတယ်။ အမေတို့ လူ့အဆောက်အအုံဟာ အဲဒီလိုပုံစံနဲ့ နှစ်တွေ ရာနဲ့ထောင်နဲ့ချီပြီး နေထိုင်တည်ဆောက်လာရာမှာ ရုပ်ရှင်ဆိုတဲ့ ကြည့်စရာတစ်ခု ပေါ်လာတဲ့အခါတော့ အမေတို့ လူနေမှုပုံစံနဲ့ ခြားနားလှတဲ့ အနောက်နိုင်ငံက ယောကျ်ားမိန်းမ ဆက်ဆံနေထိုင်ပုံတွေကို ပိတ်ကားပေါ်မှာ အတိုင်းသား မြင်လာကြရတယ်။ မြင်နေမကျ ကြည့်နေမကျတော့ မျက်စိရှက်စရာတွေပေါ့။ နို့ပေမယ့် ဒီသဘင်က တစ်နေ့တခြား ကြီးပွားခေတ်စားလာတဲ့အခါမှာတော့ ရုပ်ရှင်ရုံထဲ မှောင်ထဲကနေပြီး မြင်ရတဲ့ အဲဒီမြင်ကွင်းတွေကို အောင့်အည်း သည်းခံပြီး ကြည့်ခဲ့ကြတယ်။

နောင်အခါတော့ မြန်မာကလည်း ရုပ်ရှင်ဆိုတဲ့ သဘင်ပေါ်လာတယ်။ ပေါ်လာတဲ့အခါ အစတော့ မြန်မာမဆန်တဲ့ အနေအထိုင်တွေကို မတုပဘဲ နေကြပါသေးရဲ့။ နောင်တော့ တဖြည်းဖြည်းနဲ့ မင်းသား မင်းသမီး ချစ်ခန်းကြိုက်ခန်းတွေဟာ မပြသင့် မပြအပ်တာတွေကို ပြပြလာကြတယ်။

ခု ဒီခေတ်မှာ ဗွီဒီယို ပေါ်လာတဲ့အခါမှာတော့ ရုပ်ရှင်ကားလို မီးမှောင်မှောင် ရုံကြီးထဲမှာ သူမှန်းမသိ ငါမှန်းမသိ ကြည့်ကြတဲ့အဖြစ်မျိုးမဟုတ်ဘဲ မီးရောင်အောက်မှာပဲ အမေနဲ့အတူ၊ အဖေနဲ့အတူ၊ အစ်ကိုများ၊ မောင်များနဲ့အတူ ထိုင်ကြည့်ကြတဲ့သဘင် ဖြစ်လာတယ်။

ဒီလိုဖြစ်လာပြီး မြန်မာမိန်းကလေး၊ မြန်မာယောကျ်ားကလေးများက တီဗွီဖန်သားပြင်ပေါ်မှာ မြန်မာတို့ အနေအထိုင်မျိုး လုံးဝမဟုတ်တဲ့ ယောကျ်ားလေးနဲ့ မိန်းကလေး ချစ်သူအချင်းချင်း လူကွယ်ရာမှာသာ နေထိုင်တဲ့ အနေအထိုင်မျိုးတွေကို ပြောင်ပြောင်ကြီး လုပ်ပြနေကြပါတယ်။

ဇာတ်ဝင်ခန်းမို့ သဏ္ဍာန်လုပ် သရုပ်နဲ့တူအောင် ကျင့်ပြရတာပါလို့ ဆိုရအောင်ကလည်း ရုပ်ရှင်ကားထဲမှာ မဟုတ်ပါဘဲနဲ့ တေးသီချင်းဆိုရာမှာတောင်မှ မိန်းမနဲ့ယောကျ်ား ရင်းနှီးလှတဲ့ အနေအထိုင်တွေ မရှက်မကြောက် နေထိုင်ပြနေ ကြပါတယ်။

ဒါတွေဟာ အမေတို့ မြန်မာ့လူ့အဆောက်အအုံမှာရှိတဲ့ အပြုအမူမျိုး လုံးဝမဟုတ်ပါဘူး။ နို့ပေမယ့် ငယ်ရွယ်သူတွေ အဲဒီအနေအထိုင်မျိုးတွေကို လူ့ရှေ့မရှောင် သူ့ရှေ့မရှောင် လူကြီးရှိမှန်းမသိ ရဟန်းသံဃာရှိမှန်းမသိ နေထိုင်ရဲလာအောင် နေထိုင်ဝံ့လာအောင် နေ့တိုင်း နေ့တိုင်း လေ့ကျင့်ခန်းနဲ့ သင်တန်းပေးနေသလိုပါပဲ။ ကြီးမားတဲ့မကောင်းမှု ဒုစရိုက်ပေမယ့် မြင်ဖန်များတော့ ငယ်သတဲ့၊ နမ်းဖန်များတော့ ပြယ်သတဲ့။ မပြတ်မလပ် ပို့ချသင်ကြားနေသလိုရှိတဲ့ ဒီအနေအထိုင်တွေကို အမေတို့ လူ့အဆောက်အအုံတွင်းကို ဖွတ်အတင်း သွတ်သွင်းချင်ကြတာလားလို့ မေးစရာ ဖြစ်လာပါတယ်။

Family Set-up လို့ခေါ်တဲ့ အမေတို့မိသားစုပုံစံမျိုးဟာ အရှေ့မှာပဲဖြစ်ဖြစ် အနောက်မှာပဲဖြစ်ဖြစ် ဂုဏ်သိက္ခာရှိတဲ့ပုံစံမျိုးပါ။ ဒါကို ပျက်စီးအောင် ဖျက်ဆီးလာတာကိုတော့ ဝိုင်းဝန်း ထိန်းသိမ်းသင့်ကြတယ် ထင်ပါတယ်။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၃၀၊ ၁၉၉၅ ဒီဇင်ဘာ

## "ရွှေမင်းသမီးလေး" ရောဂါ

"ဘွားဘွား – ဘွားဘွား၊ သမီးကောက ဒိုင်ယာနာကလေ" လို့ အသက် ၄ နှစ်သာ ရှိသေးတဲ့ ကျွန်မမြေးမလေးက သူ့ခေါင်းက ညှပ်လာတဲ့ဆံပင်ကို ထောက်ပြပြီး ပြောနေပါတယ်။

ကျွန်မစိတ်ထဲ ဘုရား – ဘုရား ဒီကလေးအရွယ်ကတောင် ဒီစကားပြောတတ်နေပီကော" လို့ ဒီခေတ်ရဲ့ ဆက်သွယ်ရေး မြန်ဆန်ပုံကို အံ့ဩနေမိပါတယ်။

အင်္ဂလန်က အိမ်ရှေ့မင်းသား ချားလ်စ်ရဲ့ ကြင်ယာအိမ်ရှေ့မိဘုရား ဒိုင်ယာနာ မင်းသမီးညှပ်ထားတဲ့ ဆံပင်ကို တုတဲ့လူက တု၊ သူတို့ကြောင်းလမ်းစေ့စပ်တုန်းက လဲတဲ့ လက်ထပ်လက်စွပ် (နီလာစိန်ခြယ်ကွင်း) မျိုး တုဝတ်နိုင်တဲ့လူက တုဝတ်နေကြပါသတဲ့။ တော်သေးတာပေါ့။ ကျွန်မတို့နဲ့ ဒိုင်ယာနာနဲ့ အဝတ်အစားချင်း မတူကြလို့။ ဂါဝန်ဝတ်ချင်းတူကြတဲ့ ဥရောပ၊ အမေရိကနဲ့ ဗြိတိန်တို့ကျတော့ ဒိုင်ယာနာကို ဖက်ရှင်ခေါင်းဆောင်ထားပြီး သူဝတ်စားသမျှ လိုက်တုဝတ်ချင်တဲ့မိန်းမတွေ ဒုနဲ့ဒေး ဖြစ်နေသတဲ့။ ဒိုင်ယာနာဆိုတဲ့ မိန်းကလေးကအစတုန်းက မူကြိုကျောင်း ဆရာမလေး၊ ကံအားလျော်စွာ ဗြိတိန်ထီးနန်းက အိမ်ရှေ့ဥပရာဇာ လူပျိုမင်းသား ချားလ်စ်နဲ့ သွားတွေ့တယ်။ တစ်ကြိမ်က နှစ်ကြိမ် တွေ့မိတော့ အသက် ၃၂ နှစ် ရှိတဲ့ အထိ မိန်းမ မယူသေးဘဲ ဒီလိုပဲ မိန်းကလေးပေါင်းများစွာနဲ့ တွဲနေတဲ့မင်းသားကို ဗြိတိသျှ သတင်းစာတွေက ဝါးလုံးနင်းမိတဲ့၊ ဝါးခြမ်းနင်းမိတဲ့ ရှိလှတယ်၊ ဒီမိန်းကလေးနဲ့ ဝိုင်းလျှော်ပေးလိုက်မှပဲဆိုပြီး အရင်းရှင်သတင်းစာပညာနဲ့ ဝိုင်းဝန်းဘောတီးပေး လိုက်ကြတော့ သူတို့နှစ်ယောက် ယူဖြစ်သွားကြရော။

ဒီကလေးမဟာ ၁၉ နှစ်သမီးနဲ့ အိမ်ရှေ့မိဘုရားဖြစ်လာတော့ သူလည်းလေ လောကီသားမှတ်လား။ မိန်းကလေးတိုင်းလုပ်ချင်တဲ့ အဝတ်အစားတွေ ထည်လဲ ထည်ချွတ် ဝတ်ချင်တာကို အတားအဆီး၊ အပိတ်အပင်မရှိ လုပ်မိတော့သတဲ့။ ဒါ့ကြောင့် အိမ်ရှေ့မိဘုရားဖြစ်လို့မှ မကြာသေးဘူး။ လန်ဒန်က အဝတ်အစားရောင်းတဲ့ တိုက်ဆိုင်ကြီးတွေရှိတဲ့ ရပ်ကွက်မှာ အဝယ်အခြမ်း အရက်စက်ဆုံး အမျိုးသမီးဘွဲ့ကို တစ်ခါတည်း ရတော့သတဲ့။

လန်ဒန်က သတင်းထောက် ပက်ထရစ်ရှာမော်ဂန်က ဒိုင်ယာနာဝယ်တဲ့ အဝတ်ဖိုး အစားဖိုးဟာ (၇) ရက် (၁) ပတ်ကို ဒေါ်လာ ၃၀၀၀ ကျော်တယ်။ လက်ထပ်ပြီးစ ပထမနှစ်အတွင်း ကပွဲဝတ် အထူးချုပ် ဝတ်စုံချည်း (၅၀) နဲ့ ဈေးသွားငါးဝယ် လမ်းထွက်ရာဝတ်ဖို့ ဝတ်စုံ (၂၀၀) ကျော် ဝယ်တယ်။ ဒီအဝတ်တွေနဲ့

လိုက်ဖက်မယ့် ပိုက်ဆံအိတ်၊ ရှူးဖိနပ်တွေကလည်း တွဲရက်ပါသေးတယ်။ ကလေးအမေဖြစ်ခါနီးတော့ ကလေးအင်္ကျီနဲ့ ကလေးသုံးပစ္စည်း ရောင်းတဲ့ဆိုင်ကြီးတစ်ဆိုင်က သူ့အတွက် မနက် (၂) နာရီစောပြီး ဆိုင်ဖွင့်ပေးပြီး ဒိုင်ယာနာတစ်ယောက်တည်း လိုချင်တာကို စိတ်ကြိုက် ရွေးဝယ်စေတယ်။ မင်းသားမင်းသမီးဈေးဝယ်ရင် ပိုက်ဆံပေးဖို့လည်း မလိုဘူး။ အကြွေးစာရင်းလုပ်ဖို့လည်းမလိုဘူး။ ကြိုက်ရာရွေးယူသွား၊ တိုက်ဆိုင်က ကုန်တင်ကားနဲ့နန်းတော်ကို ပစ္စည်းပို့ပေး၊ ကျသင့်ငွေစာရင်းဘီလ်ကို နန်းတော်ပို့တောင်းရုံပဲတဲ့။

ဒါကြောင့် ဒိုင်ယာနာ ဝတ်စားဆင်ယင်မှုအပေါ်မှာ သုံးစွဲလွှန်းတာနဲ့ ပတ်သက်ပြီး အလုပ်သမားဘက်သား သတင်းစာတွေက ပြစ်တင်ဝေဖန်ကြတယ်။ နို့ပေမယ့် သူတို့က တစ်စောင်တလေရယ်။ ဝိုင်းမြှောက်ပေးကြသူတွေက အများကြီး။ ဒါကြောင့် ဂါဝန်ဝတ် မိန်းကလေးတွေရဲ့လောကမှာ ဒိုင်ယာနာဟာ အားကျစရာ၊ တုပချင်စရာ၊ ဝမ်းပါးစရာ၊ မတတ်နိုင်ရင် စိတ်ကူးယဉ်စရာ အကောင်းဆုံး မိန်းကလေးဖြစ်နေတယ်။

ခေတ်ကြီးက တိုးတက်လိုက်တာ၊ လိုက်လို့တောင်မမီဘူးလို့ ပြောနေကြတဲ့ ၂၀ ရာစုနှစ် ကုန်ခါနီးအချိန်ကြီးမှာ ဗြိတိန်နဲ့ ဂျပန်ကတော့ ခပ်တည်တည်ပဲ။ ဘုရင်မတွေ၊ ရှင်ဘုရင်တွေနဲ့လေ။ သူတို့က အဆောင်အယောင်ပါ။ တကယ်အုပ်စိုးတာကတော့ အရင်းရှင်ကြီးတွေပါလို့ ဆိုပေမယ့် ဒီအဆောင်အယောင်က ဆင်မြူတော်ထက် အသုံးအစွဲကြီးတယ် မဟုတ်လား။ အဲဒီတော့ အင်္ဂလန်မှာဆိုရင် "ဘုရင်မကြီး အယ်လီဇဘက်ခေတ်" လို့ ဖော်ပြတဲ့ ER (Elizabeth Reign) ဆိုတဲ့ အလံတွေ၊ တံဆိပ်ခေါင်းတွေမှာပါတဲ့စာလုံး ER ကို အလုပ်သမား ကာတွန်းဆရာတွေက ERise လို့ ရေးဆွဲနေကြတယ်။

ERiseဆိုတာ ကမ္ဘာ့ကွန်မြူနစ်တွေသိဆိုတဲ့ အင်တာနေရှင်နယ်သီချင်းရဲ့အစ "ထလော့၊ ကြွလော့" ဆိုတဲ့ စကားလုံးကိုး။

နို့ပေမယ့် အရင်းရှင်သတင်းစာတွေကတော့ ဒီအချိန်ကြီးမျိုးမှာပဲ ရွှေမင်းသမီးကလေးတစ်ပါးကို ဘွားခနဲ မွေးထုတ်ပေးလိုက်ကြပြန်တယ်လေ။

(ဒီရွှေမင်းသမီးလေးဆောင်းပါးကို ၁၉၈၃ ခုနှစ်တုန်းက သောင်းပြောင်းထွေလာ မဂ္ဂဇင်းမှာ ကျွန်မရေးခဲ့တာပါ။ ဗြိတိသျှထီးနန်းကို ဆက်ခံမယ့် အိမ်ရှေ့မင်းသား ချားလ်စ်နဲ့ သူ့ကြင်ယာတော်ဟာ သား (၂) ယောက်ရအပြီး (၉) နှစ်၊ (၁၀) နှစ် လောက်ပဲ ပေါင်းသင်းကြပါတယ်။ လင်က မယားအပေါ် သစ္စာဖောက်တယ်၊ မယားက လင့်အပေါ် သစ္စာဖောက်တယ် ဆိုတဲ့ အပြန်အလှန် စွပ်စွဲချက်တွေနဲ့ လင်မယားကွဲကြပါလေရော။ သုံးနှစ်ခွဲလောက်ကွဲပြီးတဲ့နောက် ၁၉၉၆ ခု ဇူလိုင်လထဲတုန်းကတော့ အပြီးအပိုင် ကွာရှင်း ပြတ်စဲလိုက်ကြပြီလေ။ ဒါကြောင့် ဒိုင်ယာနာဟာ ရွှေမင်းသမီးလေး မဟုတ်တော့ဘဲ ဝေလမင်းသမီး တစ်ခုလပ်ဘဝနဲ့ နေလိုက်ရပြီဖြစ်သတဲ့။)

သောင်းပြောင်းထွေလာမဂ္ဂဇင်း၊ တွဲ ၁၈၊ အမှတ် ၉၊ ၁၉၈၃ မေ

## သီချင်း _ သီချင်း _ သီချင်း

မနေ့ညက အမေတို့အရပ်မှာ ဘုရားပွဲ ရှိတယ်။ ဘုရားပွဲမှာ ပွဲပါဖို့အတွက် ဇာတ်ပွဲထည့်မှာမို့ အမေတို့အိမ်က ဇာတ်ပွဲကြည့်ရအောင် ပွဲကြည့်စင်တစ်စင် ဝယ်ပါတဲ့။ အမေတို့အိမ်မှာ အားလုံး လူစေ့တက်စေ့ နေ့မှန်းမသိ ညမှန်းမသိ အလုပ်လုပ်နေကြရတယ်။ အမေတို့အိမ်က လောဘကြီးလွန်းလို့ ဒီလိုလုပ်ကိုင်စားနေကြရတာတော့ မဟုတ်ဘူး။ အမေတို့မြို့မှာ မီးက မှန်မှန်လာတာ မဟုတ်တော့ မီးလာတဲ့အချိန်မှာ အလုပ်လုပ်ကြရတာ။ နေ့မလာလို့ ည ၁၀ နာရီမှ လာရင် ည ၁၀ နာရီမှ အလုပ်ခွင် ဝင်ကြရတယ်။ မိုးလင်း ၅ နာရီ အထိ။

အဲဒီတော့ မိုးအလင်းကြည့်ရတဲ့ ဇာတ်ပွဲကို ကြည့်အားသူ မရှိကြဘူး။ အမေတို့က ရိုးရိုးပွဲကြည့်ဖို့စင် ရောင်းတာထင်လို့ အမေတို့ မကြည့်အားတဲ့အကြောင်း ပြောမိတော့ မကြည့်အားလည်း ကိစ္စမရှိပါဘူး။ သူများဝင်ကြည့်မှာပေါ့။ အမေတို့ကတော့ ပွဲရန်ပုံငွေအတွက် စင်တစ်စင်ဖိုး ၃၇၀ ကျပ် ထည့်ပါတဲ့။ ဪ ဒီလိုလားဆိုပြီး စင်တစ်စင်ဖိုး ထည့်လိုက်ပါတယ်။

ညတိုင်တော့ အမေတို့ခေါင်းရင်းမှာ ကက်ဆက်တွေကို အသံချဲ့စက်နဲ့ ဖွင့်ပေးတဲ့အဖွဲ့က ရောက်နေတယ်။ စင်ဝယ်လိုက်ရတဲ့ ဇာတ်ပွဲက အရှေ့ထိပ်မှာပါ။

အမေက မနက်စောစောထ လမ်းလျှောက်သူဆိုတော့ ၉ နာရီလောက်ဆိုရင် အိပ်ရာဝင်ချင်ပြီ။ နို့ပေမယ့် ကက်ဆက်သီချင်းဖွင့်တာက စောစော မသိမ်းဘူး။ မသိမ်းတာထားပါတော့၊ အရပ်မှာပွဲရှိပြီကိုး။ တစ်ညတလေ သည်းခံရမှာပေါ့။ ခုတော့ အသံချဲ့စက်က သိပ်ကျယ်လွန်းတဲ့အသံကို မြှင့်ထားပြီး ဖွင့်ပြနေတာမို့ အိမ်တံခါးတွေ လုံအောင်ပိတ်ထားလို့လည်း မရဘူး။ အမေ့နားထဲ တည့်တည့်ကနေပြီး ဆုပ်သွင်းနေသလိုပဲ။ သိပ်ကျယ်တဲ့သီချင်းသံကြီး ကိုယ့်အနားကပ်အော်နေတာကို နာရီတော်တော်များများ ကြားနေရတာဟာ ဘယ်လိုရှိတယ်လို့ အမေ ရေးမပြတတ်ပါဘူး။ အိပ်လို့လည်း မရ၊ စကားပြောလို့လည်း မရ။ တခြားကို အာရုံပြောင်းလို့လည်း မရနဲ့၊ စာဖတ်လို့လည်း မဖြစ်၊ တော်တော်ကြီးကို ပြင်းပြင်းထန်ထန် ခံလိုက်ရပါတယ်။

မနက်လင်းတော့ ညက အသံက တိတ်သွားပေမယ့် နားထဲမှာ ကျန်နေရစ်သေးသလိုပဲ၊ ကြားယောင်နေသေးတာနဲ့ စဉ်းစားကြည့်တယ်။

အမေ့အသက်နဲ့ ဒီခေတ်လူငယ်တွေနဲ့ မျိုးဆက် ၂ ဆက်လောက် အနည်းဆုံး ကွာခြားသွားပြီ ဟုတ်လား။ အဲဒီတော့ အယူအဆတွေကလည်း ကွာခြားပြောင်းလဲနေရမှာပေါ့လို့ အမေ့စိတ်ကို အမေ ဖြေပါတယ်။ ဒါပေမယ့် ကွာဟမှုက ကြီးလွန်းတာမို့ ဖြေလို့ ပြေတယ်လို့တော့လည်း မပြောနိုင်ဘူးလေ။ အဲဒါ ရေးချင်သေးတယ်။

အမေတို့ငယ်ငယ်က တေးသီချင်းဆိုတာ သာယာနာပျော်ဖွယ်ရှိတဲ့ ငြိမ့်ငြိမ့်ညောင်းညောင်း အသံများကို စုပေါင်းဖွဲ့ဆိုထားတာလို့ နားလည်တာပဲ။ တေးချင်း

စာသား ဆိုတာကလည်း ရေးဖွဲ့တဲ့အကြောင်းအရာနဲ့ ပတ်သက်ပြီးတော့ ဇာတိသွေး ဇာတိမာန် တက်ကြွဖို့အတွက် ဖွဲ့သီတဲ့ တေးမျိုးဆိုရင်တစ်မျိုး၊ ခမ်းနားထည်ဝါတဲ့ အကြောင်းအရာအတွက် ဖွဲ့သီတာဆိုရင် တစ်မျိုး၊ ငယ်ရွယ်သူတို့ဘာဝ အချစ်နဲ့ ပတ်သက်တဲ့ကိစ္စမျိုးကို ဖွဲ့တာဆိုတော့လည်း လှလှပပ သိမ်သိမ်မွေ့မွေ့နဲ့ လိုချင်တဲ့ ရသကို အယဉ်ကျေးဆုံးနည်းနဲ့ ပေါ်လွင်လာအောင် ရေးသားပေးရတယ်လို့ အောက်မေ့ တယ်လေ။

အမေတို့ ကြီးပြင်းခဲ့ရတာက တေးရေးဆရာ နန်းတော်ရှေ့ဆရာတင်နဲ့ မြို့မငြိမ်း စသူတို့ခေတ်ပါ။ ဆရာမြို့မငြိမ်း တေးသီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ထွက်ပေါ်လာတဲ့အချိန်က အမေတို့ အရွယ်ရောက်စ အချိန်ပါပဲ။ ဒီအရွယ်ဆိုတာ အရွယ်ပြောင်းလာတာနဲ့အမျှ စိတ်ကစားလာပြီ။ စိတ်ကူးယဉ်လာတယ်။ ဟိုနှယ်ဒီနှယ် တွေးတောလာတယ်။ လူသိမခံဝံ့ဘဲ စိတ်ကူးဖဲရိုက်လာတယ်။ အဲဒီလိုရှိနေတုန်းမှာ ကိုငြိမ်းသီချင်းလေးတွေက ကြားလိုက်ရင် ဆိုချင်စရာတွေချည်း ဖြစ်နေလို့ သီချင်းရသူ တွေကို ငါ့သင်ပေးစမ်းပါ၊ ငါရေးယူပါရစေနဲ့ မရအရ သီချင်းတက်ခဲ့ရတယ်။ ဟိုခေတ်တုန်းက ခုခေတ်လို ကက်ဆက်တွေ ဘာတွေက ပေါ်သေးတာ မဟုတ်ဘူး။ ဓာတ်စက်နဲ့ ဓာတ်ပြားပဲ ရှိတာ။ အစိုးရ ရေဒီယိုကလည်း သတင်းလောက်ပဲ အဓိက ထားပြီး သီချင်းကို ဂရုတစိုက် လွှင့်ပေးတဲ့ခေတ် မဟုတ်သေးဘူး။

မှတ်မိနေသေးတယ်။ အမေတို့အိမ်က ဆေးလိပ်ခုံမှာ တရုတ်တန်းက အမေနဲ့ရွယ်တူလောက် မိန်းကလေးညီအစ်မလာပြီး အလုပ်လုပ်နေတာရှိတယ်။ သူတို့က ဘောက်ဆာမောင်သိန်းမောင်ရဲ့ နှမတွေ။ ကိုငြိမ်းတို့က ရှေ့တော်ပြေးဝင်း တရုတ်တန်း သားဆိုတော့ ကိုငြိမ်းသီချင်းတွေကို ဒီကလေးမတွေက သူများထက်ဦးပြီး စောစောစီးစီး ရလေ့ရှိတယ်။ သူ့သီချင်းတွေကို လေဘာတီမမြရင်က အများဆုံး ဆိုတာပါ။ နို့ပေမယ့် အမေတို့က ယောက်ျားလေးတွေလို အငြိမ့်ကိုလည်း လိုက်ကြည့်နေရတဲ့ ဟာမျိုးမှ မဟုတ်ဘဲ။ ကိုယ့်အိမ်နား လာကမှ ကြည့်ရတတ်တာဆိုတော့ သီချင်းရလာသူ တွေဆီက မရအရ တက်ရတာပေါ့။

ဆရာ့သီချင်းကလေးတွေကလည်း ဆန်းလိုက်တာ။ ၂ ပိဿာခွဲတဲ့၊ မုန့်စားတဲ့၊ ယောက်မတဲ့၊ မန္တလီတဲ့၊ သစွတ်ပန်းတဲ့၊ မောင့်အရည်အချင်းတဲ့၊ လေချိုသွေးတဲ့၊ ဖရဲသီးနဲ့ဘဲဥတဲ့၊ ရှင်တစ်ခုပဲတဲ့။

သူ့သီချင်းတွေက နာမည်ကလေးတွေမှ ဆန်းတာ မဟုတ်ဘူး။ စကားလုံး ကလေးတွေ၊ အတွေးအခေါ်လေးတွေကလည်း မြန်မာဆန်ပြီး ဆန်းလိုက်တာ၊ ဆရာငြိမ်းရဲ့ စာသားမျိုးကိုသီချင်းရယ်လို့ပေါ်ပြီးသမျှ ဘယ်သီချင်းထဲမှ မပါခဲ့ဖူးဘူး။ ဒီနောက်လည်း ခုထက်ထိ သူများရေးစပ်ကြတဲ့သီချင်းတွေထဲ ပါမလာပါဘူး။ အဲဒီ တော့ အသံကလေးနဲ့ စာသားကလေးကို ကြားလိုက်ရင် မနေနိုင် မထိုင်နိုင် အမေတို့ ငယ်ငယ်က သိပ်ကိုရချင် ဆိုချင်မိတာပဲ။ ကြည့်ပါ – သူ့သီချင်းလေးက

*" စောင့်ပါဦးမှပေါ့တဲ့ ကိုယ့်လူရှင်၊ အမေက ငယ်သေးတယ်တဲ့၊*
*သမီးချော လှသဇင်၊ ယောက်မ မစီးပါရစေနဲ့ရှင် "* တဲ့။

ငါ့သမီးလေး လီမွှာလှဆို ယောက်မမြင်းစီးထွက်လာတာမျိုး မဖြစ်စေနဲ့နော် လို့ လူကြီးမိဘတွေ ပြောတတ်တာမျိုးကို ကိုငြိမ်းက သီချင်းစပ်တာလေ။ သူ့ရည်းစားက စိုးရာလိုက်ဖို့ခေါ်လို့ ထင်ပါရဲ့ "သမီးချောလှသဇင် ယောက်မ မစီးပါရစေနဲ့ရှင်" တဲ့။

မန္တလီ သီချင်းကျတော့လည်း –

*“မောင့်ဆိုးမျိုးစံနိုင်သူကို ကျွန်မဖြင့် တွေ့မမြင်ပြီ။ ရှာပေဦးတော့ ထမင်းထုပ် ကြီးနဲ့ လှူပါမသိုးရုံကလေးမှာလိုက်ချင်သည်။ ပထဝီမြေကြီး လှန်လှောကာ ကုန်းလို့ ရှာတောင်တွေ့ လိမ့်နိုးနိုး ထင်သည်။ မန္တလီမြစ်ကို လွှဲတော့ ဝမ်းဘဲက ချောင်းရိုး ရှာသည်။ ရေသာနည်းလို့ ငါးလည်း မတွေ့ပြီ။ ချောင်းရိုးကိုမှီ ငေးမယ့်မန္တလီ”* တဲ့။

သီချင်းကလေးတစ်ပုဒ်တည်းမှာကိုပဲ ရှာချင်သပဆိုရင် ထမင်းထုပ်နဲ့ လိုက်ရှာ၊ ထမင်းထုပ်သာ သိုးမယ်၊ ရှာလို့တွေ့မှာ မှုတ်ဘူးဆိုတဲ့စကား၊ ဝမ်းဘဲဟာသာချောင်းကို ပစ်လို့ မြစ်ကိုရှာ ရေသာများလို့ ငါးမတွေ့ဆိုတဲ့ ဆိုရိုးစကားလေးတွေကို သီချင်းမှာ ဆန်းဆန်းကြယ်ကြယ် လှလှပပ ထည့်စပ်ထားတာ တွေ့ရတယ်။

ပြီးတော့ အမေတို့ ပြောစမှတ်တစ်ခုမှာ အလည်လွန်တဲ့ မောင်ယောက်ျား၊ အိမ်ပြန်ရောက်တော့ လင်းကြက်တွန်နေပြီမို့ အိမ်သူသက်ထားက အပြစ်တင်ချင်လို့ ခုတွန်နေတာ ဘာကြက်လဲလို့ ငေါ့မေးတော့ ဖြေတဲ့လူက စစ်တကောင်းကြက်လို့ ဖြေသတဲ့။ အဲဒါမေးတာ မဟုတ်ဘူး။ အချိန်မေးတာ အချိန်လို့ ဆိုတော့ အချိန်ကဖြင့် ၂ ပိဿာခွဲလောက်ရှိမှာပေါ့လို့ ဖြေတယ်ဆိုတာကို ချစ်စရာသီချင်းကလေးတစ်ပုဒ် ဖြစ်အောင် ရေးစပ်ထားတာပါ။ အမျှော်စိုက်ဘောလယ်နဲ့ နာမည်ကြီးလှတဲ့ အိမ်ရှေ့စံရဲ့ ကြင်ယာတော် လှိုင်ထိပ်ခေါင်တင်များ ရှိရင်တဲ့လေ – သူ့အဖြစ်ကို သွားလျှောက်ပြီး ဘောလယ်လေးတစ်ပုဒ်လောက် ရေးပေးပါ့ဘုရားလို့ လျှောက်ထားချင်လှသတဲ့ ဆိုတာကလေးနဲ့စပြီးမှ ၂ ပိဿာခွဲသီချင်းကို ရေးစပ်ထားတာပါ။

အမေတို့က အဲဒီလိုစာသားကလေးတွေပါတဲ့ သီချင်းလေးတွေနဲ့ ကြီးပြင်းခဲ့ရတာဆိုတော့ ခုခေတ်သီချင်းတွေကို နားမထောင်တတ်ဘူး ဖြစ်နေတယ်။ အသံအနေနဲ့ကလည်း မငြိမ့်ညောင်းတဲ့အပြင် ဘာပြုလို့ ဒါလောက်အော်ကြ၊ ငေါက်ကြ၊ ဒေါသတကြီး ရေရွတ်ကြတယ် မသိဘူး။

ပြီးတော့ သီချင်းစာသားရယ်လို့လည်း အရသာခံစရာ မကြားမိဘူး။ ဝါကျတစ်ခုဟာ သီချင်းတစ်ပုဒ်၊ ဒါကိုပဲ အကြိမ်ကြိမ် အထပ်ထပ် သီချင်းဆိုတာမျိုးလည်း ရှိရဲ့။ ပြီးတော့ စကားလုံးတွေအနေနဲ့ ကျည်ပွေ့ထရံရက် ရှိလိုက်တာ။ အချစ်ကိစ္စကို ဒါလောက် အတုံးလိုက် အတစ်လိုက် ဒဲ့ဒိုးကြီး တစ်တစ်ခွခွ ပြောတာမျိုး အမေတို့ခေတ်က မရှိတော့ အမေတို့နားထဲ တော်တော် အကြားခက်ပါတယ်။

သူ့ခေတ်နဲ့သူ့နားပဲ ထင်ပါရဲ့လို့အောက်မေ့ပြီး ဖြေတော့ ဖြေပါရဲ့။ မပြေချင်ဘူး။ ဒီလိုကွာဟတာဟာ ကြီးပြင်းရတဲ့ ပတ်ဝန်းကျင်ချင်းများ ကွာဟလွန်းလို့လေလား။

အမေ ဒီထက်များ အသက်ရှည်ရင် ဘယ်အထိများ ကွာဟကုန်မှာပါလိမ့်။

နို့ပေမယ့် အမေ ခုရေးသလို သီချင်းတွေ တဖြည်းဖြည်း ပြောင်းလဲနေတဲ့ အကြောင်း သူများကရေးမှ ရေးကြရဲ့လား မသိပါဘူး။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၂၀၊ ၁၉၉၅ ဖေဖော်ဝါရီ

❝

… အမေတို့မှာ လှူမှုရေးကိစ္စအားလုံး လိုလိုမှာပဲ ပိုက်ဆံပေးတဲ့ အကျင့် မရှိသေး ပါဘူး။ တောတွေမှာ အလှူပေးတယ်ဆိုရင်တော့ တောက ငွေကူခံတယ်။ အဲဒါ အလှူလာသူက အလှူရှင်ကျွေးမယ့်ထမင်းကို အလကားဝင်မစားချင်ဘူး။ သူ့အလှူကို ကိုယ်တတ်နိုင်သလောက် ပါဝင်ဖြည့်စွက်လှူဒါန်းမယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ ငွေကူကြတာပါ။ ….

## ဒိုင်ခွက်ခေတ်သာဆိုရင် အခက်

ဟိုရှေးရှေးတုန်းက လူချမ်းသာများကို "ကြေးရတတ်" လို့ ခေါ်ကြတယ်။ ကြေးသတ္တုကို ပိုက်ဆံအဖြစ်နဲ့ သုံးစွဲခဲ့ကြသေးတယ်ဆိုတဲ့ နိုင်လုံတဲ့ အထောက်အထား ပေါ့။ နောက်တော့ ငွေကို ပိုက်ဆံအဖြစ်နဲ့ သုံးလာကြပြန်တယ်။ ဒါပေမယ့် ဒင်္ဂါး သွန်းနိုင်တဲ့ အဆင့်မဟုတ်သေးရင် ငွေဒိုင်ခွက်ကြီးတွေကို စို့နဲ့ရိုက်ဖြတ်ပြီး ၁ ပဲသား ၁ မူးသား စသဖြင့် ချိန်တွယ် သုံးခဲ့ကြရတာပါ။

ဒီနောက် ငွေကို ဒင်္ဂါးသွန်းပြီး သုံးစွဲလာတယ်။ ဒီလို ဒင်္ဂါးသွန်းတဲ့အခါ ငွေလို့ ခေါ်တဲ့ ဘော်စင်က နည်းနည်း ပျော့တော့ ကြေးနည်းနည်းစပ်ပြီး သွန်းလုပ်ကြတယ်။ အဲဒီအခါမှာ ဒင်္ဂါးအတုတွေ ဘာတွေ ပေါ်လာတယ်။ အတုလုပ်သူက ဘော်တစ်ကျပ်သားကို ကြေးသတ္တုက ဥပမာ ၁ ပဲသားပဲစပ်ရမယ့်အစား ၁ မူးသား ၃ ပဲသား စသဖြင့် ဈေးပေါတဲ့ ကြေးသတ္တုကို များများ စပ်ပြီး ဒင်္ဂါးသွန်းသတဲ့။

ဒါကြောင့် မင်းတုန်းမင်းကြီးလက်ထက်က ပေါ်တဲ့ ဒင်္ဂါးအတုကို 'တောင်ပန်နီ ဒင်္ဂါး' လို့ ခေါ်ကြတယ်။ သူ့ကျပ်သုံးဒင်္ဂါးရဲ့တစ်ဖက်မှာပါတဲ့ ကဒေါင်းရုပ်ကို လက်နဲ့နာနာပွတ်လိုက်ရင် ဒင်္ဂါးစစ်လို အတုက ဖွေးမလာဘူး။ ကြေးစပ်များတဲ့ သတ္တိကြောင့် နီလာတယ်။ အဲဒါဆိုရင် ဒင်္ဂါးအတုကြီးပေါ့။ သူ့ကို မာတဲ့အရာဝတ္ထုပေါ်မှာ တီးခတ်ကြည့်လိုက်ရင်လည်း ဘော်များတဲ့ ဒင်္ဂါးက ထွက်တဲ့ အသံလို မနေဘဲ ကြေးသံ ပါနေတယ်လေ။ ဒါကြောင့် အမေတို့ငယ်ငယ်က ၁ ကျပ် သုံး ဒင်္ဂါးတွေသုံးရတဲ့ ကာလမှာ ဒင်္ဂါးကို ပေးရင် တီးခတ်ပြီး စိတ်တိုင်းကျမှ ယူတဲ့လူက ယူခွင့်ရှိတယ်။ မကြိုက်ရင် ဒီဒင်္ဂါး ပြန်လဲပါဦးလို့ ပြောနိုင်တယ်။

ဗြိတိသျှအစိုးရလက်ထက်ရောက်တော့ ကျပ်သုံးဒင်္ဂါးတွေ ဆက်ထုတ်တယ်။ ဒါပေမယ့် မြန်မာမင်း လက်ထက်က ထုတ်တဲ့ဒင်္ဂါးလို ဒေါင်းတံဆိပ်တော်နေရာမှာ သူတို့ဘုရင်မတွေ ဘုရင်တွေရဲ့ ခေါင်းပုံတွေ ပါလာတယ်။ ဗိတိုရိယဘုရင်မကြီးပုံ၊ ဝေလမင်းသားဘုရင်ဖြစ်တော့ သူ့ပုံကို ဒင်္ဂါးမှာ ခေါ်နိုပ်တဲ့အခါ ဝေလခေါင်းလို့ခေါ်ကြတဲ့ပုံ၊ ပဉ္စမမြောက် ဂျော့ဘုရင်ရဲ့ပုံ၊ အဋ္ဌမမြောက် အပ်ဒဝပ်ဘုရင်ရဲ့ပုံ စတာတွေနဲ့ အမေတို့ သုံးခဲ့ရတယ်။

နို့ပေမယ့် ရှေးတုန်းက ပိုက်ဆံကို ပစ္စည်းတစ်ခုဝယ်ရာ ခြမ်းရာမှာပဲ အသုံး များကြတယ်။ လူမှုရေးကိစ္စတွေမှာ နေရာတကာ ပိုက်ဆံမသုံးကြဘူး။ ပိုက်ဆံပေးရင် ရိုင်းတယ်ဆိုတဲ့ အယူအဆမျိုး ရှိကြသေးတယ်။

ဥပမာဆိုပါတော့ အမေတို့ငယ်ငယ် ကလေးဘဝက၊ ဝက်သက်ပေါက်လို့ ကျောက်ဖြူပေါက်လို့၊ ကျောပူခေါင်းပူထလို့၊ ဝမ်းသွားလို့ စသဖြင့် ကလေးနေထိုင်မကောင်း တစ်ခုခုဖြစ်ရင် သူငယ်နာဆရာဆိုတဲ့ ဆေးဆရာကြီးတွေကို သွားပင့်ရတယ်။ ဆရာကြီးက ပုဆိုးဝတ်၊ ခေါင်းပေါင်းပြီး နေမကောင်းတဲ့ကလေးရှိရာအိမ်ကို ထလိုက်လာတာပဲ။ ဆရာကြီးတပည့်ကတော့ ဆေးအိတ်ကလေးကိုင်ပြီး ဆရာကြီးနောက်က ထပ်ချပ်ပါလာတယ်။

လူနာအိမ်ရောက်တော့ ဆရာကြီးက နေမကောင်းတဲ့ကလေးကိုယ်ကို လက်နဲ့စမ်းတယ်။ လက်ကောက်ဝတ်ကလေးကိုင်ပြီး သွေးစမ်းတယ်။ လျှာထုတ်ခိုင်းပြီး ကြည့်တယ်။ မျက်လုံးဖြဲကြည့်တယ်။ ပြီးရင် ဝမ်းသွားတာဆိုရင် ဘယ်နှစ်ကြိမ်သွားနေသလဲ မေးတယ်။ ဒီပြင်ထွေထွေထူးထူး မမေးတော့ဘဲ သူ့တပည့်က ဖွင့်ပေးတဲ့ ဆေးအိတ်ထဲက အမှုန့်ပြုပြီး ထည့်ထားတဲ့ပုလင်းကလေးပေါင်းမြောက်မြားစွာထဲက ဆေးမှုန့်ကလေးတွေကို နည်းနည်းစီစပ်၊ စက္ကူလေးနဲ့ ထုပ်၊ ဘယ်ဒင်းက နံနက်ညသောက်၊ ဘယ်အထုပ်က နေ့သောက်၊ နံနက်ညသောက်ရတာက ကွမ်းပြုတ်ရည်နဲ့ နေ့ဆေးက ရှောက်ရည်နဲ့စသဖြင့် သင့်တော်ရာရာကို အထုပ်ကလေးပေါ် စာနဲ့ရေးပြီး ညွှန်သွားတာပဲ။

ဆရာကြီး ပြန်ကြွတော့မယ်ဆိုရင် လူနာကလေးက ထပြီး ရှိခိုးနိုင်ရင် ရှိခိုးလိုက်တယ်။ ကလေးအမေကတော့ ဆရာကြီး မမြင်အောင် သူ့တပည့်ရှေ့မှာ ဆေးအိတ်ထဲ ငွေ ၂ ကျပ် ထည့်ပေးလိုက်ပါတယ်။ ဆရာကြီးက မေတ္တာ စေတနာနဲ့ ကုတာ။ အဲဒါကို လူနာရှင်က ငွေနဲ့ ကြေးနဲ့ တုန့်ပြန်တယ်ဆိုတာ ရိုင်းတယ်။ ငွေပေးတာ ဆရာကြီး မမြင်စေနဲ့။ နို့ပေမယ့် ဆရာကြီးမှာ ဆေးဖော်ရ စပ်ရနဲ့ ဆေးဖိုးဝါးခက ရှိသေးတာမို့ ကိုယ်တတ်နိုင်တာကလေးကို တိတ်တိတ် ကန်တော့လိုက်တာ ဖြစ်တယ်။ အဲဒါ တတ်နိုင်သူက ငွေ ၂ ကျပ် ကန်တော့တာပါ။ ဆင်းရဲနွမ်းပါးသူများက ၁ ကျပ် တတ်နိုင်ရင်လည်း ၁ ကျပ်၊ ငါးမူးတတ်နိုင်ရင်လည်း ငါးမူး ကန်တော့ကြတယ်။ ဆရာကြီးက သူ့ကို ကန်တော့တာ နည်းများမဟူ ဆေးပေးတာကတော့ ရောဂါပျောက်အောင် ပေးမှာပဲ။ ၃ ရက်စာ၊ ၅ ရက်စာ စသဖြင့်ပေါ့။ မပျောက်သေးလည်း နောက်တစ်ခေါက်ပေါ့။ အသိမိတ်ဆွေတစ်ယောက်ယောက် နေထိုင်မကောင်းဘူးကြားရင်လည်း လူမမာများနဲ့ သင့်တော်မယ့်အစားအစာကလေးများ ဝယ်သွားပြီး လူမမာ မေးကြတာပဲ။ သပျစ်သီးကလေး၊ လိမ္မော်သီးကလေး၊ မုန့်သေတ္တာကလေး၊ ပန်းသီးကလေး စတာတွေနဲ့ လူမမာ မေးလာကြတာ ထုံးစံပါ။

အမေတို့မှာ လူမှုရေးကိစ္စအားလုံးလိုလိုမှာပဲ ပိုက်ဆံပေးတဲ့အကျင့် မရှိသေးပါဘူး။ တောတွေမှာ အလှူပေးတယ်ဆိုရင်တော့ တောက ငွေကူခံတယ်။ အဲဒါ အလှူလာသူက အလှူရှင်ကျွေးမယ့်ထမင်းကို အလကားဝင်မစားချင်ဘူး။ သူ့အလှူကို ကိုယ်တတ်နိုင်သလောက် ပါဝင်ဖြည့်စွက်လှူဒါန်းမယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ ငွေကူကြတာပါ။ မြို့ပေါ်အလှူတွေကတော့ ထမင်းကျွေးလှူတာလည်း နည်းတယ်။ ငွေကူခံတာလည်း မရှိသလောက်ပဲ။

ခုခေတ်ရောက်တော့ အမေတို့ မန္တလေးမှာ အသိမိတ်ဆွေထဲက လူချမ်းသာ မဟုတ်သူများ ကွယ်လွန် အနိစ္စရောက်တယ်ဆိုရင် ငွေကူရတယ်။ မကူလို့ဖြစ်ကို မဖြစ်ဘူး။ ကူပံ့ရတာမှ စို့စို့ပို့ပို့ ကူပံ့ရတယ်။ ဘာလို့လဲဆိုတော့ ပို့ဆောင်ရမယ့် သုသာန်ကြီးက ဆယ့်လေးငါးမိုင်ဝေးရာကို ရွှေ့ထားတာ ဖြစ်လေတော့ အဲဒီကို ပို့ဆောင် သဂြိုဟ်နိုင်ဖို့ ငွေကြေး ကူကြရတယ်။ ကားခတွေက ထောင်နဲ့ချီပေးကြရတာ ဟုတ်လား။

လူတစ်ဦးတစ်ယောက် ဆေးရုံတက် ကုနေရတယ်ဆိုရင်လည်း အရင်က ထုံးစံမရှိခဲ့ပေမယ့် အခု လူနာကို ပိုက်ဆံပေးကြရတယ်။ မဟုတ်ရင် လူနာက ဆေးရုံ တက်ဖို့ မလွယ်ဘူး။ အမေတို့မိတ်ဆွေ ရေနံမြေဒေါ်ခင်စု အမေနဲ့ လမ်းလျှောက်ရာက အပြန် လမ်းမှာ မန္တလေးကျုံးပြုပြင်ရာက စုပ်ထုတ်ပစ်လိုက်တဲ့ ရေတွေ နွံ့နွံ့တွေကို ရှောင်ရင်းနဲ့ ချော်လဲရှာတာ၊ ပေါင်ကျိုးသွားလို့ ဆေးရုံတက် ကုရတယ်။

ဆေးရုံပေါ် တစ်လကိုးသီတင်းနေပြီး ပေါင်ရိုးကို စတီးရိုးနဲ့အစားထိုးကုရသတဲ့။ ဆေးရုံပေါ်မှာ ငွေတွေက ကုန်လိုက်တာ သောက်သောက်လဲ။ သိန်းချီကုန်တာ။ ဒါကြောင့် မိတ်ဆွေတွေက ဝိုင်းပြီး ငွေနဲ့ လူနာ မေးကြတယ်။

အမေတို့မိတ်ဆွေ နိုင်ပန်းလှကလည်း မွန်မြန်မာချစ်ကြည်ရေးအတွက်ပါဆိုပြီး ဒေါ်ခင်စုကို ဆေးဖိုးဝါးခ ငွေနှစ်သောင်းပေးရှာတယ်။ သူက အိုကီနာဝါတက္ကသိုလ်မှာ အာရှယဉ်ကျေးမှုနဲ့ သမိုင်းပါမောက္ခ ဖြစ်နေတယ်လေ။

စာပေနဲ့စာနယ်ဇင်းအဖွဲ့ကလည်း ဒေါ်ခင်စုကို ဆေးဖိုးဝါးခငွေ တစ်သောင်း ပို့ပေးတယ်။ ဒီပြင်လည်း လမ်းလျှောက်ဖော်တွေ၊ ရေးဖော်တွေက တတ်အားသလောက် ဝိုင်းဝန်း ကူညီကြရတယ်။

ငွေကို သုံးရပုံ ခေတ်ပြောင်းလာတာက အမေတို့ငယ်ငယ်ကနဲ့စာရင် တော်တော်ကြီးကို ခြားခြားနားနား ဖြစ်လာပြီလေ။ ရှေးတုန်းကလို ဒိုင်ခွက်ကို စို့နဲ့ရိက် သုံးနေရသေးရင် အခက်ပဲ။ ငွေစက္ကူတွေ ကြိုက်သလောက် ရိုက်သုံးနေနိုင်လို့ တော်သေးတာပေါ့။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၂၂၊ ၁၉၉၆ ဧပြီ

⊱⊰

“

… ဒီအဖြစ်မျိုး ဒီအဆင့်မျိုးအထိ ရေ့ရှုဦးတည်နေတဲ့ကိစ္စကို ခေတ်ပဲ၊ ခေတ် ရေစီးကြောင်းပဲလို့ ပြောပြီး လက်ပိုက်ကြည့်နေသင့်ကြပါသလား။ ကျွန်မတော့ ကျွန်မတို့ လူနေမှုပုံစံအရ ကြည့်မနေသင့်ဘူး။ ကျောင်းတွေက၊ လူငယ်အဖွဲ့အစည်းတွေက ဆရာမိဘတွေကနေပြီး ဘာသာရေးရှုထောင့်၊ လူမှုရေးရှုထောင့်တွေနဲ့ ဆွေးနွေး သင့်ပြီ၊ မတော်ရင် မတော်ကြောင်း တားဆီးကန့်ကွက်သင့်ပြီလို့ ထင်တယ်။ ……

## "ခေတ်ပဲ" လို့ ဒီအတိုင်း ကြည့်နေကြမလား

မန္တလေးက ပန်းခြံ မန်းသီတာထဲမှာ လမ်းလျှောက်သွားတော့ ကျောင်းသူ ကျောင်းသားအရွယ် သမီးရည်းစားအတွဲတွေ မျက်စိနဲ့ ရှောင်မလွတ်အောင် တွေ့နေရလို့ စိတ်ဆင်းရဲခဲ့ရတယ်။ တချို့ကလေးတွေက ကျောင်းယူနီဖောင်းနဲ့၊ တချို့ကလေး တွေက စာအုပ်လွယ်အိတ်ကို စက်ဘီးချိတ်ပြီး အနားမှာ ထောင်ထားရက်နဲ့။ ဘုရား သွားပြန်တော့လည်း ဘုရားကုန်းတော်ပေါ်၊ ဘုရားပရဝုဏ်အတွင်းမှာ ဒီလိုဟာတွေ တွေ့ရပြန်တယ်။ ဒါ မန္တလေးမှာ တွေ့ရတာပါ။ ရန်ကုန်မှာဆိုတော့ စကားလုပ်ပြီး ပြောရင်တောင် ပြောတဲ့လူက လွန်တယ် ဖြစ်ရမလား မသိဘူး။ ခုခေတ်မိန်းကလေးနဲ့ ယောကျ်ားလေးတွေ လူရှေ့သူရှေ့မှာ နီးနီးကပ်ကပ် နေလာကြမှု တစ်နေ့ထက်တစ်နေ့ အတင့်ရဲလို့ လာနေပါတယ်။ ကျွန်မတို့ မြန်မာ့ယဉ်ကျေးမှုမှာ ယောကျ်ားမိန်းမ ကိလေသာစိတ်နဲ့ဆိုရင် လူ့ရှေ့သူ့ရှေ့မှာ နီးစပ်မှုကို မပြပါဘူး။ ဒါဟာ ရှက်စရာကြီးလို့ သတ်မှတ်ထားတာပါ။ ဆိတ်ကွယ်ရာ လူမမြင်ရာမှာသာ နေထိုင်လေ့ရှိပါတယ်။ ခုတော့ အဲဒီယဉ်ကျေးမှုဟာ မြို့ကြီးတွေမှာ လုံးဝ ပျောက်ရတော့မတတ်ဘဲ။ ညအချိန် တွေမှာဆိုရင် လူသွားလမ်း ပလက်ဖောင်းတွေပေါ်မှာ မိန်းကလေးနဲ့ ယောကျ်ားလေး လက်ချင်းတွဲလို့၊ လက်ချင်းချိတ်လို့၊ တစ်ချို့ကများ ဝှံဝှံစားစား ခါးဖက်လို့ သွားလာ နေကြပါတယ်။

နှစ်ယောက်တွဲလို့ ထိုင်လို့ဖြစ်တယ်ဆိုရင်လည်း အများ အပန်းဖြေတဲ့ ဥယျာဉ်လို နေရာလည်း မရှောင်၊ ဘာသာရေးအဆောက်အဦလည်း မရှောင် လူချင်း အလွန်နီးကပ်တဲ့အထိ နေထိုင်ပြောဆိုနေကြပြီ။ တက္ကသိုလ်ပရဝုဏ်တွေကို ဝင်မိရင်လည်း ဒီလိုပါပဲ။ အငတ်ခံပြီး စာသင်လွှတ်လိုက်တဲ့ မိဘများကိုမှ သတိမရရှာသလား မဆိုနိုင်၊ သူတို့ကို ပညာရှာလွှတ်ရတာနဲ့ မတူ။ အတွဲရှာလွှတ်လိုက်သလို မြင်မတော်၊ ရှုမတော် ကျောင်းပရဝုဏ်ထဲမှာ တွဲချင်တိုင်း တွဲလို့ နေကြပါတယ်။

ကနေ့ မိန်းကလေး ယောကျ်ားလေးတွေ အတော်များများဟာ အနောက်နိုင်ငံမှာ လို လူ့ရှေ့သူ့ရှေ့ မနမ်းရှုပ်သေးတာကလွဲရင် လူချင်းတွဲတဲ့အဆင့်တော့ အနောက်ရဲ့ ပေမီဒေါက်မီ ဖြစ်နေပြီလို့ပဲ ပြောရပါတော့မယ်။ မြန်မာ့လူငယ်တွေ အစဉ်အလာ ယဉ်ကျေးမှုကို ဒီလိုစွန့်ပယ်လာတာကို အားလုံးက လက်ပိုက်ကြည့်နေသင့်သလားလို့ တစ်နေ့ မိတ်ဆွေတစ်ယောက်နဲ့ ဆွေးနွေးကြည့်ပါတယ်။ သူ့အဖြေက "ဒေါ်အမာရယ် - ဒါတွေက သူ့ခေတ်သူ့အခါနဲ့ ဖြစ်လာတဲ့ ခေတ်ရေစီးကြောင်းတွေပဲ။ ကျွန်တော်တို့

ဒါတွေကို တားဆီးဖို့ ကြိုးစားလို့ မရပါဘူး။ ကြိုးစားတဲ့လူ အားကုန်မှာပဲ" လို့ ဒီမိတ်ဆွေက ပြောပါတယ်။ ပြီးတော့ သူက "ဗိုလ်ဆံတဲ့ ဒီအနေအထိုင်မျိုးတွေ လူငယ်တွေ လုပ်လာတာ ကျွန်တော်တို့တစ်နိုင်ငံထဲ မဟုတ်ဘူး၊ ကျွန်တော်တစ်နေ့က ဟောင်ကောင်ထုတ် မဂ္ဂဇင်းတစ်စောင်မှာ ဖတ်လိုက်ရတယ်။ ဂျပန်ပြည်မှာလည်း လူငယ်တွေ ထိုနည်းဋ္ဌင်းပဲတဲ့။ ကိုးရီးယားတို့၊ ထိုင်ဝမ်တို့၊ ဟောင်ကောင်တို့မှာလည်း ဒီလို ဖြစ်နေတာပဲတဲ့။ မိန်းမတွေကို ချုပ်ချယ်လှတယ်ဆိုတဲ့ အိန္ဒိယတို့၊ ပါကစ္စတန်နဲ့ အင်ဒိုနီးရှားတို့မှာလည်း ဒီလိုပဲ ဖြစ်နေတယ်။ တိန့်ရှောင်ပင်တို့ရဲ့ တရုတ်ပြည်ကြီးမှာ တောင် ဒွယ်ဒွယ်တွေ လုပ်လာကြလွန်းလို့ ကွန်မြူနစ်တွေ ခေါင်းကိုက်နေကြတယ်လို့ ဓာတ်ပုံတွေနဲ့ ဖတ်လိုက်ရတယ်လို့ ဒီမိတ်ဆွေက သူ့စိုးသေဖော် ညှိပါတယ်။

သူပြောတဲ့ ဆောင်းပါး ကျွန်မလည်း တွေ့လိုက်ပါတယ်။ နို့ပေမယ့် ကျွန်မ မေးချင်တာက ဒီလိုအနေအထိုင် ယိုယွင်းလာတာ ကျွန်မတို့ တစ်နိုင်ငံတည်း မဟုတ်ဘူး။ ကမ္ဘာ့အရှေ့ခြမ်းတစ်ခုလုံး ဖြစ်နေတာဆိုလို့ ကျွန်မတို့ကလည်း ခွင့်ပြု လက်ခံသင့်ပြီလို့ စဉ်းစားရမှာလား။ ကျွန်မမိတ်ဆွေကတော့ ဒါကို ညွှန်ပြရုံမဟုတ်ဘူး။ ဒီကိစ္စတွေကို လူကြီးပိုင်းက မျက်စိနောက်ရင် သူတို့အတွက် သီးသန့်နေရာရှာပေး သင့်တယ်။ ဘီလပ်မှာ ဟိုက်ဒပတ်ဥယျာဉ်ကို အသုံးချသလို၊ ဘန်ကောက်မှာ လုမ္ဗိနီ ဥယျာဉ်ကို အသုံးချနေသလို ရန်ကုန်မှာ မန္တလေးမှာ နေရာရှာပေးပါ။ အဲဒီဘက်ကို ကြည့်မရတဲ့လူကြီးတွေက မသွားကြနဲ့၊ ဒါဆိုရင် နှစ်ဘက်စလုံးအတွက် ကောင်းတယ်လို့ သူက အဆိုပြုပါတယ်။ သူနဲ့ကျွန်မ လုံးဝ သဘောမတူပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်မတို့ လူနေမှုက အနောက်နိုင်ငံရဲ့လူနေမှုနဲ့ မတူပါဘူး။ တခြားစီပါ။ သူတို့ လူနေမှုက သားသမီးအရွယ်ရောက်လာရင် ကိုယ်ကြိုက်တဲ့လင်၊ ကိုယ်ကြိုက်တဲ့မယား ရှာပြီး အိမ်ပေါ်က ဆင်းသွားကြတဲ့ လူနေမှုမျိုးပါ။ ကျွန်မတို့ မြန်မာ့လူနေမှုက မိဘဝတ်၊ သားသမီးဝတ်ဆိုတာတွေနဲ့ အတုန့်အပြန်တာဝန်ယူထားကြတဲ့ လူ့အဖွဲ့ အစည်း၊ သားသမီးကို တောင်းဆိုးပလုံးဆိုးလို သဘောမထားနိုင်ပါဘူးလို့ အတိအလင်း ဆိုပြီးသားမို့ မကောင်းတာကို တားရမှာပါပဲ။

ကနေ့လူငယ်တွေ သာယာနေကြတဲ့ လူနေမှုပုံစံတွေဟာ ရုပ်ရှင်တွေက၊ ရုပ်မြင် သံကြားတွေက၊ စာနယ်ဇင်းတွေက၊ တေးသီချင်းတွေကတစ်ဆင့် သူတို့ဆီ ဝင်လာတဲ့ အနောက်နိုင်ငံက လူနေမှုပုံစံတွေပါ။ အနောက်နိုင်ငံတွေမှာ လွတ်လပ်မှု၊ စိတ်အလို လိုက်မှုတွေကို လူ့ယဉ်ကျေးမှုဘောင်နဲ့ မကန့်သတ်တော့ဘဲ အတိုင်းအဆမရှိ လွှတ် ပေးထားလိုက်လို့ သူတို့ လူ့ဘောင်ဟာ အရင်နဲ့မတူတော့ဘဲ ဘယ်သောင်တင်လို့ ဘယ်ကမ်းဆိုက်မယ်ဆိုတာတောင် မမျှော်မှန်းနိုင်တဲ့အဆင့်ကို ရောက်နေပါပြီ။ ယောက်ျား နဲ့ မိန်းမ ထိမ်းမြားလက်ထပ်တယ်ဆိုတဲ့ ချည်နှောင်မှုမျိုး လိုသေးသလား၊ သန္ဓေသား ကို ဖျက်ချင်ရင် တရားဝင် ခွင့်ပြုရမယ်၊ ဘယ်သူကမှ တားဆီးပိုင်ခွင့် မရှိရ၊ အရွယ် မရောက်သေးတဲ့သားသမီး ပဋိသန္ဓေတားဆေး စားသုံးမှီဝဲတာကို မိဘအသိပေးစရာ လိုမလိုဆိုတဲ့ကိစ္စတွေဟာ လူမှုရေးပြဿနာ၊ ဘာသာရေးပြဿနာတွေ ဖြစ်နေပြီး

တချို့လည်း အငြင်းပွားတုန်း၊ တချို့လည်း ဥပဒေပြုလွှတ်တော် ရောက်နေကြဆဲ၊ တချို့လည်း ဘာသာရေးအဆောက်အအုံတွေရဲ့ အုတ်မြစ်ကိုပါ လာတူးလို့ သွက်သွက်ခါ ယိုင်နဲ့နေကြတဲ့အဖြစ်တွေ နေ့တိုင်း ကြားနေရပါတယ်။

ဒီအဖြစ်မျိုး ဒီအဆင့်မျိုးအထိ ရှေ့ရှုဦးတည်နေတဲ့ကိစ္စကို ခေတ်ပဲ၊ ခေတ်ရေစီးကြောင်းပဲလို့ပြောပြီး လက်ပိုက်ကြည့်နေသင့်ကြပါသလား။ ကျွန်မတော့ ကျွန်မတို့ လူနေမှု ပုံစံအရ ကြည့်မနေသင့်ဘူး။ ကျောင်းတွေက၊ လူငယ်အဖွဲ့အစည်းတွေက ဆရာမိဘတွေကနေပြီး ဘာသာရေးရှုဒေါင့်၊ လူမှုရေးရှုဒေါင့်တွေနဲ့ ဆွေးနွေးသင့်ပြီ၊ မတော်ရင် မတော်ကြောင်း တားဆီးကန့်ကွက်သင့်ပြီလို့ ထင်တယ်။ ဘာမှ မပြောကြ၊ မတားကြရင်တော့ သူများသွားထားတဲ့လမ်းကို ရေဆုံးရေဖျား လိုက်ကြတော့မှာပဲ။

သောင်းပြောင်းထွေလာမဂ္ဂဇင်း၊ တွဲ ၁၉၊ အမှတ် ၁၊ ၁၉၈၃ စက်တင်ဘာလ

“ … ကျွန်မတို့မှာ လူမျိုးအလိုက် ရှိနေတဲ့ ဉာဉ်ဆိုးကလေးတွေတော့ ရှိသလောက်ရှိတာပေါ့။ ဥပမာ ပျင်းရိတတ်တာ၊ ဇွဲမရှိတာ၊ အနှံ့အတာ မခံချင်တာ၊ သိပ်အောက် မကျို့ချင်တာ၊ ပျော်ပျော်ပါးပါး ပေါ့ပေါ့ တန်တန်နဲ့ အချိန်ကုန်ချင်တာမျိုး ကလေးတွေလေ။ ……

## အဝေးရောက် သားသမီးများ

နိုင်ငံခြားတိုင်းပြည်တစ်ခုကို ရောက်နေတဲ့ ကျွန်မမြေးကလေးနှစ်ဦးဆီက စာများရတယ်။ သူတို့စာတွေထဲမှာ သူတို့ရောက်တဲ့နိုင်ငံရဲ့စီးပွားရေး အဆင့်အတန်း၊ လူမှုရေးအဆင့်အတန်းနဲ့ ပညာရေးအဆင့်အတန်းကို သူတို့အကဲခတ်တတ်သလောက် အကဲခတ်ပြတာလည်း ပါတယ်။ အဲဒီတိုင်းပြည်မှာ ကျွန်မတို့နိုင်ငံလို သယံဇာတ ဘာမှ မကြွယ်ဝဘဲနဲ့ အဲဒီအဆင့်အတန်းမျိုး ရောက်နေကြတယ်ဆိုတဲ့ သူတို့စိတ်ထဲ မချင့်မရဲ ဖြစ်ပုံတွေလည်း ပါတယ်။

မြေးမတစ်ယောက်ဆီက စာမှာတော့ သူတို့ရောက်နေတဲ့နိုင်ငံမှာ လခလစာ ဘယ်ရွေ့ဘယ်လောက် ရတယ်၊ မြန်မာငွေနဲ့တွက်ကြည့်ရင် သိန်းချီရနေတဲ့ အစီပွာယ် ရှိတယ်။ နေရေးထိုင်ရေးလည်း အစစအဆင်ပြေတယ်။ ဒါပေမယ့် သူမပျော်ဘူး၊ အဲဒီနိုင်ငံမှာ အကြာကြီး မနေချင်ဘူးတဲ့။ ခုအထိ သူအလုပ်မလုပ်သေးဘူး၊ သူ့ယောကျ်ားပဲ အလုပ်လုပ်နေတယ်။ ပုံတော်ရင်တော့ သူအလုပ်ဝင်လုပ်မယ်။ လုပ်ပြီးရင် ငွေစုမယ်။ နှစ်နှစ်သုံးနှစ်ကြာရင်တော့ သူတို့ပြန်လာမယ်လို့ ပါပါတယ်။

မြေးယောကျ်ားကလေးရဲ့ စာထဲမှာတော့ သူတို့ရောက်နေတဲ့နိုင်ငံရဲ့ တိုးတက်ပုံတွေ၊ မြန်မာနိုင်ငံထက် မူလက အောက်ကျတဲ့နိုင်ငံဟာ နှစ်နည်းနည်းလေး အတွင်းမှာ အင်မတန် တိုးတက်အောင်မြင်နေပုံတွေကို အလွန်ဝမ်းပါးပြီး ရေးသားထားပါတယ်။

ကျွန်မတို့နိုင်ငံကနေပြီး ထိုင်းလင်း၊ မလေး၊ စင်္ကာပူ၊ ဂျပန် စတဲ့ နိုင်ငံတွေမှာ ပညာတတ်လူငယ်တွေအတော်များများ ရောက်ရှိနေကြပါပြီ။ အနောက်နိုင်ငံတွေမှာလည်း ရောက်သင့်သလောက်တော့ ရောက်နေကြတာပဲ။ ဒါမျိုးကို အနောက်နိုင်ငံတွေမှာတော့ ဦးနှောက်ယိုစီးမှု BRAIN DRAIN လို့ သုံးနှုန်းပါတယ်။ ကိုယ့်နိုင်ငံထဲက ဦးနှောက်ကောင်းတဲ့ပညာတတ်တွေ တိုင်းတစ်ပါးရောက်ကုန်တာကို နမြောတဲ့ သဘောပါပါတယ်။

ဒီလို ပညာတတ်တွေနဲ့အတူ ကျွန်မတို့နိုင်ငံ တနင်္သာရီတိုင်းဘက်က ကရင်ပြည်နယ်ဘက်က မြစ်ဝကျွန်းပေါ်ဒေသက အလုပ်သမား၊ လယ်သမားလူတန်းစားတွေလည်း အိမ်နီးချင်းနိုင်ငံတွေကို သွားရောက်ပြီး အလုပ်လုပ်နေကြတာ တော်တော်များများ ရှိနေပြီလို့ ကြားရပါတယ်။ ဒီလိုလယ်သမား အလုပ်သမားတွေ ထွက်ခွာသွားမှုကိုတော့ လုပ်အားတွေ ဖိတ်စင်ယိုစီးမှုလို့ ခေါ်ရမယ် ထင်ပါတယ်။ ဒီလူတွေဆီက

တော့ စာတွေဘာတွေ မရနိုင်ပါဘူး။ သူတို့ခများမယ် ရရာအလုပ်ကို ပေးသမျှ လုပ်ခနဲ့ဝင်လုပ်ပြီး ဖြစ်သလို နေထိုင်ကြရသူများပေကိုး။

သူများနိုင်ငံတွေကို အနုလိုထွက်ပြီး စီးပွားရှာနေကြရပေမယ့် သူတို့ အားလုံးဟာ မပျော်ကြဘူး။ အကြာကြီးနေဖို့လည်း စိတ်မကူးကြဘူး။ ငွေရှာလို့ရရင် အမိနိုင်ငံကို ပြန်လာမှာပဲဆိုတာ အားလုံးလောက်နီးပါးရဲ့စိတ်ထဲမှာ ရှိကြပါတယ်။

ကျွန်မကို အဝေးရောက်ဆွေမျိုးများက တစ်လှည့်တစ်ပတ် သူတို့ဆီ လာနေပါလားလို့ ခေါ်သူ ရှိပါတယ်။ ကျွန်မလည်း တခြားလူတွေလိုပါပဲ နိုင်ငံခြားမှာ ပျော်အောင် မနေတတ်ပါဘူး။ ခဏတဖြုတ် မရောက်ဘူးတဲ့နေရာ၊ မမြင်ဘူးတဲ့မြင်ကွင်းနဲ့ ရှုခင်းတွေကို ကြည့်ရမြင်ရပြီးရင် ပြန်ချင်မှာပါ။ ကိုယ့်နိုင်ငံကိုယ့်ဒေသလောက် နေပျော်တာ မရှိပါဘူး။ ကိုယ့်လူမျိုးလောက် သဘောကျစရာ ကောင်းတာလည်း မရှိပါဘူး။ ကိုယ့်လူမျိုးအချင်းချင်းနဲ့ပဲ ပေါင်းသင်းဆက်ဆံချင်တယ်။

ကျွန်မတို့မှာ လူမျိုးအလိုက် ရှိနေတဲ့ ဉာဉ်ဆိုးကလေးတွေတော့ ရှိသလောက် ရှိတာပေါ့။ ဥပမာ ပျင်းရိတတ်တာ၊ ဖွဲမရှိတာ၊ အနွံအတာမခံချင်တာ၊ သိပ်အောက်မကျို့ချင်တာ၊ ပျော်ပျော်ပါးပါး ပေါ့ပေါ့တန်တန်နဲ့ အချိန်ကုန်ချင်တာမျိုးကလေးတွေလေ။

ဒီအားနည်းချက် ချို့တဲ့ချက်မျိုးတော့ ကျွန်မတို့လူမျိုးမှာ ရှိပါတယ်။ နို့ပေမယ့် ဒါကတစ်သက်လုံး ဘယ်လိုမှ ပြင်မရနိုင်တဲ့ လူမျိုးစရိုက်ကြီးဆိုပြီး ပစ်မထားဘဲနဲ့၊ ယုံကြည်မှု၊ စည်းလုံးမှု၊ တက်ကြွမှုတွေနဲ့ တိုက်ဖျက်ကြမယ်၊ ရှေ့ဆောင်ရှေ့ရွက်ပြုသူတွေက စနစ်တကျ စည်းရုံး ပညာပေးပြီး အားလုံးလက်တွဲ ကြိုးစားကြမယ်ဆိုရင် ပြုပြင်လို့ ရရမှာပေါ့။ ပျော့ညံ့ချက်ဟာ ဘာမို့ ခံနိုင်ရမှာတုန်း။ အရေးကြီးတာက ဒီလိုပြုပြင်မှာက ဘာအတွက်၊ ဘယ်သူ့ဖို့ ပြုပြင်မှာဆိုတဲ့ မှန်ကန်မွန်မြတ်တဲ့ အသိရှိဖို့ပဲ လိုပါတယ်။

ကျွန်မတို့လူမျိုးဟာ အလွန်အကင်းပါးတဲ့လူမျိုးပါ။ သင်လိုက်ရင် သိလွယ်မြင်လွယ် တတ်လွယ် သိပ်ရှိပါတယ်။ ဒီအရည်အသွေးဟာ ငွေပေးဝယ်လို့ မရပါဘူး။ ကျွန်မတို့လူမျိုးနဲ့ တခြားလူမျိုးနဲ့ ယှဉ်ကြည့်စမ်းပါ။ ပညာတတ်ခြင်းဖြစ်ဖြစ်၊ ပညာမဲ့အလုပ်သမား၊ လယ်သမား လူတန်းစား ချင်းဖြစ်ဖြစ် လူမျိုးအလိုက် အကင်းပါး ဖျတ်လတ်မှုက အလွန်ကို သဘောကျစရာ ကောင်းပါတယ်။

အဲဒီတော့ ဘာပညာ ဘာအလုပ်မျိုးကိုမဆို ကျွန်မတို့မှာ မသင်ရသေးလို့ မတတ်သေးပေမယ့် သင်ခွင့်ရတဲ့တစ်ချိန် သူများနည်းတူ ရင်ပေါင်တန်းနိုင်တဲ့အရည်အသွေး အပြည့်အဝရှိပါတယ်။ လူဟာ နုံပြီဆိုရင် ဆွဲတိုင်းမပါနိုင်ပါဘူး။ တွန်းတိုင်းမရောက်လာဘူး။ ကျွန်မတို့လူမျိုးတွေက အနုံအဖျင်း မဟုတ်ကြဘူး၊ သိပ်ကို အကင်းပါးတဲ့လူမျိုး။

ပြီးတော့ ကျွန်မတို့နိုင်ငံလောက် လုပ်စရာကိုင်စရာတွေ ပေါကြွယ်ဝတဲ့နိုင်ငံမျိုး၊ ဒီကမ္ဘာမှာ အတော်ရှားပါတယ်။ ကျွန်မဟာ အကြောင်းအားလျော်စွာ သူများနိုင်ငံ အတော်များများကို ရောက်ဖူးခဲ့ပါတယ်။

တချို့ စက်မှုအလွန်ထွန်းကားတယ်ဆိုတဲ့နိုင်ငံကြီးတွေမှာ သူတို့ပိုင် ပြည်တွင်းထွက် ဘာမှ မယ်မယ်ရရ ရှိတာမှုတ်ဘူး။ စက်မှုအတွက် သုံးစရာရေနံလို ကျောက်မီးသွေးလို ရှိတာမဟုတ်ဘဲ သူများနိုင်ငံကဝယ်သုံးပြီး စက်ရုံတွေကို လည်ပတ်နေကြရတာမျိုး။ တချို့က သတ္တုကို သူများနိုင်ငံက မှာရတာမျိုး။ အထူးသဖြင့် ဥရောပနိုင်ငံတွေဟာ စားရေရိက္ခာလည်း ကိုယ့်မှာက မလုံလောက်၊ စက်ရုံအလုပ်ရုံတွေ အတွက် ကုန်ကြမ်းလည်း သူများနှာခေါင်းနဲ့ အသက်ရှူပြီး လုပ်ဆောင်နေကြတာကို တွေ့ရတယ်။

ကျွန်မတို့နိုင်ငံမှာ ကျွန်မတို့လူမျိုးတွေ စားဖို့သောက်ဖို့ဆိုတာ ကျွန်မတို့နိုင်ငံ ထဲက ထွက်တာဟာ လုံလောက်ရုံမက နိုင်ငံခြားတောင် တင်ပို့ရောင်းချ နေရပါသေး တယ်။ ရိက္ခာအတွက် ပူစရာမရှိပါဘူး။ စိုက်ပျိုးနိုင်တဲ့နေရာမှန်သမျှမှာသာ စိုက်ပျိုး၊ ငတ်မှာ မပူရပါဘူး။ ရိက္ခာတွင်လား၊ လူမှာ စားဝတ်နေရေးလို့ အရေးသုံးပါးရှိတယ်။ ဝတ်ဖို့အရေးကောလို့ မေးလာရင် ဝါဂွမ်းစိုက်လို့ မြန်မာနိုင်ငံအလယ်ပိုင်းက ကောင်း ကောင်း ရပါတယ်။ စိုက်လည်းစိုက်နေပါတယ်။ ကျွန်ဘဝတုန်းက မြန်မာ့ဝါဂွမ်းကို စတီးဘရားသားတို့လို အရင်းရှင်လက်ဝါးကြီးအုပ်တွေက မြန်မာ ဝါတောင်သူတွေဆီက ဝါဝယ်ပြီး နိုင်ငံခြားတင်ပို့လာခဲ့ကြတာပါ။ ကျွန်မတို့ဥတုရာသီနဲ့ တကယ်လိုက်ဖက်တဲ့ ချည်ထည် ရက်လုပ် ဝတ်ဆင်ဖို့ ကိုယ့်နိုင်ငံထဲကချည်း ပြည့်စုံနိုင်ပါတယ်။

နေရေးအတွက်ကော သူများနိုင်ငံတွေမှာ မရှိတဲ့ သစ်တောကြီးတွေ ကျွန်မတို့မှာ ရှိတယ်။ ဒီသစ်တောကြီးတွေကထွက်တဲ့ သစ်နဲ့ အိမ်ဆောက်နေနိုင်တယ်။ နိုင်ငံခြားကို သစ်ရောင်းပြီး တသောင်လုံး နိုင်ငံခြားငွေရအောင် မြန်မာသစ်နဲ့ ငွေရှာလာခဲ့တဲ့နိုင်ငံပါ။

စားစရာ၊ ဝတ်စရာ၊ နေစရာတွင်လားဆိုတော့ ဟုတ်ပါရိုးလား၊ ရေနံတို့ ကျောက်မီးသွေးတို့ကလည်း ထွက်နေသေးရဲ့၊ ရွှေငွေ ကျောက်သံပတ္တမြားတွေကလည်း နေရာပေါင်းများစွာက ထွက်နေသေးတယ်။ ရှိမှန်းမသိလို့ မတူးဖော် မရှာဖွေရသေးတာက လည်း ဘယ်လောက်များဦးမယ်မသိဘူး။ တောက်တီးတောက်တဲ့ မမှတ်ပါနဲ့။ တကယ်ချမ်းသာတဲ့နိုင်ငံပါ။

ဒါကြောင့် ရိုးရိုးကုတ်ကုတ် လုပ်စားနေတယ်ဆိုဦးတော့ လူဦးရေ ထိန်းချုပ်စရာ တောင်မလိုသေးဘဲ ဒူးနန့်ပြီး လုပ်ကိုင်စားနေနိုင်တဲ့နိုင်ငံပါ။

အမိနိုင်ငံဟာ ဒီလိုပေါကြွယ်ဝတာနဲ့အတူ အမိနိုင်ငံမှာရှိတဲ့ ဘာသာတရား ကလည်း သူတစ်ပါးကို မေတ္တာထားနိုင်တယ်။ ကိုယ့်ထက်ဆင်းရဲဒုက္ခရောက်သူကို သနားကရုဏာသက်နိုင်တယ်။ ကိုယ်နဲ့အတူရှိသူ၊ ကိုယ့်ထက်သာသူကို ဝမ်းသာအယ်လဲ သာဓုခေါ်နိုင်တယ်။ မရှိရင် ဝေစားမယ်လို့ ပေးနိုင်ကျွေးနိုင်တယ်။ သူတစ်ပါးရဲ့

ကျူးကျော်စော်ကားမှုကို သည်းခံခွင့်လွှတ်ချေဖျောက်နိုင်တဲ့ ဘာသာတရားမျိုးကိုလည်း လက်ကိုင်ထားကြသေးတယ်။ တင်းတိမ်ရောင့်ရဲမှုကိုလည်း ကျင့်သုံးလိုက်ကြသေးတယ်။

ကဲ ဘယ်လောက်နေချင်စဖွယ်ကောင်းတဲ့နိုင်ငံပါလဲ။

ဒါနဲ့များ လူတွေ ဘာလို့များ သူများနိုင်ငံတွေထွက်ပြီး ရှာဖွေနေကြရသလဲလို့ မေးလာရင်တော့ ဒါဟာ အခိုက်အတန့်ကိစ္စ၊ အစာဝတော့ ဥာနပြန်မည့်သူချည်း။ ကျွန်မတို့နိုင်ငံမှာ လွတ်လွတ်လပ်လပ် အေးအေးချမ်းချမ်း စည်းစည်းလုံးလုံးနဲ့ ညီညီညွတ်ညွတ် အချင်းချင်း လက်တွဲလုပ်ဆောင်နိုင်ကြရင် ဘာမကြာတဲ့ကာလမှာ လုပ်စရာအလုပ်တွေ တောင်ပုံရာပုံ ရှိလာမှာ၊ အဲဒီတော့ အဝေးရောက် သားသမီးတွေလည်း အားလုံးပြန်လာကြမှာ၊ သူများနိုင်ငံတွေလို ခုမချမ်းသာသေးသကောလို့ စိတ်ဓာတ် မကျပါဘူး။ ကျွန်မတို့ဟာ မြန်မာ့ရေမြေပေါ်က မြန်မာတွေပါ။

ရှိုးမရိုင်၊ ဖြူးမြို့နယ်မဂ္ဂဇင်း၊ ၁၉၉၄

ဖတ်ဖူးသူများကလည်း ထပ်ဖတ်ချင်
သိမ်းဆည်းဖူးသူများကလည်း ထပ်သိမ်းချင်
မဖတ်ဖူးသူများကလည်း သိပ်ဖတ်ချင်

တမေးတည်းမေးနေကြတဲ့

# လူထုဒေါ်အမာ

## ပြည်သူချစ်သောအနုပညာသည်များ

ပဋ္ဌမအကြိမ်

ထွက်ပါတော့မယ်

**လူထုကြီးပွားရေးစာအုပ်တိုက်**
အမှတ် (၂၂၁)၊ ၈၄ လမ်း၊ မန္တလေး။
ဖုန်း ၀၂ - ၂၁၀၀၃၊ ၂၁၁၃၆

လူထု အတွက် ယုံကြည်မှုလည်းရှိ
လူထု အတွက် ဂုဏ်သိက္ခာလည်းရှိ
လူထု အတွက် ဘက်လိုက်မှုလည်းရှိ
လူထု အတွက် စွန့်လွှတ်မှုလည်းရှိခဲ့တဲ့

ငွေတာရီ သတင်းစာ
နှစ်ငါးဆယ်ရွှေရတုခရီး ဖြတ်သန်းခဲ့ပါပြီ

၁၉၄၆ ခုနှစ်က ထုတ်ဝေခဲ့တဲ့
လူထုသတင်းစာကို တသသ ဂုဏ်ပြုခြင်း အစီအစဉ် ...

ငွေတာရီ နှစ်ငါးဆယ်ရွှေရတု
အထိမ်းအမှတ်

သမိုင်းဝင် သတင်း၊ ခေါင်းကြီး၊ ဆောင်းပါး၊
ကာတွန်းကြော်ငြာများနဲ့ အတူ

ထွက်လာပါတော့မယ်

**လူထုကြီးပွားရေးစာအုပ်တိုက်**
အမှတ် (၂၂၁)၊ ၈၄ လမ်း၊ မန္တလေး။
ဖုန်း ၀၂ – ၂၁၀၀၃၊ ၂၁၁၃၆